စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာ) တတိယဆုရ

# မုန်းချောင်းရေကြော

## စေတုတ္တရာ




စေတုတ္တရာချင်းလှထွန်း

၂၀၁၄ ခုနှစ်၊ စာပေဗိမာန်စာမူဆု
သုတပဒေသာ (ဝိဇ္ဇာ) ပညာရပ် တတိယဆု

# မှုန်းချောင်းရေပြာ

# စေတုတ္တရာ

## စေတုတ္တရာချင်းလှထွန်း


တည်းဖြတ်သူ - ဒေါ်မျိုးမျိုးကြည်
စာတည်း

အဖုံးပန်းချီ - ဇော်နိုင်ထွန်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၇ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀

တန်ဖိုး ( ၇၅၀ ) ကျပ်

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
စာပေဗိမာန် စာတည်းမှူးချုပ်
ဦးကိုကိုနိုင်က
မှတ်ပုံတင်အမှတ် ၀၀၉၆၁ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

**ဒို့တာဝန်အရေးသုံးပါး**

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (က) | **နိဒါန်း** | |
| ၁။ | စေတုတ္တရာမြို့နယ်၏ပထဝီဝင် အနေအထား | ၁ |
| ၂။ | မြန်မာပဒေသရာဇ်ခေတ် စည်တုတ္တရာမြို့ တည်ပုံနှင့် မြို့နယ်အကျယ်အဝန်း | ၁၄ |
| ၃။ | စည်တုတ္တရာမြို့ စီရင်စုတွင်းသို့ လူမျိုးစု အသီးသီး ရောက်ရှိလာကြပုံ | ၃၀ |
| ၄။ | မြန်မာ့ပဒေသရာဇ်ခေတ် စည်တုတ္တရာ စီရင်စုအခြေအနေ | ၇၄ |
| ၅။ | ကုန်းဘောင်ခေတ် စစ်ရေးကိစ္စများတွင် စည်တုတ္တရာမြို့ စီရင်စုဝင်မြို့နယ်သားများ ပါဝင်ခဲ့ရပုံ | ၁၁၅ |
| ၆။ | မြန်မာ့ပဒေသရာဇ်ခေတ် စည်တုတ္တရာ စီရင်စု၏ စီးပွားရေး | ၁၄၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | မြန်မာ့ပဒေသရာဇ်ခေတ် စည်တုတ္တရာမြို့ စီရင်စု၏ လူမှုရေး | ၁၅၄ |
| ၈။ | ကိုလိုနီခေတ် စေတုတ္တရာသားတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုများ | ၁၆၃ |
| ၉။ | ကိုလိုနီခေတ် အုပ်ချုပ်ရေး | ၁၇၆ |
| ၁၀။ | ကိုလိုနီခေတ် စေတုတ္တရာမြို့နယ်၏ ပညာရေးနှင့်စာပေ | ၁၈၄ |
| ၁၁။ | လွတ်လပ်ရေးရပြီးကာလ စေတုတ္တရာမြို့နယ် | ၁၉၃ |
| ၁၂။ | အဖြူရောင်နယ်မြေ တည်ဆောက်ရေး ကြိုးပမ်းမှုများ | ၁၉၈ |
| ၁၃။ | လွတ်လပ်ရေးရပြီးကာလ စေတုတ္တရာမြို့နယ် ပညာရေး | ၂၂၁ |
| **(ခ)** | **နိဂုံး** | ၂၃၂ |
| **(ဂ)** | **ကျမ်းကိုးစာရင်း** | ၂၃၅ |
| **(ဃ)** | **မြေပုံ၊ ဓာတ်ပုံမှတ်တမ်းများ** | ၂၃၉ |


# ဧရာဝတီမြစ်ထဲ စီးဝင်သော မုန်းချောင်းရေအလျှင်၏ ခွန်အားများ (သို့မဟုတ်) စေတုတ္တရာမြို့နယ်သမိုင်း

## နိဒါန်း

အိန္ဒိယနှင့် တရုတ်ကုန်းမြင့်မြေရိုင်းကြီးနှစ်ခုတို့၏ သဘာဝအပိုင်းအခြားကြီးများကဲ့သို့ ရှိနေသော ဟိမဝန္တာနှင့်တိဗက်ကုန်းမြင့်ကြီးများမှ တောင်တန်း၊ တောင်စွယ်၊ တောင်စောင်း၊ တောင်လက်မောင်းများသည် မြန်မာနိုင်ငံအတွင်းသို့ လက်ချောင်းများသဖွယ် သွယ်တန်းဆန့်တန်းလျက်တည်ရှိနေကြပေသည်။

ယင်းတောင်တန်းကြီးများအကြား၌ မြန်မာနိုင်ငံ၏ မြစ်မကြီးများဖြစ်သော ချင်းတွင်း၊ ဧရာဝတီ၊ စစ်တောင်း၊ သံလွင်မြစ်တို့သည် မြောက်ဘက်မြင့်ရာမှ တောင်ဘက်နိမ့်ရာ အိန္ဒိယသမုဒ္ဒရာကြီးအတွင်းသို့ စီးဆင်းလျက်ရှိကြပေသည်။

ထိုမြစ်မကြီးများထဲသို့ လက်ယာလက်ဝဲ အဖက်ဖက်မှ စီးဝင်ကြသော မြစ်ငယ်၊ ချောင်းငယ် မြောက်မြားစွာတို့သည် သွေးကြောများသဖွယ် ရှိနေကြပေသည်။ ယင်းမြစ်ငယ်၊ ချောင်းငယ်တို့အနက် ဧရာဝတီမြစ်ကြီးအတွင်းသို့ အနောက်ရိုးမ (ရခိုင်ရိုးမ) ဘက်မှ

စီးဝင်သော ချောင်းများတွင် မုန်းချောင်းသည် တစ်ခုအပါအဝင် ဖြစ်သည်။

မုန်းချောင်းသည် မတူပီမြို့နယ် မော်ပီးတောင်ခြေမှ စတင် ချောင်းဖျားခံ၍ တောင်ဘက်သို့ စီးဆင်းလာသည်။ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်တောင်ပိုင်းကို ဖြတ်စီးလာကာ အပေါ်ရွာ အရောက် အရှေ့တောင်သို့ကွေ့လျက် တောင်ဘက်သို့ စေတုတ္တရာ မြို့နယ် အလယ်ပိုင်းတစ်လျှောက်မှ ဖြတ်ကျော်ကာ မြို့နယ်တောင်ပိုင်း တွင် အရှေ့တောင်ယွန်းယွန်းသို့ ကွေ့ဆင်းပြီး ပွင့်ဖြူမြို့နယ်တွင်းသို့ ဆက်လက်စီးဆင်းသည်။ ထိုမှတစ်ဆင့် ပွင့်ဖြူမြို့အနီး အရှေ့တောင် ဘက်တွင် ဧရာဝတီမြစ်မကြီးအတွင်းသို့ ပေါင်းဆုံစီးဝင်သွားလေ သည်။

မုန်းချောင်းသည် စေတုတ္တရာမြို့နယ်ထဲတွင် လေးပုံသုံးပုံခန့် တည်ရှိပြီး မုန်းသူမုန်းသား စေတုတ္တရာနယ်သူနယ်သားများအား အလုပ်အကျွေးပြုလျက်ရှိနေလေသည်။ သောက်သုံးရေ၊ စိုက်ပျိုးရေ၊ သွားရေးလာရေးရေအလျှင်ခွန်အားဖြင့် စေတုတ္တရာနယ်သားများ ကို အကျိုးပြုခြင်း၊ ယခုအခါ လျှပ်စစ်ဓာတ်အားကိုပင် ထုတ်ပေးခြင်းတို့ကို တွေ့ရှိရပေသည်။

မုန်းချောင်းရေလျှင်ကဲ့သို့ စေတုတ္တရာမြို့နယ်သူမြို့နယ်သား များသည်လည်း မြန်မာနိုင်ငံ၏ ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ် စသောခေတ်များတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ပါဝင်ခဲ့ကြပေသည်။ ဤသို့ မြန်မာ့နိုင်ငံရေး ခေတ်အသီးသီးတွင် စေတုတ္တရာမြို့နယ်သားများ ပါဝင်ခဲ့ကြပုံကို ဤ "စေတုတ္တရာ" ဟူသောအမည်ဖြင့် ရေးသားတင်ပြထားပါသည်။



စေတုတ္တရာမြို့နယ်သမိုင်းဟုဆိုရာ၌ စေတုတ္တရာမြို့နယ် အတွင်း နေထိုင်ကြသော လူမျိုးစုများ၏ထုံးဓလေ့၊ ယဉ်ကျေးမှုတို့ကို ထည့်သွင်းရေးသားခြင်းမဟုတ်ပါ။

မြန်မာ့သမိုင်းဖြစ်စဉ်က ရိုက်ခတ်လိုက်သော မြန်မာ့နိုင်ငံရေး ရေလှိုင်းသည် ကမ်းခြေနယ်စပ်ဖြစ်သည့် ဝေးသီချောင်ကျသော စေတုတ္တရာမြို့နယ်သို့ မည်သို့လွှမ်းမိုးခဲ့၍ စေတုတ္တရာမြို့နယ်သား များက မည်သို့တုံ့ပြန်ခဲ့သည်ဟူသော ပထဝီဝင်နိုင်ငံရေး (Geo-politics) ကိုသာ အဓိကထား၍ရေးသားတင်ပြထားပါသည်။

ဤစာစုပါ အဓိကကျသော ပေပုရပိုက်မှတ်တမ်းများသည် ဦးသောင်းရှိန်၏ကြိုးပမ်းစုဆောင်းမှုကြောင့် ရရှိခြင်းဖြစ်သည်။ ဦးသောင်းရှိန်သည် ကျောင်းဆရာ ပန်းချီရေးဆွဲတတ်သူဖြစ်ရာ မုန်းချောင်းနယ်မြေ၊ ထီးချောင်းမြေများရှိ ကျေးရွာဘုန်းတော်ကြီး ကျောင်းများ၌ "ဗုဒ္ဓဝင်ကားများ၊ ကောသလအိပ်မက်ကားများ၊ ငရဲခန်းကားများ" ကို ရေးဆွဲရသည်။ သားသမီးလည်းမရှိ၊ ရိုးရိုး အေးအေးနေတတ်သော ဇနီးသည်ထံသို့ နွေကျောင်းပိတ်ရက်များ ပင် မပြန်ဘဲ ရွာဘုန်းတော်ကြီးကျောင်းများ၌ ရေးဆွဲနေလေ့ရှိ၏။ ပန်းချီဆွဲရင်း ရွာများ၌ရှိတတ်သော ပေပုရပိုက်များကို စုံစမ်း မေးမြန်းကာ မှတ်သားရေးကူးထားလေ့ရှိ၏။

အထပြရာထူးဖြင့် အငြိမ်းစားယူပြီးနောက် ဇနီးကအရင်၊ ဦးသောင်းရှိန်ကနောက်၊ သွေးတိုးရောဂါဖြင့် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြပြီးနောက် ဦးသောင်းရှိန်၏နှမ(လတ်)ဖြစ်သူ ဒေါ်မူမူ (အထပြ) က သူမအစ်ကို၏ပုရပိုက်မှတ်တမ်း (လက်ရေးမူ) စာအုပ်တစ်အုပ်ကို (ဦးသောင်းရှိန်၏ အရင်းနှီးဆုံးသူငယ်ချင်း

လည်းဖြစ်၊ ကျောင်းဆရာလုပ်ဖော်ကိုင်ဖက်လည်းဖြစ်သူ၊ ပညာတန်ဆောင်မဂ္ဂဇင်းစသည်တို့၌ ဆောင်းပါး၊ ကဗျာ၊ စာတိုစာစများလည်းရေးသူ) ဤစာရေးသူထံလာအပ်သည်။ စာရေးရာမှာ အသုံးတည့်ပါက အသုံးပြုရေးသားပါဟု လွှဲအပ်သည်။ ထို့ပြင် ဦးသောင်းရှိန်သည် တပွင်ရဲတိုက်ပိုင် သူရဦးစ၏မြေးတော်စပ်၏။

သို့ဖြစ်၍ သူရဦးစအကြောင်း တစ်စွန်းတစ်စဖော်ပြရင်း သူငယ်ချင်းဦးသောင်းရှိန်၏ ကြိုးပမ်းမှတ်တမ်းပြုစုခဲ့ခြင်းတို့ကို ဖော်ထုတ်ပေးသည့်အနေဖြင့် သူ၏ပေပုရပိုက်မှတ်တမ်းများကို အခြေခံကာ မိမိစုဆောင်းမိသမျှ စာတိုစာစုတို့ကို ပေါင်းစပ်၍ ဤစာစုကို ပြုစုတင်ဆက်လိုက်ခြင်းဖြစ်ပါသည်။

စေတုတ္တရာသမိုင်းရေးသားကြသည့် အနည်းငယ်မျှသော မြန်မာစာစုတို့၌ "မင်းဖေယျခေတ္တရာက စေတုတ္တရာမြို့တည်ပုံ" ကိုသာ ရေးသားကြ၏။ ယခုစာစုတွင် ကုန်းဘောင်ခေတ်သူကြီးရာထူးဆက်ခံပုံ၊ စစ်ရေးတွင်ပါဝင်ခဲ့ကြပုံ၊ ကိုလိုနီခေတ်ဦး နယ်ချဲ့ဆန့်ကျင်ရေး၌ ပါဝင်ခဲ့ပုံ၊ မျက်မှောက်ခေတ် ပြည်တွင်းစစ်၏ အနိဋ္ဌာရုံများ၊ သူရဦးစ၏အသက်စွန့်၍ တိုက်ပွဲဝင်ခဲ့ပုံတို့ကို မြန်မာ့သမိုင်းနိုင်ငံရေးရေလှိုင်း၌ မျောပါချီတက်ခဲ့ကြသူများဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

# အခန်း (၁)

# စေတုတ္တရာမြို့နယ်၏ ပထဝီဝင်အနေအထား

## တည်နေရာနှင့် အကျယ်အဝန်း

စေတုတ္တရာမြို့နယ်သည် မြောက်လတ္တီကျူ ၂၀ ဒီဂရီ ၁၇ မိနစ်မှ ၂၀ ဒီဂရီ ၅၇ မိနစ်အကြား၊ အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ ၄၉ မိနစ်မှ ၉၄ ဒီဂရီ ၁၉ မိနစ်အကြားတွင်တည်ရှိသည်။ ရေမျက်နှာပြင်အထက် ၃၂၀ ပေအမြင့်တွင်ရှိသည်။ မကွေးတိုင်းအတွင်းရှိသည့်မြို့နယ်များအနက် အနောက်ဘက်အစွန်ဆုံးမြို့နယ်တစ်ခုဖြစ်ပြီး အရှေ့ဘက်တွင် စလင်းမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ တောင်ဘက်တွင် ငဖဲမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ အနောက်ဘက်တွင် ရခိုင်ပြည်နယ်၊ ရခိုင်ရိုးမ၊ အနောက်မြောက်ဘက်တွင် ချင်းပြည်နယ်၊ မြောက်ဘက်တွင် ဆောမြို့နယ်တို့နှင့် ထိစပ်လျက်ရှိသည်။ ယင်းသို့ ထိစပ်လျက်ရှိသည့် နယ်နိမိတ်၏အလျားများမှာ စလင်းမြို့နယ်နှင့် ၂၅ မိုင်၊ ပွင့်ဖြူမြို့နယ်နှင့် ၂၀ မိုင်၊ ငဖဲမြို့နယ်နှင့် ၁၄ မိုင်၊ ရခိုင်ပြည်နယ်နှင့် ၄၄ မိုင်၊ ချင်းပြည်နယ်နှင့် ၃၈ မိုင်၊ ဆောမြို့နယ်နှင့် ၁၉ မိုင်၊ စုစုပေါင်းနယ်နိမိတ်အလျား ၁၆၀ မိုင်ရှည်လျားပါသည်။

စေတုတ္တရာမြို့နယ်သည် အရှေ့မှအနောက် ၂၅ မိုင်၊ တောင်မှမြောက်သို့ ၇၅ မိုင်ရှိပါသည်။ အကျယ်အဝန်းမှာ ဧက

အားဖြင့် ၆၉၃၂၈၃၊ စတုရန်းမိုင်အားဖြင့် ၁၀၈၃ ဒသမ ၂၅၄ ကျယ်ဝန်းပါသည်။[၁]

## မြေမျက်နှာသွင်ပြင်

စေတုတ္တရာမြို့နယ်သည် ပြန့်ပြူးညီညာသည့်လွင်ပြင်၊ ကြီးမားကျယ်ပြန့်သည့် ကုန်းမြင့်လွင်ပြင်များ၊ ချိုင့်ဝှမ်းကြီးများ မရှိပါ။ မုန်းချောင်းနှင့် ယင်း၏ချောင်းလက်တက်များအနီးတွင်သာ မြေနိမ့်လွင်ပြင်ငယ်များရှိပါသည်။ မုန်းချောင်းကပင်လျှင် တောင်ကျချောင်းဖြစ်၍ မြေနိမ့်လွင်ပြင်အနေဖြင့် အရှေ့မှအနောက်သို့ တစ်မိုင်အပြည့်ရှိသည့်နေရာ နည်းပါးပါသည်။ စေတုတ္တရာမြို့ အရှေ့ဘက်နှင့်တောင်ဘက် မုန်းချောင်းနှင့်ဆီမီးချောင်းဆုံရာ၊ မြောက်ပိုင်းတွင် ဒွေးချောင်းနှင့်မုန်းချောင်းဆုံရာဒေသ၊ အောင်းချောင်းနှင့်မုန်းချောင်းဆုံရာဒေသတို့တွင်သာ အနည်းငယ် ကျယ်ဝန်းပါသည်။[၁]

## တောင်များ

စေတုတ္တရာမြို့နယ် မြေမျက်နှာပြင်အနေအထားမှာ တောတောင်ထူထပ်ပေါများလျက် ရခိုင်ရိုးမတောင်တန်းသည် မြို့နယ်၏အနောက်ဘက်ခြမ်း၌ မြောက်မှတောင်သို့ သွယ်တန်းလျက် ရှိသည်။ ယင်းတောင်တန်းဒေသ၏ အကျယ်အဝန်းဧရိယာမှာ တစ်မြို့နယ်လုံးဧရိယာ၏ ထက်ဝက်ခန့်ရှိပါသည်။ တောင်တန်းများ၏အမြင့်မှာ ပျမ်းမျှပေ ၃၀၀၀ ကျော်ရှိသည်။ ပေ ၄၀၀၀

**၁။ မြို့နယ်ဖြစ်စဉ်မှတ်တမ်း၊ စေတုတ္တရာမြို့၊ မကွေးတိုင်း၊ (၄-၄-၁၉၇၉)**



ကျော်မှ ပေ ၆၀၀၀ ကျော်အထိ မြင့်မားသောတောင်ထွတ်များ ရှိသည်။ ထင်ရှားသောတောင်မြင့်များကို မြောက်မှတောင်သို့ အစဉ်လိုက် အောက်ပါအတိုင်းတွေ့ရပေသည်။

**ကြက်မောက်တောင်** - အပေါ့ရွာအနောက်ဘက် သုံးမိုင်အကွာတွင် တည်ရှိသည်။ ၃၁၇၈ ပေ မြင့်သည်။

**မင်းတောင်** - ချီကျေးရွာ၏အနောက်ဘက် ၁၃ မိုင်ခန့်အကွာတွင်ရှိပြီး ၅၄၇၂ ပေ မြင့်သည်။

**ဆီဆုံလည်တောင်** - ချီကျေးရွာ၏အနောက်တောင်ဘက် ၁၁ မိုင်ခန့်အကွာ မင်းတောင်၏ အရှေ့ဘက်တွင်ရှိသည်။ ၄၁၇၂ ပေ မြင့်သည်။

**ကျောက်စမ်းတောင်** - အရပ်အခေါ် ကျောက်ချွန်းတောင်ဖြစ်၍ စေတုတ္တရာမြို့အနောက်စူးစူး ၁၄ မိုင်ခန့်အကွာတွင် တည်ရှိသည်။ ၆၁၉၆ ပေမြင့်၍ စေတုတ္တရာမြို့နယ်တွင် တတိယအမြင့်ဆုံးတောင်ဖြစ်သည်။

**ငွေတောင်** - စေတုတ္တရာမြို့၏အနောက်ဘက်၊ ကျောက်ချွန်းတောင်၏တောင်ဘက် နှစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ ၅၄၄၃ ပေမြင့်သည်။[၁]

**၁။ မြို့နယ်ဖြစ်စဉ်မှတ်တမ်း၊ စေတုတ္တရာမြို့နယ်၊ မကွေးတိုင်း၊ (၄-၄-၁၉၇၉)**

**သနွဲတောင်** - သက်လယ်ရွာ၏အနောက်မြောက်ဘက် ရှစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ ၅၇၆၄ ပေမြင့်သည်။

**စွန်တောင်** - သနွဲတောင်၏တောင်ဘက် နှစ်မိုင်ခန့်အကွာ သက်လယ်ရွာ၏ အနောက်စူးစူးတွင်ရှိပြီး ၆၅၂၇ ပေ မြင့်သည်။ စေတုတ္တရာမြို့နယ်တွင် အမြင့်ဆုံးတောင်ဖြစ်သည်။ အရပ်က ချွန်းတောင်ဟုခေါ်ကြသည်။

**ငန်းဖြူတောင်** - မွန်ဇော်ရွာ၏အနောက်ဘက် ဆယ်မိုင်ခန့်အကွာတွင်ရှိပြီး ၆၂၈၀ ပေ မြင့်သည်။ စေတုတ္တရာမြို့နယ်၏ ဒုတိယအမြင့်ဆုံးတောင်ဖြစ်သည်။

**အဘိုးကြီးတောင်** - ဖအိုင်းကျေးရွာ၏အနောက်တောင်ဘက် ၁၄ မိုင်ခန့်အကွာ ငဖဲမြို့နယ် နယ်စပ်တွင်ရှိသည်။ ၅၄၂၅ မိုင် မြင့်သည်။

**နွားမတောင်** - စေတုတ္တရာမြို့နယ်၏ အရှေ့ဘက်ခြမ်းတွင် ငဖဲမြို့နယ်မှ ပခုက္ကူမြို့နယ်အထိ ပေ ၁၅၀၀ ခန့်မြင့်သည့်တောင်ရိုးတန်းဖြစ်သည်။

**ပုန်းတောင်း** - ဆောမြို့နယ်တောင်ဘက်မှအစပြုကာ နွားမတောင်အနောက်ဘက်



ထီးချောင်းနှင့်မုန်းချောင်းအကြားတောင်နှင့်မြောက်သွယ်တန်းနေသောတောင်ကြောတစ်ခုဖြစ်သည်။ တပွင်ရွာအရှေ့မြောက်ဘက် နွေမိုးဆောင်းရေရှင်သည့် ကန်တောင်သည် ပေ ၁၀၂၈ မြင့်သည်။ စေတုတ္တရာမြို့တည်သမိုင်းနှင့် လောင်းရှည်မြို့တည်သမိုင်းစာချွန်တော်တွင် နယ်ခြားဒေသ **နတ်ရေကန်** ဟူ၍ ဖော်ပြထားသည်။

## မြစ်ချောင်းများ

### မုန်းချောင်း

မြို့နယ်အတွင်းစီးဆင်းသော မြစ်များမရှိပါ။ ချောင်းများသာရှိပါသည်။ မုန်းချောင်းသည်အကြီးဆုံးနှင့် အရှည်ဆုံးချောင်းဖြစ်သည်။ မုန်းချောင်းသည် မတူပီမြို့နယ် မော်ပီးတောင်ခြေမှ စတင်ချောင်းဖျားခံ၍ စီးဆင်းလာသည်။ ချင်းပြည်နယ်တောင်ပိုင်းကန်ပက်လက်မြို့နယ်ကို ဖြတ်လျက်စီးဆင်းလာရာ စေတုတ္တရာမြို့နယ် အပေါ်ရွာအနီးတွင် အရှေ့ဘက်သို့ကွေ့ပြီး တောင်ဘက်သို့ဆက်လက်စီးဆင်းလာသည်။ သရန်ကိုင်းရွာအနီးတွင် မုန်းတမံတစ်ခုကြောင့် မြောက်ဘက်မကြီးရွာအထိ ကျယ်ဝန်းသောရေပြင်ကြီးဖြစ်ပေါ်လာသည်။ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်တွင် တမံဖွင့်လှစ်ပွဲကျင်းပသည်။ စက်သုံးလုံးတပ်ဆင်လျက် လျှပ်စစ်

ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်လုပ်သည်။ စေတုတ္တရာတစ်မြို့လုံးနှင့် စေတုတ္တရာအနောက်မြောက်ဘက်နားရှိ ကပစ ၂၀ သို့ လျှပ်စစ်ဓာတ်အားများ ၂၄ နာရီပို့လွှတ်ပေးလျက်ရှိသည်။ ရေပြည့်ချိန် ရေလှောင်ကန်ပမာဏမှာ ဧကပေ ၄၅၀၀၀၀ ကျော်ရှိပြီး ကန်ရေသေရေလှောင်ပမာဏသည် ဧကပေ ၃၄၀၀၀၀ ကျော်ရှိသည်။ ထိုနောက်ရေပိုလွှဲမှ စီးဆင်းလာသောရေများဖြင့် ကြီးအုံကြီးဝတမံကို ပွင့်ဖြူမြို့နယ် နှစ်မိုင်ခန့်အကွာတွင် တည်ဆောက်ထားသည်။ တမံအထက်ရေပြည့်ချိန် ကန်ပမာဏမှာ ဧကပေ ၄၆၃၀၀၀ ရှိပြီး၊ ကန်ရေသေရေလှောင်ပမာဏမှာ ဧကပေ ၃၅၃၅၀ ရှိသည်။ စက်နှစ်လုံးတပ် လျှပ်စစ်ဓာတ်အား ၇၄ မဂ္ဂါဝပ် ထုတ်လုပ်ပေးသည့် ရေလှောင်တမံဖြစ်သည်။ မုန်းချောင်းသည် ပွင့်ဖြူမြို့နယ်အတွင်းသို့ မြောက်ဘက်မှစီးဆင်းပြီး အရှေ့တောင်ဘက်အရောက်တွင် ဧရာဝတီမြစ်မကြီးထဲသို့ ပေါင်းဆုံစီးဝင်သွားသည်။ တမံများမရှိမီက သစ်ဖောင်၊ ဝါးဖောင်များ၊ လက်လှေများဖြင့် မဲဇလီရွာထိသွားလာကြသည်။ တမံများပေါ်လာပြီးနောက် စက်တပ်လှေများပြေးဆွဲလျက်ရှိသည်။

### စင်းချောင်း

စေတုတ္တရာမြောက်ပိုင်း ဆောမြို့နယ် နယ်စပ်ရှိ မင်းစမ်းတောင်တွင် ချောင်းဖျားခံ၍ အပေါ်ရွာအနီးတွင် မုန်းချောင်းအတွင်းသို့ လက်ယာဘက်မှပေါင်းဆုံစီးဝင်သည်။ နွေမှာ ရေမရှိသော ချောင်းခြောက်ဖြစ်သည်။



### ပန်းအိချောင်း

မုန်းချောင်းထဲသို့ လက်ယာဘက်မှစီးဝင်သော ချောင်းငယ်များမှာ မြောက်မှတောင်သို့ အစဉ်လိုက်အားဖြင့် စင်းချောင်း၊ ပန်းအိချောင်း၊ ထီးချောင်းတို့ဖြစ်သည်။ ၎င်းချောင်းများသည် နွေမှာ ရေမစီးဆင်းကြပါ။

မုန်းချောင်းအတွင်းသို့ လက်ဝဲဘက်မှစီးဆင်းသောချောင်းများမှာ ဒွေးချောင်း၊ ချီချောင်း၊ အောင်းချောင်း၊ ကြီးချောင်းတို့ဖြစ်သည်။ ယင်းချောင်းများသည် ရခိုင်ရိုးမမှ စတင်စီးဆင်းလာခြင်းဖြစ်၍ တစ်နှစ်ပတ်လုံး ရေစီးဆင်းမှုရှိသည်။

## ရေတံခွန်များ

စေတုတ္တရာမြို့နယ်တွင် တစ်နှစ်ပတ်လုံးစီးဆင်းသော ချောင်းငယ်များ၌ ရေတံခွန်ငယ်များရှိသည်။ မြောက်မှတောင်သို့ အစဉ်လိုက် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

**မင်းဒင်ကျင်းရေတံခွန်** - မင်းဒင်ကျင်းရွာ၏အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာတွင်တည်ရှိသည်။ အမြင့်ပေ ၇၀ ခန့်ရှိသည်။

**ဘောဘဲ့ရေတံခွန်** - အာယောရွာ၏အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာတွင်တည်ရှိသည်။ အမြင့်ပေ ၃၅ ပေခန့်ရှိသည်။

**လဲချောင်းရေတံခွန်** - နတ်ကြီးရွာ၏အနောက်ဘက် ဆယ်မိုင်ခန့်အကွာတွင် ဒွေးချောင်းထဲသို့

စီးဝင်လာသော လဲချောင်းငယ်ပေါ်၌ တည်ရှိသည်။ အမြင့်ပေ ၆၀ ခန့်ရှိသည်။

ရင်ချောင်းရေတံခွန် - အောင်းရွာအနောက်စူးစူး ဆယ်မိုင်ခန့် အကွာတွင်ရှိသည်။ အမြင့်ပေ ၆၀ ခန့် ရှိသည်။

နွယ်ချောင်းရေတံခွန် - စေတုတ္တရာမြို့အနောက်ဘက် ငါးမိုင် ခန့်အကွာတွင် ဆီမီးချောင်းထဲစီးဝင်သော နွယ်ချောင်း၌ရှိသည်။ အမြင့်ပေ ၄၀ ခန့်ရှိသည်။

မြောက်အင်းခင်ရေတံခွန်- မထိမ်းရွာအနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာတွင်ရှိသည်။ အမြင့်ပေ ၃၀ ခန့်ရှိသည်။

ပလုပ်ချောင်းရေတံခွန် - စစ်ငန်းရွာအနောက်ဘက် ၁၂ မိုင်ခန့် အကွာ ပလုပ်ချောင်းပေါ်၌တည်ရှိသည်။ အမြင့်ပေ ၃၀၀ ခန့်ရှိသည်။

ယင်းရေတံခွန်များသည် တစ်နှစ်ပတ်လုံး ရေစီးဆင်းမှု ရှိသည်။ လျှပ်စစ်ဓာတ်အားထုတ်နိုင်သည်။ ရေပေးဝေနိုင်သည်။ သဘာဝအလှရှုခင်းကောင်းများဖြစ်၍ နိုင်ငံခြားဧည့်သည်များကို လာရောက်ရန် ဆွဲဆောင်နိုင်သောနေရာကောင်းများ ဖြစ်ပါသည်။



## ရာသီဥတု

စေတုတ္တရာမြို့နယ်သည် မြောက်လတ္တီကျု ၂၀ ဒီဂရီ ၁၇ မိနစ်နှင့် ၂၀ ဒီဂရီ ၅၇ မိနစ်အကြားတွင်တည်ရှိသောကြောင့် အပူပိုင်းဇုန်အတွင်း တည်ရှိသည်။ ရခိုင်ရိုးမတောင်တန်းကြီးများက အနောက်ဘက်မှ ကာဆီးထားသဖြင့် မိုးကွယ်အရပ်ဖြစ်သော်လည်း ရခိုင်ရိုးမ၊ ချင်းတောင်ပိုင်းရိုးမ၏ ဩဇာသက်ရောက်မှုရှိသည်။ ထို့ကြောင့် မြန်မာပြည်အလယ်ပိုင်းလောက် မိုးနည်းခြောက်သွေ့မှု မရှိပါ။

ဤမြို့နယ်၏ မိုးရွာသွန်းမှုအခြေအနေမှာ ၁၉၇၄ မှ ၁၉၈၄ ခုနှစ်အထိ ဆယ်နှစ်အတွင်း ပျမ်းမျှမိုးရေချိန်မှာ ၄၈ ဒသမ ၉၆ လက်မရှိ၍ မိုးရေချိန်အနည်းဆုံးနှစ်မှာ ၁၉၇၉ ခုနှစ်ဖြစ်ပြီး ၂၈ ဒသမ ၀၅ လက်မသာရွာသွန်းခဲ့သည်။ မိုးရေချိန်အများဆုံး နှစ်မှာ ၁၉၇၅ ခုနှစ်ဖြစ်ပြီး ၇၀ ဒသမ ၈၈ လက်မအထိရွာသွန်း ခဲ့သည်။

တစ်နှစ်အတွင်း ပျမ်းမျှအပူချိန်မှာ ၈၁ ဒသမ ၃ ဒီဂရီ ဖာရင်ဟိုက်ရှိသည်။ နွေရာသီ မေလ၏ပျမ်းမျှအပူချိန်မှာ ၁၀၅ ဒီဂရီဖာရင်ဟိုက်ရှိ၍ အချို့ရက်များတွင် ၁၀၈ ဒီဂရီဖာရင်ဟိုက် ရှိသောကြောင့် အပူဆုံးလဖြစ်သည်။ အအေးဆုံးလမှာ ဆောင်းရာသီ ဇန်နဝါရီလဖြစ်၍ ထိုလ အမြင့်ဆုံးအပူချိန်မှာ ၆၃ ဒီဂရီဖာရင်ဟိုက်နှင့် အနိမ့်ဆုံးအပူချိန်မှာ ၄၆ ဒသမ ၇၆ ဒီဂရီ ဖာရင်ဟိုက်ရှိကာ ပျမ်းမျှအပူချိန် ၅၄ ဒသမ ၉၁ ဒီဂရီဖာရင်ဟိုက် ရှိသည်။

လေတိုက်ခတ်မှုလမ်းကြောင်းမှာ မြန်မာနိုင်ငံ၌ အနောက်တောင်ရာသီလေတိုက်ခတ်စဉ် ဤမြို့နယ်တွင် အရှေ့တောင်လေနှင့် တောင်လေများတိုက်ခတ်သည်။ အရှေ့မြောက်ရာသီလေတိုက်ခတ်စဉ်တွင် ဤမြို့နယ်၌ မြောက်လေနှင့် အနောက်မြောက်လေများသာ တိုက်ခတ်သည်။ နှစ်စဉ် မေ၊ ဇွန်၊ ဇူလိုင်လများတွင် မိုးသက်လေပြင်းများ ကျရောက်တတ်ပြီး တစ်နာရီမိုင် ၄၀ နှုန်းအထိ တိုက်ခတ်တတ်ပါသည်။ အနောက်ဘက်မှ ကာဆီးထားသော ရခိုင်ရိုးမကြီးရှိသောကြောင့် ကြီးမားသောမုန်တိုင်းများ ကျရောက်မှု မရှိပါ။

## သဘာဝပေါက်ပင်များ

စေတုတ္တရာမြို့နယ် မြေမျက်နှာသွင်ပြင်သည် ပျမ်းမျှအမြင့်ပေ ၃၀၀၀ ကျော်ရှိပြီး ပေ ၄၀၀၀ ကျော်မှ ပေ ၆၀၀၀ ကျော်အထိ မြင့်သော တောင်ကုန်းမြေမြင့်များလည်းရှိသည်။ အပူပိုင်းမုတ်သုံရာသီဉတုရှိသောကြောင့် ရွက်ပြတ်တောများပေါက်ရောက်သည်။ မြို့နယ်ဧရိယာ၏ ၅ ပုံ ၄ ပုံခန့်သည် သစ်တောများဖြင့် ဖုံးလွှမ်းထားပါသည်။

ရွက်ပြတ်တောများတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်း၊ အင်းထောက်ကြံ့၊ ရုံး၊ သတီ၊ လက်ပံ၊ ယမနေ၊ ရှား၊ သစ်ဆိမ့်၊ ဖန်ခါး၊ ဇီးဖြူ၊ နှော၊ ဘင်္ဂ၊ ထောက်ရှာ၊ စစ်၊ ထနောင်း၊ ဘုမ္မရာစာ၊ ဇောင်းပလွေး၊ နဂါးယ်၊ ပွဲပြား (ပွဲမကျက်)၊ သပြေ၊ သခွတ်၊ တောင်တမာ၊ ယင်းမာ၊ ငုရွှေ၊ ငုစပ်၊ စကပ်၊ သစ်အယ်၊ ဒဟတ်၊



သဖန်း၊ သဒ္ဒတ်၊ လိန်မြောက်ငို၊ မအူ၊ ဖက်သန်း၊ တယ်၊ ယင်းတိုက်၊ ထုံးပေါက်၊ ခူဆံ၊ ကြို့၊ ခြင်ပြစ်၊ အောက်ချင်းစာ၊ ဖက်ဝန်း၊ သစ်မကြီး၊ ကုက္ကို၊ ဆိတ်ချေး၊ ကျွန်းခေါင်းနွယ်၊ ကျွန်းဖို၊ ကြက်ရုံး (ဖက်လယ်ခင်း)၊ နဘဲ၊ သစ်စေး၊ လွန်ပို၊ ဇင်ပြွန်း၊ သင်းဝင်၊ လက်ပံခါးပင်များ ပေါက်ရောက်ကြပါသည်။

စေတုတ္တရာမြို့နယ်တွင် သစ်ပင်မျိုးစုံပေါက်ရောက်သည့်အပြင် ဝါးတောများလည်း ထူထပ်စွာပေါက်ရောက်ပါသည်။ သိုက်ဝါး၊ မြင်ဝါး၊ သနဝါး၊ ကရင်ဝါး၊ ထင်းဝါးနှင့် ကြသောင်းဝါးများ အများဆုံးပေါက်ရောက်သည်။

ပေ ၄၀၀၀ ကျော်မှ ပေ ၆၀၀၀ ကျော် တောင်ပေါ်ဒေသများတွင် အမြဲစိမ်းတောများ၊ ထင်းရှူးတောများ၊ သစ်ခွပန်းအမျိုးမျိုးများ ပေါက်ရောက်ကြသည်။ တောင့်ကပ်ပျောအမျိုးမျိုးလည်း ပေါက်ရောက်သည်။

## ဘယဆေးပင်များ

စေတုတ္တရာမြို့နယ်အနောက်ဘက် ငါးမိုင်အကွာတွင် ထင်းရှူးပင်ပေါက်ရောက်သော ကန်တောင်ရှိသည်။ ထိုတောင်ရှိ ကန်ရွာတွင် သဘာဝဘယဆေးပင် ၃၄ မျိုးခန့် ပေါက်ရောက်ကြောင်း တွေ့ရသည်။

ထို့ပြင် စေတုတ္တရာတစ်မြို့လုံးရှိ သဘာဝသစ်တောများတွင် သဘာဝဘယဆေးပင် ၁၀၉ မျိုးခန့်ပေါက်ရောက်ကြောင်း တွေ့ရသည်။ ရှားပါးသောသဘာဝဘယဆေးပင်များလည်း ပါဝင်သည်။ ၎င်းတို့၏အမည်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဆင်ထုံးမန္တယ်၊ လက်ထုပ်ကြီး၊ ငဖုံးဆေးခါး၊ ငပြေရင်၊ ငစိုင်ရင်၊ သစ်ရင်းကြီး၊ သစ်ရင်းကတိုး၊ ခပေါင်းရေကြည်၊ နွားမျက်ရင်း၊ စူလာနဖာ၊ ဆင်နှာမောင်း၊ မဏိဩဃ၊ အိပ်မွေ့သီး၊ မိဿလင်၊ ရှဉ့်မတက်၊ ဆင်သမန္တယ်၊ ကြက်မောက်နီ၊ သန်လျက်ကြီး၊ သန်လျက်ငယ်၊ သမုံးဥ၊ ဘူးခါးဥ၊ ငုရွှေ၊ ငုစပ်၊ ဝံအူ၊ ဇီးဖြူ၊ ဖန်ခါး၊ ဘုမ္မရာဇာ၊ မိုးနံ့၊ သကြားနဲ့တံ၊ ကြီးဖြူ၊ ကြီးနီ၊ ကြောင်ပန်း၊ မြက်မုံညင်း၊ မြေပုံခရမ်းစပ်၊ ဖျောက်ဆိပ်၊ ကြက်ဟင်းခါး၊ ဇောင်ကျမ်း၊ မင်းကိုကာ၊ အုံးနွဲ၊ ပိတ်ချင်း၊ ဂုံခါး၊ ကြက်ဆူရိုးနီ၊ သင်းဝင်ပေါက်ဖြူ၊ မြင်းစဂုံနီ၊ ပေ၊ ထန်း၊ နှပ်ချို၊ ပေါက်ပန်းနီဖြူ၊ ရွှေတံတိုင်းမြစ်၊ ရှင်ပါကူ၊ ရှင်ကစွည်း၊ တောမဲရိုင်း၊ နွားရှာကြီး၊ ကြာဟင်း၊ အုန်းမြစ်၊ ဆီမီးတောက်၊ ပုဏ္ဏာရိပ်၊ ကြိတ်မှန်၊ ယန်းတမက်၊ မယားကြီး၊ ကြောင်လျှာ၊ တောနနွင်းခါး၊ ဆူးဆောက်ဖြူ၊ နနွင်းဝါ၊ သကြားရေစင်၊ မိချောင်းနွယ်၊ ရှားစောင်းလက်ပတ်၊ ကြံ့ဿရမူလီ၊ ဝဿဝရော၊ ပညာလကၤာ၊ ဝတုခါး၊ ခပေါင်းကြီး၊ သစ်ဆွဲလဲ၊ အင်တိုင်းဆေးနီ၊ ပျဉ်းတော်ခွ၊ ကတုံနီ၊ ကတုံနက်၊ ဗျတ်မွှေး၊ နွားစငုတ်၊ အော်လည်း၊ ပဒဲကော၊ ဧကရာဇ်၊ ဇီယာ၊ သံမနိုင်ကျောက်မနိုင်၊ ကြာမှုန့်ဆိပ်၊ တွင်းနက်ကတိုး၊ တပဆေး၊ မြင်းသေ၊ တောထန်း၊ ငှက်မနားခင်စာ၊ ခတက်၊ ရှားစောင်းကြီး၊ စာကလေးဦးနှောက်၊ ကျဇုသီး၊ အလိုကြူ၊ ဇင်ရွေးဖြူ၊ တောမဲဖြူ၊ တောကြက်သားဟင်း၊ ဆတ်သွား၊ အသီးအမြက်၊ ကြိုးစားပေါက်၊ ပရန်နဝါ၊ ပိတောက်မှို၊ ကျွန်းမှို၊ ရှားဇောင်းမျဉ်းနား၊ ဆေးဝင်ရိုး၊ ဆေးသုံးဆင့်၊ ဒေါင်းမင်းသွေးခဲ၊ ပဒိုင်းခေတ္တာတို့ဖြစ်ပါသည်။[၁]

---

၁။ **မှတ်တမ်းပြုစုရန်အတွက် သုတေသီများအသုံးပြုရန်လက်စွဲစာတမ်း၊ စေတုတ္တရာမြို့နယ်။ ၁၉၈၂ ခု၊ ဇူလိုင်လ (၇) ရက်။**



## သဘာဝတောတောင်သတ္တဝါများ

စေတုတ္တရာမြို့နယ်တွင် အိမ်မွေးတိရစ္ဆာန်များဖြစ်သော ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ခွေး၊ ကြောင်၊ ဘဲများအပြင် တောတောင်များ၊ ချောင်းရေစမ်းတွင်းများတွင် သဘာဝအလျောက်ပေါက်ဖွားသော ကြောင်၊ ကျား၊ ဆင်၊ ဝက်၊ သမင်၊ ဒရယ်၊ ဂျီ၊ စိုင်၊ ဆပ် စသော ခြေလေးချောင်းသတ္တဝါအမျိုးမျိုး၊ တောင်ပံဖြင့်ပျံတတ်သောငှက်နှင့် ပျားအမျိုးမျိုး၊ တွားသွားတတ်သော (မြွေပွေးမပါ) မြွေအမျိုးမျိုး၊ လိပ်အမျိုးမျိုး၊ ရေထဲတွင်ပေါက်ဖွားတတ်သော ငါး၊ ပုစွန်၊ လိပ် အမျိုးမျိုးတို့ရှိကြပါသည်။ တောတောင်စိမ့်စိမ်းပေါများ၍ သတ္တဝါ အမျိုးမျိုးစုံလင်စွာ ရှိနေခြင်းဖြစ်သည်။[၁]

---

၁။ **မှတ်တမ်းပြုစုရန်အတွက် သုတေသီများအသုံးပြုရန်လက်စွဲစာတမ်း၊ စေတုတ္တရာမြို့နယ်။ ၁၉၈၂ ခု၊ ဇူလိုင်လ (၇) ရက်။**

# အခန်း (၂)

# မြန်မာပဒေသရာဇ်ခေတ်စည်တုတ္တရာမြို့တည်ပုံနှင့် မြို့နယ်အကျယ်အဝန်း

## မြို့တည်ပုံ

ပုဂံခေတ်အလောင်းစည်သူမင်းလက်ထက် သာသနာသက္ကရာဇ် ၁၆၄၂ ခု၊ မြန်မာသက္ကရာဇ် ၄၆၀ ပြည့်နှစ် ကဆုန်လဆန်း (၁) ရက် တနင်္လာနေ့ မြန်မာနာရီ နှစ်ချက်တီး။ အင်္ဂလိပ်စက်နာရီ ဆယ့်နှစ်နာရီတိတိ မွန်းတည့်ချိန်တွင် ထီးလှိုင်ရှင်ကျန်စစ်သားမင်း၏သားတော် မင်းသီရိခေတ္တရာ (မင်းဇေယျခေတ္တရာ) သည် တောင်စဉ်ခုနစ်ခရိုင်ကို အပိုင်စားရယူလျက် စေတုတ္တရာမြို့ကို တည်ထောင်တော်မူခဲ့သည်။

မြို့ကိုတည်ထောင်ရာ၌ ပန္နက်ငါးဌာနချ၍ တည်ထောင်သည်။ ယင်းဌာနများမှာ (၁) မြို့အုတ်ရိုးပန္နက် (၂) မြို့ဝန်းအတွင်းတောင်ဘက်တွင် အောင်စကြာသီရိစေတီတော်ပန္နက်၊ (၃) မြို့ဝန်းအတွင်း အရှေ့မြောက်ထောင့်တွင် ဆုတောင်းပြည့်မြသိန်းတန်စေတီတော်ပန္နက်၊ (၄) အုတ်မြို့ရိုးအပြင်ဘက်မြောက်အရပ်တွင် စည်းကြက်တောင်စေတီတော်ပန္နက်၊ (၅) မြို့ရိုးအတွင်းအရှေ့တောင်ဘက်တွင်





မြို့စောင့်နတ်မင်းကြီးဖြစ်သော ဇေတနတ်ကွန်းနေရာပန္နက်များ ဖြစ်သည်။

မြို့ရိုး၏မြောက်ဘက်ကုန်းမြေတွင် စည်းကြက်တောင်စေတီကိုတည်၍ စေတီတော်အနီးကုန်းမြေတွင် စည်ကျစ်ပြီး စည်ကိုတီးခြင်း၊ စည်ပုတ်ခြင်းကို ပြုလုပ်ကြသောကြောင့် မြို့အမည်ကို စည်ပုတ္တရာဟုမှည့်ခေါ်သည်။ ထိုမှ စည်တုတ္တရာ-စေတုတ္တရာဟု အဆင့်ဆင့်ပြောင်းလဲခေါ်ဝေါ်ခဲ့ကြပါသည်။ စည်းကြက်တောင်အရပ်တွင် မြို့တည်ကတည်းက ထည်ထားခဲ့သော စေတီတစ်ဆူကို ယခုတိုင်တွေ့နိုင်ပါသည်။

မြို့တည်စတွင် အရှေ့အနောက် ၂၃ တာ၊ တောင်မြောက် ၃၅ တာ၊ ပတ်လည်အားဖြင့် ၁၁၆ တာရှိပါသည်။ ထို့ပြင် အရှေ့တံခါးမှ တောင်တံခါးအထိ၊ တောင်တံခါးမှ အနောက်တံခါးအထိ၊ အနောက်တံခါးမှ မြောက်တံခါးအထိ၊ မြောက်တံခါးမှအရှေ့တံခါးအထိ ၂၉ တာစီနှင့် ပတ်လည်အားဖြင့် မြို့အဝန်း ၁၁၆ တာရှိပါသည်။

တံခါးဝလေးခုထားရှိ၍ အရှေ့မျက်နှာတံခါးကို အောင်စွာတံခါး၊ အနောက်မျက်နှာတံခါးကို ကုလေးတံခါး၊ တောင်မျက်နှာတံခါးကို ဇေယျာတံခါး၊ မြောက်မျက်နှာတံခါးကို ဇေတတံခါးဟူ၍ ဖြစ်သည်။ တံခါးဝအသီးသီး၏အကျယ်မှာ တစ်တာစီရှိပါသည်။

## မြို့တည်စအကျယ်အဝန်း

မြို့တည်စ မြို့ပိုင်နယ် နယ်နိမိတ်မှာ တောင်ဘက်တွင် စေတုတ္တရာငဖဲနယ်စပ်ရှိ ဒန့်ကူးရွာဘုရားအထိ၊ အနောက်ဘက်တွင် ရခိုင်ရိုးမရေဝေတောင်ထိပ်နှင့် ချင်းသချိုင်းအထိ၊ မြောက်ဘက်တွင်

ကြာအင်းနတ်ရေကန်အထိ၊ အရှေ့ဘက်တွင် တောင်သုံးတောင်အကြားတွင် လဟာချင်းရွာအထိကျယ်ဝန်းသည်။

ချင်းရွာ ၁၉ ရွာ၊ မြန်မာရွာ ၁၀ ရွာပါဝင်ပါသည်။

အထက်ပါအကြောင်းအရာများသည် စေတုတ္တရာမြို့နယ်ဖြစ်စဉ်မှတ်တမ်း ၁၉၇၉ ခုထုတ်ပါအချက်များနှင့် စေတုတ္တရာမြို့နယ်မှတ်တမ်းပြုစုရန်အတွက် သုတေသီများအသုံးပြုရန်လက်စွဲစာတမ်း ၁၉၈၂ ခု၊ ဇူလိုင်လ ၇ ရက်နေ့ထုတ်ပါ အချက်များဖြစ်ပါသည်။

စေတုတ္တရာဟုမခေါ်မီက “ဇေတုတ္တရာ” ဟုခေါ်ကြောင်း၊ ဇေတ+ဥတ္တရ=မြောက်အရပ်ကင့်က်ဟုအဓိပ္ပာယ်ရ၍ “သိဟဠအဘိဓာနက္ခရကျမ်း” တွင် စေတ-စေတက=ကိုယ့်ဘက်ပါအောင်များခေါ်တတ်သောင့်က်ဟူ၍လည်းကောင်း၊ “ဓာတုပစ္စယနီတိကျမ်း” တွင် “ဒေတ၊ အတ္တနော၊ ပစ္စတိကာနံ၊ ဇိနာတီတိဇေတော”=“မိမိရန်သူအား အောင်မြင်သောကြောင့်ဇေတ” ဟုခေါ်တွင်ကြောင်း ဖော်ပြထားပါသည်။

ဦးစိန္တာမဏိရေးသားသည့် “စလင်္ဂသမန္တဝိသောခနီ” မည်သော “စလင်းမြို့သမိုင်း” စာအုပ်တွင်လည်း ၁၁၂၈ ခု ကဆုန်လဆန်း (၁၁) ရက်နေ့ အလောင်းမင်းတရားကြီး၏သားတော် ဆင်ဖြူများရှင်လက်ထက် လွှတ်တော်ဝန်ကြီးများထံ စေတုတ္တရာမြို့အုပ် မောင်ကလေး၏လျှောက်ထားချက်တွင် စေတုတ္တရာမြို့တည်ပုံအချက်များ တူညီကြသည်ကိုတွေ့ရပေသည်။ မြို့တည်စအကျယ်အဝန်းကိုကား အောက်ပါအတိုင်း ရေးသားထားကြောင်း တွေ့ရပေသည်။



ချင်း ၆၇ ရွာ၊ မြန်မာ ၁၂၄ ရွာ၊ သူကြီး ၂၅၀၊ ဘုရား ၇၂ ဆူ၊ ချောင်းကြီးရေရှင် ၃ ချောင်း၊ ချောင်းငယ်ရေရှင် ၁ ဟု ဖော်ပြထားပါသည်။ ကုန်းဘောင်ခေတ်ရောက်ပြီး ရွာများတိုးလာခြင်းဖြစ်မည်ဟု ယူဆရပါသည်။ မောင်ကလေး၏လျှောက်ထားချက်အရ သက္ကရာဇ်စဉ်အလိုက် ဖြစ်စဉ်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

သာသနာတော် ၁၈၂၂ ခုနှစ်၊ မြန်မာသက္ကရာဇ် ၆၄၀ တွင် နရသီဟပတေ့မင်းကြီးလက်ထက် အမတ်ကြီးနန္ဒပကျန်ကို စေတုတ္တရာမြို့စားခန့်ထားသည်။

သာသနာသက္ကရာဇ် ၂၀၀၂ ခု၊ မြန်မာသက္ကရာဇ် ၈၂၀ ပြည့်နှစ်တွင် ထူပါရုံဒါယကာ မင်းနရပတိမင်းကြီးလက်ထက် သီရိဇေယျနော်ရထာက စလင်းမြို့စားဖြစ်သည်။ စေတုတ္တရာမြို့ကို ရှေးမြို့တည်နယ်အပိုင်းအခြားရှိသည့်အတိုင်း သီးသန့်ခြားနားရိုးကွဲထားတော်မူသည်။

သာသနာသက္ကရာဇ် ၂၁၈၁ ခုနှစ် မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ် ထပ်ကြီးဒါယကာ မင်းရဲနန္ဒမိတ်ရေကျမင်းလက်ထက် ကျွန်တော်မျိုး မြို့ရွာပေါင်းတို့ကို ဒိုင်ဖွဲ့ဘက်စည်သော်လည်း စေတုတ္တရာမြို့သည် ချင်းလင်းအခွန်ဆက်မြို့ဖြစ်၍ ဒိုင်မဖွဲ့မတက်။

မြန်မာသက္ကရာဇ် ၁၀၃၀ ပြည့်နှစ် ပြည်မင်းသားတော်အိမ်ရှေ့မင်းလက်ထက် ဒိုင်စာရင်းစစ်စဉ်လည်း ဒိုင်မဖွဲ့မတက်ရ။

မြန်မာသက္ကရာဇ် ၁၀၄၁ ခု ဝမ်းဘဲအင်းစံမင်းရဲကျော်ထင် အင်္ဂါမင်းတရားကြီးလက်ထက် ဒိုင်စာရင်းမဖွဲ့မတက်။

မြန်မာသက္ကရာဇ် ၁၀၅၆ ခု ဟံသာဝတီရောက် ဘိုးတော်မာန်အောင်ရတနာ စနေမင်းတရားကြီးလက်ထက် အမြို့မြို့ကို ဒိုင်စာရင်းစစ်၍ ဘွဲ့ဘက်ထမ်းရွက်ရသည့်အတွင်း စေတုတ္တရာမြို့မှာ ကျိတ်စုအသည် (၃၂) ဒိုင်ဘွဲ့ဘက်ထမ်းရွက်ရသည်။

မြန်မာသက္ကရာဇ် ၁၀၆၂ ခု မှန်နန်းရှင်တနင်္ဂနွေမင်းတရားကြီးလက်ထက်တော်တွင် စေတုတ္တရာမြို့ ဒိုင်အစဉ်ဘွဲ့ဘက်မှတ်တမ်းရှိမရှိ။ ချင်းလင်းအခွန်ဆက်သားဖြစ်၍ ၃၂ ဒိုင်နှိမ်ပြီးလျှင် အသည်ငယ်သားဒိုင်မရှိ။ ကျိတ်စုသုံးဒိုင်နှင့်သာ ထမ်းရွက်ရပါသည်ဟု ၁၁၈၂ ခု ကဆုန်လဆန်း ၁၁ ရက်နေ့တွင် အလောင်းမင်းတရားကြီးသားတော်အလတ်ဆင်ဖြူများရှင်လက်ထက် လွှတ်တော်ဝန်ကြီးများထံ စေတုတ္တရာမြို့အုပ်မောင်ကလေးက လျှောက်ထားကြောင်းတွေ့ရပါသည်။[၁]

စေတုတ္တရာမြို့သည် အလောင်းစည်သူမင်းလက်ထက်မှစ၍ မြင်စိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းတရားကြီးလက်ထက်အထိ ချင်းလင်းအခွန်ဆက်မြို့အဖြစ် စလင်းမြို့၏ အရံလေးမြို့တွင် ပါဝင်ခဲ့ပုံ၊ ညောင်ရမ်းခေတ် စနေမင်းတရားကြီးလက်ထက်၌သာ ၃၂ ဒိုင်ဖွဲ့၍ အခွန်ဆက်သရပုံတို့ကို ရေးပြထားခြင်းဖြစ်သည်။

စလင်းမြို့၏အရံလေးမြို့တွင် စေတုတ္တရာမြို့နှင့် ဖအိုင်းမြို့ ပါဝင်ပုံတို့ကို ကဗျာတစ်ပုဒ်၌ အောက်ပါအတိုင်း ရေးသားထားကြောင်းတွေ့ရသည်။

---

**၁။ စလင်္ဂသမန္တဝိသောဓနီ(ခေါ်)စလင်းမြို့သမိုင်း-ရေး-ဦးစိန္တာမဏိ**



"ယင်းတို့ဌာန၊ မြို့မစလင်း
မူလရင်းပေ၊ သင်းပင်းအနက်
မြို့လက်အနေ၊ တွင်စေမှန်ဟုတ်
ရှေးသမုတ်သား၊ မြို့စေတုတ္တရာ
ခန်းဝါထိုတစ်၊ ဘားအိုင်နှစ်နှင့်
ကျောက်စစ်သုံးမြို့၊ ကာဆို့တည်ပြီး
ရွာကြီးရွာမ" ဟူ၍ပါရှိလေသည်။

အင်းဝခေတ်တွင် စေတုတ္တရာမြို့သည် (၄၀၀) ပြုမြို့ ၂၂ မြို့တွင် တစ်မြို့အဖြစ်ပါဝင်ခဲ့သည်။ မြို့အဝန်းပတ်လည်မှာ တာ ၈၀၀ အထိရှိလာသည်။

## စေတုတ္တရာမြို့အပိုင်နယ်မြေအကျယ်အဝန်း

စေတုတ္တရာမြို့နယ် အောင်းရွာတွင်တွေ့ရသည့် ပုရပိုက်တစ်ဆူအရ စေတုတ္တရာမြို့အပိုင် အကျယ်အဝန်းကို ရေးသားဖော်ပြထားရာ ပုရပိုက်ပါအရေးအသားအတိုင်း အောက်တွင်ဖော်ပြထားပါသည်။

စည်တုတ္တရာမြို့နယ်သည် အရှေ့အလားသနပ်ပင်ချောင်းစပ်၊ စလင်းချောက်အခြားတဖက် ဝန် ၇ ရွာမြေအစပ်၊ အရှေ့တောင်အလား တောင်စဉ်ကုန်းဇရပ်ဆိုး၊ ရေဝေချောင်းလင်းအိန်ရွာခြမ်း၊ အခြားတဖက်ဆင်ချည်တိုင်၊ တဖက်မဲဇလီရွာမြေနှင့် ကျောခိုင်း၊ တောင်အလားသစ်မြစ်ချောင်း၊ အခြား ဘားအိုင်မြို့မြေစပ်၊ အနောက်တောင်အလားဏကါရာဇတောင်ရိုး၊ အခြားတဖက် ရခိုင်မြို့မြေနှင့်ကျောခိုင်း၊ မြောက်အလား တောက်ချောင်း၊

အခြားတဖက် လောင်းရှည်မြို့မြေနှင့်ကျောခိုင်း၊ အရှေ့မြောက် အလား ကျောက်ဆောင်ရေဝေ၊ အခြားတဖက်၊ မင်းလျှင်ရွာမြေ နှင့်အစပ်၊ နယ်ရှစ်ရပ်တွင် ချဉ်းယဉ် ၁၃ ရွာ၊ အခြားလူရှိ ကိုးရွာ၊ လူမရှိ လေးရွာ၊ မြေလပ်နေချင်းရိုင်း (၁၅) ရွာ၊ အထက်တောင်ရိုးနေ ချင်းရွာ (၁၄) ရွာတို့မှာ တိုင်သူရင်းမင်းမှုမင်းခင်းမခန့်ထားရ။" ဟူ၍တွေ့ရပေသည်။

အထက်ပါအချက်များတွင်ပါဝင်သော စေတုတ္တရာမြို့နယ် ဖြစ်စဉ်သမိုင်း၊ စလင်းမြို့သမိုင်း၊ စေတုတ္တရာမြို့နယ် အောင်းရွာ တွင်တွေ့ရသော ပုရပိုက်စာမှတ်တမ်းတို့အရ အောက်ပါအချက် များကို အနှစ်ချုပ်အချက်များအဖြစ် တွေ့ရပါသည်။

အလောင်းစည်သူမင်းလက်ထက် ကျန်စစ်သားမင်း၏ သားတော် မင်းဇေယျခေတ္တရာက မြန်မာသက္ကရာဇ် ၄၆၀ ပြည့်နှစ် တွင် စေတုတ္တရာမြို့ကိုတည်ခဲ့ကြောင်း၊ တောင်စဉ်ခုနစ်ခရိုင်တွင် (၁) စည်တုတ္တရာ၊ (၂) ပန်းတိမ်း၊ (၃) ဖဖဲ၊ (၄) တိုင်းတာ၊ (၅) စလင်း၊ (၆) ဘောင်လင်း၊ (၇) လယ်ကိုင်းဒေသတို့ပါဝင်ကြောင်း သိရသည်။

မြန်မာလူမျိုး၊ ချင်းလူမျိုးများက ကျေးရွာအသီးသီး တည်ထောင်နေထိုင်လျက်ရှိကြပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်ပိုင်နယ်မြေအကျယ်အဝန်းကို ဖော်ပြရာတွင် အရှေ့ဘက်၌ မြောင်းဦးရွာအထိ၊ အင်းဝခေတ်တွင် ဝန်ရရွာအနီး မြေအထိ၊ တောင်ဘက်တွင် ငဖဲမြို့နယ်စပ်အထိ၊ အနောက်ဘက်တွင် ရခိုင်ရိုးမတောထဲအထိ၊ မြောက်ဘက်တွင် ကြာအင်းရေကန်အထိ၊ တောက်ချောင်းအခြားတစ်ဖက်အထိဟူ၍ ဖော်ပြထားပါသည်။



ကြာအင်းရေကန်ဟူသည် ယခု တပွင့်ရွာအရှေ့မြောက် ပုန်းတောင်ပေါ်ရှိသော ရေကန်ကိုဆိုလိုသည်။ တောက်ချောင်း အခြားတစ်ဖက်ဆိုရာတွင် ယခုလက်ပံကျင်းရွာအနီး မြောက်ဘက် တွင် မုန်းချောင်းထဲစီးဝင်သော တောက်ချောင်းအထိဟုဆိုလိုသည်။

ဤအတိုင်းဆိုလျှင် စေတုတ္တရာမြို့နယ်မြောက်ပိုင်းရှိ လုံးကြီး၊ အပေါ၊ စင်းချောင်း၊ ငတော်စုတ်၊ ဒိုင်း၊ ဖျင်ကြီးရွာများသည် စေတုတ္တရာမြို့နယ်ထဲမပါခဲ့ကြောင်း တွေ့ရပေသည်။

ဤဖြစ်ရပ်ကို လောင်းရှည်မြို့တည်မှတ်တမ်းတွင် ထပ်မံ လေ့လာလျှင် အောက်ပါအတိုင်းတွေ့ရပေသည်။

"လောင်းရှည်မြို့ကို ပုဂံအနော်ရထာလက်ထက် သာသနာ နှစ် ၁၅၆၂၊ ကောဇာနှစ် ၃၈၀ ပြည့်၊ ကဆုန်လပြည့်နေ့ နက္ခတ် ၁၉ လုံးနှင့်ယှဉ်လျက် အမတ်သိစ္စည်းနှင့် ဘယတေဇ ဘွဲ့ခံကောတို့က စစ်သူရဲ ၁၀၀ နှင့်ထည်ထားပြုစုသည်။

မြို့တာအဝန်းကား ၁၉၇ တာ၊ တံခါးသုံးပေါက်၊ သစ်တပ်မြို့ဖြစ်သည်။ အမြင့်ခုနစ်တောင်ရှိသော သစ်တို့ဖြင့် တည်ဆောက်သည်။ အနောက်အရပ်ရှိ မစ္ဆာဂီရိသားတို့ကို ဆီးဆုံခံတိုက်ရန် ကင်းမြို့ဖြစ်သည်။"

"တောင်ကိုလားသော် (၂၀၀-၂၀၃) တိုင်ခန့်အကွာ၊ ကသောင်းတောင်၊ ညှင်းတောင်၊ အနောက်ဘက်တွင် ပုန်းတောင်၊ ပန်တာကျောက်တန်း၊ ကြာအင်းနတ်ရေကန်၊ တပွင့်ဆည်ဦး၊ ဒွေးချောင်းကောက်ကောက်စင်းစင်း၊ မော်ကြီး

မော်ငယ်ထိ၊ တဖက်စလင်းတောင်စဉ်ချင်းငါးရွာမြေထိ”[၁]

ဟူ၍ ပါရှိပါသည်။

ဤသို့ လောင်းရှည်မြို့တည်မှတ်တမ်းကိုကြည့်လျှင် လောင်းရှည်မြို့သည် စေတုတ္တရာမြို့ထက် နှစ် (၄၆၀-၃၈၀)=(၈၀) စော၍တည်ထောင်ခဲ့ကြောင်း၊ ပုန်းတောင်ပေါ်ရှိ ကြာအင်းနတ်ရေကန်၊ တပွင်ဆည်ထိပ်၊ ဒွေးချောင်းနယ်မြေအထိ၊ အရှေ့တည့်တည့် ထီးချောင်းဒေသတွင် လက်ဖွဲ့ဆိုင်၊ တည်ခုတ်ရွာများအထိ၊ ထိုဒေသမြောက်ပိုင်း မုန်းချောင်းနယ်မှရွာများ (လက်ပံကျင်းမှဖျင်ကြီးအထိ) ထီးချောင်းနယ်မှရွာများ (ကျန်စိမ့်၊ အုန်းခား၊ နန်ကြူ၊ ကံဇင်းရွာ) သည် လောင်းရှည်မြို့အပိုင်ဖြစ်ခဲ့ကြောင်းတွေ့ရပေသည်။

လောင်းရှည်မြို့အပိုင်နှင့် စေတုတ္တရာမြို့အပိုင်နယ်မြေ အခြေအနေကို ကုန်းဘောင်ခေတ်နှောင်းပိုင်း နယ်စပ်အရေးအခင်း ဖြေရှင်းချက်ကိုကြည့်ခြင်းဖြင့် ပိုင်ဆိုင်မှုအသီးသီးကို အောက်ပါအဖြစ်အပျက်များအရ သိရှိနိုင်ပါသည်။

## ကုန်းဘောင်ခေတ်နှောင်းပိုင်းနယ်စပ်အရေးအခင်း

ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် စေတုတ္တရာမြို့နှင့် လောင်းရှည်မြို့တို့ နယ်မြေကျူးကျော်သည့် နယ်စပ်အရေးအခင်း နှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း ပုရပိုက်နှစ်ဆူပါ အရေးအသားအရ တွေ့ရပါသည်။

---

**၁။ ကိုလိုနီခေတ်မြို့အုပ်တစ်ဦး၏မှတ်တမ်း၊ အလံကင်းမြို့-လောင်းရှည် (၁)၊ သူရဋ္ဌမဂ္ဂဇင်း၊ ၂၀၀၉ ခု ဧပြီလထုတ်၊ စာမျက်နှာ (၃၇၇) ရေးအနောက်တံခါးမှူးမောင်မှူး**



(၁) စေတုတ္တရာမြို့နှင့် လောင်းရှည်မြို့အကြား နယ်စပ်လူဖမ်းသည့်ကိစ္စ ပေါ်ပေါက်ပြီး (၁၂၃၂) ခုတွင် ချုပ်ဆိုသော စာချုပ်ပါအချက်အလက်များ၊

(၂) စေတုတ္တရာဒွေးရွာနယ်မြေများသို့ လောင်းရှည်သူကြီး၏ သားက ကျူးကျော်တိုက်ခိုက်မှုနှင့်ပတ်သက်၍ မြန်မာသက္ကရာဇ် ၁၂၄၆ ခုတွင် ထုတ်ပြန်သော နာခံတော်မင်းထင်ရာဇာကျော်ခေါင်၏ အမိန့်ပြန်တမ်းပါအကြောင်းအရာများဖြစ်သည်။

## (၁) မြန်မာသက္ကရာဇ် (၁၂၃၂) ခု စာချုပ်ပါအဖြစ်အပျက်များ

လောင်းရှည်မြို့နှင့်စေတုတ္တရာမြို့ နယ်စပ်အရေးအခင်းကြောင့် ယင်းမြို့နှစ်မြို့ပါဝင်သောစာချုပ်ကို မြန်မာသက္ကရာဇ် (၁၂၃၂) ခု နယုန်လဆန်း (၄) ရက်နေ့ လောင်းရှည်မြို့သူကြီး သိဿဝဏ္ဏကရာဇသူနှင့်စေတုတ္တရာမြို့သူကြီးကိုယ်စား မြို့အုပ်ဦးရွှေရတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

မင်းတုန်းမင်းလက်ထက် စလင်းကျပင်းမြို့ဝန်စုပါစေတုတ္တရာမြို့သူကြီး၊ မြို့အစီရင်၊ မြို့စာရေးတို့နှင့် ယောမြို့ဝန်စုပါ လောင်းရှည်မြို့သူကြီး၊ မြို့အုပ်၊ မြို့အစီရင်၊ မြို့စာရေးတို့နယ်စပ်တွင် ဖြစ်ပွားသောအမှုများကို ဖြေရှင်းရန်စာချုပ်ချုပ်ဆိုကြသည်ဟု ဖော်ပြထားသည်။

ဖြစ်ပွားပုံမှာ စေတုတ္တရာမြို့နှင့် လောင်းရှည်မြို့နယ်စပ်တွင် နေထိုင်ကြသော ချင်းလူမျိုးတို့ တစ်ရွာနှင့်တစ်ရွာ တိုက်ခိုက်ဖမ်းယူမှုမျိုးဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးရမိသူများကို ကျွန်အဖြစ်ခိုင်းစေရန်ဖြစ်သည်။ ဖမ်းဆီးခံရသူများကို ရွေးနုတ်လိုပါက

ငွေကြေး၊ ကျွဲနွား၊ ကျွန်တို့ပေးဆောင်၍ လဲလှယ်ကြရမည်။ ထိုကဲ့သို့ မလိုလားအပ်သောအမှုကိစ္စများ ပေါ်ပေါက်လာသဖြင့် ထိုကိစ္စများကို ဖြေရှင်းရန် နှစ်ဦးနှစ်ဖက် စီရင်စုအကြီးအကဲများ ဆွေးနွေးညှိနှိုင်း ခဲ့ကြသည်။ ဤသို့ တွေ့ဆုံဆွေးနွေးညှိနှိုင်းကြရာမှ အောက်ပါ အချက်များကို သဘောတူဆုံးဖြတ်ခဲ့ကြသည်။

(၁) နှစ်မြို့နယ်အတွင်းနေထိုင်သော သစ္စာခံချင်းလူမျိုး တို့ကိုခေါ်ယူ၍ မြို့သူကြီး၊ မြို့အုပ်၊ မြို့အစီရင်၊ မြို့စာရေးတို့အစုံအညီ၌ ချင်းလူမျိုးအချင်းချင်း တိုက်ခိုက် ဖမ်းယူခြင်းမပြုရဟူ၍ နယ်များတွင်ရှင်းလင်းပြောဆိုရန်၊ အကယ်၍ ပြုလုပ်ကြပါက အပြစ်ရှိသူကို အပြစ် အလျောက် အရေးယူအပြစ်ပေးခြင်းကို မြို့သူကြီး၊ မြို့အုပ်၊ မြို့အစီရင်၊ မြို့စာရေးတို့က ဆုံးဖြတ်စီရင်ရန်၊

(၂) သစ္စာမခံ မလွတ်သောနှစ်မြို့နယ်အတွင်း ရိုင်းပြဆိုးသွမ်း တိုက်ခိုက်ဖမ်းယူသည့် မြို့ရွာများကို မြို့သူကြီးတို့ တိုင်ပင်၍ တိုက်ဖျက်သိမ်းယူရန်ဟူ၍ဖြစ်သည်။[၁]

အထက်ပါစာချုပ်ကို မြန်မာသက္ကရာဇ် ၁၂၃၂ ခု နယုန်လဆန်း ၄ ရက်နေ့ လက်မှတ်ရေးထိုးသည့် စာချုပ်ပါအချက်များအရ မြို့သူကြီးတို့သည် အခွန်ကောက်ခံခြင်း၊ တရားစီရင်ခြင်း တို့အပြင် မြို့နယ်တွင်းရပ်ရွာဒေသများ အေးချမ်းသာယာရေး၊ ပတ်ဝန်းကျင်ဒေသ၌ အရေးအခင်းပြဿနာရှိခဲ့သော် အကြီးအကဲများ စုပေါင်းဖြေရှင်းကြခြင်းဖြင့် ငြိမ်းအေးမှုကိုရရှိခဲ့သည့်အလေ့အထ ကုန်းဘောင်ခေတ်၌ရှိခဲ့ကြောင်း တွေ့ရပေသည်။[၁]

၁။ နှစ်လေးဆယ်သမိုင်းရှာပုံတော်-ရေးဒေါက်တာကျော်ဝင်း(စာ ၁၁၀-၁၁၃) ၂၀၀၆ အောက်တိုဘာ (ပ-ကြိမ်ထုတ်)



## (၂) နယ်မြေကျူးကျော်မှုပြဿနာ

လောင်းရှည်မြို့သူကြီးငမိုး၏သားငသံတိုင်နှင့် နောက်ပါအစု အဖွဲ့တို့က ဒွေးရွာနယ်မြေ ဒွေးသူကြီးပိုင်နက်များကို တိုက်ခိုက် လုယူလာခဲ့သည်။ ငတ်ကြီးရွာ၊ ပွင့်တောက်ရွာ၊ ပိုက်စုတ်ရွာစသော ကျေးရွာများ ထိတ်လန့်ပျက်ပြားသွားသဖြင့် မြန်မာဘုရင်ထံ တင်လျှောက်ထားချက်နှင့် မြန်မာသက္ကရာဇ် ၁၂၄၆ ခု တပို့တွဲ လပြည့်ကျော် ၃ ရက်နေ့ နာခံတော်မင်းထင်ရာဇာကျော်ခေါင်၏ အမိန့်ပြန်တမ်းတို့အရ နယ်မြေကျူးကျော်မှုအပေါ် စစ်ဆေးမှုများကို ဒွေးရွာဆရာတော် ဘဒ္ဒန္တဉာဏုတ္တရထံမှာရှိသော ပုရပိုက်စာ[၂] အရ အောက်ပါအတိုင်းတွေ့ရပါသည်။ ပုရပိုက်စာပါအရေးအသားမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

သံတော်ဦးတင်ချက်

ဘုရားကျွန်တော်မျိုး စလင်းမြို့ကျေးစည်တုတ္တရာမြို့စစ်တန်းပါ ၁၄ ရွာအဝင်ကို ချင်းထိန်းသူကြီးကြက်မြုံသား ငရစ်တို့ ရွှေဖဝါး တော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား. . . ထီးဘုရား အဆက်ဆက် စလင်းစည်တုတ္တရာမြို့ဆင့်လိုရာနာခံထမ်းဆောင် ရှိသည့်အတွင်းမဆိုင်သူ လောင်းရှည်မြို့သူကြီးငမိုးသီးသား ငသံတိုင်တို့က ဒွေးနယ်မြေများကို အတင်းတိုက်ခိုက်လုယူ၍ မခံမရပ်နိုင်ရှိသောကြောင့် စီရင်စုအခွန်တော်ထမ်းငတ်ကြီး၊ ပိုက်စုတ်၊ ပွင့်တောက်ရွာများသည် ထိတ်လန့်ပျက်ပြားရှိ၍ ရွှေလွှတ်တော်မှာလျှောက်ထားရာ သုဓမ္မာဆရာတော်တို့နှင့်

၂။ ပုရပိုက်စာ-ဒွေးဆရာတော်ဘဒ္ဒန္တဉာဏုတ္တရ (ပျံလွန်ပြီး)

အတွင်းဝန်ထောက်တော်ကင်းဝန်မင်းတို့စုံညီ နှစ်မြို့နယ်မြေပုံ စစ်တမ်းများကို တင်ပြကြည့်ရှုကြရာ အချင်းဖြစ်ဒွေးရွာသည် စလင်းမြို့ကျေးစည်တုတ္တရာမြို့အပါအဝင်ဖြစ်၍ လောင်းရှည်မြို့သူကြီးဟောင်းငအိုကို ထပ်မံစစ်မေးရာ ထီးဘုရားသုံးဆက်မြောက် ၎င်းမြို့ကျေးရွာ ဒွေးရွာဖြစ်ကြောင်းထွက်ရှိသိသာသည်နှင့် အချင်းဖြစ်ရွာကို သူကြီးကြေက်မြုံရယူ၍ ကောက်ယူစီရင်ချက် မဖောက်မပြန်ခံဝင်လှတ်လှမ်းစားပြီး ပြတ်ရှိပါသည်ကို မြို့သူကြီးသေဆက်ခံစိုးစံသူငသံတိုင်က မြို့သူကြီးဂုဏ်နှင့်ကြေးငွေအားကိုးဥပစာနယ်မြေကို ကျမ်းမကျိန်မဆိုရသည်နှင့် ကောက်ချက်ပါရယူသည့်ရွာကို မြို့သူကြီးငသံတိုင်ကျေးဖူးသစ္စာတော်မြတ်ကို မထောက်မကြောက် ဥပဒေဖြတ်စာများကိုမတည်၊ အတန်တန်ဖောက်ပြန်လျှင် ခံရပ်နိုင်တော့မည်မဟုတ်ပါ၍ **လျှောံ**ဝန်မြို့သူကြီးငမိုးသီးနှင့် ပြီးပြတ်ရသည့်ကောက်ချက်လှတ်စားဖြတ်စာအရ အချင်းဖြစ်ဒွေးရွာကို အားရှိအားထားလုယူနှောင့်ယှက်မရှိနေထိုင်မြဲ နေထိုင်ပါရအောင် စီရင်စုချင်းရွာငတ်ကြီး၊ ပိုက်စုတ်၊ ပွင့်တောက်ရွာများ ပျက်ပြားရှိသည်ကို အကျိုးတော်ဖြစ် သိမ်းသွင်းပြုစုအုပ်ထိန်းကြီးစိုးမြဲ ကြီးစိုးပါရအောင် ဘုရားသနားကယ်မတော်မူပါမည့်အကြောင်း ရွှေဖဝါးတော်မြတ်အောက်ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား၊

နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ရွာသူကြီး မြင်းခေါင်း မြင်းစီးဒိုင်ခေါင်းအဝှမ်း ငွေခွန်မှုရွှေခွန်မှုမှစ၍ ကြီးရိုးမှုစကားများပြားအမိန့်တော်မြတ်နှင့် စစ်တမ်းစာရင်းဆက်သွင်းကြီးစိုးရသည်ဖြစ်စေ၊ ခမည်းတော် ပဥ္စသဃ်ာရနာတင်မင်းတရားကြီးဘုရားကစ၍ မြို့ရွာကြီးစိုးရသည်ဖြစ်စေ မြို့ကျေးရွာလက်ရှိမှန်သူတို့မှာ အရိုး



တဖက်လက်မဲ့သူတို့က လျှောက်ထားရာဆိုရှင်းလင်းဆဲရှင်းလင်းရန်မှစ၍ အနှောင့်အယှက် အလျှောက်အထားအပြောအဆို အလဲအပြောင်းမရှိစေနှင့်၊ လက်ရှိအတိုင်း (၁၂၄၇) ခုနှစ်အတွင်း တည်ငြိမ်ရပ်ဆိုင်းစေ၍ ကြီးစိုးမြဲကြီးစိုးဆောင်ရွက်စေ။ (**လျှောက်**-ဟု**ဆိုလိုသည်**ကို လျှောံ-ဟုရေးသားထားသည်။)

သက္ကရာဇ် ၁၂၄၆ ခု တပို့တွဲလပြည့်ကျော် (၃) ရက်နေ့
နာခံတော်မင်းထင်ရာဇကျော်ခေါင်ပြန်အမိန့်တော်
စစ်ဆေးထွက်ဆိုချက်မှတ်တမ်း

စလင်းမြို့အဝင် စည်တုတ္တရာမြို့သူကြီး မြို့စာရေးဒွေးရွာချင်းထိမ်းသူကြီး ကြေက်မြုံ ပြည်စိုးတို့နှင့် လောင်းရှည်မြို့ခံကြွင်းငအိုတို့စကားမှာ နှစ်ဦးပိုင်စစ်တမ်းများကိုတင်စေရာ စည်တုတ္တရာမြို့သူကြီးပေး ၄၅ ခု၊ ၆၄ ခု စစ်တမ်းအနောက်မြောက်အလား ကြာအင်းနတ်ရေကန်၊ မြောက်အလားတောက်ချောင်း အခြားတဘက်ထွက်ရှိသည့် လောင်းရှည်မြို့သူကြီးပေး ၄၅ ခု၊ ၆၄ ခု စစ်တန်းတောင်အလား ၂ သောင်း ၃ တိုင်ကွာ မောင်းတိုင်ညှင်းတောင် ၎င်းက အနောက်ကိုလျှောက်၍ ပုန်းတောင်ပန်းအိ၊ ကျောက်တန်း၊ ငတ်ကြီး၊ ငတ်ငယ်၊ ကြာအင်းနတ်ရေကန်ထိ၊ တဖက်စလင်းတောင်စဉ်ချင်း ၅ ရွာမြေစပ်ထွက်ရှိသည်ဖြစ်၍ ပုံစံကြည့်ရှုရာ အချင်းဖြစ်စည်တုတ္တရာမြို့အဝင် ဒွေးရွာနယ်မြေသည် ကြာအင်းနတ်ရေကန်အနောက်တောင် ၃ တိုင်ခန့်အကွာတွင် ဒွေးချောင်းရေသားလျက်ရှိသည်ဖြစ်သည့် ဒွေးချောင်းမြောက်ဖက်တွင် အချင်းဖြစ်ဒွေးရွာနယ်မြေကို ဘကြီးတော်၊ ခမည်းတော်၊ နောင်တော်ထီးဘုရား သုံးဆက်မြောက် စည်တုတ္တရာစီရင်စု ဒွေးရွာ

ဖြစ်မည်၊ လောင်းရှည်မြို့သူကြီးအေဒိုကိုမေးရာ စည်တုတ္တရာမြို့ အပါအဝင် ဒွေးရွာဖြစ်ကြောင်းနှင့် ထွက်ဆိုသည်ဖြစ်သည့် အချင်းဖြစ်ဒွေးရွာကိုရယူ၍ ဥပစာလုပ်ခင်းလယ်ယာထွေးယှက်ရန် ရှိသည့် ဒွေးချောင်းနှင့်လောင်းရှည်မြို့အဝင် မအွေးရွာအကြား လောင်းရှည်မြို့စီရင်စု လက်ရှိကျေးရွာများကို ချန်လှပ်၍ ဘကြီးတော်၊ ခမည်းတော်၊ နောင်တော်မင်းသုံးဆက်မြောက် စည်တုတ္တရာမြို့စီရင်စုဒွေးရွာနယ်မြေလက်ရှိဖြစ်ကြောင်းကို ဒွေးရွာ သူကြီးငကြက်မြှုံက ပန်း ၃ ပြမှတ်ကျမ်းထမ်းမေးကျမ်းတမ်းဝံ့သည့် နယ်မြေ စည်တုတ္တရာမြို့အပါအဝင် ဒွေးရွာမြေဖြစ်စေဟူ၍ ၁၂၃၀ ခု ကဆုန်လပြည့်ကျော် ၇ ရက်နေ့ မဏ္ဍလရာမဆရာတော်၊ စလင်း ဆရာတော်၊ လှထွေဆရာတော်၊ သက်ပန်ဆရာတော်၊ ပုခန်းဆရာ တော်တို့ စုံညီက ကန္တီအတွင်းဝန်မင်း၊ ကင်းဝန်မင်းတို့စုံညီ ကောက်ချက်ကို စည်တုတ္တရာမြို့သူကြီးမဖောက်မပြန်စေရ ဒွေးရွာ ချင်းအုပ်သူကြီး ငကြက်မြှုံနှင့် လောင်းရှည်မြို့ခန့်ငကြွင်းအေဒိုတို့ လွှာက် လှမ်းစားသည့်ကာလ။

လွှာက်ပေးလွှတ်လှင်. . ငဆား၊

ဟူ၍တွေ့ရပါသည်။

အဓိကဆိုလိုသည်မှာ လောင်းရှည်သူကြီး ငမိုးသီး၊ သား ငသံတိုင်တို့ အင်အားသုံးပြီး ဒွေးသူကြီးပိုင်နယ်မြေဥပစာများ သိမ်းယူခဲ့သည်။ ဝေါ်ကြီးပိုက်စုတ် ပွင့်တောက်ရွာများ ထိတ်လန့် ကြရသည်။ ဤကိစ္စကို ဒွေးသူကြီးက ဘုရင့်လွှတ်တော်သို့ တင်လျှောက်မှုပြုခဲ့ရာ ဘိုးတော်မင်းတရားကြီးလက်ထက် ကောက်ယူခဲ့သော ၁၁၄၅-ခုစစ်တမ်း၊ ၁၁၆၄-ခုစစ်တမ်းပါ



မြေပုံများနှင့်တိုက်ဆိုင်စစ်ဆေးကြရာ ဒွေးရွာသည် စည်တုတ္တရာ စီရင်စုတွင်ပါဝင်သောဒေသဖြစ်ကြောင်း တွေ့ရှိကြရသည်။ ဆရာတော်ကြီးများ၊ ဝန်မင်းများက ကောက်ချက်ချမှုအရ လောင်းရှည်မြို့စားကခန့်သည့်ပုဂ္ဂိုလ်များနှင့် စည်တုတ္တရာမြို့ သူကြီးတို့ သဘောတူကျေနပ်ကြပြီး လက်ဖက်ကမ်းလှမ်းပေးကြ၊ စားသုံးကြ ပြုကြကြောင်းရေးသားထားပါသည်။

ဤသို့ဖြင့် ဒွေးရွာမြောက်ပိုင်းဒေသများ၊ မအွေးရွာများသည် လောင်းရှည်မြို့စီရင်စုတွင်ပါဝင်ကြောင်း တွေ့ရပါသည်။

မြန်မာ့ပဒေသရာဇ် ကုန်းဘောင်ခေတ်တွင် နေပြည်တော်ရှိ ဝန်ကြီးမှူးကြီးများ၊ သံဃာတော်များသည် တရားမျှတ သမာသမတ် ကျစွာဖြင့် ဆုံးဖြတ်ပေးလေ့ရှိသဖြင့် နိုင်ငံ၏နယ်မြေအေးချမ်း သာယာအောင် ဆောင်ရွက်ပေးခဲ့ကြသည်ကို တွေ့ရပေသည်။

စေတုတ္တရာမြို့နယ် ဒွေးရွာမြောက်ပိုင်းရှိကျေးရွာများ၊ ကြာအင်းနတ်ရေကန်နှင့်တကွ ထီးချောင်းနယ်မြေတည်စုတ်မြောက် ပိုင်းရှိကျေးရွာများသည် ကိုလိုနီခေတ်ရောက်ပြီး မြို့အုပ်ရုံးဆော မြို့သို့ ပြောင်းရွှေ့ခဲ့သည့် ၁၈၉၈ ခု စက်တင်ဘာလ ၉ ရက် နောက်ပိုင်းမှစ၍ အုပ်ချုပ်ရေးနယ်မြေများ ပြုပြင်ပြောင်းလဲမှုများ သတ်မှတ်ပြီးသည့်အချိန်မှစ၍ စေတုတ္တရာမြို့အုပ်ရုံး၏ အုပ်ချုပ်မှု အောက်သို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။

# အခန်း (၃)

## စည်တုတ္တရာမြို့စီရင်စုတွင်းသို့ လူမျိုးစုအသီးသီး ရောက်ရှိလာကြပုံ

စည်တုတ္တရာမြို့စီရင်စုနယ်မြေတွင် မင်းဇေယျခေတ္တရာက စည်တုတ္တရာမြို့ကို တည်ထောင်စဉ်ကပင် ချင်းရွာ ၁၉ ရွာ၊ မြန်မာရွာ ၁၀ ရွာရှိနေပြီဖြစ်ကြောင်း မြို့တည်မှတ်တမ်းတွင် လေ့လာသိရှိခဲ့ကြပြီးဖြစ်သည်။

စည်တုတ္တရာမြို့စီရင်စုတွင်းရှိ မြန်မာလူမျိုးများ၊ ချင်းလူမျိုးများသည် မည်သည့်အချိန်ကစ၍ မည်သို့ရောက်ရှိလာခဲ့ကြသည်ကို စူးစမ်းလေ့လာရန်လိုပါသည်။

မြန်မာလူမျိုးတွင် ဗမာ၊ ယောလူမျိုးတို့ပါဝင်ပါသည်။ စည်တုတ္တရာမြို့နယ်ရှိ ချင်းလူမျိုးများတွင် အုပ္ပူးချင်း (သို့မဟုတ်) ချင်းပုံ၊ မုရင်းချင်း၊ မင်းကျချင်း၊ တောင်သူချင်းများဟူ၍ရှိကြောင်း တွေ့ရပေသည်။

### ဗမာ၊ ယောလူမျိုးများရောက်ရှိလာပုံ

စေတုတ္တရာမြို့နယ်တွင်းသို့ ဗမာ၊ ယောလူမျိုးများသည် မြေပြန့်ဒေသများဖြစ်သော ပုဂံ၊ ပုပ္ပား၊ လယ်ကိုင်း၊ ပွင့်ဖြူ စလင်း





စသောဒေသများမှ ကုန်သွယ်ရောင်းဝယ်ရေးကိစ္စကြောင့်ဖြစ်စေ၊ သစ်တောဝါးတောပေါများသည့်ဒေသသို့ သစ်ဝါးထုတ်ယူရန်ကိစ္စကြောင့်ဖြစ်စေ၊ အန္တရာယ်အမျိုးမျိုးမှ လွတ်ကင်း၍ အေးချမ်းစွာနေထိုင်လို၍ဖြစ်စေ ရောက်ရှိလာကြမည်ဟု ခန့်မှန်းရပါသည်။ မှန်းဆရခြင်းမှာ မှတ်တမ်းအထောက်အထားမတွေ့ရ၍ဖြစ်သည်။

ယောသားတို့တည်သည်ဟု မှတ်စာအရသိရသော ရွာတစ်ရွာရှိသည်။ ၎င်းရွာမှာ တန်းလည်ကျောင်းရွာဖြစ်ပါသည်။ ယနေ့တိုင်ဗမာရွာဟုသိထားကြပါသည်။

### တန်းလည်ကျောင်းရွာ

၁၁၁၂ ခုတွင် ယောသားဦးထွန်းအောင်[၁]နှင့်ဆွေမျိုးများ ရောက်လာပြီး မကြီးပင်လမ်း (လက်ပံကျောင်းရွာသို့သွားရာလမ်း) တမူတွင် ရွာစတည်သည်။ မကြီးကုန်းရွာဟုခေါ်သည်။ ရွာတည်ပြီး ၁၅ နှစ်အကြာတွင် မီးလောင်ခဲ့သည်။ ထိုစဉ်က နတ္တလင်းခေါ် အကြည်ကုန်းတွင် ကောဇာ ၁၀၅၃ ကစ ရွာတည်နေထိုင်သော အုပ္ပူးချင်းပုံများရှိသည်။ ၎င်းရွာ၏မြောက်ဘက် မြေနိမ့်လွင်ပြင်တွင် အုပ္ပူးချင်းတို့က တန်းလိုင်ခေါ်ကြံပင်ကို စိုက်ထားကြသည်။ အုပ္ပူးချင်းပုံတို့က ဦးထွန်းအောင်တို့အား ကြံတော၌ ရွာတည်ရန်ခွင့်ပြု၏။ ၁၁၂၇ ခုနှစ်တွင် ဦးထွန်းအောင်တို့ရွာလာတည်သည်။ တန်းလည်ကျောင်းရွာဟုခေါ်၏။ အုပ္ပူးချင်းပုံ အကြည်ရွာသားတို့က ကြံတောကို အစွဲပြု၍ တန်းလိုင်ဖွှန်ဟုခေါ်ကြသည်။

---

၁။ဦးတိုက်ကြီး (ကွယ်လွန်-တန်းလည်ကျောင်းရွာ) ၏မှတ်စာ။

## ချင်းလူမျိုးများဆင်းသက်ရောက်ရှိလာကြပုံ

မင်းဇေယျခေတ္တရာက စည်တုတ္တရာမြို့ကိုတည်စဉ်က ချင်းရွာဆယ်ရွာဟုဖော်ပြခဲ့သည်။ ကုန်းဘောင်ခေတ်ရောက်သောအခါ (အောင်းရွာပုရပိုက်တစ်ဆူတွင်ဖော်ပြချက်) အရ ချင်းယဉ် ၁၃ ရွာ၊ မြေလတ်နေချင်းရိုင်း ၁၅ ရွာ၊ အထက်တောင်ရိုးနေချင်း ရွာ ၁၄ ရွာဟူ၍ မှတ်တမ်းတင်ထားရာ ချင်းလူမျိုးများ မည်သည့်အချိန် မည်သည့်ဒေသမှဆင်းသက်လာကြကြောင်း လေ့လာစူးစမ်း၍ မှတ်တမ်းတင်ထားသင့်ပေသည်။

စေတုတ္တရာမြို့နယ်ရှိ ယနေ့ကာလ ချင်းလူမျိုးများပင်လျှင် အုပ္ပူး (သို့မဟုတ်) ချင်းပုံ၊ မယင်းချင်း၊ လုံးပေါချင်း၊ မင်းကျချင်း၊ တောင်သူချင်း ငါးမျိုးကွဲပြားလျက်ရှိကြပါသည်။

ယင်းချင်းလူမျိုးများသည် နေထိုင်ရောက်ရှိခဲ့ရာ ရေမြေတောတောင် သဘာဝ၏လွှမ်းမိုးမှုအရ နေထိုင်ဝတ်ဆင်စားသောက်ပုံ ထုံးဓလေ့များ၊ ပြောစကားများမှာ မတူကြစေကာမူ အများကြီးကွဲပြားမှုမရှိကြသည်ကို တွေ့နိုင်ပါသည်။

သမိုင်းပညာရှင်များဖြစ်ကြသည့် ဦးဘသန်း၊ ဗိုလ်မှူးဘရှင်၊ ဒေါ်သိန်း၊ ဂျီအီးဟာဘေး၊ ဒေါက်တာထင်အောင်၊ ဒေါက်တာသန်းထွန်းတို့ ကချင်လူမျိုးများသည် တိဗက်မြန်မာအနွယ်ဝင်များဖြစ်ကြကြောင်း ရေးသားခဲ့ကြပါသည်။ ယင်းသမိုင်းပညာရှင်များက ကချင်၊ ချင်း၊ နာဂ၊ ကဒူး၊ ကနန်း၊ တောင်သား၊ တောင်သူလူမျိုးများသည် သက်အုပ်စုမှဆင်းသက်လာကြကြောင်း မှတ်တမ်းတင်ခဲ့ကြပါသည်။



ဘီစီ ၆၀၀ ခန့်တွင် တိဗက်ပြည်မှဟူးကောင်းချိုင့်ဝှမ်းသို့ ရောက်ရှိလာကြသည်။ ထို့နောက် တကောင်းတွင် အခြေချခဲ့ကြသည်။ အချို့အုပ်စုများက ချင်းတွင်းမြစ်ကြောင်းအတိုင်း စုန်ဆင်းလာကြသည်။ ဧရာဝတီမြစ်သို့ ရောက်ရှိဖြတ်ကျော်ပြီး ပုဂံနေပြည်တော်ကို မတည်ထောင်မီ ဘီစီ ၁၀၀ ခန့်မှစ၍ ပုဂံမြို့အနီးဝန်းကျင်တွင် နေထိုင်ခဲ့ကြသည်။

အေဒီ ၈၄၂ ခန့်တွင် ပုဂံဒေသနေ ချင်းမျိုးနွယ်စုများသည် သရက်၊ အောင်လံ၊ မင်းဘူး၊ ငဖဲ၊ မင်းတုန်း၊ တောင်တွင်းကြီးဒေသများသို့ တရွေ့ရွေ့ရွှေ့ပြောင်းခဲ့ကြသည်။ ထို့နောက် မြစ်အနောက်ဘက် စလင်းချောင်း၊ မုန်းချောင်းအတိုင်း ဆန်တက်လာကြသော ချင်းမျိုးနွယ်စုများသည် အနောက်ရိုးမ၏ အရှေ့ဘက်ခြမ်းသို့ ရောက်ရှိခဲ့ကြပေလိမ့်မည်။

ဟူးကောင်းချိုင့်ဝှမ်းနေ ချင်းမျိုးနွယ်စုတို့သည်လည်း ယခုကလေးမြို့လွင်ပြင်ဒေသတွင် အခြေချပြီးနောက် မြောက်ဘက်ချင်းတောင်တန်းသို့လည်းကောင်း၊ အနောက်ရိုးမ၊ ရခိုင်ရိုးမတို့သို့လည်းကောင်း ပြောင်းရွှေ့ခဲ့ကြသည်။ အနောက်ရိုးမ၏တောင်ထွတ်ဖြစ်သည့် နတ်မတောင်(ဝါ)ခေါန်နွူးသုန်(ဝါ)ဝိတိုရိယ၏ ဝဲယာစိမ့်စမ်းရှိသောဒေသများတွင် အခြေချနေထိုင်ခဲ့ကြသည်။ ထို့နောက် နတ်မတောင်မှ တောင်ဘက်တည့်တည့်တွင် စံပေါ်ရိုးတောင်တန်းရှိသည်။ စံပေါ်ရိုး၏အနောက်ဘက်၌ မဟူရာတောင်၊ အရှေ့ဘက်၌ ဗို့တောင်တန်းရှိသည်။ တောင်ခြေတွင် ကြိမ်ချောင်းရှိသည်။ ကြိမ်ချောင်းရေကို အမှီပြုလျက် ဗို့တောင်စွယ်တွင်

အုပ္ပူး(ဝါ)ချင်းပုံတို့က (ယခုအခေါ်-ကန်ပက်လက်မြို့နယ်အတွင်း) ကျုပ်ရေး၊ မိုင်းရေး၊ ကွမ်းစိုးရွာတို့ကို တည်ထောင်ခဲ့ကြသည်။ ၎င်းရွာများမှ ချင်းလူမျိုးတစ်စုက ရခိုင်ရိုးမမင်းပြားမြို့နယ် ရှင်ချောင်းဘက်သို့ ရွှေ့ပြောင်းသွားသည်။ အချို့က ရခိုင်ရိုးမ အရှေ့ဘက်ဆင်ခြေလျှောဒေသ ရင်ကွဲတောင်၊ ရင်တောင်၊ တောင်ဘက်မင်းတောင်အထိ ရွှေ့ပြောင်းခဲ့ကြသည်။

ကန်ပက်လက်မြို့နယ်တွင် ကြိမ်ချောင်းက အနောက်မှ အရှေ့သို့ စီးဆင်းပြီး အေးချောင်းထဲသို့စီးဝင်သည်။ အေးချောင်းက တောင်မှမြောက်သို့စီးဆင်းပြီး မုန်းချောင်းထဲစီးဝင်သည်။ အေးချောင်းနှင့်မုန်းချောင်းဆုံသောအရပ်တွင် အေးချောင်းရွာ(ဝါ)အောက်ကန့်ရွာကို တည်ထောင်ကြသည်။ ဤသို့ ရခိုင်ရိုးမ၏အရှေ့ဘက်ဆင်ခြေလျှော တောင်စွယ်တောင်တန်းများအကြား ရေဝေရေလဲချောင်းများသည် မုန်းချောင်းထဲသို့ စီးဝင်ကြ၏။ ထိုချောင်းများတွင် ပဒဲ့စမ်းရေစီးဆင်းသည့် တောက်ချောင်း၊ ဗွတ်ချောင်းစီးဝင်သည့် ဒွေးချောင်း၊ အောင်းချောင်း၊ ပါးချောင်းစီးဝင်သည့် ဆီမီးချောင်း၊ ကြီးချောင်းတို့သည် မုန်းချောင်းထဲသို့ စီးဝင်ကြသည်။ ထိုချောင်းငယ်များကိုအမှီပြုကာ တရွေ့ရွေ့ ရွှေ့ဆင်းသက်လာကြသော ချင်းလူမျိုးစုများသည် စေတုတ္တရာမြို့နယ်တွင်းသို့ ရောက်ရှိလာကြသည်။ ဤသို့ဖြင့် စေတုတ္တရာမြို့နယ်တွင် အုပ္ပူး(ဝါ)ချင်းပုံ၊ မရင်းချင်း၊ လုံးပေါ်ချင်း၊ မင်းကျချင်းဟူ၍ ရှိလာပါသည်။ ၎င်းချင်းလူမျိုးစုများ ဆင်းသက်လာပုံ၊ ရွာတည်ကြပုံ၊ အသင်းများသတ်မှတ်ကြပုံတို့ကို အောက်ပါအတိုင်း တွေ့ရှိနိုင်ပါသည်။



## အုပ္ပူးချင်း(ဝါ)ချင်းပုံ ချင်းမျိုးနွယ်စုများ ဆင်းသက်ရွာတည်ကြပုံ၊ အသင်းများပေါ်ပေါက်လာပုံ

### အုပ္ပူး(ဝါ)ချင်းပုံအဓိပ္ပာယ်

မိသားတစ်စုတွင် အမေ၏အစ်ကို(ဝါ)မောင်ကြီး၊ မောင်ငယ်များကို အမေ့သားများက ဦးကြီး၊ ဦးလေး၊ ကောင်းကြီး၊ ကောင်းလေး ဟုခေါ်ဆိုရသည်။ ၎င်းသားများက ဦးကြီး၊ ဦးလေး၊ ကောင်းကြီး၊ ကောင်းလေးတို့၏သမီးများကို လက်ထပ်ယူရသင့်သလို ယင်းဦးကြီး ဦးလေး၊ ကောင်းကြီးကောင်းလေးတို့၏ ဆိုဆုံးမမှုများကိုလည်း နာခံကြရသည်။ ဤတွင် သမီးပေးရသူတို့ကို “အပူးမျိုး” (ဝါ) ယောက္ခမမျိုးဟုခေါ်၍ သမီးယူရသူအမေ၊ အဖေနှင့်သားတို့ကို “အကွေး” မျိုး (ဝါ) သမက်မျိုးဟုခေါ်ဝေါ်သတ်မှတ်ကြသည်။ ဤသို့ “အပူး (ဝါ) ယောက္ခမ” တို့၏ ဆိုဆုံးမမှုကို နာခံရသည့်ထုံးဓလေ့ကို လိုက်နာကျင့်သုံးသောလူမျိုးစုဖြစ်သောကြောင့် “အုပ္ပူးချင်း” ဟုခေါ်ဝေါ်သတ်မှတ်ကြပါသည်။

ချင်းပုံမှာ ဗမာများကပေးသော လူမျိုးစုအမည်ဖြစ်သည်။ ဗမာပုံသဏ္ဌာန်နှင့်တူသော ချင်းလူမျိုးစုရှိ၏။ သို့သော် ပြောဆိုလုပ်ကိုင်ဝတ်ဆင်ပုံအားလုံး ဗမာနှင့်တူသယောင်ယောင်ရှိသော်လည်း လုံးလုံးတူညီသည်ဟူ၍ကားမဆိုနိုင်။ ချင်းနှင့်တူသလိုရှိသောကြောင့် ထိုချင်းမျိုးစုကို “ချင်းပုံ” ဟု လူမျိုးအမည်ပေးကြခြင်းဖြစ်သည်။

## အုပ္ပုူး(ဝါ)ချင်းပုံ ဆင်းသက်လာပုံ နှုတ်ရာဇဝင်

ဗုဒ္ဓမြတ်စွာဘုရားလက်ထက် ဝိဋ္ဋူပမင်း၏တိုက်ခိုက်မှုကြောင့် ထွက်ပြေးလာရသော သာကီနွယ်များဖြစ်သည်ဟု အုပ္ပုူး(ဝါ)ချင်းပုံတို့က စွဲမြဲစွာယုံကြည်သူများဖြစ်၏။ ထွက်ပြေးလွတ်မြောက်လာသူတို့အနက် ညီအစ်ကိုသုံးဦးက ချင်းလူမျိုးစုများကို ထွန်းကားစေခဲ့သည်ဆို၏။ **အစ်ကိုကြီးငလျော်** က မင်းတုန်းအရပ်သို့ရောက်သွားပြီး အရှိုချင်းမျိုးနွယ်စုများဖြစ်လာ၏။ **အလတ်ငဆွ** က စေတုတ္တရာအရပ်သို့ ရောက်လာကာ စေတုတ္တရာချင်းလူမျိုးများဖြစ်လာသည်။ **အငယ်ဆုံးငအေယ်** မှာ ချင်းတောင်ပေါ်ကျန်ရစ်ခဲ့ပြီး တောင်ပေါ်ချင်းလူမျိုးများကို ဖြစ်လာစေခဲ့သည်ဟု ယူဆကြ၏။ ထို့ပြင် အုပ္ပုူးချင်းပုံသူရဲကောင်းကြီးဘိုးရုန်း၏အဆက်အနွယ်များဖြစ်ကြသည်ဟု အယူရှိကြသည်။[၁]

## ဒေါက်တာကျော်ဝင်း နှစ်လေးဆယ်သမိုင်းရှာပုံတော်[၂] တွင် ဖော်ပြချက်

စေတုတ္တရာနယ်ရှိ အုပ္ပုူးချင်းပုံမျိုးနွယ်စုတို့သည် တစ်နေရာတည်းမှ ဆင်းသက်လာကြသူများဖြစ်ဟန်မတူပေ။ ကန်ပက်လက်မြို့နယ်၊ ရခိုင်ရိုးမတောင်တန်းများမှ ဆင်းသက်လာကြရာတွင် လမ်းကြောင်းအမျိုးမျိုးရှိနိုင်သည်။

---

**၁။ ရိုးဆန်း-ချင်းလူမျိုးများဆင်းသက်ဝင်ရောက်လာသည့်လမ်းကြောင်း၊ ရွှက်စိမ်းစာပေ၊ ရန်ကုန်၊ ၂၀၁၄၊ စာ (၃၈၀)**

**၂။ ဒေါက်တာကျော်ဝင်း-နှစ်လေးဆယ်သမိုင်းရှာပုံတော်၊ ရန်ကုန်၊ အားမာန်သစ်စာပေ၊ ၂၀၀၆။ (စာ-၁၁၂-၁၁၃)**



(၁) မင်းဒင်ကျင်း၊ ခွတ်ချောင်း၊ ပန်းအိညာ၊ ကျောက်တန်း၊ သူကောင်းကျင်း၊ လေ့ကျင်း၊ အကြည်၊ ဒွေးကုန်းကျေးရွာသားများသည် မုန်းအနောက်ဘက်ရှိ **ရင်ကွဲတောင်**မှ ဆင်းသက်လာခဲ့ကြသည်။

(၂) အပေါကျေးရွာနေသူတို့သည် အနောက်ဘက် **ကြက်မောက်တောင်**မှတစ်ဆင့် ဆင်းသက်လာကြသည်။

(၃) နတ်ကြီး၊ ဗိုလ်ကုန်းကျေးရွာနေသူတို့သည် **ရင်တောင်**မှ ဆင်းသက်လာကြသည်။

(၄) အခြားကျေးရွာနေသူတို့မှာ ကန်ပက်လက်မြို့နယ်၊ ကျင်ဒွေးရွာ၊ လဲပုံရွာ၊ မုန်းဒိုင်နယ်များမှဆင်းသက်ပြန့်ပွားလာကြသည်ဟူ၍ ဆိုထားပါသည်။

## အုပ္ပုူးချင်းပုံတို့အသင်းအမည်မှည့်လျက် ကျေးရွာများ တည်ထောင်ကြပုံ

အုပ္ပုူးချင်းပုံချင်းမျိုးနွယ်စုနှင့် တောဆင်ရိုင်းအောင်နိုင်ပုံအကြောင်းအရာသည် ခွဲခြားမရသော ဇာတ်လမ်းဖြစ်သည်။ ယင်းလူမျိုးစု၌ အစဉ်စွဲနေသော အကြောင်းအရာဖြစ်သည်။ (ကျန်သောချင်းလူမျိုးစုတို့တွင် တောဆင်ရိုင်းအောင်နိုင်ပုံအကြောင်း မပါရှိပါ။)

နတ်မတောင်မှခွဲထွက်လာကြသော အုပ္ပုူးချင်းပုံတို့သည် စံပေါ်ရိုးပေါ်ရောက်ရှိကာ ကျေးရွာများတည်ထောင်ကြပြီးနောက် အုပ္ပုူးချင်းပုံသူရဲကောင်းဘိုးရုန်း၏ စိတ်ဓာတ်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ကြရာတွင် တောဆင်ရိုင်းတစ်ကောင်ကို ဖမ်းဆီးနိုင်ခဲ့ကြသည်။ တောဆင်ရိုင်းသား ဝေငှစားသောက်ကြရာ

တွင် ဖသားညီနောင်များ အတော်ပင်တိုးပွားများပြားလာချိန်ဖြစ်၍ အသင်းများအမည်ပေးကြသည်။ ဤတွင် "တူ" သင်းကိုးသင်း၊ "သောက်"သင်းဆယ်သင်း ဟူ၍ ပေါ်ပေါက်လာသည်။ ယင်း အသင်းများသည် မြေပြန့်ရောက်ရှိလာကြပြီး အသင်းအလိုက် အောက်ပါကျေးရွာများကို တည်ထောင်ခဲ့ကြပါသည်။

တူကိုးတူအသင်းအမည်များနှင့် တည်ထောင်သည့် ကျေးရွာများ

| စဉ် | အသင်း အမည် | ချင်းသံဖြင့် ရွာအမည် | ဗမာသံဖြင့် ရွာအမည် | မြို့နယ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ယမ်းတူ | ရမ်းနန်း | ရမ်းရွာ | ဆော | |
| ၂ | ချိန်းတူ | ချိန်းတူနန်း | ဖျင်ကြီး | စေတုတ္တရာ | |
| ၃ | ထေးတူ | ထေးတူနန်း | မြောင်းဦး | ။ | |
| | | | ကျောက်မွဲ | ။ | |
| ၄ | ငွတ်တူ | ငွတ်တူနန်း | နတ်ကြီး | ။ | ကောင်စီခေတ်ရွာ အမည်ပြောင်း |
| ၅ | မဟူတူ | လဲပုံ | လဲပုံ | ကန်ပက်လက် | |
| | | ယမ်း | ယမ်း | ဆော | |
| ၆ | ကျိန်တူ | ဆွဲလွဲကျင်း | ဆွဲလွဲကျင်း | ။ | |
| | | လျှော်ကား | လျှော်ကား | ။ | |
| | | ခင်ဗျင် | ခင်ဗျင် | ။ | |



| စဉ် | အသင်း အမည် | ချင်းသံဖြင့် ရွာအမည် | ဗမာသံဖြင့် ရွာအမည် | မြို့နယ် | မှတ်ချက် |
|---|---|---|---|---|---|
| ၇ | ခတူ | လေယ်ခုံ | လေယ်ခုံ | ။ | |
| | | ပေါက်ပံဆိုင်း | ပေါက်ပံဆိုင်း | ။ | |
| | | ကျောက်အုပ် | ကျောက်အုပ် | စေတုတ္တရာ | |
| | | ကံဇင်း | ကံဇင်း | ။ | |
| ၈ | ခိုင်တူ | ရဲပုံ | ရဲပုံ | မင်းပြား (ရခိုင်) | |
| | | ရှင်ချောင်း | ရှင်ချောင်း | ။ | |
| | | ခိုင်စီ | ခိုင်စီ | မင်းပြား (ရခိုင်) | |
| | | ကျော် | ကျော် | ။ | |
| | | မာရေး | မာရေး | ။ | |
| | | ကွမ်းစိုး | ကွမ်းစိုး | ။ | |
| | | ရဲချောင်း | ရဲချောင်း | ကန်ပက်လက် (ချင်း) | |
| | | မအွေးကုန်းနန်း | မင်းဂွင်ကျင်း | စေတုတ္တရာ | |
| ၉ | မလန် တူသင်း | ရမ်း | ရမ်း | ဆော | |
| | | ပင်းချောင်း | ပင်းချောင်း | စေတုတ္တရာ | |
| | | ပွမ်အိနန်း | ပန်းအိညာ | ။ | |
| | | ပေါက်ကျင်း | ပေါက်ကျင်း | ။ | |

သောက် (၁၀) သောက်အသင်းအမည်များနှင့်တည်ထောင်သောကျေးရွာများ

| စဉ် | အသင်းအမည် | ချင်းသံဖြင့်ရွာအမည် | ဗမာသံဖြင့်ရွာအမည် | မြို့နယ် |
|---|---|---|---|---|
| ၁ | မွှမ်းသောက်သင်း | ပါးချောင်းရွာ | ပါးချောင်းရွာ | ဆောမြို့နယ် (မကွေး) |
| | | လယ်ဦးရွာ | လယ်ဦးရွာ | ။ ။ |
| | | ခွေးမဲကန်ရွာ | ခွေးမဲကန်ရွာ | ။ ။ |
| ၂ | ပွမ်းသောက်သင်း | ပွမ်းသောက်နန်း | ပွင့်တောက်ရွာ | စေတုတ္တရာမြို့နယ် |
| ၃ | ဗွန်ထေးသောက် | လဲပုံ | လဲပုံရွာ | ကန်ပက်လက်မြို့နယ် |
| | | ရဲချောင်း | ရဲချောင်း | ။ ။ |
| | | လှုံဦးကုန်းနန်း | အကြည်ရွာ | စေတုတ္တရာမြို့နယ် |
| | | ပိုစေ့နန်း | အပေါ်ရွာ | ။ ။ |
| | | ကမ်းစုမ်းနန်း | စင်းချောင်းရွာ | ။ ။ |
| ၄ | အိမ်းချိမ်းသောက် | ပါးလုံးနန်း | ပါးချောင်းရွာ | ဆောမြို့နယ် |
| | | ငပ့ဲကျင်းရွာ | ငပ့ဲကျင်းရွာ | ။ |
| ၅ | ရုန်းထိန်းသောက် | ရမ်းရွာ | ရမ်းရွာ | ။ |
| | | ကမ်းစုမ်းနန်း | စင်းချောင်းရွာ | စေတုတ္တရာမြို့နယ် |



| | | | | |
|---|---|---|---|---|
| ၆ | ကွမ်းသောက် | ခွေးမဲကန်ရွာ | ခွေးမဲကန်ရွာ | ဆောမြို့နယ် |
| | | ကံဆီမီးရွာ | ကံဆီမီးရွာ | ။ |
| ၇ | ရွှန်းဖသောက် | လေးအိမ်စုရွာ | လေးအိမ်စုရွာ | ။ |
| | | ငပ့ဲကျင်းရွာ | ငပ့ဲကျင်းရွာ | ။ |
| ၈ | အွဲ့မ်သောက် | ကြာသွီးနန်း | ကျင်ဒွေးရွာ | ကန်ပက်လက်ရွာ |
| | | ငအော့ကျင်းရွာ | ငအော့ကျင်းရွာ | ။ |
| | | ဆူးပုတ်ကျင်းရွာ | ဆူးပုတ်ကျင်းရွာ | ။ |
| ၉ | စအွဲသောက်သင်း | ခေါက်ပုံကျင်းရွာ | ခေါက်ပုံကျင်းရွာ | ကန်ပက်လက်မြို့နယ် |
| | | စပ်စံကျင်းရွာ | စပ်စံကျင်းရွာ | ။ |
| | | ဇီးပင်ကျင်းရွာ | ဇီးပင်ကျင်းရွာ | ။ |
| | | လဲပုံရွာ | လဲပုံရွာ | |
| | | ပန်းခုန်းနန်း | ပန်းတောင်ရွာ | စေတုတ္တရာမြို့နယ် |
| ၁၀ | ထန်းဖူးသောက် | လျှော်ကားရွာ | လျှော်ကားရွာ | ဆောမြို့နယ် |
| | | ခင်ဗျင်ရွာ | ခင်ဗျင်ရွာ | ။ |

ထို့ပြင် မင်းတပ်မြို့အနီး ချီချောင်းဖျားမှတစ်ဆင့် မင်းတပ်မြို့နယ်ကြား လေလှိုင်းဒေသသို့ဖြတ်ကျော်ကာ နတ်မတောင်၏ အနောက်ဘက်တောင်ခြေရှိ မှူး၊ ဖာဒိုခေါ်သော ပင်လောင်းဒေသတွင် အခြေချနေထိုင်ခဲ့ကြသည်။ ထိုမှ တောင်ဘက်သို့ရွှေ့ပြောင်းလာကြကာ "အာရှုံး" တောင်မှတစ်ဆင့် ကန်ပက်လက်မြို့နယ် တောင်ပိုင်း ကျင်ဒွေးဒေသသို့ရောက်ရှိကာ အခြေချနေထိုင်ကြသည်။ ၎င်းတို့သည် မုန်းချောင်းဒေသနေ မူလအုပ္ပူးချင်းပုံမျိုးနွယ်စုတို့နှင့် သွေးနှောကာ အုပ္ပူးချင်းပုံလူမျိုးစုအဖြစ် ခံယူနေထိုင်ကြသည်။

## အသင်းကိုးသင်း ထပ်မံပေါ်ပေါက်လာခြင်း

"အာရှုံး" တောင်မှဆင်းသက်လာသူများသည် "ရှိုးလုံးပစုံးကူး" (ချောင်း ကိုး-ချောင်း)၊ "ပိုးစိုးပစုံကူး" (ဖသားညီနောင်-ကိုး-ဦး) ဟူ၍ အသင်းကိုးသင်း ထပ်မံပေါက်ဖွားလာပြန်သည်။ ဆိုလိုသည်မှာ ချောင်း-ကိုး-ချောင်းနေ ဖသားညီနောင်အသင်း ကိုးသင်း ပေါ်ပေါက်လာသည်ဟုဆိုလိုသည်။ ယင်းလူမျိုးစုအသင်း ကိုးသင်းမှာ ကြာသွီးသင်း၊ ရှိုင်သွီးသင်း၊ ယောင်သွီးသင်း၊ ဟက်သွီးသင်း၊ ရှိပ်သွီးသင်း၊ ရှမ်းစိုးသင်း၊ ပူစိုးသင်း၊ ထောစိုးသင်း၊ ဟိုင်ဒိုသင်းတို့[၁] ဖြစ်ကြသည်။

* * *

**၁။ ဦးလှမောင်-(မူအုပ်ငြိမ်း-ကန်ပက်လက်မြို့)၏ ပြောပြချက်။**



## စေတုတ္တရာမြို့နယ် အုပ္ပူးချင်းပုံအသင်းများနှင့်တည်ထောင်သော ကျေးရွာများ

စံပေါ်ရိုးတောင်အရှေ့ဘက်ရှိ ဗွိတောင်ကြော၌ ကြိမ်ချောင်းကို အခြေခံ၍ အုပ္ပူးချင်းပုံတို့က "ကျုပ်ရေး၊ မိုင်းရေး၊ ကွမ်းစိုး" ဟူသော ရွာသုံးရွာကို တည်ထောင်ခဲ့ကြောင်း အထက်တွင်ဖော်ပြခဲ့ပြီး ဖြစ်သည်။

## ကန်ပက်လက်မြို့နယ်အေးချောင်း (အောက်ကန့်) ရွာ

ကြိမ်ချောင်းက အနောက်မှအရှေ့သို့ စီးဆင်း၍ အေးချောင်း ထဲစီးဝင်၏။ အေးချောင်းက တောင်မှမြောက်သို့ ဆင်းသက်လျက် မုန်းချောင်းထဲစီးဝင်၏။ အေးချောင်းနှင့်မုန်းချောင်းဆုံရာဒေသတွင် အေးချောင်း(ခေါ်)အောက်ကန့်ရွာကို အုပ္ပူးချင်းပုံတို့က တည်ထောင်ခဲ့ကြသည်။

## နန်းလန်ကုန်းရွာ

မိုင်းရေးမှခွဲထွက်လာသော ငဦး(အူး)နှင့် အုပ္ပူးချင်းပုံမျိုးနွယ်စု တို့သည် နန်းလန်ကုန်းရောက်သောအခါ နန်းလန်သင်းတို့က ဦးဆောင်၍ အခြားအသင်းများ ပါဝင်လျက် နန်းလန်ရွာကို တည်ထောင်ကြသည်။

## အာမိုတ်ရွာ

နန်းလန်ရွာတည်ပြီးမကြာမီပင် အချို့အသင်းများ ခွဲထွက်လာကြပြန်သည်။ ဒွေးချောင်းဘေးသို့ ရောက်ရှိလာကြပြီး အာမိုတ်ရွာကို တည်ထောင်ကြ၏။

**အာယောရွာ**

နန်းလန်ကုန်းနေသူတို့ထဲမှ မောင်ကိုသင်းတို့သည်လည်း ခွဲထွက်လာကြပြန်သည်။ စံပေါ်ရိုးတွင်နေစဉ် တောဆင်ရိုင်းရစဉ်က ဆင်ကြီး၏ခေါင်းပိုင်းကို ထမ်းရသူများဖြစ်၏။ ဆင်ခေါင်းမှာ အလွန်လေးလံလှသောကြောင့် ကူကြ၊ ငြီးကြ၏။ ထိုသို့ ကူကြ၊ ငြီးကြသောသူများဖြစ်၍ မောင်ကူ(ဝါ)မောင်၊ ငြီး(ဝါ)မောင်ကိုသင်းဟုခေါ်ကြ၏။ ၎င်းတို့သည် နန်းလန်ကုန်းရွာမှ ခွဲထွက်လာကြကာ မိုင်ခန်ကုန်းတွင် ရွာတည်ခဲ့ကြရာ ရေနှင့်လုပ်စားရန် ခက်ခဲသောကြောင့် ဒွေးချောင်းဘေးသို့ရွှေ့လာကြ၏။ ငွတ်တူနန်း (နတ်ကြီးရွာ)၏မြောက်ဘက်ရှိ ဒွေးချောင်း၏မြောက်ဘက်ကမ်းတွင် အာယောရွာကို တည်ထောင်ခဲ့ကြ၏။

**ငွတ်တူနန်း(ဝါ)နတ်ကြီးရွာ**

ဒွေးချောင်းထဲစီးဝင်သော ငွတ်ချောင်းဘေးရင်တောင်၌ ရွာတည်နေကြသူတို့သည် မြေပြန့်သို့ဆင်းလာကြရာမှ ဒွေးချောင်းဘေးကုန်းမြင့်တစ်ခုတွင် ရွာတည်ကြ၏။ ငွတ်တူနန်းဟုခေါ်ခဲ့ကြ၏။ ၁၉၇၃ ခုနောက်ပိုင်းတွင် နတ်ကြီးရွာဟုခေါ်ဆိုခဲ့ကြလေသည်။

**ပိုက်စုတ်ရွာ(ဝါ)ဘိုကုန်းရွာ**

ငွတ်ချောင်းဘေးတွင် တည်ရှိခဲ့သော ရွာများထဲမှ အသင်းသားအချို့သည် မြေပြန့်သို့ပြောင်းရွှေ့လာပြီး ပိုက်ချောင်းအဆုံးတွင် ရွာတည်ကြသောကြောင့် ပိုက်စုတ်ရွာဟုခေါ်ခဲ့၏။ ၁၉၇၃ ခုတွင် ဘိုကုန်းရွာဟုခေါ်ဝေါ်ခဲ့ကြလေသည်။



**ရှောက်သင်းတည်ထောင်သောခွက်ချောင်းရွာ**

စံပေါ်ရိုးတွင် တောဆင်ရိုင်းအောင်နိုင်ပြီး ၎င်းဆင်ကြီးအသက်ရှို၊ မရှိစမ်းသောအသင်းကို ရှောက်သင်းဟုခေါ်၏။ အုပ္ပျူးချင်းပုံစကားအရ “အသက်” ကို “ရှောက်” ဟုခေါ်၏။ ခွက်ချောင်းရွာတည်ခဲ့ကြသော်လည်း ယခုအခါ ရွာမရှိတော့ပါ။

**ဖွောန်ငွေးသင်း**

စံပေါ်ရိုးတွင် တောဆင်ရိုင်းအောင်နိုင်ပြီးနောက် အသားများ ဝေပုံကျယူကြရာတွင် ဆင်လက်မောင်းရသောအသင်းကို ဖွောန်ငွေးသင်းဟုခေါ်ကြ၏။ လွှေ့နန်းခေါ် လေ့ျကျင်းရွာကို စတင်တည်ထောင်သူများဖြစ်၏။ ယခုအခါ ရွာသားအားလုံး လက်ပံကျင်းရွာသို့ ပြောင်းရွှေ့ကြရပြီးဖြစ်၍ လေ့ျကျင်းရွာ မရှိတော့ပါ။

**စော့(ပ်) စိုးသင်းနှင့်လှုံဦးကုန်း (အကြည်ရွာ)**

စံပေါ်ရိုးတွင် တောဆင်ရိုင်းကိုအောင်နိုင်ပြီးနောက် အသားစင်းခုတ်ရသောအသင်းကို စော့(ပ်)စိုးသင်းဟုခေါ်၏။ ဥဦး(အူး) စတည်သော အကြည်ရွာတွင် ပေါင်းစုနေထိုင်ခဲ့ကြသည်။

**ချိန်းတူသင်း၊ ချိန်းတူရွာ**

တောဆင်ရိုင်း၏အသားများ စင်းခုတ်ပြီးနောက် အညီအမျှ ချိန်တွယ်ကာ ဝေငှပေးသောအသင်းကို ချိန်းတူသင်းဟုခေါ်၏။ ချိန်းတူရွာကို တည်ခဲ့ကြ၏။ ၁၉၇၃ ခုနောက်ပိုင်းတွင် ဖျင်ကြီးရွာဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။

## စအွဲသင်း-လုံးဇွန်ရွာ

ဆင်သားကို နန္တင်းထည့်၍ချက်စားသော အသင်းကို စအွဲသင်းဟုခေါ်သည်။ အဝါရောင်နန္တင်းကို အအွဲဟုခေါ်သည်ကို အစွဲပြုခြင်းဖြစ်၍ လုံးဇွန်ရွာတည်ထောင်နေထိုင်လျက်ရှိကြ၏။

တုတ်စုမ်နန်း(တောက်စုတ်ရွာ) နှစ်ရွာ

မုန်းချောင်းထဲစီးဝင်သော တောက်ချောင်း(တုတ်လုံး) ဖျားတွင် ပဒဲဟူသော စမ်းတွင်းရှိ၏။ ၎င်း၌ ရွာတည်သောအခါ ပဒဲစေ့နန်း(ရွာ)ဟု ခေါ်ခဲ့ကြ၏။ လုံခြုံရေး၊ စီးပွားရေးအခြေအနေအရ တောက်ချောင်း(တုတ်လုံး) အဆုံးမုန်းဘေးကုန်းကမူသို့ ပြောင်းရွှေ့ရွာတည်ကြ၏။ ငလှဲကျင်းရွာလည်း ပြောင်းလာရ၏၊ ၎င်းရွာကို အုပ္ပျူးချင်းပုံစကားအရ တုတ်စုမ်းနန်း ဗမာသံဖြင့် တောက်စုတ်ရွာဟုခေါ်၏။ ကောင်စီခေတ်တွင် လက်ပံကျင်းရွာဟု ပြောင်းလဲခေါ်ဆိုခဲ့ကြသည်။ ယင်းလက်ပံကျင်းရွာတောင်ဘက် မြေနိမ့်ပိုင်းတွင်ပင် အင်္ဂလိပ်ကိုလိုနီခေတ်၌ သစ်ထုတ်လုပ်သားတို့(ဗမာလူမျိုးတို့) က ရွာငယ်တစ်ရွာတည်ကြရာ တောက်စုတ်ရွာဟူ၍ပင် ခေါ်ဆိုခဲ့ကြသည်မှာ ယခုတိုင်ဖြစ်သည်။

## ငဦး၏လှံ့ဦးရွာ(ဝါ)အကြည်ရွာ

မိုင်းရေးရွာမှခွဲထွက်လာသူတို့ နန်လန်သင်းတို့က နန်းလန်ကုန်းတွင် ရွာတည်လျက် ကာလကြာမြင့်စွာပင် နေထိုင်ခဲ့ကြ၏။ ငဦးက ထိုရွာမှာ ကြာကြာမနေခဲ့။ ခလောက်တောင်ပေါ်မှာ ရွာလာတည်၏။ ထို့နောက် မုန်းချောင်းက ရစ်ခွေစီးသော



နတ်တလင်းကုန်းသို့ ပြောင်းရွှေ့ကာ အစဉ်အမြဲရွာတည်နေထိုင်ခဲ့လေသည်။ နန်းလန်ကုန်းမှ နန်းလန်သင်းများ၊ စော့ပ်စိုးသင်းဖသားညီနောင်များ ရောက်လာကြသည်။ ကုန်းအမြင့်ကို လှံ့ဟုခေါ်၍ ငဦးက စတည်သောကြောင့် လှံ့ဦးနန်းဟုခေါ်ခဲ့သည်။ ကောဇာနှစ် ၁၀၅၃ ခုနှစ်တွင်တည်ခဲ့သည်။ သားသုံးယောက်၊ ရွှေပိုင်း၊ အုန်းဒွန်း၊ ရှောင်းကြည်ဟုရှိရာမှ သားတစ်ဦး၊ အသင်းတစ်သင်း ဖြစ်ပေါ်ခဲ့သည်။ နောက်ပိုင်းတွင် အကြည်ရွာဟုခေါ်တွင်လာကြသည်။

အကြည်ရွာတည်သောကာလ လောင်းရှည်မြို့စား၏ လက်အောက်တွင်ရှိခဲ့သည်။ အောက်ပါရွာများကို **"ယောတောင်ချောင်ငါးရွာ"** ဟုခေါ်တွင်ခဲ့သည်။

(၁) မအွေးကုန်း (ယခုမင်းဒင်ကျင်းရွာ)
(၂) လုံးကြီးရွာ
(၃) တောက်စုတ်ရွာ (ယခုလက်ပံကျင်းရွာ)
(၄) လှံ့ဦးရွာ (ယခုအကြည်ရွာ)
(၅) ပွမ်အိရှိ (ဖ်) နန်း (ယခုပန်းအိည္သာရွာ)

တို့ဖြစ်ပါသည်။

ယင်းယောတောင်ချောင်ငါးရွာကို ဦးခွာလုံးကြီးသူကြီးက အုပ်ချုပ်ခဲ့သည်။ ထို့နောက် နန်းလန်ကုန်းရွာသားသူကြီးဦးရှောက်က အုပ်ချုပ်သည်။ ၎င်းနောက် ပွမ်အိရှိသူကြီးဖြစ်ခဲ့သည်။ ထို့နောက် နယ်ချဲ့ကိုလိုနီဘဝ ကျရောက်ခဲ့ရသည်။ မိမိရွာအလိုက် အုပ်ချုပ်ခဲ့သော အကြည်ရွာသူကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

**ဦးရှောက်**

သား - ဦးဖိုး

သား - ဦးဖိုးပြင်

သား - ဦးဖိုးခိုင်

သား - ဦးကံကြီး

သား - ဦးထွန်းသာ

သား - ဦးဖိုးဇံ

သား - ဦးဖိုးလူ

တို့ဖြစ်သည်။[၁]

## အုပွါး/ချင်းပုံလူဦးရေ

အုပွါးချင်းလူမျိုးတို့သည် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် တောင်ပိုင်းကျေးရွာအုပ်စုရှစ်အုပ်စု၌ နေထိုင်ကြရာ လူဦးရေ ခြောက်ထောင်ခန့်ရှိသည်။ မကွေးတိုင်း၊ ဆောမြို့နယ်တွင်လည်း အုပွါးချင်းလူဦးရေ တစ်သောင်းခန့်နေထိုင်ကြသည်။ စေတုတ္တရာ မြို့နယ်၌ နေထိုင်ကြသော အုပွါးချင်းလူဦးရေကား နှစ်သောင်းခန့် ရှိပြီး အောက်ပါကျေးရွာများ၌ နေထိုင်ကြသည်။

၁။ ဦးလှိုင်-(အကြည်ရွာ၊ ကွယ်လွန်ပြီး)၏မှတ်စာ။



| စဉ် | ချင်းသံဖြင့်ရွာအမည် | ဗမာသံဖြင့်ရွာအမည် | တည်ရှိရာနယ်မြေ |
|---|---|---|---|
| ၁ | ချိမ်းတူနန်း | ဖျင်ကြီးရွာ | မုန်းချောင်းနယ်မြေ |
| ၂ | အောင်ပွတ်ကျိန်းနန်း | အင်းပတ်ကျင်းရွာ | ။ |
| ၃ | ငဟိုနန်း | မဟောကောင်ရွာ | ။ |
| ၄ | စောင်အွဲနန်း | ဒိုင်းရွာ | ။ |
| ၅ | ကမ်းစုန်းနန်း | စင်းချောင်းရွာ | ။ |
| ၆ | ပိုးစေ့နန်း | အပေါ်ရွာ | ။ |
| ၇ | တော(လ်)စုမ်းနန်း | ငတော်စုတ်ရွာ | ။ |
| ၈ | မောင်ဒန်းနန်း | မင်းဒင်ကျင်းရွာ | ။ |
| ၉ | လုံမ်ကြီးနန်း | လုံးကြီးရွာ | ။ |
| ၁၀ | သူကုန်ကျိန်းနန်း | သူကောင်းကျင်းရွာ | ။ |
| ၁၁ | ဟ္ဂိုးတုတ်စုမ်းနန်း | လက်ပံကျင်းရွာ | ။ |
| ၁၂ | ဟ္ဂိုးပွမ်အိနန်း | ပန်းအိညာရွာ | ။ |
| ၁၃ | စမ်ဖုတ်နန်း | ပေါက်ကျင်းရွာ | ။ |
| ၁၄ | ပေါင်လုံးနန်း | ပင်းချောင်းရွာ | ။ |
| ၁၅ | လုံးတန်းနန်း | ကျောက်တန်းရွာ | ။ |
| ၁၆ | လုံးရှင်နန်း | လုံးဇွန်ရွာ | ။ |
| ၁၇ | လှုံဘူးနန်း | အကြည်ရွာ | ။ |
| ၁၈ | အာယုနန်း | အာယောရွာ | ။ |
| ၁၉ | ငွတ်တူနန်း | နတ်ကြီးရွာ | ။ |
| ၂၀ | ထပ်လိုင်းနန်း | အထက်လယ်ရွာ | မုန်းနယ်မြေ |
| ၂၁ | ရှသူကူမ်းနန်း | ဒွေးကုန်းရွာ | ။ |

| စဉ် | ချင်းသံဖြင့်ရွာအမည် | ဗမာသံဖြင့်ရွာအမည် | တည်ရှိရာနယ်မြေ |
|---|---|---|---|
| ၂၂ | လွန်းအုပ်နန်း | ကျောက်အုပ်ရွာ | ထီးချောင်းနယ်မြေ |
| ၂၃ | ကွမ်းရှောင်းနန်း | ကံဇင်းရွာ | ။ |
| ၂၄ | လုံလု(ပ်)ရုံးနန်း | ညောင်ပင်ကျင်းရွာ | ။ |
| ၂၅ | ကွမ်ဒိန်နန်း | ကံတိုင်ရွာ | ။ |
| ၂၆ | ရှင်ဖြေ့နန်း | သင်းပယ်ရွာ | ။ |
| ၂၇ | လုံးအော့(ပ်)နန်း | ကျောက်ကွဲရွာ | ။ |
| ၂၈ | တွေ့လောင်နန်း | တွယ်လင်ရွာ | ။ |
| ၂၉ | ပေါင်မော့နန်း | ပင်းလှရွာ | ။ |
| ၃၀ | ခုံညာနန်း | ခေါင်ညာရွာ | ။ |
| ၃၁ | လုံး(မ်)အုနန်း | မြောင်းဦးရွာ | စေတုတ္တရာနန်းကျင် |

## မရင်းချင်းနှင့်လုံးပေါ်ချင်းများ

မရင်းချင်းနှင့်လုံးပေါ်ချင်းတို့သည် ဝိတိုရိယတောင် (သို့မဟုတ်) ခေါ်န်နူးသုန် (သို့မဟုတ်) နတ်မတောင်မှတောင်ဘက်သို့ ထိုးထွက်လာသော စံပေါ်ရိုးတောင်ရိုးပေါ်မှ အဆင့်ဆင့် ဆင်းသက်လာသူများဖြစ်သည်။

စေတုတ္တရာမြို့ကို မင်းဇေယျခေတ္တရာက မြန်မာသက္ကရာဇ် ၄၆၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးနောက် ငါးနှစ်ခန့်အကြာမှ စေတုတ္တရာမြို့နယ်အတွင်း အခြေချနေထိုင်လာကြသူများဖြစ်သည်။ ၎င်းတို့သည် ထီးချောင်းဖျားနှင့် ထီးချောင်းအောက်ပိုင်းအရပ်များသို့ ရောက်ရှိသွားခဲ့ကြသည်။



ယခုရှိနေသော ပုပိုင်းကျေးရွာနှင့် ခွေးမလောင်ကျေးရွာကြားရှိ (၁၂) ရပ်ရေကူးနေရာကို နယ်ခြားသတ်မှတ်၍ ထိုနေရာ၏ အထက်ပိုင်း (မြောက်ပိုင်း) တွင် မရင်းချောင်းများ အခြေချနေထိုင်ကြသည်။

ထိုနယ်ခြားနေရာ၏အောက်ပိုင်း (တောင်ပိုင်း) ဒေသများတွင် လုံးပေါ်ချင်းများနေထိုင်ကြသည်။

နောက်ခံသမိုင်းအရ ၎င်းလူမျိုးနှစ်မျိုးသည် ညီအစ်ကိုနှစ်ဦးမှ ဆင်းသက်လာကြသူများဖြစ်သည်။

စံပေါ်ရိုးမှဆင်းသက်လာကြသူများတွင် ငချစ်ဆုံနှင့်ငတန်ယူဟူသော ညီအစ်ကိုနှစ်ဦးနှင့် ၎င်းတို့၏နောက်လိုက်နောက်ပါ ဆွေမျိုးသားချင်းများပါလာကြသည်။ ထီးချောင်းဒေသသို့ ရောက်လာကြသည်။

ငချစ်ဆုံ၏သားငလန်(ခေါ်)မောင်ရင်းနှင့် ငတန်ယူ၏သား ငပို(ခေါ်)မောင်လုံးတို့သည် အထက်တွင်ဖော်ပြခဲ့သော ပုပိုင်းရွာနှင့် ခွေးမလောင်ရွာကြား (၁၂) ရပ်ရေကူးနေရာကို နယ်ခြားသတ်မှတ်၍ အထက်ပိုင်း (မြောက်ပိုင်း) ၌ မောင်ရင်းနှင့်အသင်းများက ရွာတည်မည့်နေရာရွေးကြသည်။ အရှေ့အရပ်မှ ထီးချောင်းထဲသို့ ပေါင်းဆုံစီးဝင်သည့် အုန်းချောင်းနံဘေးမြေပြန့်လွင်ပြင်တွင် "အူး(မ်) နော်" ဟူသောရွာကိုတည်သည်။ ၎င်းရွာကို ယနေ့တိုင် "အုံးဝါး" ဟုခေါ်ဆိုလျက်ရှိသည်။ မောင်ရင်းနှင့်အဆက်အနွယ်များမှ ပေါက်ဖွားလာသော လူမျိုးတို့ကိုလည်း "မရင်းလူမျိုး-မရင်းချင်းများ" အဖြစ် ယနေ့တိုင် သက်ရှိထင်ရှားရှိနေကြလေသည်။ ထို့ကြောင့် "မရင်း အစအုံးဝါးက"ဟု ပြောစမှတ်ပြုနေကြလေသည်။

ညီမောင်ပိုကလည်း ထို(၁၂) ရပ်ရေကူးမှစ၍ ထီးချောင်း တောင်ပိုင်း(အောက်ပိုင်း) ထီးချောင်းနှင့် မုန်းချောင်းဆုံရာလွင်ပြင် ဒေသတွင် ငပို၏အခြားအမည်မောင်လုံးကို အစွဲပြု၍ လုံးပေါ်ရွာကို တည်ထောင်လေသည်။ မောင်လုံးကိုအစွဲပြု၍ ထိုရွာ၌ ပေါက်ဖွား သူများကို လုံးပေါ်ချင်းဟု မှတ်သားကြလေသည်။

ရိုးရာခေါင်ရေစားသောက်ပွဲတို့တွင် သီဆိုသည့် အိမ့်ပွဲ (အဂအေ့) ပွဲတို့၌ ၎င်းတို့သည် ကြက်ဖကြီး၏ခေါင်းမြီး (အမွေး) ကို ဦးခေါင်းတွင် ပန်(တပ်)ဆင်လျက် ခါးစည်းကိုဝတ်ဆင်ပြီး ခွေးကိုးကောင်၊ မြားကိုးစင်းကိုင်စွဲခေါ်ငင်ကာ စံပေါ်ရိုးတောင်မှ ဆင်းသက်လာကြကြောင်း၊ သစ်ကြီးဝါးကြီးများကို ခုတ်လှဲ၍ ညီငယ် နှင့်အတူ ရွာကြီးရွာငယ်များ တည်ထောင်ခဲ့ကြကြောင်း” နှင့် အနောက်ရိုးမထဲမှ ယင်းရွာ၊ စိုကပ်ရွာ၊ မိုရွာတို့မှ ဆင်းသက်လာ ကြသူများဖြစ်ကြောင်း အိမ့်လေ့၊ သီဆိုလေ့ရှိကြသည်။

မရင်းချင်းတို့တည်ထောင်နေထိုင်ရာကျေးရွာများ (၁၂) ရွာ

| စဉ် | မရင်းချင်းသံဖြင့် ခေါ်ဆိုသောအမည် | မြန်မာသံ ရွာအမည် | တည်ရှိရာ မြို့နယ် | တည်ရှိရာ နယ်မြေ |
|---|---|---|---|---|
| ၁ | ရှင်နန်း | ရှိန်ရွာ | စေတုတ္တရာ မြို့နယ် | ထီးချောင်း ဒေသ |
| ၂ | ပုံခုံနန်း | ပေါင်ချောင်ရွာ | ။ | ။ |
| ၃ | နန်ကူနန်း | နန်ကြူရွာ | ။ | ။ |
| ၄ | အွန်းသြနန်း | အုံးဝါးရွာ | ။ | ။ |
| ၅ | ကမ်စိစ်နန် | ကျန်စိမ့်ရွာ | ။ | ။ |
| ၆ | ပျဉ်းစူးမ်နန်း | တည်စုတ်ရွာ | ။ | ။ |



| စဉ် | မရင်းချင်းသံဖြင့် ခေါ်ဆိုသောအမည် | မြန်မာသံရွာ အမည် | တည်ရှိရာ မြို့နယ် | တည်ရှိရာ နယ်မြေ |
|---|---|---|---|---|
| ၇ | ဓွေအောင်နန်း | စွယ်အင်းရွာ | ။ | ။ |
| ၈ | လိစ်ဖွံ့နန်းနန်း | မြစ်ကျဉ်းရွာ | ။ | ။ |
| ၉ | လိဖ်လိက်(ဖ်)ဖွေရှုံ | လက်ဖွဲ့ဆိုင်ရာ | ။ | ။ |
| ၁၀ | တွိရှုံးနန်း | ရေသောင်ရွာ | ။ | ။ |
| ၁၁ | ဖွဲ့ယောနန်း | သရက်ကျင်းရွာ | ။ | ။ |
| ၁၂ | ဖွန်ဖိန်နန်း | ပုပိုင်းရွာ | ။ | ။ |

လုံးပေါ်ချင်းတို့တည်ထောင်နေထိုင်ရာကျေးရွာများ

| စဉ် | ချင်းသံဖြင့် ရွာအမည် | ဗမာသံဖြင့် ရွာအမည် | တည်ရှိရာ မြို့နယ် | မြို့နယ်တွင်း နယ်မြေ |
|---|---|---|---|---|
| ၁ | ခွေးမလုံးနန်း | ခွေးမလောင်ရွာ | စေတုတ္တရာ မြို့နယ် | ထီးချောင်း ဒေသ |
| ၂ | ပေါင်ခေါက်နန်း | ပန်းချက်ရွာ | ။ | ။ |
| ၃ | တိန်ရှိတ်နန်း | ကြောင်သိုက်ရွာ | ။ | ။ |
| ၄ | ပုတ်ခုန်နန်း | ပေါက်ချောင်းရွာ | ။ | ။ |
| ၅ | လူမ်ဘိုနန်း | လုံးပေါ်ရွာ | ။ | ။ |
| ၆ | ရှလိန်ကိန်နန်း | သရန်ကိုင်းရွာ | ။ | ။ |

## မရင်းချင်း  လုံးပေါ်ချင်းအသင်းများ

မရင်းချင်းနှင့်လုံးပေါ်ချင်းတို့သည် လူမျိုးနှစ်မျိုးဟူ၍ ကွဲပြားသည်ဟုဆိုသော်လည်း ညီအစ်ကိုနှစ်ဦးမှဆင်းသက်သော လူမျိုးများဖြစ်၍ အသင်းဖွဲ့ရာတွင် တူညီလာသည်။ အသင်းကွဲပြားခြားနားမှုသည် အုပ်စိုးသူမင်းများအတွက် ထမ်းဆောင်ရသည့်တာဝန်နှင့် ဝတ္တရားကွဲပြားခြားနားသောကြောင့်ဖြစ်သည်။ အုပ်စိုးသူမင်းတို့၏ ကိုယ်စားလှယ်အဖြစ် သူကြီး၊ ရွာအုပ်ရွာခေါင်း၊ ရွာဆော်၊ ကူလီဟူသော တာဝန်များခွဲခြားမှုအရ လူတန်းစားကွဲပြားခြားနားမှု အလွှာကို ဖော်ပြရာရောက်လေသည်။ မရင်းချင်း၊ လုံးပေါ်ချင်းတို့၏ အသင်းများမှာ အောက်ပါအတိုင်းဖြစ်လေသည်။ ဤတွင် ရှောင်းသည်အသင်းကို ဆိုလိုပါကြောင်းသိရှိနိုင်ပါသည်။[၁]

| စဉ် | ချင်းသံအရ အသင်းများ | ဗမာသံအရ အသင်းများ | ပဒေသရာဇ်ခေတ် အရေးအသား |
|---|---|---|---|
| ၁ | ကနီးရှောင်း | ကွန်းနီးအသင်း | ကွံးနီးသင်း |
| ၂ | ပစိပ်ရှောင်း | ငစိုက်အသင်း | |
| ၃ | မောင်ရွှမ်ပရှောင်း | ငခုံးအသင်း | |
| ၄ | လဘာလွန်ရှောင်း | လက်မယွန်သင်း | လက်မရွှံ့သင်း |
| ၅ | တလားဂျီရှောင်း | တရားသူကြီးအသင်း | |

၁။ **ရှောင်ပုတ်ရှောင်း-သပေါက်အသင်းကို မြို့နယ်စဉ်မှတ်တမ်းတွင်ပါသော်လည်း ဦးတင်ဖေ (အုံးဝါးသား-မြို့နယ်ကောင်စီခေတ်-မြို့နယ်တရားသူကြီးငြိမ်း) ပြုစုသည့် "မင်းဇေယျခေတ္တရာနှင့် မရင်းချင်း၊ လုံးပေါ်ချင်းတို့၏ဖြစ်စဉ်မှတ်တမ်းတွင် ၎င်းအသင်းသည် မုရင်းလုံးပေါ်အသင်း (၁၂) သင်းတွင်မပါဟုဆိုထား၏။**



| စဉ် | ချင်းသံအရ အသင်းများ | ဗမာသံအရ အသင်းများ | ပဒေသရာဇ်ခေတ် အရေးအသား |
|---|---|---|---|
| ၆ | ကင်ဇူရှောင်း | ပြည်စိုးအသင်း | |
| ၇ | အလိုင်မောင်ရှောင်း | အလယ်စားအသင်း | |
| ၈ | စစ်ကိုင်ရှောင်း | စစ်ကဲအသင်း | |
| ၉ | ချက်နို(ပ်)ရှောင်း | ချက်နီးအသင်း | |
| ၁၀ | မောင်လိန်ရှောင်း | ငနိုင်အသင်း | |
| ၁၁ | အိုင်န်လုံပွန်းရှောင်း | အိမ်မြင့်အသင်း | |
| ၁၂ | လေရှီးရှောင်း | လှေသူကြီးအသင်း | |

## အသင်းများထပ်မံတိုးပွားလေ့ရှိပုံ

မရင်းလုံးပေါ်ချင်းလူမျိုးအသင်းတို့သည် ဖသားညီနောင်များ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပါက နောက်ထပ်အသင်းများတိုးလာကြောင်း၊ အသင်းအဖြစ်ပေါ်ထွန်းလာကြောင်း ကျန်စိမ့်ရွာမှ ပေပုရပိုက်ပါမှတ်တမ်းအရ သိရှိရပါသည်။ ပုရပိုက်ပါ မူရင်းအရေးအသားမှာ အောက်ပါအတိုင်းဖြစ်ပါသည်။[၁]

> သက္ကရာဇ် ၁၁၃၆ ခု ခိုင်စားသမန္တစက္ကစက္ကရာဇာ အသက် ၆၀ ကျော်သူကို စစ်မေးသော် **ကျွံ**တော်စီရင်နယ်သဲရွာမှာ ချန်းသာသင်းစည်ကားပွားများ၍ ချန်းသာသင်းတွင်ပင် လက်မရွှံ့အမည်နှင့် တစ်သင်းပွား၍ သူကြီးလက်မရွှံ့အထက် သူကြီးခိုင်စားငကော်မျိုးလက်ထက်တွင် ခန့်ထားပေးအပ်သည်ကို ကြားဖူးပါသည်၊ . . ဟုပါရှိလေသည်။

၁။ **ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ**

ဆိုလိုသည်မှာ အင်းဝခေတ် တနင်္ဂနွေမင်းလက်ထက်တွင် သဲရွာချမ်းသာအသင်းမှ လက်မယွန်အသင်း ပေါက်ဖွားလာပြီး သူကြီးအဖြစ်ခန့်အပ်ခဲ့ကြောင်း သိရပါသည်။

ထို့ပြင် အမှုတော်စွမ်းဆောင်နိုင်သူကို အသက် ၁၉ နှစ် ငယ်ရွယ်သူဖြစ်သော်လည်း ခန့်ထားပိုင်ခွင့်ရှိကြောင်း နန်ကြူရွာမှ ပုရပိုက်တစ်ဆူတွင် ရေးသားထားသည်ကို မူရင်းအရေးအသားအတိုင်း ဖော်ပြလိုက်ပါသည်။[1]

> သက္ကရာဇ် ၁၁၃၆ ခု ခိုင်စားသမန္တစက္ကစက္ကရာဇာ အသက် ၆၀ ကျော်သူကိုစစ်မေးသော် **ကျွံ**တော်စီရင်နယ် သဲရွာမှာ ချန်းသာသင်းစည်ကားပွားများ၍ ချန်းသာသင်းတွင် ပင် လက်မရွံ့အမည်နှင့် တသင်းပွား၍ သူကြီးလက်မရွံ့အထက် သူကြီးခိုင်စားငကော်မျိုးလက်ထက်တွင် ခန့်ထားပေးအပ် သည်ကို ကြားဖူးပါသည်၊. . . ဟုပါရှိလေသည်။

ဆိုလိုသည်မှာ အင်းဝခေတ်တနင်္ဂနွေမင်းလက်ထက်တွင် သဲရွာချမ်းသာအသင်းမှ လက်မယွန်အသင်းပေါက်ဖွားလာပြီး သူကြီးအဖြစ်ခန့်အပ်ခဲ့ကြောင်း သိရပါသည်။

ထို့ပြင် အမှုတော်စွမ်းဆောင်နိုင်သူကို အသက် ၁၉ နှစ် ငယ်ရွယ်သူဖြစ်သော်လည်း ခန့်ထားပိုင်ခွင့်ရှိကြောင်း နန်ကြူရွာမှ ပုရပိုက်တစ်ဆူတွင် ရေးသားထားသည်ကို မူရင်းအရေးအသား အတိုင်း ဖော်ပြလိုက်ပါသည်။[1]

---

**၁။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ**



> သက္ကရာဇ် ၁၁၃၆ ခု ကဆုံလပြည့်ကျော် (၁၀) ရက် တောင် စဉ်းစားငအောင်သာ အသက် (၁၉) နှစ်ရှိသူကို စစ်မေးသော်၊ ကျွန်တော်စီရင်စုတောင်စဉ်ချင်းကျေးရွာများမှာ သူကြီး၊ ပြည်စိုးရိုးရာ အဆက်အနွယ်များ ပြတ်လပ်လျှင် ကျွန်တော်တို့က အမှုဆောင်စွမ်းနိုင်မည့်သူကို ရွေးချယ်၍ ခန့်ထားပိုင်ပါသည်။ သင်းစုခေါင်းပွားများလာလျှင်လည်း သင့်ရာခေါင်းအကြီးအမည်မှတ်နှင့် ခန့်ထားပိုင်ပါသည်၊×××

ဟူ၍ ရေးသားထားကြောင်း တွေ့ရပေသည်။

ထို့ကြောင့်လည်း ချင်းအသင်းများ ထပ်၍တိုးလာကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

## မင်းကျချင်းများ

## စေတုတ္တရာမြို့နယ်တွင်းသို့ဆင်းသက်ရောက်ရှိလာကြပုံ

အုပ္ပူးချင်း၊ မရင်းချင်း၊ လုံးပေါချင်းများကဲ့သို့ မင်းကျချင်းဟု ခေါ်ဆိုရမည့် ချင်းဖသားညီနောင်များသည် စံပေါ်ရိုးမှတစ်ဆင့် မင်းတောင်သို့ဆင်းသက်လာကြသည်။ ထိုတောင်မှတောင်ဘက်ရှိ ခွန်မဒူတောင်၊ ချွန်းတောင်(စွန်တောင်)၊ တောင်းလောင်းတောင်၊ ဟန်လှီးတောင်နှင့်ထင်းပိုင်းတောင်ကျောတို့တွင် ကာလရှည်စွာ အခြေချနေထိုင်ခဲ့ကြသည်။ စေတုတ္တရာမြို့နယ်တွင်းသို့ နောက် အကျဆုံးမှ ဆင်းသက်ရောက်ရှိလာကြသောလူမျိုးစုဖြစ်သည်။

အင်္ဂလိပ်တို့ မြန်မာနိုင်ငံကိုသိမ်းပြီးနောက် လူမျိုးခြား အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခဲ့ကြသော မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်များသည် တောင်ပေါ်နေချင်းတိုင်းရင်းသားတို့ထံ

ခိုလှုံခဲ့ကြသည်။ ဤသို့ မျိုးချစ်တော်လှန်ရေးခေါင်းဆောင်များ မခိုလှုံနိုင်အောင် ချင်းတိုင်းရင်းသားတို့ကို မြေပြန့်သို့ဆင်းသက်စေရန် အမိန့်ထုတ်ခဲ့သည်။ ထိုအမိန့်အရ မြေပြန့်ဆင်းသက်လာရသူတို့ကို မင်းကျချင်းဟုခေါ်သည်။ မင်းကျချင်းတို့ ပြောင်းရွှေ့ခဲ့ပုံကို သာဓက နှစ်ခုပြ၍ တင်ပြအပ်ပါသည်။

**မျောက်နွယ်ချောင်းရွာ**။ ။ ပါးချောင်းအနီး ထင်းပိုင်းတောင်ပေါ်ရွာ၌ တောမီးကူး၍ ရွာမီးလောင်ခဲ့သည်။ ရွာအမည်ပင် မသတ်မှတ်နိုင်ခဲ့သေးပါ။ ဒုတိယရွာပြောင်းရွှေ့တည်ကြပြန်တော့လည်း ရွာသူရွာသားများ ဝမ်းလျှောဝမ်းပျက်ဖြစ်ပြီး သေဆုံးကြသူများရှိလာသည်။ ထိုရွာကိုလည်း အမည်မသတ်မှတ်ရသေးပါ။ ထို့နောက် တတိယရွာကို ပြောင်းရွှေ့တည်ကြပြန်သည်။ ၎င်းရွာမှာ ယခု မထိမ်းရွာ၏ တောင်ဘက်စူးစူး တောင်ကုန်းမြင့်ပေါ်တွင် တည်ရှိသည်။ အမည်မှာ မျောက်နွယ်ချောင်းရွာဟု မှည့်ခေါ်ခဲ့ကြသည်။ ၎င်းရွာ၏ သူကြီးမျိုးဆက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။[၁]

ဦးဖိုးထို့ (၁၈၁၄-၁၈၉၄) ၎င်း၏သား ဦးရာမ (၁၈၉၄-၁၉၄၀)၊ ၎င်း၏သား ဦးဘရှိန် (၁၉၄၁-၁၉၇၃)၊ ၎င်း၏ညီ ဦးဘဟိန်း (၁၉၇၃-ရွာပျက်)

မျောက်နွယ်ချောင်းရွာတွင် ဦးဖိုးထို့မှစ၍ သားနှစ်ဆက်၊ ညီတစ်ဆက်တို့က အုပ်ချုပ်ခဲ့သည်။ ဦးဖိုးထို့လက်ထက်က ရွာဦးဘုန်းတော်ကြီးကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ရာ ရွာသူရွာသားလူငယ်များ ဗုဒ္ဓဘာသာစာပေများ သင်ကြားခဲ့ကြရသည်။ ၎င်းကျောင်းမှာ ဂျပန်ခေတ်၌ ပျက်စီးပျောက်ကွယ်ခဲ့သည်။

ဦးဘဟိန်းလက်ထက်တွင် အစိုးရတပ်နှင့် ဗကပတပ်တို့၏ ဆိုးသွမ်းယုတ်မာစွာ နှိပ်စက်မှုများကို မခံနိုင်ကြသောကြောင့် ရွာမှ ထွက်ပြေးခဲ့ကြရာမှ နောက်ဆုံးကျန်သူများပါ ဆွေမျိုးနီးစပ်ရာ ရွာများသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသဖြင့် မျောက်နွယ်ချောင်းရွာ ပျောက်ကွယ်ခဲ့ရသည်။

* * *

## နွားမတောင်၊ တောင်ကြောရောက်မင်းကျချင်းများ

စွန်တောင် (ချွန်းတောင်)၊ တောင်းလောင်းတောင်၊ ဟန်လှီးတောင်၊ ထင်းပိုင်းတောင်တို့တွင် အခြေချခဲ့ကြသော ချင်းလူမျိုးစုအချို့သည် မြန်မာမင်းလက်ထက်ကပင် မြေပြန့်သို့ဆင်းသက်ရွှေ့ပြောင်းခဲ့ကြလိမ့်မည်ဟု ယူဆနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ၁၂၃၆ ခုတွင် ရေးသားခဲ့သော ထမင်းရည်ခွက်လှည့်နည်းဖြင့် သူကြီးရာထူးဆက်ခံကြပုံရေးသားထားသည့် ပုရပိုက်တစ်ဆူကို နွားမတောင်ရှိ ဟန်ဒေါက်ရွာ၌ တွေ့ရသောကြောင့်ဖြစ်သည်။ ကုန်းဘောင်ခေတ် မြန်မာမင်းများလက်ထက်က မြေပြန့်သို့ဆင်းသက်လာသော ချင်းလူမျိုးစုတစ်စုကို မူလက စလင်းမြို့နယ် ကံကုန်းရွာ၊ ဝံရရွာတို့အကြား တစ်ရူးချောင်းဘေးမှာနေထိုင်ရန် မြေနေရာချထားပေးခဲ့သည်။ တစ်ရူးချောင်းသည် စလင်းမြို့နယ်အနောက်မြောက်ဘက်ပိုင်း ဆိပ်ဖြူမြို့နယ်၊ ဆောမြို့နယ် နယ်စပ်ရှိ နွားမတောင်မှ အရှေ့ဘက်သို့ ချောင်းဦးလွှဲ၍ ချောင်းဖျားခံကာစီးဆင်းလာသော ချောင်းဖြစ်သည်။

---

**၁။ ဦးဘဟိန်း၏မျိုးရိုး၊ ဦးကျော်ဆောင် (ခိုဝင်ရွာ)၏ ပြောပြချက်။**

မိုးတွင်း၌သာရေရှိသည်။ ၎င်းချောင်းတွင် သစ်ခက်ဆည်တည် မြောင်းများဖောက်ကာ လယ်များတည်ကျင်းစိုက်ပျိုးနေထိုင်ခဲ့ကြသည်။ ယခုကာလအထိပင် ယင်းချောင်းများကို ချင်းမြောင်းဟု ခေါ်ဆိုကြဆဲဖြစ်သည်။ ထိုမြောင်းသွင်းရေများဖြင့် စလင်းမြို့နယ် ပေါက်မရွာ၊ ညောင်ရွာ၊ သရက်ကုန်းရွာ၊ ဝင်ရရွာ၊ ကံကုန်းရွာတို့က လယ်ယာများ ယခုတိုင် လုပ်ကိုင်နေထိုင်လျက်ရှိသည်။

ဤသို့ ရေသွင်းလယ်ယာများလုပ်ကိုင်ကြရသော်လည်း မင်းကျချင်းများက မပျော်ပိုက်နိုင်ကြ။ နွားမတောင်ရိုးမြင်းညောင်း တောင်ထိပ်သို့ လုံများစွဲကိုင်၍ တက်လာကြသည်။ တောင်ထိပ်ရောက်တော့ လုံကိုထောက်လျက် မူလနေထိုင်ခဲ့ရာ မင်းတောင်ကြီးကို မျှော်ကြည့်ကြသည်။ မင်းတောင်ကြီးကို လှမ်းမြင်ရသော နွားမတောင်မှမြင်းညောင်းတောင်ထိပ်၌ ရွာတည်လျှင်၊ နေ့စဉ် မင်းတောင်ကြီးကိုကြည့်ကာ အလွမ်းဖြေနိုင်မည်ဟု တွေးကြကာ ပထမဆုံးလုံထောက်သောနေရာ၌ ရွာတည်ခဲ့ကြသည်။ ၎င်းရွာကို လုံထောက်ရွာဟု မှည့်ခေါ်ခဲ့ကြရာမှ နောက်ပိုင်းတွင် ဟန်ဒေါက်ဟု ခေါ်ဆိုခဲ့ကြသည်။ ထိုလုံထောက်သောနေရာသည် ယခုတောင် ဟန်ဒေါက်ရွာမြေနေရာဖြစ်၍ တောင်ဟန်ဒေါက်ရွာသည် ပထမဆုံး မင်းကျချင်း၏ရွာဟုဆိုနိုင်သည်။ ဒုတိယရွာမှာ ဆတ်မအိုရွာ(ယနေ့အခေါ် ကန်ပေါက်ရွာ) ဖြစ်သည်။ ထိုရွာအနီး တောင်ဘက် ကျောက်မွဲရွာမြောက်ဘက်နားမှ ချောင်းဖျားခံ၍ မြောက်ဘက်သို့ စီးဆင်းလာသည့် ချောင်းတစ်ချောင်းသည် ဆတ်မအိုရွာအနီးတွင် အနောက်ဘက်သို့ ကွေ့စီးဆင်း၍ ပုပိုင်းရွာမြောက်ဘက်နားတွင် ထီးချောင်းထဲသို့စီးဝင်သည်။ ၎င်းချောင်းအနောက်ကွေ့တောတွင် ချင်းလူမျိုးတစ်ဦးက အိုနေပြီဖြစ်သော ဆတ်မတစ်ကောင်ကိုရသည်။ ထိုချင်းယောကျ်ားကို တောင်ဟန်ဒေါက်သူကြီးက သူ့သမီးတစ်ဦးနှင့်ပေးစား၍ ၎င်းဆတ်မရသည့်နေရာ၌ပင် ရွာတည်ထောင်၍ နေထိုင်ခိုင်းရာမှ ဆတ်မအိုရွာဟုပေါ်ပေါက်လာသည်။ ထိုချောင်းတွင် ကန်တုတ်ရေလှောင်ခဲ့ကြသော်လည်း ရေတိုးကာ ကန်ကျိုးပေါက်သွားသောကာလမှစ၍ ဆတ်မအိုရွာကို ကန်ပေါက်ရွာဟု ခေါ်ဆိုလာကြသည်။ ထို့နောက် တောင်ဟန်ဒေါက်ရွာသားများက မြောက်ဟန်ဒေါက်ရွာ၊ အလယ်ဟန်ဒေါက်ရွာတို့ကို ဆက်လက်တည်ထောင်ခဲ့ကြသည်။[၁]

မင်းကျချင်းများ ရွှေ့ပြောင်းခဲ့ကြပုံကို အထက်ပါသာဓကနှစ်ခုဖြင့် ဖော်ပြပြီးဖြစ်သည်။ မင်းကျချင်းများတည်ထောင်နေထိုင်ခဲ့သော ကျေးရွာများကို အလွယ်တကူခေါ်ဆိုရလွယ်ကူစေရန် ဇော့ကိုးဇော့၊ ဒူကိုးဒူ၊ ရှိုကိုးရှိုဟူ၍ မှတ်သားခဲ့ကြသည်။[၁]

**ဇော့ကိုးဇော့**

| စဉ် | ချင်းအခေါ်အဝေါ် | ဗမာအခေါ်အဝေါ် |
|---|---|---|
| ၁ | ကြက်ဇော့ | ကြက်ရွာသား |
| ၂ | နှုန်းဇော့ | ငနှောင့်သား |
| ၃ | မှန်ဇော့ | မွန်ဇော်သား |
| ၄ | ပါဇော့ | ပါသား |
| ၅ | လိုင်ဇော့ | ငလဲသား |

၁။ ဦးသာနိုး (တောင်ဟန်ဒေါက်ရွာ)၏ ပြောပြချက်

| စဉ် | ချင်းအခေါ်အဝေါ် | ဗမာအခေါ်အဝေါ် |
|---|---|---|
| ၆ | ပူးဇော့ | ဘူးသား |
| ၇ | ပွက်ဇော့ | ဘိုကုန်းသား |
| ၈ | ကွန်းဇော့ | ကုန်းတရားသား |
| ၉ | ရှိန်ဇော့ | ရှိန်သား |

## ဒူကိုးဒူ

| စဉ် | ချင်းအခေါ်အဝေါ် | ဗမာအခေါ်အဝေါ် |
|---|---|---|
| ၁ | ကွန်ဒူ | ကံရွာ |
| ၂ | ဖိုဒူ | ကျောက်ဖူးရွာ |
| ၃ | ပိုရှစ်ဒူ | ယခုရွာမရှိ- |
| ၄ | တောင်ဗွိဒူ | အောက်ပုံရွာ |
| ၅ | အလိုင်ဗွိဒူ | အလယ်ပုံရွာ |
| ၆ | ပွန်ရှစ်ဒူ | ပုံဆိပ်ရွာ |
| ၇ | အုံဒူ | အောင်းရွာ |
| ၈ | ဟိုတုံဒူ | ရွှေတောရွာ |
| ၉ | ချေဒူ | ချီရွာ |



## ရှိကိုးရှိ

| စဉ် | ချင်းအခေါ်အဝေါ် | ဗမာအခေါ်အဝေါ် |
|---|---|---|
| ၁ | ဇာရှိ | ရိုးမထဲယခင်ကရှိ၊ ယခုမရှိတော့ |
| ၂ | သုံလုံရှိ | ယခင်ဆီမီးချောင်းဖျား၌ရှိ။ ယခု မရှိတော့ |
| ၃ | လာလပ်ရှိ | မထိမ်းရွာသား |
| ၄ | ရှပ်လိုင်ရှိ | သက်လယ်ရွာသား |
| ၅ | စုံလုံရှိ | စိုင်းလိုင်းရွာသား |
| ၆ | ကျောက်ပွန်ရှိ | ကျောက်မွဲရွာသား |
| ၇ | ဟန်ဒေါက်ရှိ | ဟန်ဒေါက်ရွာသား |
| ၈ | ပွန်တောက်ရှိ | ပွင့်တောက်ရွာသား |
| ၉ | ကျပ်ကျင်ရှိ | လက်ပြင်ရွာသား |

မင်းကျချင်းမျိုးနွယ်စုများသည် မုန်းချောင်းနယ်မြေ၊ ထီးချောင်းနယ်မြေ၊ စေတုတ္တရာမြို့ဝန်းကျင်နယ်မြေတို့တွင် ပျံ့နှံ့နေထိုင်လျက်ရှိခဲ့ရာ ယခုအခါ မင်းကျချင်းများနေထိုင်ရာ ကျေးရွာများကို အောက်ပါအတိုင်းတွေ့ရပေသည်။

| စဉ် | ချင်းစကား အခေါ်အဝေါ် | ဗမာစကား အခေါ်အဝေါ် | မြို့နယ်အတွင်း နယ်မြေ |
|---|---|---|---|
| ၁ | ပွက်ဇော့ | ဘိုကုန်းရွာ | မုန်းချောင်းနယ်မြေ |
| ၂ | ဘူးဇော့ | ဘူးရွာ | ။ |
| ၃ | ချေးဒူ | ချီရွာ | ။ |
| ၄ | ပွန်းတောက်ရှိုး | ပွင့်တောက်ရွာ | ။ |

| စဉ် | ချင်းစကား အခေါ်အဝေါ် | ဗမာစကား အခေါ်အဝေါ် | မြို့နယ်အတွင်း နယ်မြေ |
|---|---|---|---|
| ၅ | ကွန်ဇော့ | ကုန်းတရားရွာ | မုန်းချောင်းဒေသ |
| ၆ | အုံဒူ | အောင်းရွာ | ။ |
| ၇ | ဟိုတုံဒူ | ရွှေတောရွာ | ။ |
| ၈ | မွန်ရှစ်ဒူ | ပုံဆိပ်ရွာ | ။ |
| ၉ | လိုင်ဇော့ | ငလဲရွာ | ထီးချောင်းဒေသ |
| ၁၀ | ကွန်တုတ် | ကံပေါက်ရွာ | ။ |
| ၁၁ | မြုပ်ရှင်တောက် | မြောက်ဟန်ဒေါက်ရွာ | ။ |
| ၁၂ | အလုံးရှင်တောက် | အလယ်ဟန်ဒေါက်ရွာ | ။ |
| ၁၃ | တုံရှင်တောက် | တောင်ဟန်ဒေါက်ရွာ | ။ |
| ၁၄ | ပွန်ဇူ | ပဇူရွာ | ။ |
| ၁၅ | ကုတ်မွမ်းရှိုး | ကျောက်မွဲရွာ | စေတုတ္တရာဝန်းကျင် |
| ၁၆ | အလဲယ်ဗွိဒူ | အလယ်ပုံရွာ | ။ |
| ၁၇ | ဒုံဗွိဒူ | အောက်ပုံရွာ | ။ |
| ၁၈ | လာလပ်ရှိုး | မထိမ်းရွာ | ။ |
| ၁၉ | မွန်းဇော့ | မွန်ဇော်ရွာ | ။ |
| ၂၀ | ရှုပ်လယ်ရှို | သက်လယ်ရွာ | ။ |
| ၂၁ | ခိုဝမ်ရှို | ခိုဝင်ရွာ | ။ |

ဤကျေးရွာများအနက် ၂၀၀၄ ခုနှစ်တွင် မုန်းတမံ တည်ဆောက်ပြီးနောက် ကန်ရေပြင်ဖုံးလွှမ်းသဖြင့် အိုးအိမ်ကျောင်း ဇရပ်များ နစ်မြုပ်လျက်၊ ပုံဆိပ်ရွှေတောရွာများ ပျောက်ကွယ်သွား



ပါသည်။ အောင်းရွာသားတို့ ပြောင်းရွှေ့တည်ထောင်နေထိုင်သော ကုန်းမြင့်သို့ ရွှေ့ပြောင်းနေထိုင်ကြရသည်။ ထို့ကြောင့် အောင်းတစ်ရွာတည်းသာ ကျန်ရှိပါတော့သည်။

ဤသို့ဖြင့် စေတုတ္တရာမြို့နယ်တွင် လက်နက်ကိုင်နှစ်ဖက်၏ ဒဏ်ကြောင့် မျောက်နွယ်ချောင်းရွာ ပျောက်ခဲ့ရသကဲ့သို့ နိုင်ငံအကျိုးအဓိကကြည့်၍ လုပ်ဆောင်မှုများ (အာဏာစိုးမှုအဓိက ထားသူများ) ကြောင့် ရွှေတော၊ ပုံဆိပ်ရွာများ ပျောက်ကွယ်သွား ရလေသည်။

## တောင်သူချင်းများ

### စေတုတ္တရာမြို့နယ်သို့ တောင်သူချင်းများရောက်ရှိလာကြပုံ

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဒေသတွင် နေထိုင်သော လူမျိုးများသည် မင်းပြစ်မင်းဒဏ်သင့်၍ လူမျိုးအုပ်စု အချင်းချင်း မသင့်မတင့်ဖြစ်ခဲ့ကြသည်။ ၎င်းလူမျိုးအုပ်စုသည် တောင်သူချင်းအုပ်စုများဖြစ်သည်။ ပုပ္ပားဒေသမှ မြန်မာကောဇာ သက္ကရာဇ် (၅၅၀) ခန့်က တိမ်းရှောင်လာကြသူများဖြစ်သည်။ မင်းဇေယျခေတ္တရာက စေတုတ္တရာမြို့ကို တည်ထောင်အပြီး နောက်ပိုင်း နှစ်ပေါင်း ၁၀၀ ခန့်နောက်ကျပြီးမှ ရောက်လာကြသူ များဖြစ်သည်။ ၎င်းတို့သည် ဆောမြို့နယ်၊ စေတုတ္တရာမြို့နယ်တို့၌ ကျေးရွာများ စတင်တည်ထောင်ခဲ့ကြသည်။

တောင်သူချင်းလူမျိုးစုမောင်နှမလေးဦး ရောက်လာကြရာမှ ဆောမြို့နယ်လောင်းရှည်မြို့အနီးတွင် အစ်ကိုကြီးကိုအင်ဘူးက အင်ဘူးရွာကို တည်ထောင်သည်။ ကျန်သုံးဦးတို့က စေတုတ္တရာ

မြို့နယ်ထဲတွင် ကျေးရွာတစ်ရွာစီတည်ထောင်ကြသည်။ အမက မကြီးက မကြီးရွာ၊ မောင်မောင်ပွင့်က တပွင်ရွာ၊ နှမအငယ်ဆုံး မထွေးက ဒွေးရွာကို တည်ထောင်သည်ဟုသိရသည်။[၁]

ရှေးလူတို့က တပွင်ရွာတည်ထောင်ပုံကို ဤသို့လင်္ကာစီကုံးထားကြသည်။ "ဆင်မယာဉ်သာကျော်ကုန်းမှာ၊ ပဉ္စပဥ္စ၊ ဗျည်းကိုချ၊ ရွာကိုတည်စ၊ ကိုပွင့်က" ဟူ၍ဖြစ်သည်။

ရှေးက "အကြည်ကမုန်းအရှေ့တပွင်ကမုန်းအနောက်" ဟု ဆိုခဲ့ကြသည်။ ဗြိတိသျှခေတ် စစ်သုံးမြေပုံများတွင်လည်းပါရှိခဲ့သည်။ မုန်းချောင်းသည် ယခုရှိနေသော မြောင်းသွင်းလယ်ပွဲ၊ တန်းလည် ကျင်းလွင်ပြင်ဒေသတို့မှ စီးလာရာ မုန်းစရာတောင်ထွတ် (ယခု အခေါ် လွမ်းစရာတောင်ထွတ်) ကို ရေဦးတိုက်ပြီး အရှေ့ဘက်သို့ စီးလာသည်။ ယခု တပွင်ရွာနေရာတွင် ဆင်ဝပ်နေသကဲ့သို့ ကုန်းကမူတစ်ခုရှိသည်။ ထိုကုန်းကမူမြောက်ဘက်က မုန်းချောင်းက စီးဆင်းသွား ကြာအင်းနတ်ရေကန်တောင်ခြေလျှောကြီးထိပ် တောင်စွယ်ကိုဝင်တိုက်ပြီး တောင်ဘက်သို့ ရေကြောင်းပြောင်းသွားကာ ဒွေးချောင်းနှင့်ပေါင်းဆုံလျက် တောင်ဘက်သို့ဆက်လက် စီးဆင်းသွားသည်ဟု ဆိုခဲ့ကြသည်။

ဆင်ဝပ်နေပုံနှင့်တူသော ကုန်းကမူထက်တွင် ကိုပွင့်က တပွင်ရွာကိုတည်သည်။ တံခွန်လွှားထားသကဲ့သို့ ကြွားကြွားရွားရွား ထင်ထင်ရှားရှားရှိသောကြောင့် တံခွန်ရွာဟုခေါ်ခဲ့ကြသည်။ နောင်တွင် ကိုပွင့်အမည်ကိုအစွဲပြု၍ တပွင်ရွာဟု ယခုတိုင် ရွာအမည်တွင်လျက်ရှိသည်။

**၁။ စေတုတ္တရာမြို့နယ်ဖြစ်စဉ်မှတ်တမ်း (၁၉၇၉)**



## ကုန်းဘောင်ခေတ်နှောင်းပိုင်းမကြီးရွာ၊ တပွင်ရွာ၊ ဒွေးရွာများ တည်ပုံ

### မကြီးရွာ

မကြီးရွာကို ရှေးက မကျီးရွာဟုရေးမှတ်ကြကြောင်း မကြီးရွာ၌တွေ့ရသည့် ပေပုရပိုက်အရေးအသားအရသိရသည်။ ဘိုးတော်မင်းတရားကောက်ယူခဲ့သည့် ၄၅ စစ်တမ်း၊ ၆၄ စစ်တမ်း အရ ပုရပိုက်၌ ရေးမှတ်ထားသည့်စာကို မူရင်းအတိုင်း အောက်တွင် ဖော်ပြအပ်ပါသည်။

၁၁၄၅ ခု တန်ခူးလဆန်း ၁၁ ရက်နေ့ မကျည်းရွာ ပြည်စိုးငစနေ။ ကျွန်တော်ကြီးစိုးသည့် မကျည်းရွာနယ်တွင် အရာရှိခုနစ် ပြည်စိုတစ်သည် ရင်းချင်း (၅) မုဆိုးဖိုအိုမစွမ်း (၁၁)၊ ကျွန် (၁၄) စုစုပေါင်း (၃၈) အိမ်သာရှိသည်။ နောင်မကျည်းနယ်တွင် တအိမ်တတဲ တစ်စုံတစ်ယောက် ကြွင်းကျန်ပေါ်ရှိလျှင် ကျွန်တော်ရာဇဝတ်တော်ခံပါမည်၊ အရာရှိ (၇) ဦးမှာ ပြည်စိုးငစနေ၊ ကွံးနှီးငကွေ၊ လက်မရွှံ့ငအောင်၊ အုပ်သူကြီးငထွန်၊ တောင်နိုင်ငံငဆွေသာ၊ ချမ်းသာငကျော်၊ လုင်ဆော်ငအောင်လှတို့ဖြစ်ပါကြောင်း (ငစနေ၏ အစစ်ခံလျှောက်ထားချက်)[၁]× × × ဟူ၍တွေ့ရပါသည်။

### တပွင်ရွာ

၁၁၄၅ ခု စစ်တမ်းအရ တပွင်ရွာအိမ်ခြေစာရင်းမှာ အရာရှိ (၅)၊ သူကြီး (၁၁)၊ သည်ရင်း (၄) မုဆိုးဖိုအိုမစွမ်း (၁၇) ကပ္ပါး (၄)၊ ကျွန် (၁၁) စုစုပေါင်း (၄၂) အိမ်ဟူ၍လည်းကောင်း၊

**၁။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်) ၏ လက်ရေးမူ**

## တပွင်ရွာသူကြီးများစာရင်း

ငဆွေကုလား (ဟံသာဝတီပါမင်းလက်ထက်) ငနက်၊ ငအောင်ဖြိုး၊ ငကုန်း၊ ငရွှေတိုး၊ ငအောင်ကွက် (၎င်းနှစ်ဦးမှာ ရိုးရာသူကြီးရာထူး လုမှုဖြစ်ခဲ့သည်။ ၁၂၄၂ ခု ငအောင်ကွက် သူကြီးဖြစ်ခဲ့ပြီး၊ ငရွှေတိုးသူကြီးရာထူးမှ ခေတ္တအချခံခဲ့ရသည်။ ၁၂၄၆ ခုနှစ်တွင် ငအောင်ကွက်ကို သူကြီးအရာက နုတ်ပြီး ငရွှေတိုးကို ရိုးရာအမှန်ဖြစ်၍ သူကြီးအရာပြန်ခန့်ခဲ့သည်။

ဘိုးတော်ဘုရား၏ ၆၄ စစ်တမ်းအရ တပွင်ရွာအသင်းများမှာ အောက်ပါတို့ဖြစ်ကြသည်။

ပြည်စိုးသင်း၊ သင်းသည်သင်း၊ မင်းကျမ်းသင်း၊ စစ်ကဲသင်း၊ ကွံးနှီးသင်း၊ သူကြီးသင်းတို့ဖြစ်သည်။ မင်းကျမ်းသင်းမှ ငကြယ်၊ စစ်ကဲသင်းမှငထွေ၊ ကွံးနှီးသင်းမှ ငကွန်၊ သူကြီးသင်းမှ ငအောင်ကျော်တို့သည် အရာရှိများဖြစ်ခဲ့သည်။[၁]

## ကိုလိုနီခေတ်တွင် တပွင်ကို မြို့အဖြစ်သတ်မှတ်ခဲ့ခြင်း

ကိုလိုနီခေတ် ၁၈၉၅ ခုနှစ်တွင် ဗြိတိသျှအုပ်ချုပ်သူတို့က တပွင်ရွာကို မြို့အဖြစ်သတ်မှတ်ခဲ့သည်။ မကျည်းရွာ ပြည်စိုးသင်းဦးရာပြည့်အား မြို့အုပ်အဖြစ်ခန့်ထားခဲ့သည်။ တပွင်မြို့အုပ်ဦးရာပြည့်က စေတုတ္တရာမြောက်ပိုင်းဒေသရှိကျေးရွာများကို အုပ်ချုပ်ခဲ့ရသည်။[၁]

**၁။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်) ၏ လက်ရေးမူ**



## ဒွေးရွာ

ဒွေးရွာကို တောင်သူချင်းကိုအင်ဘူး၊ ကိုပွင့်တို့၏နှမမယ်ထွေးက တပွင်ရွာနှင့်မရှေးမနှောင်းကာလမှာပင် တည်ထောင်ခဲ့မည်ဖြစ်သည်။

ဒွေးရွာဆရာတော် ဘဒ္ဒန္တဉာဏသရ၏မှတ်တမ်းအရ ဒွေးရွာစတည်သောနေရာမှာ ဒွေးကုန်းရွာဟောင်း၏အနောက်ဘက်၊ ဒွေးချောင်းအနီးလွင်ပြင်မြေတွင်ဖြစ်သည်။ ဤနေရာတွင် ယခုတိုင် စေတီပျက်တစ်ဆူရှိနေပါသေးသည်။ ဒွေးရွာဟောင်း၏နယ်နိမိတ်မှာ မြောက်ဘက်တွင် လွမ်းစရာတောင်နှင့် အာယောရွာ၊ အနောက်ဘက်တွင် ငတ်ကြီးရွာ (နတ်ကြီးရွာ)၊ တောင်ဘက်တွင် လယ်ကွင်းပြင်များ၊ အရှေ့ဘက်တွင် ဒွေးချောင်းတို့တည်ရှိသည်။ ဂျပန်အင်္ဂလိပ် အကူးအပြောင်းကာလတွင် ဗုံးကြဲခံခဲ့ရသည်။ ၎င်းနေရာမှာပင် ရွာကို ဆက်တည်ကြရာ မီးဘေးနှစ်ကြိမ်ကြုံရသည်။ ထို့နောက် ယခုလက်ရှိရွာ၏ အနောက်ဘက်ကုန်းမြင့်သို့ ရွာပြောင်းတည်ခဲ့ကြသည်။ ထိုနေရာတွင် ငါးနှစ်ခန့်သာနေထိုင်ခဲ့ကြသည်။ ရေခက်ခဲမှုကြောင့် ယခုလက်ရှိမြေလွင်ပြင်သို့ ရွာကိုပြောင်းရွှေ့ခဲ့ကြသည်။

ဒွေးရွာအသင်းများမှာ ပြည်စိုးအသင်း၊ သူကြီးအသင်း၊ ကလဖအသင်း၊ မင်းကျမ်းအသင်း၊ ပဆန်းအသင်း၊ ကွမ်းနှီးအသင်း၊ စစ်သူကြီးအသင်းတို့ဖြစ်ပါသည်။

ရှင်ဘဒ္ဒန္တဉာဏသရ၏မှတ်တမ်းအရ ဘုရားထူးခံသူကြီး ဦးသာထူး (ကိုလိုနီခေတ်နယ်ချဲ့ဆန့်ကျင်တိုက်ခိုက်ရာတွင်ပါဝင်ခဲ့သူ

ဗိုလ်သာထူး) ၏ သူကြီးမျိုးဆက်ကိုလည်း အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။[၁]

ဦးပုလဲ - (ဒွေးသူကြီး)
↓
သား ဦးကော်ပုံ (ဒွေးသူကြီး)
↓
သား ဦးပိန် (ဒွေးသူကြီး)
↓
သား ဦးအောင်ထွန်း (ဒွေးသူကြီး)
↓
သား ဦးနေအောင် (ဒွေးသူကြီး)

ဦးနေအောင် (ဒွေးသူကြီး)
↓
ဦးပုတ်စည် (သားကြီး) | ဒေါ်သာနိုး (သမီး) | ဗိုလ်သာထူး (သားငယ်)(ဒွေးသူကြီး)

ပုဂ္ဂိုလ်အမည်မှတ်သားချက်ကောင်းမွန်သော်လည်း ခုနှစ်ကာလမှတ်သားချက် အားနည်းမှုရှိကြောင်း တွေ့ရပါသည်။

စေတုတ္တရာမြို့နယ်ဖြစ်စဉ်မှတ်တမ်းပါ ဒွေးရွာအသင်းများမှာ ပြည်စိုးအသင်း၊ သူကြီးအသင်း၊ ကလဖအသင်း၊ မင်းကျမ်းအသင်း၊ ပဆန်းသင်းတို့ဖြစ်ပါသည်။



## ဆန်းစစ်လေ့လာစေတုတ္တရာချင်းများ

လောလောဆယ်ကာလတွင် မြန်မာနိုင်ငံ၌ သန်းခေါင်စာရင်းကို ကောက်ခဲ့ရာ ချင်းလူမျိုး (၅၃) မျိုးထဲ၌ စေတုတ္တရာမြို့နယ် ချင်းငါးမျိုးထဲမှ အုပ္ပူးချင်းသာလျှင် လူမျိုးသင်္ကေတနံပါတ် (၈၂) အဖြစ် ဖော်ပြထားကြောင်း တွေ့ရပါသည်။

အမှန်မှာ ချင်းလူမျိုးအားလုံးသည် စကားအနည်းငယ်သာ ကွဲပြားမှုရှိသည်။ ဒေသခြားနားမှုအပေါ် မူတည်၍ အဆက်အဆံ၊ အထိအတွေ့နည်းမှုကြောင့် ကွဲပြားရခြင်းဖြစ်သည်။ တောင်သူချင်းတို့သည် ချင်းစကားမပြောကြတော့ပါ။ ကျန်လေးမျိုးတွင် မရင်းချင်းသာ ချင်းစကားကို ယခုတိုင်ပြောနေကြဆဲတွေ့ရသည်။ အုပ္ပူးချင်း၊ မင်းကျချင်းတို့မှာ လူကြီးပိုင်းကသာ ချင်းစကားပြောကြသည်ကို တွေ့ရပါသည်။ မိမိဘာသာစကားကို မိမိ၏မိသားစုအလိုက် ပြောတတ်အောင်၊ ပြောအောင် သင်ကြားပေးရန်လိုပါသည်။

ရန်ကုန်မြို့ ဘာသာဗေဒအသင်း ဘာသာစကားသုတေသနဌာန၏လေ့လာချက်အရ စေတုတ္တရာမြို့နယ်သား ချင်းများ၏ ပြောစကားသည် အောက်ဖော်ပြပါအုပ်စုတွင် ပါဝင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ယင်းအုပ်စုတွင် စကားလုံးပါဝင်မှုကို ဂရပ်ပုံဖြင့် ဖော်ပြထားပါသည်။[၁]

---

**၁။ သန်းခေါင်စာရင်းအကြို ချင်းလူမျိုးစုများဆိုင်ရာ သတင်းအချက်အလက်များကို ဆန်းစစ်ခြင်း၊ ဘာသာစကားသုတေသနဌာန၊ ဘာသာဗေဒအသင်း၊ ရန်ကုန်မြို့၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်။**

| | Songlai (Doltu) | Songlai (Lai) | Songlai (Holtu) | Sumtu | Oppu (Cintwe) | Asho | Ekai | Asho (Saingbaung) | Asho (Khmaw) |
|---|---|---|---|---|---|---|---|---|---|
| Songlai (Doltu) → | | 89% | 83% | 78% | 81% | 75% | 69% | 69% | 68% |
| Songlai (Lai) → | 89% | | 83% | 72% | 75% | 69% | 65% | 63% | 64% |
| Songlai (Holtu) → | 83% | 83% | | 75% | 74% | 62% | 65% | 56% | 60% |
| Sumtu → | 78% | 72% | 75% | | 82% | 79% | 76% | 77% | 72% |
| Oppu (Cintwe) → | 81% | 75% | 74% | 82% | | 72% | 70% | 66% | 67% |
| Asho → | 78% | 69% | 62% | 79% | 72% | | 78% | 82% | 82% |
| Ekai → | 89% | 65% | 65% | 76% | 70% | 78% | | 74% | 79% |
| Asho (Saingbaung) → | 89% | 63% | 56% | 77% | 66% | 82% | 74% | | 80% |
| Asho (Khmaw) → | 88% | 64% | 60% | 72% | 67% | 82% | 79% | 90% | |



**ဘာသာစကားကိုးမျိုးတွင် အုပ္ပူးချင်းစကားလုံးပါဝင်မှုဂရပ်**[၁]

ဘာသာစကားကိုညှိနှိုင်း၍ ပေါင်းစပ်ခြင်း၊ အက္ခရာတီထွင်၍ စာပေပြုစုခြင်းတို့ကိုပြုလုပ်ရန် ချင်းတိုင်းရင်းသားတိုင်းတွင် တာဝန်ရှိကြောင်း ခံယူသင့်ကြပေသည်။

သို့မှသာ တစ်ဦးနှင့်တစ်ဦးနားလည်မှု၊ ချစ်ကြည်မှုရှိလာကြကာ မိမိလူမျိုးအကျိုး၊ နိုင်ငံတော်နှင့် ပြည်ထောင်စုအကျိုး ပိုမိုထမ်းရွက်လာနိုင်ကြမည်ဟု ယူဆပါသည်။

---

**၁။ သန်းခေါင်စာရင်းအကြို ချင်းလူမျိုးစုများဆိုင်ရာ သတင်းအချက်အလက်များကို ဆန်းစစ်ခြင်း၊ ဘာသာစကားသုတေသနဌာန၊ ဘာသာဗေဒအသင်း၊ ရန်ကုန်မြို့၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်။**

# အခန်း (၄)

## မြန်မာ့ပဒေသရာဇ်ခေတ်စေတုတ္တရာမြို့စီရင်စု၏ အခြေအနေ

မြန်မာနိုင်ငံ၏ပဒေသရာဇ်ခေတ်သည် နှစ်ပေါင်း (၁၈၀၀) ခန့်မျှကြာခဲ့ပေသည်။ ကိုယ့်ပြည်ကိုယ့်ရပ်တွင် ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်ကာ လွတ်လပ်သောနိုင်ငံအဖြစ် တည်ထောင်နေထိုင်ခဲ့ကြသည်။ မင်းနေပြည်တော်ဒေသကို အစွဲပြု၍ခေတ်များ ပိုင်းခြားခဲ့ကြရာ ယင်းခေတ်များကို အောက်ပါအတိုင်းတွေ့နိုင်ပါသည်။

ပုဂံခေတ် (အေဒီ ၁၀၇ မှ အေဒီ ၁၃၆၈ အထိ)

မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်းခေတ် (အေဒီ ၁၂၈၉ မှ အေဒီ ၁၃၆၄ အထိ)

အင်းဝခေတ် (အေဒီ ၁၃၆၄ မှ အေဒီ ၁၅၅၅ အထိ)

တောင်ငူခေတ် (အေဒီ ၁၂၇၉ မှ အေဒီ ၁၆၀၂ အထိ)

ညောင်ရမ်းခေတ် (အေဒီ ၁၅၉၇ မှ အေဒီ ၁၇၅၂ အထိ)

ကုန်းဘောင်ခေတ် (အေဒီ ၁၇၅၂ မှ အေဒီ ၁၈၈၅ အထိ)

ထိုပဒေသရာဇ်ခေတ်များတွင် မင်းနေပြည်တော်နှင့် အလှမ်းဝေးကွာသော စေတုတ္တရာမြို့နယ်အနေဖြင့် နိုင်ငံတော်အတွက် ထူးခြားထင်ရှားစွာ ဆောင်ရွက်ခဲ့သူ၊ ဆောင်ရွက်ခဲ့မှုများမရှိခဲ့ပါ။





စလင်းစေတုတ္တရာမြို့စား၊ မြို့အုပ်တို့မှ စီမံကွပ်ကဲညွှန်ကြားမှုများအရ လိုက်နာဆောင်ရွက်ရခြင်းများသာရှိခဲ့သည်။

စေတုတ္တရာမြို့နယ်တွင်း ဆင်းသက်ရောက်ရှိနေထိုင်လာကြသော ဗမာလူမျိုးမျိုးနွယ်စုပါဝင်သည့် ဗမာများ၊ ယောလူမျိုးများ၊ ချင်းလူမျိုးများသည် ပုဂံခေတ်မှညောင်ရမ်းခေတ်အထိ မြို့တော်တည်ရာဌာန၏ ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်အရ ရွာများတွင် သူကြီးများ၊ ရွာအုပ်များ၊ ချင်းအုပ်များ၊ စာရေးများခန့်ထားသည့်အစဉ်အလာအတိုင်း ခွဲခန့်အုပ်ချုပ်ဖွဲ့စည်းစီရင်ခဲ့ကြခြင်းများသာ ရှိခဲ့သည်။ ထေရဝါဒဗုဒ္ဓသာသနာတော် တည်ထောင်ပြန့်ပွားလာမှုကြောင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း၌ သင်ကြားပေးသည့် ဗမာစာပေအရေးအသားကို တတ်မြောက်လာခဲ့ကြသည်။ ကျေးရွာစာရေးတို့က ပေပုရပိုက်များထွင် မှတ်တမ်းတင်ရေးသားခဲ့ကြသည်။ ထိုမှတ်တမ်းအရေးအသားများသည်ပင်လျှင် စေတုတ္တရာမြို့နယ်သားများ၏ သမိုင်းစာမျက်နှာများဖြစ်ပေတော့သည်။

ဤသို့ စေတုတ္တရာမြို့နယ်၌တွေ့ရှိရသော ပေပုရပိုက်စာများအရ စေတုတ္တရာမြို့နယ်သားများ၏ မြန်မာ့ပဒေသရာဇ်ခေတ် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို ကဏ္ဍခွဲခြားပြီး ဆက်လက်ဆွေးနွေးတင်ပြသွားမည်ဖြစ်ပါသည်။

### မြန်မာ့ပဒေသရာဇ်ခေတ်အုပ်ချုပ်ရေး ယေဘုယျအခြေအနေ

မြန်မာပဒေသရာဇ်ခေတ်အုပ်ချုပ်ရေးသည် သက်ဦးဆံပိုင် မြေရှင်ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ဖြစ်သည်။

မင်းဇေကရာဇ်သည် အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာ၊ ဥပဒေပြုရေးအာဏာတို့ကို ပိုင်ဆိုင်သည်။ ယင်းအာဏာ တို့ကို မင်းကျင့်တရားဆယ်ပါး၊ နာယကဂုဏ်ခြောက်ပါး၊ သင်္ဂဟ တရားလေးပါး၊ အဂတိတရားလေးပါးဟူသော မြန်မာ့အစဉ်အလာ များနှင့် ညှိနှိုင်းကာ သုံးစွဲဆောင်ရွက်ကြသည်။ နိုင်ငံငြိမ်ဝပ်ပိပြားရေး၊ သာသနာပြန့်ပွားရေး၊ သာယာဝပြောရေးတို့ကို ဘုရင်မင်းတို့က ဆောင်ရွက်ကြရသည်။

အုပ်ချုပ်ရေးတွင် နှစ်မျိုးခွဲခြားထားသည်။ ရာဇဌာနေ နေပြည်တော်အုပ်ချုပ်ရေးနှင့် အဝေးမြို့များ၊ ရွာများ အုပ်ချုပ်ရေး ဟူ၍ဖြစ်သည်။ နေပြည်တော်အုပ်ချုပ်ရေးတွင် လွှတ်တော်၊ ဗြဲတိုက်၊ ရှေ့ရုံး၊ နောက်ရုံး၊ တရားရုံးဟု လွှတ်ရုံးငါးရပ်ရှိသည်။ လွှတ်တော်တွင် အိမ်ရှေ့မင်း၊ ဝန်ကြီး၊ ဝန်ထောက်စသော အရာရှိများ ပါဝင်ဖွဲ့စည်းထားသော အုပ်ချုပ်ရေး၊ တရားရေးဆိုင်ရာ အမြင့်ဆုံးအဖွဲ့အစည်းများဖြစ်၍ ဗြဲတိုက်ကအတွင်းဝန်ရုံးဖြစ်သည်။ ရှေ့ရုံးသည် ရာဇဝတ်ရုံး၊ နောက်ရုံးသည် နန်းတွင်းသူနန်းတွင်းသား များ၏အရေးကိစ္စများ ဆောင်ရွက်ရ၍ တရားရုံးသည် တရားမ မှုများကို တာဝန်ယူစစ်ဆေးရသည်။

နေပြည်တော်နှင့်ဝေးသောဒေသတို့တွင် ဘုရင်ခံ၊ မြို့စား၊ စော်ဘွား၊ မြို့အုပ်၊ သူကြီး၊ ရွာအုပ်တို့ကို ခန့်ထားကာ အုပ်ချုပ်ရေး အာဏာကို ပျံ့နှံ့လွှမ်းမိုးစေသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်း မင်းတုန်းမင်းနှင့် သီပေါမင်း ကာလတွင် လွှတ်ရုံးငါးရပ်အုပ်ချုပ်ရေးစနစ် ဆက်လက်ထားရှိ သော်လည်း အနောက်နိုင်ငံများကဲ့သို့ ဝန်ကြီးမှူးမတ်တို့ အစုံအညီ



အစည်းအဝေးပြုလုပ်ညှိနှိုင်း၍ ဥပဒေများရေးဆွဲကြသည်။ ဥပဒေ အတိုင်း အုပ်ချုပ်သောစနစ်၊ ဌာနခွဲဝေအုပ်ချုပ်သောစနစ်တို့ကို ကျင့်သုံးလာသည်။ မင်းတုန်းမင်းသည် လွှတ်ရုံးငါးရပ်၏ လုပ်ငန်း တာဝန်များကို ၁၈၅၃ ခုနှစ်တွင် တိကျပြတ်သားစွာ သတ်မှတ်ပေး ခဲ့သည်။ အုပ်ချုပ်ရေးတွင် ဌာနဆယ်ခုခွဲ၍ ဝန်ကြီး၊ ဝန်ထောက် တို့က ညှိနှိုင်းဆုံးဖြတ်စေသည်။ ၁၈၅၇ ခုနှစ်တွင် မြို့စားစနစ် ဟောင်းကို ဖျက်သိမ်း၍ လစာရိက္ခာထောက်ပံ့သည့်စနစ်ကို တီထွင် သတ်မှတ်ပေးခဲ့သည်။ ဝန်ကြီးတစ်ဦး၏လစာမှာ ၁၀၀၀ ကျပ်၊ အတွင်းဝန်လစာ ၆၆၀ ကျပ်၊ ဝန်ထောက်မြို့ဝန်လစာ ၅၅၀ ကျပ်၊ တရားသူကြီးလစာ ၄၀၀ ကျပ်ဟုသတ်မှတ်ပေးခဲ့သည်။

မင်းတုန်းမင်းကြီးသည် လွှတ်တော်ဝန်ကြီးများနှင့် အမှုထမ်း ကြီးငယ်များကို တာဝန်ဝတ္တရားကျေပွန်ရေး၊ အဂတိမလိုက်စားရေး၊ လာဘ်စားမှုမပြုလုပ်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်း၍ ကြပ်မတ် ခဲ့သည်။ ကျူးလွန်သည့်ပြစ်မှုအမျိုးအစား၊ အကြိမ်အရေအတွက် အလိုက် ပြစ်ဒဏ်ပေးရသည့်ဥပဒေများကိုလည်း ထုတ်ပြန်ခဲ့သည်။

မင်းတုန်းမင်းသည် ဗဟိုအစိုးရနှင့်နယ်အရာရှိများ စနစ်တကျဆက်သွယ်နိုင်ရန် သက်ဆိုင်ရာမြို့နယ်ကိုယ်စားလှယ် အရာရှိများ သီးခြားခန့်ထားခဲ့သည်။ နန်းတွင်းသူနန်းတွင်းသားများ နှင့် မြို့နယ်အရာရှိကြီးငယ်များကို စုံစမ်းရန် အထောက်တော်စနစ် ကိုလည်း တီထွင်ခဲ့သည်။

သီပေါမင်းလက်ထက်တွင် တစ်ဆယ့်လေးဌာနခွဲဝေအုပ်ချုပ် ရေးကို ၁၈၇၈ ခုနှစ်တွင် တီထွင်ခဲ့သော်လည်း ငါးလအကြာမှာပင်

ပျက်သုဉ်းသွားခဲ့သည်။ ထို့နောက် ကိုးဌာနအုပ်ချုပ်ရေးကို တီထွင်၍ အရာရှိများအား ဌာနတစ်ခုစီအုပ်ချုပ်စေခဲ့သည်။[၁]

* * *

## စေတုတ္တရာမြို့စီရင်စုဝင်ကျေးရွာများအုပ်ချုပ်ရေး

စေတုတ္တရာမြို့သည် စလင်းမြို့၏အခွန်ဆက်သရာမြို့ဖြစ်သဖြင့် စလင်းမြို့စားတို့၏ ကွပ်ကဲအုပ်ချုပ်မှုကိုလည်းခံရသောမြို့ဖြစ်ရာ စလင်းမြို့စားအဖြစ် အောက်ပါပုဂ္ဂိုလ်တို့က ဆောင်ရွက်ခဲ့ကြပါသည်။

(၁) အလောင်းမင်းတရားကြီးလက်ထက်သားတော်လတ်-သတိုးမင်းစော
(၂) နောင်တော်မင်းတရားကြီးလက်ထက်-သတိုးမင်းစော
(၃) ဆင်ဖြူရှင်လက်ထက်သားတော်-မောင်မောင်ချောင်
(၄) စဉ့်ကူးမင်းလက်ထက်-ငင်း၏ကျွန်တော်ရင်း-ဦးဖျော်
(၅) ဘိုးတော်မင်းတရားလက်ထက်-မြောက်နန်းမတော်မိဖုရားကြီး၊
(၆) ဘကြီးတော်မင်းတရားကြီးလက်ထက်-တံတားဦးဒါယကာမောင်အို
(၇) သာယာဝတီမင်းလက်ထက်-မြောက်နန်းမတော်မိဖုရားကြီး
(၈) သာယာဝတီမင်းလက်ထက်-အလယ်နန်းမတော်မိဖုရား

၁။ မြန်မာသမိုင်း-နဝမတန်း-အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၊ ၂၀၀၂ ခု နိုဝင်ဘာလ



(၉) မင်းတုန်းမင်းတရားကြီးလက်ထက်-သမီးတော်သီရိသုမြတ်စွာဒေဝီ
(၁၀) သီပေါမင်းလက်ထက်-မယ်တော်အိမ်ဖြူစံ

* * *

ပုဂံခေတ်နရသီဟပတေ့မင်းလက်ထက် စေတုတ္တရာမြို့၏ မြို့စားအဖြစ် သီးသန့်ခန့်ထားပေးခြင်းခံခဲ့ရသူမှာ နန္ဒပကျန်ဖြစ်သည်။

ဦးစိန္တာမဏိရေးသားသော စလင်းမြို့သမိုင်းတွင် စေတုတ္တရာမြို့သည် စလင်းမြို့၏ အရံလေးမြို့စာရင်းတွင်ပါဝင်ခဲ့သည်။

ဦးကုလားရာဇဝင်ကြီးအရ အင်းဝခေတ်တွင် စေတုတ္တရာမြို့သည် (၄၀၀) ပြုမြို့ဖြစ်ခဲ့သည်။ ကုန်းဘောင်ခေတ်ဘိုးတော်မင်းတရားကြီး၏ ၄၅-၆၄ စစ်တမ်းအရ စလင်းမြို့၏ အရံငါးမြို့မှာ အောက်ပါမြို့များဖြစ်ကြောင်း သိရှိရပါသည်။

(၁) စေတုတ္တရာမြို့၊ (၂) ဘားအိုင်မြို့ (ယခုဖအိုင်းရွာ-စေတုတ္တရာမြို့နယ်)၊ (၃) ကျောက်စစ်မြို့၊ (၄) ကျပင်းမြို့ (ကျပင်းရွာ-စလင်းမြို့နယ်)၊ (၅) ဘောင်လင်းမြို့ (ဖောင်းလင်းရွာ-စလင်းမြို့နယ်)

ဦးကုလားရာဇဝင်ကြီးတွင် အင်းဝခေတ်၌ (၄၀၀) ပြုမြို့ (၂၂) မြို့၌ပါဝင်ခဲ့သည်။ ဘားအိုင်မြို့မှာ မြို့လွတ် (၁၅) မြို့တွင်ပါဝင်သည်။ စေတုတ္တရာမြို့အကျယ်မှာ တာ (၈၀၀) ရှိလာသည်ဟုသိရသည်။

စေတုတ္တရာမြို့ကို အောက်ပါသူကြီးများက အုပ်ချုပ်ခဲ့ပါသည်။
ငမျိုး (၁၀၆၃ စနေမင်း (မာန်အောင်ရတနာစေတီဒါယကာ) လက်ထက်)
ငစံဦး (၁၀၆၄ စနေမင်း (မာန်အောင်ရတနာစေတီဒါယကာ) လက်ထက်)
ချစ်သူ (၁၀၈၆) တနင်္ဂနွေမင်းလက်ထက်)
သောထွန်းစံ (၁၁၁၃ အလောင်းမင်းတရား၊ ဆင်ဖြူရှင်မင်း လက်ထက်)
ငလူ (၁၁၄၅ ဘိုးတော်မင်းတရားကြီးလက်ထက်)
ငပန်းညို (၁၁၄၅ ဘိုးတော်မင်းတရားကြီးလက်ထက်)
ငကံပေး (၁၁၄၅ ဘိုးတော်မင်းတရားကြီးလက်ထက်)
ငမိုး (ပုဂံမင်းလက်ထက်မင်းစက္ကရန်အောင်ဘွဲ့ခံ)
ငရွှေတုတ် (၁၂၁၄ ခုမှ ၁၂၁၈ ခုနှစ်အထိ မင်းတုန်းမင်း လက်ထက်)
ငထိုက် (ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလ)
ငပိုက် (၁၂၄၅-သီပေါမင်းလက်ထက်)

* * *

**ဒေသဆိုင်ရာချင်းလူမျိုးစု အုပ်ချုပ်ရေးအမှုထမ်းများ**

ဤစာရင်းများသည် ပုရပိုက်များမှ ကောက်နုတ်ချက်များ ဖြစ်ပါသည်။

စေတုတ္တရာမြို့အုပ် ငမောင်ကလေး (ဆင်ဖြူရှင်မင်း လက်ထက်)



ချင်းအုပ် သိခ်စံကျော်သူ (ဘိုးတော်ဘုရားလက်ထက် အဆောင်တော်ကိုင် ငထွန်းညိန်းဖြစ်ပါသည်။)
စေတုတ္တရာမြို့သူကြီး မင်းစက္ကရန်အောင် (ပုဂံမင်း လက်ထက်)
ဘားအိုင် (ဖအိုင်း) မြို့သူကြီး သီရိသိယ်ရန်အောင် (ပုဂံ မင်းလက်ထက်)
စလင်း ကျပင်းတောင်စဉ်အုပ် မဟာမင်းထင်မင်းခေါင် (မင်းတုန်းမင်းလက်ထက်)
စလင်း-ကျပင်း (၂) မြို့ဝန်-မဟာသမိန်လော (မင်းတုန်းမင်း လက်ထက်)
စလင်းမြို့စားကြီး မဟာသက္ကရာဇာ (မင်းတုန်းမင်းလက်ထက်)
စလင်းမြို့ဝန် မင်းမဟာမင်းလှကျော်သူ (မင်းတုန်းမင်း လက်ထက်)
စလင်း-ကျပင်း (၂) မြို့ခုံတော်မင်း-နေမျိုးရာဇစည်သူ (မင်းတုန်းမင်းလက်ထက်)
စေတုတ္တရာမြို့စာရေး-ငပု (မင်းတုန်းမင်းလက်ထက်)
ဘားအိုင်မြို့ချင်းခေါင်းငသော (မင်းတုန်းမင်း၊ သီပေါမင်း လက်ထက်)
ချင်း (၁၄) ရွာအုပ်နေမျိုးနန္ဒမိတ် (မင်းတုန်းမင်း၊ သီပေါမင်း လက်ထက်)

ဤအရာရှိများသည် စလင်း၊ စေတုတ္တရာ၊ ဘားအိုင် (ဖားအိုင်) ဒေသတို့၏ အခြေအနေများကို ဖန်တီးစီရင်ခဲ့ကြသူများ ဖြစ်ပါသည်။

* * *

## စေတုတ္တရာမြို့နယ်ရှိသူကြီးရိုးများ

သူကြီးရိုးဟူသည် အသင်းလိုက်သူကြီးအမျိုးအစားကို ဆိုလိုသည်။

စေတုတ္တရာမြို့နယ် ဟန်ဒေါက် (ဟန်တောက်) ရွာတွင် ပုရပိုက်တစ်ဆူ၌ ကုန်းဘောင်ခေတ် စေတုတ္တရာမြို့နယ်၌ရှိခဲ့သော သူကြီးရိုးများကို ရေးသားထားရာ ပုရပိုက်ပါအရေးအသားအတိုင်း အောက်တွင်ဖော်ပြထားပါသည်။

> ကောဇာသက္ကရာဇ် ၁၁၄၅ ခု ပြာသိုလဆန်း ၁၄ ရက်နေ့တွင် စလင်းမြို့ ကျေးစည်တုတ္တရာမြို့သူကြီး ငလူငံ ၅-၆၅ နှစ်ရှိသူကိုမေးရာ ထွက်ဆိုသည်၊ စည်တုတ္တရာမြို့တွင် သူကြီးတရိုး၊ ပြည်စိုးတရိုး၊ တောင်ပိုတရိုး၊ မြောက်ပိုတရိုး၊ သင်းသည်တရိုး၊ တစည်းတရိုး၊ တောင်စဉ်ခေတ်တရိုး ရှိကြောင်း ထွက်ဆိုသည်။

## တောင်စဉ်အကြီးများ

အထက်ပါပုရပိုက်စာအရ တောင်စဉ်ဆော်တရိုးဟု ပါရှိရာ ဟန်ဒေါက်ရွာ (ဟန်တောက်ရွာ) ပုရပိုက်တစ်ဆူ၌ပင် တောင်စဉ်အကြီးအကဲများကို ဖော်ပြထားပါသည်။ ပုရပိုက်ပါအရေးအသားအတိုင်း အောက်တွင်ဖော်ပြပါသည်။

ရှင်ချစ်စံ (ညောင်ရမ်းခေတ်)
ရှင်ထွန်းစံ (ညောင်ရမ်းခေတ်)
ရှင်လှဖြူ (ညောင်ရမ်းခေတ်)
မင်းစက္ကဝေသော် (၁၁၁၃ ခု ဟံသာဝတီပါမင်းလက်ထက်)
မောင်အောင်သာ (ကုန်းဘောင်ခေတ်)



မောင်စိုးတို့ဖြစ်ပါသည်။[၁] (ကုန်းဘောင်ခေတ်)

မြန်မာမင်းများအဆက်ဆက် မရင်းချင်းတို့ထုံးစံအရ ဆက်ခံကြီးစိုးခဲ့ကြသော သူကြီးများစာရင်းကိုလည်း ကျန်စိမ့်ရွာမှ ပုရပိုက်တစ်ဆူတွင် အောက်ပါအတိုင်းရေးသားထားကြောင်းတွေ့ရပါသည်။

စလင်းမြို့စီရင်စု မရင်းရွာကွဲနှီးသူကြီးရိုးငရှို၊ သားကြီးငခိုင်၊ ညီငစစ်တို့ကွဲနှီးသူကြီးအရာကို မုရင်းချင်းတို့ထုံးစံရိုးရာငခိုင်အဆက်ဘက်ကလှည့်။ ညီငစက်အဆက်ကလှည့်၊ လှည့်လည်၍ ထီးဘုရားအဆက်ဆက်က ကြီးစိုးစီရင်၍ သားမြေးစီဆက်ကွဲနှီးသူကြီးဦးရေစာရင်းဘုရား-

ငခိုင်-ကွဲနှီးသူကြီးအရာနှင့် ကြီးစိုးဆောင်ရွက်၊
ငစစ်-ငခိုင်သေမှ သူကြီးအရာနှင့် ကြီးစိုးဆောင်ရွက်၊
ငသော်-ငစစ်သေမှ သူကြီးအရာနှင့် ကြီးစိုးဆောင်ရွက်၊
ငစည်-ငသော်သေမှ သူကြီးအရာနှင့် ကြီးစိုးဆောင်ရွက်၊
ငကျမ်း-ငခိုင်မြေး၊ ငစည်သေမှ သူကြီးအရာနှင့် ကြီးစိုးဆောင်ရွက်၊
ငဝက်-ငစစ်မြေး၊ ငကျမ်းသေမှ သူကြီးအရာနှင့် ကြီးစိုးဆောင်ရွက်၊
ငစံဝေ-ငဝက်သား၊ ငဝက်သေမှ သူကြီးအရာနှင့် ကြီးစိုးဆောင်ရွက်၊
ငရုံး-ဘဒွေးငဝက်၊ ငစံဝေသေမှ သူကြီးအရာနှင့် ကြီးစိုးဆောင်ရွက်၊

---

**၁။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ**

ငသွေး-ငစစ်အဆက်၊ ငရုံးသေမှ သူကြီးအရာနှင့် ကြီးစိုးဆောင်ရွက်၊

ငသာထွေး-သူကြီးရိုးနှင့်မဆိုင်သူငကျယ်၊ ငကျော်တို့၏အဆက်အနွယ်

ငကျော်ဝေ-အစ်ကိုငသာထွေးသေမှ အလှည့်ကျကြီးစိုးသူ။

ဤသို့ သားအဖ၊ ညီ၊ မြေး မျိုးရိုးအဆက်ဆက် သူကြီးရာထူးဆက်ခံလေ့ရှိကြောင်း တွေ့ရပါသည်။

* * *

ကုန်းဘောင်ဆင်ဖြူရှင်မင်းလက်ထက် စေတုတ္တရာမြို့နယ်ရှိ မရင်းချင်းလူမျိုးစုကျေးရွာများစာရင်း (ပုရပိုက်ပါအရေးအသားအတိုင်း) ရေးပြထားပါသည်။ ပုရပိုက်များမှ ကောက်နုတ်ချက်များဖြစ်ပါသည်။

ကျန်စိမ့်ရွာ၊ ခွေးစုတ်ရွာ၊ ဖြစ်ခါးရွာ၊ ခိုင်ရွာ၊ တည်စုတ်ရွာ၊ မြစ်ကျဉ်းရွာ၊ မင်းကျွယ်ရွာ၊ လက်ဖွေ့ဆိုင်ရွာ၊ သရက်ကျင်းရွာ၊ မိုးကြိုးပစ်ရွာ၊ အုံးဝါးရွာ၊ ပေါင်ချောင်ရွာ၊ ရှိန်ရွာ၊ ဘုမ္မကြည်ရွာ၊ ကံဇင်းရွာ၊ ဆုံပို့ရွာ၊ ပြင်းစုတ်ရွာ၊ နရွဲရွာ၊ ရေသောင်ရွာ၊ ဘားဘိုင်ရွာ၊ အိုင်ပုံရွာ၊ တိုက်မရွာ၊ ပင်းမရွာ၊ မြောက်မွဲရွာ၊ ညောင်ပင်ကျင်းရွာ၊ တောင်မုရွာ၊ ကျောက်ကွဲရွာ၊ ခွေးတော်ရွာ၊ နန်ကြူရွာ၊ ကျောက်အုပ်ရွာ၊ တီဖျားရွာ၊ ကော်ကွေးရွာ၊ ပင်စည်ရွာ၊ စွယ်အင်းရွာ၊ သရက်အင်းရွာ၊ ကျော်ကွဲရွာ၊ ကံတိုင်ရွာ၊ ကျွဲဦးရွာ၊ ကျော်တမ်းရွာ၊ ရှော်ခြောင်ရွာဟူ၍ တွေ့ရပါသည်။ ယခုအခါ အချို့ရွာများမရှိတော့ပါ။

* * *



ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းတရားလက်ထက် စလင်းမြို့စီရင်စု တောင်စဉ်ခေါးလက်အောက်ရှိ ဗမာချင်းကျေးရွာများ အမည်ရေးသားထားသည့် ပုရပိုက်တစ်ဆူကို နန်ကြူရွာ၌ တွေ့ရှိရသည်။ ပုရပိုက်ပါအရေးအသားအတိုင်း အောက်တွင် ဖော်ပြထားပါသည်။

၁၁၃၆ ခု မင်းစက္ကရာဇ်စီရင်စုကျေးရွာများစာရင်း

စည်တုတ္တရာမြို့ ကျွန်ရွာ၊ ငမရွာ၊ မထိန်းရွာ၊ ခေါ်ရွာ၊ စမွယ်ကြီးရွာ၊ မကျည်းရွာ၊ ဘူးရွာ၊ တန်ပွင်ရွာ၊ ဒွေးရွာ၊ ချီရွာ၊ လုန်းပေါ်ရွာ၊ တောင်တီးရွာ၊ အယဉ်ရွာ၊ ဟံတော်ကြီး ရွာ၊ ဟံတော်ငယ်ရွာ၊ လဲဖျားရွာ၊ မထုန်ရွာ၊ မရိုးရွာ၊ သံလောင်ရွာ၊ ကျော်ဘူးရွာ၊ ဂုင်းထိန်းကျောင်းခံ ဖူးရွာ၊ သံနောက်ရွာ၊ ကွန်သီးရွာ၊ ပါရွာ၊ တောင်လောင်ရွာ၊ ကျောင်ရွာ၊ ကျန်စောရွာ၊ သောင်လှရွာ၊ ငတောင်ရွာ၊ စိုင်းလိုင်းရွာ၊ သိုးနိန်ရွာ၊ ထိုးပြင်ရွာ၊ ငလဲရွာ၊ ကုန်းတလားရွာ၊ မြောင်းဦးရွာ၊ အောင်းရွာ၊ ထင်ပိုင်းရွာ၊ ရှယ်တောင်ရွာ၊ ငပိုက်ရွာ၊ ငတ်ကြီးရွာ၊ ပွန်တော်ရွာ၊ စယ်မယ်ရွာ၊ မုံညင်းရွာ၊ ကျစ်စောရွာ၊ ဖိုးရွာ၊ စီစောရွာ၊ ရွှေတောရွာ၊ ရွှေတောအနိမ့်ရွာ၊ တန်လှိုရွာ၊ ခါလှိုရွာ၊ သစ်လှိုးရွာ၊ ကျစ်ရွာ၊ ကန်ရွာ၊ နှောင်ရွာ၊ အောင်ဆိပ်ရွာ၊ ပွန်ဆိပ်ရွာ၊ တင်ထူးရွာ၊ ငပတော်ရွာ၊ ယဉ်တောရွာ၊ ကစောရွာ၊ ရှဉ်လှိုရွာ၊ ဘားအိုင်မြို့၊ ဂုင်းပြည်စိုးတိန်နက်၊ ကျောက်ပုံရွာ၊ ကောင်းချည်ရွာ၊ ပရယ်စောရွာ၊ ရှန်ရွာ၊ ဆင်လှဲရွာ၊ စန်းစင်ရွာ၊ တိန်တက်ရွာ၊ ချဉ်ပေါက်ရွာ၊ လက်ပံနွယ်ရွာ၊ ချောင်းပေါက်ရွာ၊ မှိုင်ရွာ၊ လက်ျာရွာတို့ဖြစ်ပါသည်။

ဤရွာစာရင်းကိုကြည့်လျှင် စေတုတ္တရာမြို့နယ်၌ရှိသော အုပ္ပျူးချင်း (ချင်းပုံ) ရွာများ၊ မရင်းချင်းရွာများ၊ မင်းကျချင်းရွာများနှင့် ဗမာရွာများပါ ရောနှောရေးသားထားကြောင်း တွေ့ရပေသည်။

လက်ဘွေ့ဆိုင်ရွာတည်သက္ကရာဇ်ကိုလည်း လက်ဖွဲ့ဆိုင်ရွာမှ ပုရပိုက်တစ်ဆူပါ အရေးအသားအရ အောက်ပါအတိုင်းတွေ့ရပါသည်။

သာသနာတော်နှစ် ၂၃၀၂ ခု၊ ကောဇာနှစ် ၁၁၂၁၊ ဒီယ ၃၁၃၊ ၇၁၁ တပေါင်းလဆန်းသုမ်းရက် ၅ နေ့ နေဝင်ချိန်မုရင်းရွာ လက်ဘွေ့ဆိုင်ကို ဇီးတောရံ၌တည်သည်. . ဟူ၍ဖြစ်ပါသည်။

*   *   *

ကုန်းဘောင်ခေတ် စဉ့်ကူးမင်းလက်ထက် နန်ကြူရွာအိမ်ခြေ စာရင်းကိုလည်း နန်ကြူရွာပုရပိုက်တစ်ဆူ၌ တွေ့ရသည်။ ယင်း ပုရပိုက်ပါအရေးအသားအတိုင်း အောက်တွင်ဖော်ပြထားပါသည်။

| | | |
|---|---|---|
| ငရွှေ | = | သူကြီးအရာခံ |
| ငတင် | = | လံမရွှံ့အရာခံ |
| ငဝက် | = | ကွံ့နှီးအရာခံ |
| ငဦး | = | ကျော်တကာအရာခံ |
| ငကျယ် | = | ပြည်စိုးအရာခံ |
| ငစံငုံ | = | ငတင်သား |
| ငစံဦး | = | ရွာနေအရူး |
| မိစံပွယ် | = | ရွာနေမုဆိုးမ |
| ငနိုင် | = | ရွာနေရှူနာသယ် |
| ငချစ် | = | ကွံ့နှီးငဝက်ကျွံ |



| | | |
|---|---|---|
| ငခိုင် | = | ရွာနေအိုမစွမ်း |
| ငဘော် | = | သူကြီးငရွှေကျွံ |
| ငစစ် | = | ရွာနေရှူနာသယ် |
| ငအောင် | = | ရွာနေပြည်စိုးကျွံ |
| ငဘော် | = | ရွာနေငစံငုံကျွံ |
| ငကျော်စံ | = | ရွာနေကြေးတန်းရ |
| ငယွန် | = | ရွာနေကြေးတန်းရ |
| ငကိုး | = | ရွာနေအိုမစွမ်း |
| ငချိုကြီး | = | ရွာနေကြေးတန်းရ |
| ငစံလှ | = | ငတုတ်လှကျွံ |
| မိယုံပါ | = | မုဆိုးမ |
| ငပြဉ်ဝ | = | ရွာနေအိုမစွမ်း[၁] |
| ကြေးတန်းရ | = | အခွန်တော်ကောက်ခံပေးရသူ |
| ရှူနာသယ် | = | ရှူနာရှိုက်ကုန်း အမောရောဂါသည် |

ဤရွာတွင် အိမ်ခြေ (၂၂) အိမ်ရှိသည့်အနက် အရာခံ ငါးဦး၊ မုဆိုးမ နှစ်ဦး၊ အရူး တစ်ဦး၊ ရှူနာသယ် နှစ်ဦး၊ အိုမစွမ်း သုံးဦး၊ ကြေးတန်း သုံးဦး၊ ကျွန် ငါးဦး၊ ရိုးရိုးရွာသား တစ်ဦးရှိကြောင်း တွေ့ရပါသည်။

---

၁။ **ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ**

## စလင်းမြို့နယ်၌ရှိသော မုရင်းချင်းသုံးရွာ

စေတုတ္တရာမြို့နယ် ထီးချောင်းနယ်မြေမြောက်ပိုင်းတွင် မရင်းရွာများရှိသကဲ့သို့ စလင်းမြို့နယ်၌လည်း မရင်းရိုးရာ ကျင့်သုံးသော ရွာသုံးရွာရှိခဲ့ကြောင်း ပုရပိုက်တစ်ဆူတွင်တွေ့ရပါသည်။ မူရင်းအရေးအသားအတိုင်း အောက်တွင်ဖော်ပြထားပါသည်။

ကောဇာသက္ကရာဇ် ၁၂၁၆ ခု ကဆုန်လပြည့်ကျော် (၂) ရက်နေ့ စလင်းမြို့သူကြီး မဟာသမန်းကျော်၊ ချက်၊ စလင်းမြို့မှာ မုရင်းတရွာ၊ မင်းလျှင်တရွာ၊ သဲတရွာ၊ ချင်းသုံးရပ်ရှိပါသည်။ မြမ္မာသူကြီးကဲ့သို့ တံဆိပ်ရသူကြီးမရှိပါ။ မင်းလျှင်ရွာမှာ အရာရှိခြောက်ဦး၊ မုရင်းရွာမှာ အရာရှိလေးဦး၊ သဲရွာမှာ အရာရှိလေးဦး၊ ချင်းတို့ဘာသာ ကိုယ့်သွေးသောက် ကိုယ့်သင်းနှင့်အသီးသီး လယ်ယာမြေများကို လုပ်ဆောင်ကြ၍ မင်းမှုတော်ကျရောက်လျှင် ကိုယ့်သင်းနှင့် ကိုယ်အကူးအသန်းမရှိ ဆောင်ရွက်နေထိုင်ကြပါသည်။ မြမ္မာရွာကဲ့သို့ တရွာကသည်တရွာ၊ တမြေကသည် တမြေ ကူးပြောင်းရသည်မဟုတ်ပါ။ မုရင်းရွာမူ ၁၂၀ ထမ်းရသည်ကို ကျေးရွာမဝတ်ရှိလျှင် ထမ်းခြေဖျက်မည်ရှိပါသည်။ . . ဟူ၍ဖြစ်ပါသည်။

စလင်းမြို့နယ်၌ မုရင်းရိုးရာအတိုင်း ကျင့်သုံးနေထိုင်သော မရင်းချင်းရွာ သုံးရွာရှိကြောင်း၊ ရွာအသီးသီး၌ အရာရှိများခန့်ထားကြောင်း၊ မိမိရိုးရာအရ မင်းမှုကိစ္စကိုဆောင်ရွက်ကာ ထမ်းဆောင်ရသော အခွန်ခမှာ ၁၂၀ ရှိကြောင်း၊ တာဝန်ကျေပွန်အောင် မထမ်းဆောင်နိုင်လျှင် ရွာကိုဖျက်ဆီးခံရဖွယ်ရှိကြောင်း ရေးသားထားသည်ကို တွေ့ရပါသည်။

* * *



စလင်းမြို့နယ်ရှိ မုရင်းရွာများကဲ့သို့ စည်တုတ္တရာရှိ မရင်းချင်းများကလည်း အသင်းမျိုးရိုးအလိုက် ကျင့်သုံးဆောင်ရွက်ရပုံကို ကျန်စိမ့်ရွာမှ ပုရပိုက်တစ်ဆူတွင် တွေ့ရှိရပါသည်။ မူရင်းအရေးအသားအတိုင်း အောက်တွင်ဖော်ပြထားပါသည်။

၁၂၁၆ ခု ကဆုံပြွည့်ကျော် ၁၃ ရက်နေ့ သဲရွာ ချမ်းသာကြီးအရာခံငမြတ်လှ၊ ချမ်းသာသူကြီးငမြတ်စံ၊ အချုပ်သူကြီးငချစ်တို့ကိုမေးသော်။ ချက်။ ကိုယ်သင်းသားနှင့် ကိုယ်မကူးမပြောင်းရ။ မင်းမှုတော်ကျရောက်လျှင် ကိုယ့်သင်းသားနှင့်ကိုယ် ခွဲခန့်၍ သင့်ရာယုံကြည်သူ သူကြီးတို့ ဆောင်ရွက်ကြပါသည်။ ကပွါးလူတို့မှာ ပျော်ရာ ကူးပြောင်းထမ်းရွက်ကြပါသည်။ မရင်းဆွေမျိုးသင်းသားတို့မှာ မကူးမပြောင်းရပါ။ ချင်းတို့ထုံးစံရှိပါသည်။ သဲရွာအချုပ်သူကြီးငချစ်၊ သဲရွာချမ်းသာသူကြီး အရာခံငမြတ်လှ၊ ချမ်းသာသူကြီးငမြတ်စံတို့ ထွက်ဆိုသည်။ ကျွန်တော်တို့ ထွက်ဆိုသည့်အတိုင်း မမှန်လျှင် အပြစ်ထိုက်ရာခံပါသည်၊ × × ×ဟူ၍ ရေးသားထားပါသည်။

ကပွါး = တစ်ရပ်တစ်ကျေးမှ လာရောက်နေထိုင်သူ

## မုရင်းနှင့်ကပွါးကွဲပြားခြားနားပုံ

မရင်းနှင့်ကပွါးကွဲပြားခြားပုံကို ရေးသားထားသော ပုရပိုက်စာတစ်ဆူကို ကျန်စိမ့်ရွာ၌တွေ့ရပြီး မူရင်းအရေးအသားအတိုင်း အောက်တွင်ဖော်ပြပါသည်။

၁၂၁၇ ခု နယုန်လအတွင်း ကွံးနှိုးငလှုထွန်း၊ ငမှတ်၊ ငသာတောတို့က ကပွါးခေါင်းတို့ကို စိုက်ထုတ်ရမည်ဟုတောင်းရာ ကျောက်အုပ်ခေါင်းငညှာစိုက် ၅၊ တောစုခေါင်းငကွန်စိုက်ရိ၊ ရှိန်ခေါင်းငညှာစိုက်ငွေ ၅၊ ညောင်ပင်ရွာခေါင်းငပေခွေ့စိုက်ငွေ ၆၊ နန်ကြုုငကြာစိုက်ငွေ ၁၀၊ စာဖျာခေါင်းငဘော်စိုက်ငွေ ၄၊ ကန်တိုင်ခေါင်းငသာစိုက်ငွေ ၁၂၊ ဘုမ္မကျယ်ခေါင်းငဦးစိုက်ငွေ ၅၊ ဝက်ချံခေါင်းငရွှေမြတ်စိုက်ငွေ ၁၅၊ စုစုပေါင်း ကပွါးခေါင်းတို့ စိုက်ထုတ်ရသည့်ငွေ ၃၀/ ကဲ ၇၅ ဟူ၍တွေ့ရပါသည်။

ဤရွာများထဲမှ ကျောက်အုပ်နှင့်ကံဇင်းတို့မှာ အုပ္ပူးချင်းရွာများဖြစ်ပါသည်။

* * *

## မရင်းချင်းများအမည်မှည့်ကြပုံ

ကျန်စိမ့်ရွာ၌တွေ့ရသော ပုရပိုက်တစ်ဆူတွင် မရင်းချင်းများ အမည်မှည့်ခေါ်ကြပုံကို ရေးသားထားပါသည်။ ၎င်းပုရပိုက်မှာ ဆွေးမြည့်နေ၍ ဖတ်မရပါ။ ဖတ်ရသမျှကို မူရင်းအရေးအသား အတိုင်း အောက်တွင်ဖော်ပြထားပါသည်။

ငကော်စံ၊ ကွျန်ငခွေ၊ ကွျန်ငညို၊ ကွျန်ငအင်္ဂါ၊ ငမူတ်၊ ငအူ၊ ကွျန်ငမြတ်၊ ကွျန်ငငုံ၊ ငအိပ်ကပ်၊ ငပသီး၊ ငဖုံကြီး၊ ငဖုံငယ်၊ ငမိလပ်၊ ဆရာငမူတ်၊ ငသာကောင်၊ ငချင်ပုတ်၊ ငထွေမျက်ဆံ၊ ငရှည်တုံ၊ ကွံးနှိုးငရုံ၊ သားငစက်ဆုတ်၊ ပြည်စိုးငကျော်[၁] . . ဤမျှသာဖတ်ရ

---

**၁။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ**



ပါသည်။ အချို့နေရာများတွင် ကွျန်ကိုကွံ့ဟု ရေးသားကြသည်။ ယခုပုရပိုက်တွင် ကွျန်ဟူ၍ရေးသားသည်ကို တွေ့ရပေသည်။

ဤအပိုင်းအထိ ပုရပိုက်အဆူဆူတွင်တွေ့ရသမျှ မြို့စား၊ မြို့သူကြီး၊ ရွာသူကြီးတို့ခန့်ထားပုံ၊ ရွာတည်ပုံ၊ အိမ်ခြေဦးရေ၊ မူရင်းနှင့်ကပွါးတို့ခြားနားပုံ၊ စလင်းမြို့နယ်၌လည်း မရင်းသုံးရွာရှိပုံ၊ မရင်းချင်းများအမည်မှည့်ကြပုံတို့ကို တင်ပြခဲ့ပြီးဖြစ်သည်။

* * *

ယခုဆက်လက်၍ ပုရပိုက်စာတွေ့ရှိချက်အရ အောက်ပါ တို့ကို တင်ပြပါမည်။

(၁) မြန်မာဘုရင်များလက်ထက် အမဲဆင်ကုန်းစားသူကြီး ကို စေတုတ္တရာမြို့နယ်၌ ခန့်ထားဖူးခြင်းမရှိကြောင်း ဖော်ပြသည့် ပုရပိုက်စာ (၁၁၃၆)
(၂) ဘိုးတော်မင်းတရားကြီးလက်ထက် ချင်းအမျိုးသားများ ကို လက်နက်ကိုင်အဖြစ် မဆင့်ခေါ်ရန် ထုတ်ပြန် သောအမိန့် ပုရပိုက်စာ (၁၁၄၈)
(၃) ချင်းအုပ်ခန့်အမိန့်တော် (၁၁၅၇)
(၄) အခွန်ထမ်းချင်းလူမျိုးများကို မင်းမှုထမ်းလွတ်ငြိမ်းခွင့် ပြုသည့်အမိန့်တော် ပုရပိုက်စာ (၁၁၅၈)
(၅) အခွန်ထမ်းချင်းလူမျိုးများ လက်နက်ကိုင်ဘဝမှ လွတ်ကင်းခွင့်အမိန့် ပုရပိုက်စာ (၁၁၆၇)
(၆) ရွာအုပ်ခန့်အမိန့်တော် (၁၁၇၉)
(၇) ရွာအုပ်မခန့်ရန်ကြိုးပမ်းပုံ ပုရပိုက်စာ (၁၁၈၅)

* * *

**အမဲဆင်ကုန်းစားသူကြီးခန့်ထားရေး**

မရင်းရွာသူကြီးနှင့် ပြည်စိုးငကျယ်က အမဲဆင်ကုန်းစား သူကြီးခန့်ထားပေးရန် လျှောက်ထားကြသည်။ အမဲဆင်ကုန်းစား ဟူသည် ချင်းသူကြီးတို့၏ ရှေးအကျဆုံးရာထူးအခွင့်အရေးတစ်ရပ် ဖြစ်သည်။ သား၊ ငါး၊ အမဲ၊ ဆင်စွယ်၊ ဆင်သားများအတွက် အုပ်ချုပ် ရသောနယ်မြေအတွင်း ခိုင်နှုန်းကောက်ရသည့်ရာထူးဖြစ်သည်။ စလင်းမြို့စားရန်ငူသီရိနော်ရထာက စလင်းမြို့သူကြီး မဟာသမန်း ကိုမေးသည့်မေးခွန်းအတွက် မဟာသမန်းက ဖြေကြားချက် ဖြစ်သည်။

နန်ကြူရွာမှာတွေ့ရသည့်ပုရပိုက်စာတွင် ဖော်ပြချက် ဖြစ်သည်။ ပုရပိုက်ပါမူရင်းအရေးအသားအတိုင်း ဖော်ပြပါသည်။

သက္ကရာဇ် ၁၁၃၆ ခု ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့တွင် မဟာသမန်းအသက် ၄၀ ကျော်သူကိုမေးသော် ကျွန်တော်စီရင်စု ဘားအိုင်မြို့ ချင်းရွာများ၌ သူကြီးပြည်စိုးရိုးရာအဆက်အနွယ် ပြတ်လပ်လျှင် ရပ်ရွာသားတို့အမှုကို ဆောင်ရွက်အုပ်ချုပ်နိုင်မည့် သူကို ရွေးချယ်၍ ကျွန်တော်တို့ခန့်ထားနိုင်ပါသည်။ အမဲဆင်ကုန်း စားမှာ ကျွန်တော်တို့ဘိုးဘစီရင်ထုံးမိတ်ကို ကျွန်တော် ငယ်ရွယ် စဉ်က မြို့ရွာပျက်ပြားသည်ဖြစ်၍ မကြားဘူးပါ။ ကျွန်တော် လက်ထက်တွင်လည်း အစီရင်ခံသူမရှိပါ။ မြို့စားအရှင်သခင်မှာ အစိုးရသည့် အရှင်ဖြစ်ပါသည်။ အထူးမလျှောက်ဝံ့ပါဟု ထွက်ဆိုသည်။

ဆိုလိုသည်မှာ အမဲဆင်ကုန်းစားသူကြီးမှာ ခန့်ထားဖူးခြင်း မရှိကြောင်း လျှောက်ထားခြင်းဖြစ်သည်။

* * *



ဘိုးတော်မင်းတရားကြီးလက်ထက် မြောက်နန်းမတော်အရှင် မိဖုရားကြီးက စလင်းစီရင်စုနေ ချင်းလူမျိုးများကို စစ်လက်နက် ကိုင် မင်းမှုထမ်းအဖြစ် မဆင့်ခေါ်ရန် အမိန့်တော်ထုတ်ပြန်ခဲ့သည်။

ဤတွင် မြောက်နန်းမတော်အရှင် မိဖုရားကြီးအကြောင်း ဦးစွာမိတ်ဆက်ပေးလိုပါသည်။ ၎င်းမိဖုရားကြီး၏ငယ်မည်မှာ မယ်လွန်းသူဖြစ်သည်။ သပွတ်တောကြေးကိုင်မောင်မြတ်ထွန်းနှင့် လွဲပါရွာသူရှင်မေရုံတို့၏ သမီးတော်ဖြစ်သည်။ ၁၁၀၇ ခုနှစ်တွင် မွေးဖွားသည်။ အိမ်တော်စံစဉ်မြောက်ဆောင်မှာ စံရ၍ မြောက်နန်း မိဖုရားဟုခေါ်ကြသည်။ အထွတ်အထိပ်သို့ရောက်သော် မြောက်နန်းစံ ရသည်။ ဘိုးတော်ဘုရားက နိဗ္ဗန္ဓပစ္စယနာဂရာဇာဆင်တော်ကို ပေးသနားလျက် စလင်းမြို့စားအဖြစ်ခန့်တော်မူသည်။ မဟာမုနိ အရှေ့မင်္ဂလာဘုံကျော်ကျောင်းတော်ဒါယကာအဖြစ် ထင်ရှားသည်။ ၁၁၆၈ ခု ပြာသိုလအတွင်း ကံကုန်သည်။

ပုရပိုက်စာပါအရေးအသားမှာ အောက်ပါအတိုင်းဖြစ်သည်။

မြောက်နန်းမတော်အရှေ့မိဖုရားအမိန့်တော်အရ လွှတ်တော်စာဘုရား၊

စလင်းမြို့အစီအရင် စလင်းမြို့နယ် ၄ ရပ်အတွင်း နေထိုင်သူ ချင်းတို့မှာ တောင်သူတောင်လာဖြစ်၍ မြမှာ ကျွန်တော်မျိုးသည် တိုင်စာရင်းတော်ဘက်စပ်ပါဝင်သည် မဟုတ်၊ မြို့သူကြီးစက်လက်ကိုင်ပေးကောင်းသည် တောင်းဆိုရှိကြောင်းနှင့် ရှိခိုးသံတော်ဦးတင်လျှင် ချင်းသူကြီး တို့ ရှိခိုးသံတော်ဦးတင်ချက်အတိုင်း စလင်းမြို့သူကြီးက

ချင်းတို့မှာ တိုင်ဘက်စပ်ရာပါသည်မဟုတ်၊ မတောင်းမခံစေနှင့်၊ ချင်းသူကြီးတို့က အသုံးတော်ကိုခံစေ၊ သက္ကရာဇ် ၁၁၄၈ ခု နယုန်လပြည့်ကျော် ၁၂ ရက်နေ့ အရှင်မိဖုရားအမိန့်တော်ကို ဦးထိပ်ထက်တင်ရွက်ရသည့်အတိုင်း စလင်းမြို့နယ် ၄ ရပ်အတွင်းနေထိုင်သည့် ချင်းတောင်သူတောင်လာတို့ စလင်းမြို့သူကြီးက စက်လှန်ကိုင်မှစ၍ မင်းမှုမင်းခင်းမခန့်မထားစေနှင့်၊ အုပ်ချုပ်၍ ချင်းတို့ကအသီးအခြား အရှင်မိဖုရားအသုံးတော်ကိုခံ၍ ငြိမ်ဝပ်စွာထမ်းရွက်စေ၊

ဝန်ရှင်တော်ကြီး၊ ဝန်မင်းကြီးများစာ၊

ဟူ၍တွေ့ရပေသည်။ လက်နက်ကိုလှန်ကိုလှန်ဟုရေးသားထားကြောင်း တွေ့ရသည်။ ယင်းစာပါ ပုရပိုက်ကို ပေါင်ချောင်ရွာမှ တွေ့ရခြင်းဖြစ်သည်။

* * *

## ချင်းအုပ်ခန့်အမိန့်တော်
## (၁၁၅၇ ခု တန်ဆောင်မုန်းလဆုတ် ၃ ရက်)

စလင်းမြို့စီရင်စု စည်တုတ္တရာမြို့နယ်ရှိ ချင်းလူမျိုးစုကျေးရွာများတွင် အိမ်ခြေလူဦးရေ ကြေးခွဲငွေခံမင်းမှုမင်းခင်းတရားစီရင်ရန်ကိစ္စများကို ချင်းအုပ်ကသာ ဆောင်ရွက်ရန်နှင့် အဆောင်တော်ကိုင်ငထွန်းညိန်းကို သိခ်ကျော်သူဘွဲ့အပ်နှင်း၍ ချင်းအုပ်ခန့်ထားကြောင်း၊ စလင်းမြို့စား မြောက်နန်းမတော်အရှင် မိဖုရားကြီး၏အကြီးတော်မင်းစာဖြစ်သည်။ ၎င်းအမိန့်စာကို ကျန်စိမ့်ရွာမှ



ပုရပိုက်တစ်ဆူတွင် တွေ့ရခြင်းဖြစ်သည်။ အောက်တွင် မူရင်းအရေးအသားအတိုင်းဖော်ပြပါသည်။

စလင်းမြို့အုပ်မြို့သူကြီး စာရေးတို့ ချင်းစုရပ်ကျွန်တော်မျိုးတို့မှာ အိမ်မြေဦးရေ ကြေးခွဲကြေးခံ မင်းမှုမင်းခင်းတရားစစ်ကြောစီရင်ရန်ရှိသမျှတို့ကို မြို့နှင့်သီးခြားကွဲပြား၍ချင်းအုပ်ခန့်ထားစီရင်စေ ဘုရားအမိန့်တော်ကို ဦးထိပ်ထက်ဆင်ရွက်ရသည်၊ သဲမင်းလျှင် မရင်းမြို့မပတ်လည်ချင်းကျွန်တော်မျိုးတို့မှာ အိမ်ခြေဦးရေ ကြေးခွဲငွေခံ မင်းမှုမင်းခင်းတရားစကားစီရင်ရန်ရှိသမျှကို မြို့အုပ်မြို့သူကြီးစာရေးတို့က မခန့်ထားစီရင်ရန်ရှိသမျှကို မြို့အုပ်မြို့သူကြီးစာရေးတို့က မခန့်ထားစီရင်ရန်ရှိသမျှကို မြို့အုပ်မြို့သူကြီးစာရေးတို့က မခန့်ထားမစီရင်ရန်ရှိသမျှကို မြို့အုပ်မြို့သူကြီးစာရေးတို့က မစီရင်မခန့်ထားစေနှင့်၊ အဆောင်တော်ကိုင်သိခ်ကျော်သူကို ထာဝစဉ်ချင်းအုပ်ခန့်ထားစီရင်စေ၊ ၁၁၅၇ ခု သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့ အရှင်မိဖုရားအမိန့်တော်ကို ဦးထိပ်ထက်ဆင်ရွက်ရသည်အတိုင်း၊ သဲမုရင်းမင်းလျှင်မြို့မပတ်လည် ချင်းကျွန်တော်မျိုးတို့တွင် အိမ်ခြေဦးရေကြေးခွဲငွေခံမင်းမှုမင်းခင်းတရားစီရင်ရာ၌ ရှိသမျှအဆောင်တော် ကိုင်သခ်ကျော်သူကို ချင်းအုပ်ခန့်ထားစီရင်စေသည်၊ ချင်းအုပ်သိခ်သူလည်း သဲမုရင်းမင်းလျှင် မြို့မပတ်လည်ချင်းကျွန်တော်မျိုးတို့တွင် အိမ်ခြေဦးရေကြေးခွဲကြေးခံတရားစကား စီးပွားဘဏ္ဍာအရာတော်စစ်ကြော စီရင်ရန်ရှိသည်ကို

စေ့ကုန်စင်အောင် စစ်ကြောစီရင်ရသည့် အိမ်ခြေဦးရေ
စာရင်းများကို စာရင်းကျယ်စာရင်းချုပ်နှင့် ဝန်ထောက်
အိမ်မှာ ဆက်သွင်းရမည်၊[၁] . . . ဟူ၍ဖြစ်သည်။

**မြောက်နန်းမတော်အရှင်မိဖုရားအကြီးတော်စာရေး၏ မင်းမှု မင်းခင်းမခန့်မထား၊ သုံးနှစ်သုံးသီး လွတ်ငြိမ်းစေအမိန့်တော် (၁၁၅၈ ခု)**

ကုန်းဘောင်ခေတ်ဆင်ဖြူရှင်မင်းတရားလက်ထက်တွင် တရုတ်၊ ယိုးဒယားနိုင်ငံတို့နှင့် စစ်မက်ဖြစ်ပွားမှုများရှိခဲ့ရာ ပြည်သူတို့မှာ စီးပွားဥစ္စာလူမှုဝန်းရပ် နိမ့်ကျလာမှုကြောင့် ချင်းလူမျိုးစုတို့အား မင်းမှုမင်းခင်းမခန့်ထားရန် စလင်းမြို့စားမြောက်နန်းမတော်မိဖုရားအကြီးတော်စာရေးက ထုတ်ပြန်သည့်အမိန့်စာဖြစ်သည်။ ကျန်စိမ့်ရွာမှ ပုရပိုက်တစ်ဆူတွင် တွေ့ရ၍ မူရင်းအရေးအသားအတိုင်း ဖော်ပြထားပါသည်။

စလင်းမြို့အုပ် မြို့စာရေး ချင်းအုပ် ချင်းစာရေး ချင်းခေါင်း
အကြီးတို့ . . .

ကွမ်းနှိုင်ရွှေထွန်းဘုရားနောင်တော် ဆင်ဖြူရှင်မင်းတရား
ဘုရားရွှေလက်ထက်တော် မုရင်းရွာသည် ငယ်သားတို့
တစ်ရပ်တစ်ကြေး တစ်မြို့တစ်ရွာသို့ပြေး ရှိနေသူတို့ကို
စီးပွားတော်ဖြစ်အောင် ခေါ်သွင်းပြုစုပါသည်၊ ကျွန်တော်
ခေါ်သွင်းပြုစုသည့်လူတို့ကို မင်းမှုမင်းခင်းမခန့်မထားသာ

---

၁။ **ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ**



သုံးနှစ်သုံးသီးလွတ်ငြိမ်းပါစေရမည့်အကြောင်း အစီရင်
ခံသည့်အတိုင်း ငရွှေထွန်းခေါ်သွင်းပြုစုသည့်လူတို့ကို
မုရင်းရွာသူကြီးတို့က မင်းမှုမင်းခင်းမခန့်ထားသာသည်နှင့်
သုံးနှစ်သုံးသီးလွတ်စေရမည်၊ . . .

မြောက်နန်းမတော်အရှင်မိဖုရား
အကြီးတော်စာရေး
၁၁၅၈ ခု ကဆုန်လဆန်း ၇ ရက်

ဟူ၍ဖြစ်ပါသည်။ စစ်ဘေးဒုက္ခကြုံရစဉ် ချင်းပြည်သူတို့ကို အုပ်စိုးသူမင်းများက သနားငဲ့ညှာပုံကို ဖော်ပြထားသော ပုရပိုက်စာဖြစ်ကြောင်း တွေ့ရပါသည်။

* * *

အခွန်ထမ်းချင်းလူများကို စစ်လက်နက်ကိုင်မှုထမ်းဘဝမှ
လွတ်ငြိမ်းခွင့်မြောက်နန်းမတော်အရှင်မိဖုရားအကြီးတော်
မင်းစာ (၁၁၆၇)

ဤပုရပိုက်စာကို တပွင်ရွာမှာတွေ့ရပြီး မူရင်းအရေးအသားအတိုင်း အောက်တွင်ဖော်ပြထားပါသည်။

မြောက်နန်းမတော်အရှင်မိဖုရားအကြီးတော်ပေးစာ
ဘုရား၊

စလင်းမြို့သူကြီး ခေါင်းအကြီးတို့ စလင်းမြို့ ကျေး
တောင်စဉ်ကြေးသူကြီးတို့နှင့် သဲမုရင်းမင်းလျှင်ရွာ အခွန်
တော်ချင်းသူကြီးတို့၊ ကျွန်တော်တို့သည် တောင်သူတောင်လာ
ဖြစ်၍ ရွှေထီးရွှေနန်းအဆက်ဆက်တိုင်ကြေး၊ တိုင်ငွေ
စစ်လွှက်ကိုင်တိုင်သူရင်း မင်းမှုတော်ကို မပေးရ၊ တနှစ်

တကြိမ် အခွန်တော်ကိုသာ ဆက်သထမ်းရွက်မြဲအညီ ထမ်းရွက်ပါမည့်အကြောင်းနှင့် လျှောက်ထားသောကြောင့် မှန်မမှန် စလင်းမြို့ မဟာသမန်းတို့ စစ်မေးရာ၊ မဟာသမန်း ထွက်ဆိုချက်နှင့် ရွှေလွှတ်တော်က အခွန်တော်အပ်ပေး၍ လွတ်ငြိမ်းရှိပါသည်ကို မတည်ရပါ၊ ယိုးဒယားမြို့သို့ အသိမ်း အယူခန့်ထားသည်၊ လှ်က်ကိုင်စားသုံးရန်ငွေ ၁၀၀ ကျော်၊ လူ ၅၀ ကျော်နှင့် နှစ်စဉ်တောင်းယူပါသည်၊ နောက်လည်း လှ်က်ကိုင်လူပေးရမည် တောင်းတုန်းရှိခဲ့ရသည်အကြောင်း နှင့် ရွှေလက်တော်မှာ လျှောက်ချက်အတိုင်း တောင်စဉ် ချင်းခွန်ဆက်သူကြီးတို့မှာ တောင်သူတောင်လာ အရိုင်း အပြား ရွှေထီးရွှေနန်းအဆက်ဆက်ထွက်ကိုင်၊ တိုင်သူရင်း မင်းမှုမင်းခင်းများကို မခန့်မထားရ၊ တစ်နှစ်တစ်ကြိမ် အခွန် တော်ကို ဆက်သထမ်းရွက်မြဲထုံးစံရှိသည်၊ မဟာသမန်း စစ်မေးရာပါထွက်ဆိုချက်နှင့် အခွန်ပေးအပ်လွတ်ငြိမ်းစေ သည်ဖြစ်သည့်အတိုင်း နှစ်စဉ်ဆက်၍ခန့်ထားသည်၊ လှ်က် ကိုင်မင်းမှုမင်းခင်းများကို စလင်းမြို့သူကြီးခေါင်းအကြီးတို့ မခန့်မထားတောင်းမတုပ်သာ၊ တနှစ်တကြိမ်ဆက်သမြဲ အခွန်တော်ကို ချင်းသူကြီးတို့ဆိုင်ရာ ဆက်သထမ်းရွက်စေ၊

၁၁၆၇ ခု မြောက်နန်းမတော်အရှင်မိဖုရားအကြီးတော် မင်းစာ၊

ဤအမိန့်စာတွင် ချင်းများသည် တောင်သူများဖြစ်၍ အခွန် တော်ကို တစ်နှစ်တစ်ကြိမ်ဆက်သမြဲဆက်သစေကြောင်း၊ စစ်မှုထမ်း အလုပ်ကို မခန့်ထားရန် တားမြစ်တော်မူကြောင်းတွေ့ရပါသည်။

* * *



## စလင်းမြို့ဝန်သီရိနန္ဒကျော်ထင်၏ရွာအုပ်ခန့် အမိန့်တော် (၁၁၇၉)

၁၁၇၉ ခု မုရင်းချင်းတို့ဒေသ မုရင်းရွာငယ်များကို စီရင် ခန့်ခွဲရန် မရင်းရွာသူကြီး ငယုန်အား ရွာအုပ်ခန့်ထားပေးသော အမိန့်စာပုရပိုက်ကို အုံးဝါးရွာတွင်တွေ့ရသည်။ ပုရပိုက်ပါမူရင်း အရေးအသားအတိုင်း အောက်တွင်ဖော်ပြပါသည်။

၁၁၇၉ ခု ကျွှန်လွှန်း ၈ ရက် စလင်းမြို့ဝန်သီရိနန္ဒကျော်ထင် ၏အမိန့်တော်စာပါဘုရား. . .

စလင်းမြို့ မြေတိုင်းမြို့သူကြီး မြို့စာရေးတို့နှင့် မုရင်းရွာ ကြေးတန်းကြီးငယ်တစ်စုတို့၊ မရင်းရွာသူကြီး ငယုန်က ကျေးရွာ နယ် လေးရပ် ရှစ်ရပ်အတွင်း ရာဇဝတ်တော်ရေး မပေါ်ထွန်းစေရ၊ အပေါ်စံအသောက်အစား ကျွဲဝင်နွားဝင် ဆင်သေမြင်းပါ အရှင် စီးပွားဘဏ္ဍာအရာတော်ကို မထိန်မချန်ရပ်ရွာဖြစ်ပွားမအောင် ထိန်းသိမ်းအုပ်ချုပ်စီရင်ပါရန်အကြောင်းနှင့် အစီရင်ခံချက်အတိုင်း မုရင်းရွာသူကြီးငယုန်ကို ရွာအုပ်ခန့်ထား၍ ထိန်းသိမ်းအုပ်ချုပ် သိမ်းသွင်းပြုစု စစ်ကြောစီရင်စေသည်၊ သူကြီးငယုန်လည်း ကျေးရွာနေလူတို့ကို ကြွေးမြီကုန်ဘိုး၊ ကျွန်ဘိုး အတောင်းအတုပ် မရှိစေရ၊ ကျေးရွာဖြစ်ပွားအောင် သိမ်းသွင်းပြုစုပြီးလျှင် မုရင်းရွာ နယ် ၄ ရပ် ၈ ရပ်အတွင်း ရာဇဝတ်တော်ရေးလုံခြုံအောင် ထိန်းသိမ်းအုပ်ချုပ်စစ်ကြောစီရင်၍ အရှင့်စီးပွားဘဏ္ဍာအရာထမ်း များကို တလတကြိမ် စာရင်းကျယ်စာရင်းချုပ်နှင့် ရုံးတော်မှာ အစစ်ခံလာကြရမည်။

၁၁၇၉ ခု စလင်းမြို့ဝန်သီရိနန္ဒကျော်ထင်၏အမိန့်တော်

ဤအမိန့်စာတွင် ငယုန်အား ရွာအုပ်ခန့်ထားပုံ၊ ရွာအုပ် ငယုန်ကလည်း ကျေးရွာလူတို့ထံမှ ကုန်ဖိုး၊ ကျွန်ဖိုးတို့ကို မတောင်းရန်၊ ကျေးရွာစည်ပင်ဖွံ့ဖြိုးအောင် ပြုစုရန်၊ ရာဇဝတ်ဘေး လုံခြုံအောင်ထိန်းသိမ်းရန် တစ်လတစ်ကြိမ်စာရင်းပြုစုအစီရင်ခံရန် တို့ကို အမိန့်ပေးထားကြောင်းတွေ့ရပါသည်။

* * *

## ရွာအုပ်မခန့်အောင်လာဘ်ပေးကြံဆောင်ကြပုံ

အထက်ပါအတိုင်း ငယုန်အား ရွာအုပ်ခန့်ခြင်းကို သဘော မတူသော ရွာသုံးရွာက ငယုန်ကို ရွာအုပ်မခန့်အောင် ငွေကြေး စုဆုံလာဘ်ပေးကြပုံကို ကျန်စိမ့်ရွာမှ ပုရပိုက်တစ်ဆူတွင် ရေးသား ထားရာ မူရင်းအရေးအသားအတိုင်း အောက်တွင်ဖော်ပြပါသည်။

> ၁၁၈၅ ခု တော်သလင်းလဆန်း ၁၄ ရက်၊ သဲမုရင်း မင်းလျှင် ၃ ရွာကို မြို့ဝန်မင်းက ရွာအုပ်ခန့်ထားမည်ရှိသည် ကို ရွာအုပ်မခန့်မထားရအောင် ၃ ရွာကငွေ ၁၄ဝ ကို ဆောင်[1]. . ဟူ၍တွေ့ရပါသည်။

ဤသို့ဖြင့် ကုန်းဘောင်ခေတ်ဦးမှာပင် လာဘ်ပေးလာဘ်ယူ စနစ်ရှိနေခဲ့ကြောင်း တွေ့ရပါသည်။

* * *

ကုန်းဘောင်ခေတ်ဦး မြန်မာ့ပဒေသရာဇ်အုပ်ချုပ်ပုံစနစ် အစ စလင်းစီရင်စုဝင်ချင်းကျေးရွာများ၌ အမဲဆင်ကုန်းသူကြီး

**၁။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ**



မခန့်ထားခဲ့ပုံ၊ မရင်းချင်းတို့ကို စစ်လက်နက်ကိုင်အဖြစ် မဆင့် ခေါ်ခဲ့ပုံ၊ ချင်းအုပ်ခန့်ထားခဲ့ပုံ၊ တစ်နှစ်တစ်ကြိမ် အခွန်မှန်မှန် ထမ်းသူချင်းများကို လက်နက်ကိုင်မင်းမှုထမ်းအဖြစ် မဆင့်ခေါ် ရန် အမိန့်ထုတ်ခဲ့ပုံ၊ ရွာအုပ်ခန့်ရန်အစီအစဉ်အရ ရွာအုပ်မခန့် အောင် ငွေကြေးလာဘ်ထိုး၍ တားခဲ့ကြပုံတို့ကို တွေ့ရပါသည်။

## ကုန်းဘောင်ခေတ်နှောင်းပိုင်း (ကောဇာသက္ကရာဇ် ၁၂၀၀ ခုနောက်ပိုင်း)

ကုန်းဘောင်ခေတ် အင်္ဂလိပ်မြန်မာပထမစစ် (၁၈၂၄ ခု မတ်လ ၅ ရက်၊ ၁၈၂၆ ခု) ဒုတိယအင်္ဂလိပ်မြန်မာစစ် (၁၈၅၂ ခု)၊ တတိယအင်္ဂလိပ်မြန်မာစစ် (၁၈၈၅ ခု) တို့ဖြစ်ပွားခဲ့သည်။

ထိုသို့ နိုင်ငံခြားတိုင်းပြည်နှင့်စစ်ဖြစ်သောကာလတွင် မြန်မာ့ ပြည်တွင်းရေး၌ ကျေးရွာများ၏ အုပ်ချုပ်ရေးကဏ္ဍတွင် မတည်ငြိမ်မှုများ၊ သူကြီးရာထူးလုမှုများဖြစ်ပေါ်ခဲ့သည်။ ဤသို့သော အခြေအနေများအပေါ်အခြေခံ၍ မြို့စား၊ မြို့ဝန်၊ မြို့သူကြီးတို့က အမိန့်တော်ထုတ်ခြင်း၊ စစ်ဆေးခြင်းများပြုလုပ်ခဲ့ကြပုံ မှတ်တမ်း များကို ကျေးရွာများ၌တွေ့ရှိရသည့် ပုရပိုက်အရတင်ပြထား ပါသည်။

စလင်းစီရင်စု စေတုတ္တရာမြို့နယ်၌ အောက်ပါအမိန့်များ ထုတ်ဆင့်ခဲ့ကြောင်း တွေ့ရပါသည်။

(၁) ၁၂၀၇ ခု တောင်စဉ် ၁၂ ရပ်အုပ်ချုပ်ရေးအမိန့်

(၂) ၁၂၁၃ ခု သူကြီးရာထူးလုမှုကို ကမ္ဘာလေးရပ်တရား စီရင်နည်းဖြင့် အဆုံးအဖြတ်ပြုလုပ်ခဲ့ပုံ

(၃) ၁၂၃၂ ခု စေတုတ္တရာမြို့နယ်ကိစ္စများကို စလင်းမြို့စား ကသာ ဆင့်ဆိုစီရင်ရန်အမိန့်စာ

(၄) ၁၂၃၆ ခု တပွင်သူကြီးရိုးကိစ္စအမိန့်စာ

(၅) ၁၂၄၁ ခု ငဦးကို အရာကနှုတ်၍ ငပေါက်ကို သူကြီး ခန့်သည့်အမိန့်စာ

(၆) ၁၂၄၆ ခု လုံးပေါ်သူကြီးခန့်စာ၊

(၇) ၁၂၃၆ ထမင်းရည်ခွက်လှည့်သူကြီးဆက်ခံကြပုံတို့ ဖြစ်ပါသည်။

**တောင်စဉ် ၁၂ ရပ် ချင်းကျေးရွာများကို အုပ်ထိန်းရေးအမိန့်**

တပွင်ရွာပုရပိုက်တစ်ဆူ၌တွေ့ရသော စာသားအရ တောင်စဉ် (၁၂) ရပ် (၁၂) ရွာ ချင်းများအုပ်ထိန်းရကြောင်း အောက်ပါပုရပိုက်မူရင်းစာသား၌ လေ့လာတွေ့ရှိရပါသည်။

သက္ကရာဇ် ၁၁၀၇ ခု တပေါင်းလဆန်း (၁၄) ရက်နေ့ တောင်ဆောင်တော် စလင်းမြို့စား အရှင်မိဖုရားအမိန့်တော်ကို ဦးထိပ်ထက်ဆောင်ရွက်ရသည့်အတိုင်း ရှိခိုးသံတော် ဦးတင်ပါသည်။ တောင်စဉ် (၁၂) ရပ်နယ်အတွင်း ချင်းကျေးရွာများကို လက်မရွံ့၊ ကွံးနှိုးတို့က အုပ်ထိန်းစီရင်နာခံ ထမ်းရွက်ရမည်။ ခေါ်ရွာ ယောငပသီကို သူကြီးအရာက နှုတ်၍ ငတုတ်ကြီးကို ခေါ်ရွာသူကြီးခန့်အပ်ကြီးစိုးစီရင်စေသည်။ အသည်အလာကြေးပေးကြီးငယ်တစုတို့လည်း သူကြီးငတုတ်ကြီးဆင့်ဆိုရာ နာခံကြရမည်။ ငတုတ်ကြီးလည်း



ကျေးရွာကို သိမ်းသွင်းပြုစု၍ ဤရုံးတော်ကဆင့်ဆိုရာ နာခံဆောင်ရွက်ရမည်။[၁] . . . ဟူ၍ဖြစ်သည်။

အထက်ပါအမိန့်တော်၌ပါသော တောင်စဉ် (၁၂) ရပ် ဟူသည် ဒွေး၊ တပွင်၊ ဟန်တောက်၊ ချီ၊ ကုန်းတလား၊ အောင်း၊ ပုံဆိပ်၊ ရွှေတော၊ တောင်တီး၊ စွယ်ကြီး၊ သစ်ခေါ်တောင်စသည့် ကျေးရွာများပါဝင်သည်။ ထိုကျေးရွာများကို စေတုတ္တရာမြို့သူကြီး၊ မြို့စာရေးတို့က အဆင့်အဆိုမရှိစေရကြောင်း၊ စလင်းမြို့ရုံးက ဆင့်ဆိုရာကိုသာ ဆောင်ရွက်ကြရသည်။ ခေါ်ရွာတွင် အလှည့်မဆိုင်သူရော ငပသီကြီးစိုးနှောင့်ယှက်သည့်အတွက် သူကြီးရာထူးမှ နုတ်၍ ငတုတ်ကြီးကို ခေါ်ရွာသူကြီးအဖြစ် ခန့်ထားရမည် ဖြစ်ကြောင်း သိရှိရပါသည်။

* * *

သူကြီးရာထူးလုကြသူများကို စီရင်ဆုံးဖြတ်ပေးရာတွင် "ကမ္ဘာလေးရပ် တရားစီရင်ထုံး" ဖြင့် ဆုံးဖြတ်ပေးလေ့ရှိပါသည်။ ကမ္ဘာလေးရပ်တရားစီရင်ထုံးဆိုသည်မှာ "မီးပြိုင်၊ ဆန်ဝါး၊ ခဲထောက်၊ ရေလား" တို့ဖြစ်သည်။

မီးပြိုင်ဟူသည် ဆီမီးပြိုင်ထွန်းရာတွင် စောစောမီးငြိမ်းသူက အရှုံး၊ ဆန်ဝါးဟူသည် ဆန်စေ့တစ်ဆုပ်အပြိုင်ဝါး၍ ဆန်စေ့အရင်ကုန်သူက နိုင်ခြင်း၊ ခဲထောက်ဆိုသည်က အရည်ကျိုထားသော ခဲရည်ပူထဲ လက်ညှိုးနှိုက်စေရာ လက်ညှိုး၌ဖြစ်သော အနာကို

---

၁။ **ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ**

ကြည့်၍ အနိုင်အရှုံးဆုံးဖြတ်ခြင်း၊ ရေလားဆိုသည်က လူနှစ်ဦး ပြိုင်တူရေငုပ်ကြရာမှ အရင်ပေါ်သူက ရှုံးခြင်းဖြစ်သည်။[၂]

ကမ္ဘာလေးရပ်တရားစီရင်ထုံးထဲမှ ရေလားတရားဖြင့် စီရင်ခဲ့ပုံကို လုံးပေါ်ရွာမှ ပုရပိုက်တစ်ဆူတွင်တွေ့ရှိရ၍ မူရင်းအရေးအသားအတိုင်း အောက်တွင်ဖော်ပြထားပါသည်။

စလင်းစီရင်စု မုရင်းရွာ လုံးပေါ်သူကြီးဟောင်းငသာဘော်သား ငဖြိုး၏လျှောက်ချက်-

စလင်းမြို့စီရင်စု မုရင်းရွာသူကြီးဟောင်း ငသာဘော်သား ငဖြိုး၊

ချက်။ ။ ချက်။ မုရင်းရွာကို ဘေးဘိုးဘဆင်းသက်၍ ထီးဘုရားအဆက်ဆက် ငချစ်၊ ငုစစ်၊ ငရှို၊ ငလုံး၊ ငသော်၊ ငအောင် ကြီးစိုးပြီးလျှင် ကျွန်တော့်ဘိငခိုင် ဆင်ဖြူရှင်သား စလင်းမြို့စား အမိန့်လွှတ်တော် စာချွန်များနှင့် ကြီးစိုး၍ အိုမစွန်းရှိလျှင် ၎င်းမြေးငစံငုံ အမိန့်တော်စာချွန်များကို ကြီးစိုးဆောင်ရွက်ရသည်အတိုင်း ၁၁၄၂ ခုနှစ် ငစံငုံကြီးစိုးစဉ်၊ ငရွှေ၊ ငလုံ၊ ငပုံတို့က သူကြီးဖြစ် ဟံရွှေလွှတ်တော်၌ လျှောက်ထားသောကြောင့် ကျွန်တော့်ဘိငခိုင် မြေးငစံငုံတို့နှင့် အစတရားပြောဆိုကြရာ နှစ်ဦးအဆိုထုတ်နှုတ်သည့်အချုပ်များနှင့် ကမ္ဘာ့ရေပြိုင်ငုပ်ကြစေ-ကောက်ချက်လွှတ်လှန်းစားကြချက်အတိုင်းငခိုင်၊ ငစံငုံနှင့်ငရွှေ၊ ငလုံ၊ ငပုံတို့ ရေပြိုင်ငုပ်ကြရာ ငရွှေ၊ ငလုံ၊ ငပုံတို့ ရေမှာပေါ် ရှုံးသောကြောင့်

**၂။ မြန်မာသမိုင်း-န၀မတန်း-အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၊ ၂၀၁၂-ခုနှစ် နို၀င်ဘာလ**



ကြေးရွာကို ငစံငုံကြီးစိုး၍ ၁၁၄၅ ခုနှစ်စစ်တမ်းစာရင်းဆက်သွင်းကြီးစိုးပါသည်။ မရှိလျှင် ညီငစံသူကြီးစိုးပါသည်။ မရှိလျှင် ညီငစံလှုကြီးစိုးပါသည်။. . . . ကို ၁၂၁၃ ခုနှစ်ရေငုပ်ကဖတ်လှန်ခေါ်ချက်ဖြတ်စာနှင့် ရေမှာပေါ်ရှုံးသူငလုံညီငကြာ၊ ငကြာသားငညို၊ ငညိုသားငကြာငုံတို့က သူကြီးရိုးဖြစ်ဟံ အလယ်နန်းတော်ဟောင်းအဘထံ ကြေးငွေပေးကမ်း၍ စာခံယူနှောက်ယှက်ကြီးစိုးသည်ကို ခံနေရပါသည်. . . ဟူ၍ဖြစ်ပါသည်။

ဤစာတွင် ရေငုပ်ပြိုင်ရှုံးသော်လည်း အလယ်နန်းတော်ဟောင်းအဘထံ ငွေကြေးပေးကမ်း၍ သူကြီးမျိုးရိုးဖြစ်ဟန်ဖြင့် ငကြာငုံတို့က ကြီးစိုးနေကြောင်း လာဘ်ပေးလာဘ်ယူ အဂတိလိုက်စားမှုရှိနေကြောင်း တွေ့ရပါသည်။

* * *

**စည်တုတ္တရာကိစ္စများကို စလင်းမြို့စားကသာ ဆင့်ဆိုစီရင်ရန် အမိန့်**

စည်တုတ္တရာမြို့နယ်တွင်ရှိသော ချင်းကျေးရွာများ အခွန်အခများ ဆင့်ဆိုရာတွင် စည်တုတ္တရာမြို့သူကြီးက မဆင့်ဆိုရပါ။ ဆင့်ဆိုပါကလည်း မနာခံကြရပါ။ စလင်းမြို့ရုံးက ဆင့်ဆိုသည်ကိုသာ နာခံထမ်းရွက်ကြရကြောင်း ပုရပိုက်စာနှစ်ဆူကို တပွင်ရွာ၌ တွေ့ရပါသည်။ ၁၂၁၄ ခုနှစ်ပါစာနှင့် ၁၂၃၂ ခုနှစ်ပါစာတို့ဖြစ်ပါသည်။ ထိုပုရပိုက်ပါ မူလအရေးအသားအတိုင်း အောက်တွင်ဖော်ပြထားပါသည်။

## ၁၂၁၄ ခုနှစ် ပုရပိုက်စာ

၁၂၁၄ ခုနှစ် အိမ်ရှေ့မင်းဘုရားအကြီးတော် ရွှေဥဒေါင်း တံဆိပ်ဘုရား၊

စလင်းမြို့သူကြီး မြို့စာရေးတို့၊ စလင်းမြို့စီရင်စု လုံးပေါ်ရွာ၊ တပွင်ရွာ၊ ဒွေးရွာ၊ ချီရွာ၊ ကုန်းတလားရွာ၊ အောင်းရွာ၊ ပုံဆိပ်ရွာ၊ သစ်ခေါက်တောင်ရွာ၊ ကျောက်အုံရွာ၊ စွယ်ကြီးရွာ၊ ဟန်တောက်ရွာ၊ မကျည်းရွာ ချင်း ၁၂ ရွာသူကြီးတို့က ဘေးတော်ဘုရားရွှေလက်တော်က သည်ဘုရားရွှေလက်တော်တိုင် အခွန်တော်အရောင်း၊ မီးသွေးဖိုများကို ဝန်စာပေးအပ်ရှိပါသည်၊ ချင်း ၁၂ ရွာမှာ မင်းမှုတော်ပေါ်ပေါက်ကျရောက်သည်များကို စည်တုတ္တရာမြို့သူကြီးက မဆင့်မဆို မရှိပါရစေရမည်အကြောင်းနှင့် လျှောက်သည်၊ ဘေးတော်ဘုရား၊ ဘကြီးတော်ဘုရား၊ ခမည်းတော်ဘုရား ရွှေလက်တော်တိုင် စည်တုတ္တရာမြို့နှင့် သီးခြားကွဲပြား၍ ဆောင်ရသည်မှန်လျှင် အထက်ထုံးစံရှိသည်အတိုင်း ဆောင်ရွက်စေ၊ ဘုန်းတော်ကြီးလှသော အိမ်ရှေ့ဘုရားအမိန့်တော်ကို ဦးထိပ်ထက်ဆင်ရွက်ရသည်။ (၁၂) ရွာသူကြီး ဆက်သွင်းမြဲ အခွန်တော်အရောင်း၊ မီးသွေးများကို ဘကြီးတော်ဘုရား၊ ခမည်းတော်ဘုရား ရွှေလက်တော် စည်တုတ္တရာမြို့နှင့် သီးခြားကွဲပြားဆောင်ရွက်ရသည်မှန်လျှင် အထက်ထုံးစံရှိသည်အတိုင်းသာ ဆောင်ရွက်စေရမည်၊ . . . ဟူ၍ဖြစ်ပါသည်။

## ၁၂၃၂ ခု စလင်းမြို့စားကသာ ဆင့်ဆိုရန်အမိန့်

စေတုတ္တရာမြို့ ချင်း (၁၄) ရွာ လုံးပေါ်သူကြီးငရောက်၊ ဒွေးငတ်ကြီး၊ ပွန်းတောက်၊ ပိုက်စုတ်ရွာသူကြီးငသာထူး၊



တပွင်ရွာသူကြီးငအောင်ကွက်၊ ဟန်တောက်ကျောက်မဲ့ရွာသူကြီးငသာ၊ ခေါင်းငရွှေလာတို့က စလင်းမြို့စီရင်စု၊ တောင့်တဲ့၊ စွယ်ကြီး၊ ကျောက်အိုး၊ အလယ်ပုံ၊ အောင်း၊ ပုံဆိပ်၊ ရွှေတော၊ ဘူး၊ မကျီး၊ ချီ၊ ကုန်းတလား၊ ခေါ်၊ သစ်ခေါ်တောင်၊ ပဇော၊ ငါးမ၊ သံဆည်၊ ကြီးအုံဟူသော ချင်း ၁၄ ရွာအဝင်အပါ ကျေးရွာများကို စည်တုတ္တရာမြို့က နှောင့်ယှက်ဆင့်ဆို မြို့သူကြီးငရွှေတုတ် သဿမေခကြေးငွေ ပိုမိုစားယူလုကိုညှဥ်းပန်းနှိပ်စက်ပြုလုပ်သောကြောင့် ကျေးရွာပျက်ပြားသည်ဖြစ်ပါ၍ ချင်း ၁၄ ရွာအဝင်အပါ နယ်မြေကျေးရွာများကို စည်တုတ္တရာမြို့သူကြီးက ဆင့်ဆိုမရှိစေရ၊ စလင်းမြို့ရုံး ဆင့်ဆိုရာနာခံပြီးလျှင် ကျွန်တော်မျိုးသွေးသောက်ကြီး နေမျိုးနန္ဒမိတ်က ထမ်းရွက်ပါစေရမည်အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း၊ ချင်း ၁၄ ရွာအဝင်အပါ နယ်မြေကျေးရွာများကို စည်တုတ္တရာရွာသူကြီးက အဆင့်အဆိုမရှိစေရနှင့် စလင်းမြို့ဆင့်ဆိုရာ နာခံ၍ နေမျိုးနန္ဒမိတ်က အုပ်ထိန်းထမ်းရွက်စေ၊

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေ့အရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လှ္ကက်စကြာသခင် ပဋ္ဌမသင်္ယာရနာတင်ဘဝရှင်မင်းတရားကြီးဘုရား၊ ၁၂၃၂ ခု နယုန်လဆန်း (၁၀) ရက် ၅ တေးနေ့ ချင်း ၁၄ ရွာ အဝင်အပါနယ်မြေကျေးရွာများကို စည်တုတ္တရာမြို့က အဆင့်အဆို မရှိစေနှင့်၊ စလင်းမြို့ဆိုင်ရာနာခံ၍ နေမျိုးနန္ဒမိတ်က အုပ်ထိန်းထမ်းရွက်စေ. . .၊

သက္ကရာဇ် ၁၂၃၅ ခု နယုန်လဆန်း ၁၀ ရက် နာခံတော်
ပျော့မှုးကြီး မဟာမင်းလှမင်းကျော်ပြန်အမိန့်။

ဟူ၍ တွေ့ရလေသည်။

၁၂၁၄ ခု၌ ချင်း (၁၂) ရွာ၊ ၁၂၃၂ ခု၌ ချင်း ၁၄ ရွာ ရှိလာကြောင်း တွေ့ရသည်။ ဒုတိယပုရပိုက်စာတွင် စည်တုတ္တရာမြို့သူကြီးငရွှေတုတ်က အခွန်ပေးရမည့်ငွေကြေးထက် ပိုမိုကောက်ခံပုံ၊ သဿမေအခွန်တော်ပေါ်ပေါက်ကောက်ခံပုံ၊ ညှဉ်းပန်းနှိပ်စက်မှုခံရပုံတို့ကိုပါ သိရသည်။ သို့ဖြစ်၍ စလင်းမြို့ကကောက်ရန် နေမျိုးနန္ဒမိတ်ကို တာဝန်ပေးထားပုံတို့ကို တွေ့ရသည်။

## ၁၂၃၆ ခု တပွင်ရွာသူကြီးရိုးကိစ္စအမိန့်စာ

သူကြီးရိုးကိစ္စတွင် ထူးခြားမှုတစ်ခုကို တပွင်ရွာသူကြီးရိုးတွင် တွေ့ရသည်။ တပွင်ရွာတွင် မိန်းမသူကြီးရိုးရှိကြောင်း တွေ့ရသည်။ ၎င်းကို မိန်းမသူကြီးရိုးဟုခေါ်လျက် သင်းသည်သူကြီးမအရာဟု ခေါ်ကြသည်။ တပွင်ရွာပုရပိုက်တစ်ဆူ၌ တွေ့ရပြီး ပုရပိုက်ပါ အရေးအသားအတိုင်း အောက်တွင်ဖော်ပြထားပါသည်။

သင်းသည်သူကြီးမအရာ ဆက်ခံရေးစာချုပ် (၁၂၃၆)

သက္ကရာဇ် ၁၂၃၆ ခု ဝါဆိုလပြည့်ကျော် ၉ ရက်နေ့တွင် မိမ္မရိုးသင်းသည် သူကြီးမ မိကာက အများလူကြီးတို့နည်း ခြသေ့်တံဆိပ်အမိန့်တော်ခံယူရမည်ရှိရာ မိသားစုဆွေမျိုး၌ မမိမျှင်က ယောကျ်ားရိုးဆို၍ သင်းသည်သူကြီးများအရာနှင့် တပွင်ကျေးရွာတွင် စီရင်ရိုးမရှိကြောင်း၊ မိကြီးမိကာအိုမစွမ်းသေဆုံး၍လျှင် ကျွန်တော် မမိမျှင် တပွင်ကျေးရွာတွင် သင်းသည်သူကြီးအရာနှင့် စီရင်ကြီးစိုး



ထိုက်ကြောင်းကို ပြောဆိုရာ၊ မောင်ငစံလှဘော်ကလည်း မိမ္မရိုးကြီးစိုးသင့်ကြောင်းနှင့် မိမျှင်မိကြီးမိကာရှိသည်အတွင်း မောင်ငစံလှဘော်က အမိန့်တော်ခံယူကြီးစိုးလိုကြောင်းကို ပြောဆိုလျှင် မောင်ငစံလှဘော်ပြောဆိုသည့်အတိုင်း နှမမိမျှင်က ခြသေ့်တံဆိပ်အမိန့်တော်မြတ်များကို ခံယူစေသည်၊ မောင်ငစံလှဘော်ခံယူရရှိလျှင် မိကြီးမကာမရှိနောက် ကျွန်တော်မမိမျှင်အရာ ပိုင်ဆိုင်ခဲ့သည့်အတိုင်း မောင်စံလှဘော်ခံယူသည့် ခြသေ့်တံဆိပ်အမိန့်တော်စာများကို နောင်ကျွန်တော်မမမိမျှင်က သူကြီးအရာခံကျကုန်သည့်စရိတ်ငွေများကို လုံးဝပေး၍ မိမ္မရိုးမှန်သည့်အတိုင်း ကြီးစိုးပါမည်။ မောင်စံလှဘော်ကလည်း နှမမိမျှင်ဆိုသည့်အတိုင်း တပွင်ကျေးရွာကို သင်းသည်အရာကြီးစိုးလိုလျှင် ၎င်းအရာမှုနှင့်စပ်လျဉ်း၍ ကျကုံသည့်ငွေများကို နှမမိမျှင်ကပေး၍ အမိန့်တော်မြတ်ခံယူ ကြီးစိုးပါ။ မောင်နှမတို့ ၂ ဦး သဘောတူ တပွင်ကျောင်းဆရာတော်ဘုရားရှေ့ သဘောတူစာချုပ်သည့်ကာလ တပွင်မင်းကျမ်းသူကြီးဦးကျက်၊ ဒွေးရွာပြည်စိုးဦးရွှေဇ၊ ပန်းအိရွာခေါင်းဦးရွှေပါ၊ စာစီ ဘာအိုင်းမြို့သူကြီး သီရိသယ်ာရန်အောင်၊ စာရေးတပွင်ရွာပေရေး ဦးထွန်းပေါ်"[၁] . . . . ဟူ၍တွေ့ရသည်။

တပွင်ရွာမိမ္မသူကြီးရိုးသင်းသည် သူကြီးမှာ ယခုလက်ရှိ မိကာဖြစ်သည်။ မိကာမကွယ်လွန်မီ နှမမိမျှင်နှင့် မောင်ဖြစ်သူ ငစံလှဘော်တို့သူကြီးရာထူးအတွက် တရားဆိုင်ခဲ့ကြသည်။ အစ်မကြီးမိကာရှိစဉ် မောင်ဖြစ်သူငစံလှဘော်က ခြသေ့်တံဆိပ်ခံယူ

---

၁။ **ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ**

ကြီးစိုးမည်ဖြစ်ပြီး၊ မိကာမရှိသော် မိမျှင်က ခြင်္သေ့တံဆိပ်ခံယူပြီး ကြီးစိုးသွားမည်ဖြစ်ကြောင်း နှမနှင့်မောင်သဘောတူစာချုပ် ဖြစ်ကြောင်းတွေ့ရသည်။

## ၁၂၄၂ ခု ငဦးကိုအရာကနှုတ်၍ ငပေါက်ကိုသူကြီးခန့်ပုံ အမိန့်စာ

ဘုရားကျွန်တော် စလင်းစီရင်စုဘုရားမယ်တော်ဘုရား၊ ကျွန်တော်မျိုး စလင်းမြို့စီရင်စု မုရင်းရွာ လက်မရွံ့သူကြီးရိုး ငပေါ်က ရွှေဖဝါးတော်အောက် ရှိခိုးသံတော်ဦးတင်ပါသည် ဘုရား၊

မုရင်းရွာမှာ ငခုံး ၄၅ ခုစာရင်းဆက်သွင်းမရှိလျှင် ဘုရားကျွန်တော်တို့ ငသင် ၆၄ ခုစာရင်းတော် ဆက်သွင်းပြီး ကြီးစိုးပါသည်။ မရှိလျှင် ငစံဘက်ဆက်ခံကြီးစိုးပါသည်။ မရှိလျှင် ဘုရားကျွန်တော် ငအောင်မြတ်ဆက်ခံကြီးစိုးပါသည် အတွင်း မဆိုင်သူငစံတုတ် တစ်ဖက်လှည့်လွှတ်တော်စာ ဆိုင်ရာ ငစံတုတ်ခံယူလာရောက်နှောက်ယှက်သည်သာမက ရွာနေကြေးထမ်းငဦးကို ငွေ ၄၀၀ နှင့် အရာကိုရောင်းစား လွှဲအပ်၊ ငစံတုတ်ကုလားနယ်သို့ထွက်ပြေး၊ ငွေဝယ်သူငဦး သူကြီးပြုလုပ်သည်သာမက၊ စလင်းမြို့စားဟောင်းဦးရိုး ရေနံသာစားဟောင်းနှင့် ပူးပေါင်းလိမ်လည် အမိန့်တော် ခံယူကြီးစိုးနှောက်ယှက် မဖက်မပြိုင်ခံနေရပါသည်ဘုရား၊ ကျွန်တော့်မှာ ၄၅ ခု ၆၄ ခုစစ်တမ်းပါ အဘိုးသားမြေး ယှဉ်သူဖြစ်ပါ၍ မုရင်းရွာမှာ ရိုးရာမပျက်လက်မရွံ့သူကြီး



အရာနှင့် အမှုတော်ထမ်းပါရအောင် ဘုရားသနားကယ်မ တော်မူပါမည့်အကြောင်းကို ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်လျှောက်ပါသည်ဘုရား. . . ဟူ၍ပါရှိပါသည်။

ဤပုရပိုက်စာအရ လက်မရွံ့သူကြီးရိုးငအောင်မြတ် ဆက်ခံ ကြီးစိုးစဉ် အရိုးနှင့်မဆိုင်သူငစံတုတ်က ငွေပေးပြီး သူကြီးရာထူး ရယူခဲ့ကြောင်း၊ ထို့နောက် သူကြီးရာထူးကို ငဦးထံရောင်းစားပြီး ကုလားနယ်ထဲသို့ ထွက်ပြေးသွားကြောင်း၊ ငအောင်မြတ်မှာ ၄၅ ခု၊ ၆၄ ခု စစ်တမ်းတွင် ဘေးဘိုးဘအဆက်ဆက်ပါခဲ့သူ သူကြီး မျိုးရိုးဖြစ်၍ ပြန်လည်၍ သူကြီးရာထူးရရှိအောင် ဘုရင်မင်းမြတ် တို့က ကယ်ဆယ်မစရန် လျှောက်ထားသည်ကိုတွေ့ရသည်။

ကုလားနယ်ထဲ ထွက်ပြေးသည်ဆိုသည်မှာ ထိုစဉ်က အင်္ဂလိပ်နယ်ချဲ့တို့ သိမ်းပိုက်ထားသည့် အောက်မြန်မာပြည်ထဲသို့ ထွက်ပြေးသွားကြောင်း ဆိုလိုဟန်ရှိပါသည်။ ၄၅ ခု ၆၄ ခု စစ်တမ်း ဆိုသည်မှာ ဘိုးတော်ဘုရားလက်ထက် ကောက်ယူသောစစ်တမ်း တို့ကို ဆိုလိုပါသည်။

* * *

## ၁၂၄၆ ခု ငဆားကို လုံးပေါ်သူကြီးခန့်စာ

၁၂၄၆ ခုနှစ်တွင် ငဆားကို လုံးပေါ်သူကြီးခန့်ထားကြောင်း ခွေးမလောင်းရွာ ဆရာကြီးဦးမျိုးလွင်ထံမှတွေ့ရသည့် ပုရပိုက် တစ်ဆူတွင် အောက်ပါအတိုင်းရေးသားထားကြောင်း တွေ့ရပါသည်။ ဝန်မင်းများစာ

သက္ကရာဇ် ၁၂၄၆ ခု တော်သလင်းလပြည့်ကျော် (၁၁) ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်

ရွက်ရသည့်အတိုင်း ငဆားကို စလင်းမြို့စီရင်စုချင်း ၁၄ ရွာအဝင် လုံးပေါ်ရွာသူကြီးခန့်ထား၍ စစ်တမ်းစာရင်း ဆက်သွင်းကြီးစိုးဆောင်ရွက်စေသည်။ လုံးပေါ်ရွာအသည် အလာ၊ ဝင်နေ၊ ကပွါးကြီးထမ်းကြီးငယ်တို့ သူကြီးငဆား ဆင့်ဆိုရာ နာခံဆောင်ရွက်ကြရမည်၊ သူကြီးငဆားလည်း စီရင်စုနယ်မြေကျေးရွာများမှာ ရာဇဝတ်တော်ရေး ကင်းလွတ်လုံခြုံစည်ပင်သာယာဖြစ်ထွန်းအောင် သိမ်းသွင်း ပြုစုပြီးလျှင် ခန့်ထားကျရောက်သည့် မင်းမှုတော်ရပ်များကို ဆင့်ဆိုရာ နာခံ၍ အမိန့်တော်မြတ်ရင်းနှင့်ညီ ပြေကုန်အောင် ကြီးစိုးဆောင်ရွက်စေ၊

သက္ကရာဇ် ၁၂၄၆ ခု သီတင်းကျွတ်လဆန်း ၆ ရက်နေ့ နံနက် ညီလာခံမဝင်မီ လွှတ်တော်မြောက်မျက်နှာရောင် အစုတွင် ဝင်ရှင်တော်လယ်ကိုင်းမြို့စား သေနတ်ဝန်မင်းကြီး ဝင်ရှင်တော်တောင်ခွင်မြို့စားမင်းကြီး၊ ဝင်ရှင်တော်တိုင်းတာ မြို့စားမင်းကြီးသုံးပါးအမိန့်။ ချက်။ ဝန်ထောက်တော် ဝက်မစွက်မြို့စားမင်းမှတ်။[၁]

စာရေးတော်ကြီးဦးလှပေါ် ဆင့်-

ဟူ၍ဖြစ်ပါသည်။ (ဝင်ရှင်တော်ကို ဝန်ရှင်တော်ဟုမှတ်ယူပါရန်)

* * *

**၁။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ**



## ၁၂၃၆ ခု ထမင်းရည်ခွက်လှည့်သူကြီးရာထူးဆက်ခံပုံ

ထမင်းရည်ခွက်လှည့်နည်းဆိုသည်မှာ ဘေးဘိုးဘ အစဉ် အလိုက်ဆက်ခံကြီးစိုးကြပုံကို ဆိုလိုသည်။ ဟန်တောက်ရွာမှ ပုရပိုက် တစ်ဆူတွင် တွေ့ရပြီး မူရင်းအရေးအသားအတိုင်း အောက်တွင် ဖော်ပြထားပါသည်။

၁၂၃၆ ခု ပြာသိုလပြည့်ကျော် ၇ ရက်နေ့ ဟန်တောက်ရွာ သူကြီး စစ်ကဲသော။ ချက်။ ဟန်တောက်ရွာကို ဘကံဆက်ခံကြီးစိုး၊ မရှိလျှင် ကျွန်တော်သော၊ ချင်းတို့ခလေ့ဘာသာ ထမင်းရည်ခွက် လှည့်အတိုင်းကျေးရွာကို ကြီးစိုးဆောင်ရွက်ကြောင်း ငသာ အစစ်ခံသည်[၁]. . . ဟူ၍ဖြစ်ပါသည်။

## လုံးပေါ်ရွာသူကြီးစည်

လုံးပေါ်ရွာတွင် ကြီးစိုးခဲ့သော အစဉ်လိုက်သူကြီးစာရင်းကို ဆိုလို၍ အောက်ပါအတိုင်းတွေ့ရပါသည်။

(၁) သလဲပေါ် (ပေါ်ကို ပေါက်ဟုဖတ်ရန်)၊ (၂) သားငဟောင်၊ (၃) ညီငထွေး၊ (၄) ချေစ်ဝါ (ငဟောင်သား)၊ (၅) ငရစ် (ငထွေးသား)၊ (၆) ငစောလှိုင် (ငဟောင်မြေး)၊ (၇) သားငအောင် ကျော်၊ (၈) ညီငကျယ်၊ (၉) ငနေအောင်၊ (၁၀) သားငကျော်၊ (၁၁) ညီငဘော်ပေါ် (၁၂) ညီငရာပြည့် (၁၃) ငတိုး တို့ဖြစ်သည်။

**၁။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ**

**မရင်းရွာအချုပ်သူကြီးများစာရင်း**

(၁) ကြေိုက်၊ (၂) သားပေါက်ကြယ်၊ (၃) ညီလေိန်၊ (၄) ညီအောင်၊ (၅) သားကြော၊ (၆) ညီစေစ်၊ (၇) မြီး (မြေး) ကျော်၊ (၈) ညီညို၊ (၉) သားကြောင့်၊ (၁၀) မယားမိသူ၊ (၁၁) သားဝိုင်ဟူ၍ဖြစ်ပါသည်။

**မြန်မာပဒေသရာဇ်ခေတ် စည်တုတ္တရာစီရင်စုအုပ်ချုပ်ရေး သုံးသပ်ချက်**

မြန်မာပဒေသရာဇ်ခေတ် စည်တုတ္တရာစီရင်စုတွင် အုပ်ချုပ်ရေးအတွက် သူကြီးများခန့်ထားခဲ့သည်။ ခန့်ထားခဲ့သော သူကြီးအမျိုးမျိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) အသင်းလိုက်သူကြီးများ ။ ။ မရင်းချင်းတို့တွင် (၁) ကွံနှီးသူကြီး (၂) လွံ ရွံသူကြီး (၃) ကျောင်းတကာသူကြီးဟူ၍ အသင်းသုံးသင်းကသာ သူကြီးလုပ်ရပါသည်။

(ခ) အချုပ်သူကြီး ။ ။ အသင်းသုံးသင်း၏အထက်၌ ဩဇာရှိသော သူကြီးဖြစ်သည်။

(ဂ) မြေတိုင်းသူကြီး ။ ။ ကျေးလက်မြေယာကိစ္စစီရင်ရသော သူကြီးဖြစ်သည်။

(ဃ) ချင်းအုပ်၊ ချင်းခေါင်းများ ။ ။ အချုပ်သူကြီး၊ အသင်းသူကြီးတို့၏စီရင်မှုကို လိုက်နာရန်တောင်စဉ် (၁၂) ရပ်ပါရွာများတွင် ကြီးကြပ်စီရင်ရသူများဖြစ်သည်။

(င) ရွာစာရေးခန့်ထားလေ့ရှိသည်။ ရွာအုပ်

(စ) ရွာအုပ်ခန့်ထားခြင်းကိုကား အလိုမရှိကြကြောင်း တွေ့ရပါသည်။

# အခန်း (၅)

## ကုန်းဘောင်ခေတ်စစ်ရေးကိစ္စများ၌ စည်တုတ္တရာစီရင်စုဝင် မြို့နယ်သားများ ပါဝင်ဆောင်ရွက်ရပုံများ

ကုန်းဘောင်ခေတ်အစောပိုင်းကာလတွင် ဧကရာဇ်နှင့် သားတော်များ၊ လွှတ်တော်ဝန်ကြီးများနှင့် မြို့ပြအုပ်ချုပ်ရေးအရာရှိများကိုယ်တိုင် စစ်ရေးကိစ္စတို့၌ ဦးစီးခေါင်းဆောင်တိုက်ခိုက်ကြရပါသည်။

နိုင်ငံ၌ စစ်ရေးကိစ္စပေါ်ပေါက်လာပါက စစ်မှုထမ်းများရရှိအောင် စီစဉ်ကြရသည်။ မြို့ရွာဒေသများကို လူဦးရေအလိုက် စစ်သည်များ စုဆောင်းပေးရန် ထောင်ပြုမြို့၊ ရာပြုမြို့စသည်ဖြင့် ရှေးအစဉ်အလာအတိုင်း သတ်မှတ်ထားသည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားကောက်ခံခဲ့သည့် ၁၁၄၅ စစ်တမ်း၊ ၁၁၆၄ စစ်တမ်းများအရ စည်တုတ္တရာမြို့သည် ၄၀၀ ပြုမြို့ဖြစ်ခဲ့သည်။ မိမိတို့ဒေသမှ စစ်သည်တော်များအတွက် စရိတ်အားလုံးကို မိမိတို့ဒေသပြည်သူများကပင် တာဝန်ယူကြရသည်။

တပ်ဖွဲ့စည်းရာတွင် ငါးယောက်တစ်အိုးစား၊ နှစ်အိုးစားတစ်ကြပ်၊ ငါးကြပ်တစ်သွေးသောက်၊ နှစ်သွေးသောက်တစ်တပ်မှူး၊

နှစ်တပ်မျိုးတစ်ဗိုလ်ဟူ၍ ယေဘုယျအားဖြင့် အဆင့်ဆင့်ဖွဲ့စည်းလေ့ရှိပါသည်။

ကုန်းဘောင်ခေတ်အစောပိုင်းကာလတွင် စစ်တပ်သည် အမြဲတမ်းတပ်မတော်မဟုတ်ခဲ့။ အရေးပေါ်မှ ဖွဲ့စည်းသောတပ်ဖြစ်ခဲ့သည်။ ကြည်းတပ်၊ ရေတပ်ဟူ၍ရှိခဲ့ရာ ကြည်းတပ်တွင် ဆင်တပ်၊ မြင်းတပ်၊ သေနတ်အမြောက်တပ်များပါဝင်သည်။ ရေတပ်ကို လှေ၊ ဖောင်တို့ဖြင့်ဖွဲ့စည်းသည်။

မြန်မာ့တပ်မတော်တွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးနေ တိုင်းရင်းသားပေါင်းစုံပါဝင်သည်။ စည်တုတ္တရာမြို့နယ်နေ ချင်းတိုင်းရင်းသားများလည်း မြန်မာ့ဘုရင့်တပ်မတော်တွင် ပါဝင်ခဲ့ရသည်။ အဓိကအားဖြင့် မြန်မာဘုရင်တို့ အာဏာဖြန့်ကြက်ခဲ့သော ယိုးဒယားစစ်ပွဲများ၊ တိုင်းတစ်ပါး၏ကျူးကျော်မှုကို တွန်းလှန်ခဲ့သော တရုတ်မြန်မာစစ်ပွဲများ၊ မြန်မာအင်္ဂလိပ်စစ်ပွဲများတွင် စည်းလုံးညီညွတ်စွာ ပါဝင်ခဲ့ကြသည်။[၁]

ဤသို့ ကုန်းဘောင်ခေတ် စည်တုတ္တရာမြို့စီရင်စုမှ စစ်ရေးတွင် ပါဝင်ထမ်းရွက်ခဲ့ရပုံ၊ ယင်းစစ်ပွဲများ၌ စစ်မှုထမ်းများအဖြစ် ပါဝင်ခဲ့ရပုံ၊ ထိုသို့ပါဝင်ကြရသူများအား စည်တုတ္တရာမြို့စီရင်စု ကျေးရွာများမှ ထောက်ပံ့ခဲ့ကြရပုံတို့ကို စေတုတ္တရာမြို့နယ်ရှိ ကျေးရွာများ၌တွေ့ရှိရသော ပေပုရပိုက်စာများတွင် တွေ့ရှိရပါသည်။

---

၁။ မြန်မာသမိုင်း-နဝမတန်း-အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၊ ၂၀၁၂ ခု နိုဝင်ဘာလ၊



ထိုပုရပိုက်စာများအရ ကုန်းဘောင်ခေတ်စစ်ရေးကိစ္စများတွင် စည်တုတ္တရာမြို့နယ်သားများ ပါဝင်ခဲ့ကြပုံများကို အောက်ပါအတိုင်း စစ်ပွဲအလိုက် ကဏ္ဍခွဲ၍တင်ပြထားပါသည်။

* * *

ကုန်းဘောင်ခေတ်တွင် နယ်ချဲ့ခုခံတွန်းလှန်ရေးစစ်ပွဲများ၊ နယ်ချဲ့လက်ပါးစေပုဆိန်ရိုးတို့အား နှိမ်နှင်းရသည့်စစ်ပွဲများကို ကြုံတွေ့ခဲ့ကြရပါသည်။

ဆင်ဖြူရှင်မင်းတရားကြီး (မြေဒူးမင်း) လက်ထက်က နယ်ချဲ့တရုတ်တို့ကို ခုခံတွန်းလှန်သောစစ်ပွဲ လေးကြိမ်ဖြစ်ပွားခဲ့ပါသည်။ ဖြစ်ပွားခဲ့သောနှစ်များကို မြန်မာသက္ကရာဇ်၊ ခရစ်သက္ကရာဇ် ဖော်ပြထားပါသည်။

ပထမမြန်မာတရုတ်စစ်ပွဲ (၁၁၂၇-၁၇၆၅)

ဒုတိယမြန်မာတရုတ်စစ်ပွဲ (၁၁၂၈-၁၇၆၆)

တတိယမြန်မာတရုတ်စစ်ပွဲ (၁၁၂၉-၁၇၆၇)

စတုတ္ထမြန်မာတရုတ်စစ်ပွဲ (၁၁၃၁-၁၇၆၉)

တို့ဖြစ်ပါသည်။

တရုတ်ပဒေသရာဇ်ကျူးကျော်သူတို့သည် ပထမကျူးကျော်စစ်၊ ဒုတိယကျူးကျော်စစ်၊ တတိယကျူးကျော်စစ်တို့တွင် ရှုံးနိမ့်ခဲ့ကြပြီးနောက် စတုတ္ထကျူးကျော်စစ်ကို ဆက်လက်ဆင်နွှဲလာကြသည်။

စည်တုတ္တရာမြို့စီရင်စုမှ စစ်မှုထမ်းများသည် စတုတ္ထတရုတ်ကျူးကျော်စစ် ခုခံတွန်းလှန်သောတိုက်ပွဲ၌ ပါဝင်ခဲ့ကြကြောင်းကို သာ ပုရပိုက်များ၌ တွေ့ရှိခဲ့ရသည်။

ဧကရာဇ်ချင်းလုံ (Qianlong) က ၁၇၆၉ ခုနှစ်ကုန်လုနီးတွင် ယခင်စစ်ပွဲသုံးကြိမ်မှ စစ်သည်အင်အားများထက် ပိုမိုများပြားသော စစ်သည်အင်အားဖြင့် စစ်ကြောင်းသုံးကြောင်း ဖြန့်ကာ ချီတက်တိုက်ခိုက်စေခဲ့သည်။ မြန်မာတပ်တို့၏ ဝန်းရံပိတ်ဆို့တိုက်ခိုက်မှုကြောင့် တရုတ်တပ်အကြီးအကဲတို့က မြန်မာတပ်မှူးများထံ စစ်ပြေငြိမ်းရေးကမ်းလှမ်းလာကြသည်။ ဤသို့ဖြင့် ၁၇၆၉ ခု ဒီဇင်ဘာလတွင် မန်ချူးတရုတ်တို့နှင့် စစ်ပြေငြိမ်းရေးသဘောတူစာချုပ်ကိုချုပ်ဆိုနိုင်ခဲ့ပြီး တရုတ်တပ်များ မြန်မာ့မြေမှ ပြန်လည်ဆုတ်ခွာသွားခဲ့ကြသည်။

ဤမြန်မာတရုတ် စတုတ္ထစစ်ပွဲ၌ စလင်း စေတုတ္တရာဘားအိုင်စီရင်စုနယ်မြေများမှ စစ်မှုထမ်းဆောင်ရန် ဗိုလ်မင်းရန်ငူသီရိနော်ရထာက ၁၁၃၀ ခု သီတင်းကျွတ်လတွင် လာရောက်ဆင့်ဆိုတောင်းခံခဲ့ရာ အောက်ပါစစ်သည်ဦးရေအတိုင်း စစ်မှုထမ်းအဖြစ်လိုက်ပါဆောင်ရွက်ခဲ့ကြောင်းကို နန်းကြူရွာပုရပိုက်တစ်ဆူ၌ တွေ့ရပါသည်။

| | | | |
|---|---|---|---|
| (၁) | မြို့မလူ | - | ၂၀၀ |
| (၂) | မြော်လက်လူ | - | ၂၇၅ |
| (၃) | တောင်လက်လူ | - | ၂၇၅ |
| (၄) | စည်တုတ္တရာကျေးလူ | - | ၇၀ |
| (၅) | ဘားအိုင်ကျေးလူ | - | ၃၀ |
| (၆) | သဲလူ | - | ၁၅ |
| (၇) | မင်းလျှင်လူ | - | ၄၂ |
| (၈) | မုရင်းလူ | - | ၁၈၄ |
| | ပေါင်း | = | ၁၀၉၁ ဦးဖြစ်ပါသည်။ |



စစ်မှုထမ်းပေးရသူ ၁၀၉၁ ဦးအနက် ၎င်းစစ်ပွဲအပြီး သေ/ကျန်ဦးရေဖော်ပြသည့်စာရင်းကို နန်းကြူရွာမှပင် ပုရပိုက်တစ်ဆူ၌ ရေးသားထားသည်ကို တွေ့ရပါသည်။ သို့သော် ပုရပိုက်မှာ ဝါကြန့်ကြန့်ဖြစ်လျက်စာများ ပျက်နေ၏။ ဖတ်ရသမျှကို အောက်တွင် ဖော်ပြထားပါသည်။

သေဆုံးသူစာရင်း

ငပုံ၊ ငသီ၊ ငဘောင်၊ ငကျွဲ၊ ငကျယ်၊ ဘုရားတကာငယုံငှားလူငအောင်တို့ဖြစ်သည်။ နိုင်ငံ့အတွက် အသက်ပေးလှူတိုက်ပွဲဝင်ခဲ့ကြလေသည်။

ပျောက်ဆုံးသူများစာရင်း

ငကွယ်၊ ငချစ်. . . ဟူ၍တွေ့ရသည်။ ဖတ်ရသမျှကိုသာ ဖော်ပြနိုင်ပါသည်။

ထို့ပြင် စစ်မှုထမ်းများစားသုံးရန် ရိက္ခာဆန်ကိုလည်း ကျေးရွာအိမ်ခြေအလိုက်စုဆုံပေးကြရသည်။ စည်တုတ္တရာမြို့မှ ဆင်ဖြူကျွန်း (ဧရာဝတီမြစ်) ဆိပ်ကမ်းအရောက် လှည်းများ၊ စွတ်ဖားများဖြင့် သယ်ပို့ကြရသည်။ ဆင်ဖြူကျွန်းဆိပ်ကမ်းတွင် ရွက်လှေကြီးများပေါ်သို့ တင်ကြရသည်။ လှေကြီးများ ရွက်လွှင့်ကာ အင်းဝနေပြည်တော်အထိအရောက် ပို့ပေးကြရသည်။ ဤအကြောင်းကို နန်းကြူရွာမှ ပေပုရပိုက်တစ်ဆူမှာပင် ရေးသားကြောင်း တွေ့ရသည်။ ပုရပိုက်ပါ မူရင်းအရေးအသားအတိုင်း အောက်တွင်ဖော်ပြလိုက်ပါသည်။

သက္ကရာဇ် ၁၁၃၁ ခု သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့ကစ၍ မုရင်းခွဲစုကျဆံ ၇၄၄ ကို ဆင်ဖြူကျွန်းဆိပ်မှာ မင်းဇေယျသူ

စာရေးဒေအိုတို့ မှတ်သား၍ ချင်သည်ကိုမှတ်စာရင်း၊ တင်းကို ကိန်းဂဏန်းပေါ်၌ သေတ်၍ရေးကြသည်။ "တင်းနှင့်တောင်းတွင်၊ ကင်းဆီးတင်၊ မှန်ပင်ယွင်းမခွဲ" ဟူသော လက်ာသံပေါက်အရ ရှေးမြန်မာတို့တင်း၊ တောင်းရေးသားပုံကို သိရပါသည်။

| | | |
|---|---|---|
| ဆင်ဖြူကျွန်းနေ လှေသူကြီးစံထွေလှေတင်ဆံ | = | ၂၄၅ |
| ဆင်ဖြူကျွန်းနေ ငမွေလှေတင်ဆံ | = | ၉၅ |
| ဆင်ဖြူကျွန်းနေ ငမြတ်စံလှေတင်ဆံ | = | ၁၁၄ |
| ဆင်ဖြူကျွန်းနေ ညိုလှေတင်ဆံ | = | ၁၁၄ |
| ဆင်ဖြူကျွန်းနေ ငပုလှေတင်ဆံ | = | ၁၈၀ |

ဖြစ်ကြောင်းတွေ့ရသည်။

ဇင်းဆန်များ နယ်မြေအလိုက် အောက်ပါအရေအတွက် အတိုင်း စုဆုံခဲ့ကြရကြောင်းတွေ့ရပါသည်။ (ပုရပိုက်ပါအရေး အသားဖြစ်သည်။ ဆံ=ဆန်)

| | | |
|---|---|---|
| စေတုတ္တရာဆံ | = | ၁၀၈ |
| ကျေးလက်ဆံ | = | ၃၀၀ |
| သဲဆံ | = | ၆၀ |
| မင်းလျှင်ဆံ | = | ၁၇၄ |

ဆန်တင်ခအဖြစ် လှေသူကြီးတို့ကို ၁၀ တင်လျှင် ၁ ကျပ် ပေးရသည်။

## မရင်းစစ်မှုထမ်း ၁၈၄ ဦးစာရင်း

မရင်းကျေးရွာများမှ စစ်မှုထမ်းအဖြစ်လိုက်ပါရသူ ၁၈၄ ယောက်၏စာရင်းကို မှတ်သားထားသောပုရပိုက်တစ်ဆူကိုလည်း



နန်ကြူရွာမှာပင် တွေ့ရသည်။ သို့သော် ပုရပိုက်မှာ ဖတ်မရလောက် အောင် ဆွေးမြည့်နေပါသည်။ ဖတ်ရသမျှသော စစ်မှုထမ်းအမည် စာရင်းကို အောက်တွင်ဖော်ပြလိုက်ပါသည်။ ပုရပိုက်ပါ အရေးအသားအတိုင်း ဖြစ်ပါသည်။

(၁) ငလပ်
(၂) ငကော်စံ
(၃) ငအယ်
(၄) ငသီ (တိုက်ပွဲမှာကျဆုံး)
(၅) ငလှ
(၆) ငငု (တိုက်ပွဲမှာကျဆုံး)
(၇) ငပျော်
(၈) ကျေယ် (တိုက်ပွဲမှာကျဆုံး)
(၉) ငမူ
(၁၀) ငချယ်ငယ်
(၁၁) ငနိုင်
(၁၂) ငနေကြီး
(၁၃) ငဝက်
(၁၄) ငပျို
(၁၅) ငအုံ
(၁၆) ငနေငယ်
(၁၇) ငတွန်
(၁၈) ငအောင်
(၁၉) ငခိုင်

(၂၀) ငတင်
(၂၁) ငသော်
(၂၂) သီသားငဖံ
(၂၃) ရှင်ငနေညီငချို
(၂၄) ကြောသားငမြတ်
(၂၅) တင်သားငအောင် (တိုက်ပွဲကျ)
(၂၆) ခိုင်သားငပုံ
(၂၇) သင်ငှါးလူငပေါ်
(၂၈) ကျောင်းတကာငှါးငယဉ်
(၂၉) သင်သားငစံကျော်
(၃၀) ရှင်လှသားငပန်
(၃၁) လှအိုသားငလွှံ
(၃၂) ချမ်းကွယ်သားငလံ
(၃၃) ချစ်ကြီးသားငတွံ
(၃၄) ခိုင်လူငကျွဲ (တိုက်ပွဲကျဆုံး)
(၃၅) ငပေါ်သားချစ် (တိုက်ပွဲကျဆုံး)
(၃၆) စစ်သားငစော်
(၃၇) လိန်လူငပိုင်
(၃၈) စိန်သားငတွင်
(၃၉) အိုင်သားငမူ
(၄၀) လတ်ငှါးလူငခုံး
(၄၁) စံငုံငှါးလူငချစ်



(၄၂) ငသွေငှါးလူငငဲ့
(၄၃) ငယွန်ငှါးလူငအောင်[၁]

ယခုခေတ်အရေးအသားအရ "ကသတ်" အစား "သေးသေးတင်" သုံး၍ ရေးထားကြောင်း၊ ငပေါ် = ငပေါက်၊ ငလံ=ငလက် စသည်ဖြင့် သိရှိဖတ်ရှုရပါမည်။

စစ်မှုထမ်းအဖြစ်လိုက်ပါသူများတွင် ကိုယ်တိုင်လိုက်သူ၊ သားကိုထည့်သူ၊ ညီကိုထည့်သူ၊ လူငှားထည့်သူဟူ၍ တွေ့ရပါသည်။

* * *

## ချင်းပျံနှိမ်နင်းရေးအတွက် စစ်စရိတ်ငွေကြေးများကို မရင်းချင်းများက ထောက်ပံ့ရပုံ

ဘိုးတော်မင်းတရား (၁၇၈၂-၁၈၁၉) လက်ထက် ၁၈၁၁ ခု (၁၁၇၃) ခုတွင် ရခိုင်နယ်စပ်ပြဿနာ ဒုတိယအကြိမ် ပေါ်ပေါက်ခဲ့သည်။ မြန်မာဘုရင်အားပုန်ကန်သော ချင်းပျံအရေးအခင်းဖြစ်သည်။ ချင်းပျံအား မြန်မာဘုရင့်တပ်မတော်က တိုက်ခိုက်နှိမ်နင်းနိုင်ခဲ့ပါသည်။ ထိုသို့ နှိမ်နင်းတိုက်ခိုက်သော မြန်မာ့ဘုရင့်တပ်မတော်အတွက် စလင်း၊ စေတုတ္တရာစီရင်စုအပါအဝင် မုရင်းချင်းတို့က စစ်စရိတ်ငွေကြေးကောက်ခံထည့်ဝင်ခဲ့ကြရကြောင်း ကျန်စိမ့်ရွာမှ ပုရပိုက်တစ်ဆူတွင် တွေ့ရှိခဲ့ရပါသည်။ ပုရပိုက်ပါ မူရင်းအရေးအသားအတိုင်း အောက်တွင်ဖော်ပြထားပါသည်။

---

**၁။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ**

၁၁၇၃ ခု ဝါဆိုလဆန်း ၂ ရက်နေ့တွင် ဓညဝတီဒွါရာဝတီ၊ ရမ္မာဝတီမြို့များသို့ ငချင်းပျံငလက်ရအွေအမ်စားတို့နှင့် သပုံးလူတို့ တိုက်ဖျက်ရန် လုယူသည်ကို မြို့စားအင်အား လှက်ကိုင်လူခန့်ထား၍ ဘမ်းဆီးသတ်ဖြတ်ရမည့် စာချွန်နှင့် အခန့်အထားအသိန်းအရုံးလာရောက်သည်။ မုရင်းရွာက လှက်ကိုင်လူ ၇၀ တစ်ကိုယ်လျှင် ရိပ်ခါငွေ ၂၀ ကျပ်စီကျ ပေးရမည်၊ မြို့သူကြီးက လုင်ငသာဖြူငရွှေပုတို့ကို စေခန့်တောင်းလာစေသည်တွင် လှက်ကိုင်လူ ၇၀ မှာ တစ်ကိုယ်လျှင် ရိပ်ခါငွေ ၂၀ိ အကျပေးရန်နှင့် လှက်ကိုင် လူအတောင်းလာသူလုင်တို့ကို ဝပ်အငန့်စားပေးရန်ငွေပါ ၁၅ ပ ဂိ လှက်လူစကပွါးသားတို့က အပ်ငွေ ၁ ပ ၂၆ိ ပြည်စိုးတို့က ပိုလူတွက်အပ်ငွေ ၂၁ိ ကျောင်းတကာတို့က ပိုလူတွက်အပ်ငွေ ၃ိ၊ ၂ ခု ၁၅ဝိ ကို ခွက်ချိန်၍ ကျန်ငွေ ၁ ခု ၆ဂိ ငွေပုဆိန် ၁ လျှင် ၃ိမျိုး၊ လုင် ၁ လျှင် ၁ိရူ စီကျ တောင်းခံသည့်စာရင်း

| | | | |
|---|---|---|---|
| သူကြီးငစံသူ | ၂၅ | ၉ဝိ | |
| လက်မရွှံ့ငစံဘက် | ၁၃၅ | ၄၈ဝိ | |
| ကွံးနှီးငရုံ | ၈၆ | ၃ ပ ၉ | မျိုး |
| ကျောင်းတကာငပန်ညွှန့် | ၆၀ | ၂၁၆ | ရူ |
| ပြည်စိုးငကျော် | ၇၃ | ၂၆၄ိ | မျိုး |

ဟူ၍တွေ့ရပါသည်။



ငချင်းပျံအရေးအခင်းတွင် စည်တုတ္တရာစီရင်စုဝင် မုရင်း အသင်းများက လှက်ကိုင်လူစစ်မှုထမ်းများ၊ ရိက္ခာငွေကြေးများပါ ထောက်ပံ့ရကြောင်းတွေ့ရပါသည်။

*   *   *

## မဏိပူရအရေးအခင်းနှိမ်နှင်းရာမှာလည်း စစ်ရေးစရိတ် ထောက်ပံ့ရပုံ

ကုန်းဘောင်ခေတ်တွင် မဏိပူရ၌ ထီးနန်းဆက်ခံရေးပြဿနာ ပေါ်ပေါက်ခဲ့ရာပဒုံမင်း (၁၇၈၂-၁၈၁၉) ကောဇာသက္ကရာဇ် (၁၁၄၄-၁၁၈၁) လက်ထက်၌ မဟာရာဇာနှင့် ဥပရာဇာတို့ အချင်းဖြစ်ပွားသည်ကို ဖြေရှင်းပေးခဲ့ရသည်။ မဟာရာဇာက မကျေနပ်၍ တော်လှန်ခဲ့ရာ မြန်မာ့ဘုရင့်တပ်မတော်က သွားရောက်နှိမ်နှင်းခဲ့သည်။ ဤစစ်ချီစရိတ်အတွက် စေတုတ္တရာ စီရင်စုဝင် မုရင်းချင်းများက စစ်စရိတ်ထောက်ပံ့ပေးရပုံကို အုံးဝါးရွာပုရပိုက်တစ်ဆူ၌တွေ့ရသည်။ ပုရပိုက်ပါမူရင်း အရေးအသားအတိုင်း အောက်တွင်ဖော်ပြထားပါသည်။

| | | |
|---|---|---|
| စည်တုတ္တရာမူတိုင် | - | ၇၅ဝိ/- |
| မုရင်းရွာမူတိုင် | - | ၆ဝိ/- |
| မင်းလျှင်ရွာမူတိုင် | - | ၅ဝိ/- |
| သဲရွာမူတိုင် | - | ၃ဝိ/- |
| ဘောင်ဘိုင်ကျေးဝန်မူတိုင် | - | ၉ဝိ/- |
| မြို့မကျေးဝန်မူတိုင် | - | ၁၁ဝိ/- |

တောင်လက်ကျေးဝန်မှုတိုင် - ၃၅ဝိ/-

မြောက်လက်ကျေးဝန်မှုတိုင် - ၂၆ဝိ/-

မဏိပူရအရေးအခင်းကို နှိမ်နင်းရန် မြန်မာတပ်များကို ၁၁၈၁ ခု နတ်တော်လတွင် စေလွှတ်ခဲ့ရသည်။ မြန်မာတပ်များကို စားရေရိက္ခာထောက်ပံ့ရန် စည်တုတ္တရာမြို့စီရင်စုဒေသများ၌ ကောက်ခံပေးသွင်းခဲ့ရကြောင်း တွေ့ရှိရပါသည်။

* * *

## မဏိပူရမြို့စောင့်တပ်ပြန်လာစဉ် စရိတ်ထောက်ပံ့ပေးရပုံ

အုံးဝါးရွာ၌တွေ့ရသော ပုရပိုက်တစ်ဆူတွင် အောက်ပါ အရေးအသားကို တွေ့ရသည်။

၁၁၈၂ ခု နယုန်လဆန်း ၇ ရက်နေ့ မဏိပူရမြို့စောင့်တပ် ပြန်လာသူလွှက်ကိုင်လှထွန်း၊ ငနေကျော်တို့ ၂ အွှံ၊ လှံကိုင် ၁ လျှင် စရိပ်ငွေ ၅ စီချိန်ပေးကြရမည်၊ မြို့စာရေးမောင်ပုက တောင်းလျှင် ငလွမ်းမြို့စာရေးမောင်ပုမှာ ချိန်ငွေ ၁ဝိ-

ဤပုရပိုက်ပါအရေးအသားတွင် လက်=လက်နက်၊ အွှံ=အနက်၊ စရိပ်=စရိတ်ဟုဆိုလိုပါသည်။ လှံကိုင်တစ်ဦး ၅ စီ ထောက်ပံ့ကြောင်းတွေ့ရသည်။

* * *

## မဏိပူရစစ်ရေးတွင် စစ်မှုထမ်းအဖြစ်လိုက်ပါခဲ့ရသူများ

မဏိပူရသို့ချီတက်တိုက်ခိုက်ရန် မြန်မာတပ်များက မြို့ရွာ နယ်ပယ်အသီးသီးမှ စစ်သည်များကို စုဆောင်းခဲ့ရာ လေးရာပြုမြို့ ဖြစ်သော စည်တုတ္တရာမြို့မှလည်း စစ်သည်အင်အားစုဆောင်း



ဆင့်ဆိုစေလွှတ်ခဲ့ရသည်။ စည်တုတ္တရာစီရင်စုပါ ကျန်စိမ့်၊ အုံးဝါး ရှိ မရင်းအသင်းလေးသင်းမှ စစ်သည် (၁၄) ဦးစေလွှတ်ခဲ့ပုံကို အုံးဝါးရွာမှ ပုရပိုက်တစ်ဆူတွင်တွေ့ရပါသည်။

| အသင်းအမည်နှင့် စစ်သည်အမည်များ လက်မရွှံ့သင်း | အသင်းအမည်နှင့် စစ်သည်အမည်များ ကွဲးနှီးသင်း | အသင်းအမည်နှင့် စစ်သည်အမည်များ ကျောင်းတကာသင်း | အသင်းအမည်နှင့် စစ်သည်အမည်များ ပြည်စိုးသင်း |
|---|---|---|---|
| ငအောင် | ငမြတ်ဦး | ငရွှေပါ | ငလှကျော် |
| ငနေ | ငထွန်း | ငအုပ် | ငမြတ်သာ(အငှါး) |
| ငယျ | ငနေ | ငမှတ် | ငလှထွန်း |
| ငသာတော | ငလျှင် | | |

ယင်းစစ်သည် (၁၄) ဦး စေလွှတ်နိုင်မှုအတွက် မုရင်းချင်း များအနေဖြင့် ဂုဏ်ယူဖွယ်ဖြစ်ပါသည်။ ယင်းစစ်ကြောင်းဗိုလ်ချုပ်မှာ ဒွါရာဝတီစားမင်းသား သတိုးမင်းရဲကျော်ထင်ဖြစ်သည်။ မဟာဗန္ဓုလက လက်ဝဲစစ်ကြောင်း၊ စစ်ကဲမင်းကြီးမင်းခေါင်ကျော်က လက်ျာစစ်ကြောင်းဖြစ်သည်။

## မဏိပူရမြို့စောင့်တပ်သေ၊ ကျန်စာရင်း

မြန်မာတပ်များက မဏိပူရကိုသိမ်းပြီးနောက် မြို့စောင့်တပ် ထားခဲ့ရ၏။ တိမ်းရှောင်နေသော မဏိပူရစော်ဘွားက ပြန်လည် လာရောက်တိုက်ခိုက်သောကြောင့် မြန်မာတပ်များမှ စစ်သည်အချို့ ကျဆုံးခဲ့ရသည်။ အုံးဝါးရွာပုရပိုက်တစ်ဆူ၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

| | | |
|---|---|---|
| (၁) | မြောက်လက်ခန်းရင် | =လွှက်ကိုင် ၂၅၂ အုံ့ မြို့စောင်လုံကိုင် ၄၂ အုံ့ သေ ၃ ကျံတင် ၃၉ |
| (၂) | တောင်လက်ခန်းရင် | =လုံကိုင် ၃၆၁ အုံ့ မြို့စောင့်လုံကိုင် ၆၁ အုံ့သေ ၁၂၊ ကျံတင် ၄၉ |
| (၃) | မြို့မခန်းရင် | =လုံကိုင် ၁၄၄ အုံ့ မြို့စောင့်လုံကိုင် ၂၈ အုံ့ ၂၈ အုံ့ သေ ၉ ၊ ကျံတင် ၁၉ |
| | ပေါင်းခန်းရင် | =လုံကိုင် ၇၅၇ အုံ့ မြို့စောင့်လုံကိုင် ၁၃၁ အုံ့ သေပေါင်း ၂၄၊ ကျံတင် ၁၀၇ ဟူ၍ဖြစ်သည်။ |

အရေးအသားရှင်းလင်းချက်=လွှက်=လက်နက်။ အုံ့=အနက်။ ခန်းရင်=ခွဲခန့်မိန့်အရလိုက်ပါရသော စစ်မှုထမ်း၊ မြောက်လက်=မြောက်ဖက်၊ တောင်လက်=တောင်ဖက်။ ကျံတင်=ကျန်ရှိသူ

မြန်မာကျူးကျော်စစ်ကို ဆင်နွှဲသူဘုရင်မင်းဧကရာဇ်တို့အတွက် အသက်စွန့်လှူရခြင်းဖြစ်သည်။

* * *

## ပထမအင်္ဂလိပ်မြန်မာစစ်ပွဲ

ကုန်းဘောင်ခေတ်တွင် ဥရောပနိုင်ငံများမှာ ကုန်သွယ်ရေးလုပ်ငန်းကို လွတ်လပ်စွာလုပ်ဆောင်လာကြသည်။ နယ်ချဲ့သိမ်းယူမှုများကိုပါတစ်ပါတည်း လုပ်ဆောင်လာကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၌ စပိန်၊ ပေါ်တူဂီ၊ ပြင်သစ်နှင့်အင်္ဂလိပ်တို့သည် အပြိုင်အဆိုင်နယ်ချဲ့ခဲ့ကြ



သည်။ အင်္ဂလိပ်တို့က ရေကြောင်းသွားလာရေးအတွက် သင်္ဘောကြီးများ တည်ဆောက်ရန် မြန်မာ့ကျွန်းကို အထူးမက်မောသည့်အတွက် မြန်မာ့အိမ်နီးချင်း အိန္ဒိယနိုင်ငံထဲမှ အာသံ၊ မဏိပူရအရေး တိုက်ပွဲများဖြစ်ပွားနေစဉ် မြန်မာပိုင်ရှင်မဖြူကျွန်းကို အင်္ဂလိပ်တို့က ကျူးကျော်သိမ်းပိုက်လာကြသည်။ ယင်းကိစ္စမပြေမလည်ရှိနေစဉ် ၁၈၂၄ ခု မတ်လ (၅) ရက်နေ့တွင် အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို စစ်ကြေညာသဖြင့် ပထမအင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်ပွားခဲ့ရသည်။

အင်္ဂလိပ်တို့က အာသံ၊ မဏိပူရစစ်မျက်နှာ၊ ရခိုင်စစ်မျက်နှာနှင့်ရန်ကုန်၊ ပုသိမ်၊ မြိတ်၊ ထားဝယ် စသော ရေကြောင်းစစ်မျက်နှာဟူ၍ စစ်ကြောင်းသုံးကြောင်းဖွင့်ကာ ကျူးကျော်တိုက်ခိုက်သည်။

မြန်မာတို့ဘက်မှ ရခိုင်စစ်မျက်နှာကို စစ်သူကြီးသတိုးသုဓမ္မမဟာဗန္ဓုလ ကွပ်ကဲ၍ ရှေးဦးချီတပ်များကို မဟာသီဟသူရ (မြဝတီမင်းကြီးဦးစ) က ဦးဆောင်သည်။ အာသံမဏိပူရ၊ ရခိုင်စစ်မျက်နှာတို့တွင် မြန်မာတို့က နိုင်ခဲ့သည်။ ရေကြောင်းစစ်မျက်နှာတွင် ရန်ကုန်မြို့ကို သိမ်းယူသည့် အင်္ဂလိပ်တပ်များအား မနှိမ်နှင်းနိုင်ဘဲ မြန်မာတပ်များ တဖြည်းဖြည်းဆုတ်ခွာခဲ့ကြရာ ဓနုဖြူအရောက်တွင် ၁၈၂၅ ခု ဧပြီလ၌ မဟာဗန္ဓုလပုံးသင့်၍ ကျဆုံးခဲ့ရသည်။ အင်္ဂလိပ်တို့ ဆက်လက်ချီတက်လာကြပြီး ရန္တပိုရွာအထိသိမ်းပိုက်ကြပြီးနောက် ၁၈၂၆ ခု ဖေဖော်ဝါရီလ ၂၄ ရက်တွင် ရန္တပိုစာချုပ်ချုပ်ဆိုလျက် စစ်ပြေငြိမ်းလိုက်ကြရသည်။[၁]

---

**၁။ မြန်မာသမိုင်း-နဝမတန်း-အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၊ ၂၀၁၂ ခု နိုဝင်ဘာလ၊**

ယင်းပထမအင်္ဂလိပ်မြန်မာစစ်ပွဲတွင် စည်တုတ္တရာစီရင်စုနယ်မြေများမှ စစ်မှုထမ်းအဖြစ် လိုက်ပါကြရသည်။ စစ်စရိတ်ထောက်ပံ့ကြရသည်။

စစ်စရိတ်ထောက်ပံ့ရပုံကိုရေးထားသော ပုရပိုက်တစ်ဆူကို နန်ကြူရွှာမှာတွေ့ရသည်။ ပုရပိုက်ပါမူရင်းအရေးအသားမှာ အောက်ပါအတိုင်းဖြစ်သည်။

၁၁၈၅ ခု ပြာသိုလပြည့်ကျော် ၁၀ ရက် ရခိုင်ဓညဝတီ အမှုတော်တောင်းရာမူ ၃ိ၂ံ မှာ လူ ၁ ငါးတောင်းရမည့် သူကြီးတို့က ခန့်တောင်းသောကြောင့် ကျောင်းတကာငလပ်မူ ဝိ၊ ကြာဦးလျှ ၂ံ၊ သောဖူး၄ျူး၊ ငဦးမူ ၂ံ၊ ငမိလပ်မူ ၆ျူး၊ ကြောပင်မူ ၃ျူး၊ အစုစု ၃ိ ၃ျူးနှင့် လူငါးတောင်းကြရာ စစ်ဝတ်စစ်စားကိုယ်ခစရိပ်ပါ အရပ်ရပ်ကုံငွေ ၆၃ိ၃ံ ငွေကို ၁၉ ပြံနှင့်တစိတ်ကျ၊ ငမိလပ်၊ ကြာဦး၊ သောဖူး၊ ကြောပင်၊ ငဦး၊ ငမြတ်သာတို့ အစုံအညီခွဲကြသည့်စာရင်း- × × ×

ငဦးဓားလွယ် ၁ အဘိုး ဝိ၁ံ၊ လုံ ၁ ဘိုး ၂ံ၊ မူလွန်သံချွန် ၆ ရိ ၂ံ ခေါင်းပေါင်းဘိုး ၂ံ၊ သောအင်္ကျီ ၁ ဘိုး ဝိ စောင် ၁ ဘို ၂ံ စလွယ် ၂ ဘိုး ၂ံ× × ×

## မြန်မာငွေတန်ဖိုးလက်ာ[၂]

- ကျပ်စိတ်မှတ်တွင်၊ လုံးကြီးတင်၊ ရေးပင်မှန်မူချ=ဝိ=ဝိ တစ်ကျပ်၊



- လက်သစ်မှတ်ထွင်၊ သေးသေးတင်၊ ရေးလျှင်တစ်ခဏ= ၂ံ=၂ မတ်
- မူးကိုနှစ်ချောင်း၊ မြင်တုံရှောင်း၊ အပေါင်းမှတ်လေကြ= ူး= ၁ျူး-တစ်မူး
- ပဲနှင့်စလယ်၊ ပဲနှင့်ဝယ်၊ တင့်တယ်နောက်ပစ်မှ=`=၃ဲ= ၃ ပဲ
- ရွေးမှာသဝေ၊ ဝဆွဲလေ၊ မသွေရေးကာချ=ွေး=ွေး=၁ ရွေး

## အပြံတွက်ပုံ[၂]

- မူ ၃ိ ၂ံ ကို ၁၉ ပြံနှင့်တောင်းသည်။ မူ ၃ိ ၂ံ ကို ၆၃ိ၃ံ ကုန်ကျငွေအတွက် ၁၉ ပြံကျနှင့်ခဲ့ကြသည်ဟုဆိုရာတွင် ၃ိ၂ံ ကို ၁၉ နှင့် မြှောက်ခြင်းဖြစ်သည်။

## စစ်သည်တို့၏အသုံးအဆောင်နှင့်စရိတ်

ပထမအင်္ဂလိပ်မြန်မာစစ် ဓညဝတီကြောင်းစစ်ချီရာတွင် စည်တုတ္တရာစီရင်စုနယ်မြေမှ လက်နက်ကိုင်စစ်မှုထမ်းနှစ်ဦးငှားခဲ့ရပြီး ယင်းနှစ်ဦးအတွက် ကိုယ်ခစရိတ်၊ စစ်ဝတ်စစ်စားအရပ်ရပ်ပေးဆောင်ကြရသည်။

ဤသို့ပေးဆောင်ရသောစရိတ်မှတ်တမ်းကို နန်ကြူရွှာပုရပိုက်တစ်ဆူ၌တွေ့ရသည်။ ပုရပိုက်ပါမူရင်းအရေးအသားမှာ တစ်ဖက်ပါအတိုင်းဖြစ်သည်။

၂။ မြန်မာ့ရိုးရာကိန်းဂဏန်းအမှတ်အသား၊ ကိုယ်ပိုင်မှတ်စု-ဦးစိန်တိုး (လက်ထောက်ကြီးကြပ်ရေးမှူး-ငြိမ်း၊ မန္တလေးတိုင်းပညာရေးမှူးရုံး) မန္တလေးမြို့ (ပန်းချီ)

၂။ မြန်မာ့ရိုးရာကိန်းဂဏန်းအမှတ်အသား၊ ကိုယ်ပိုင်မှတ်စု-ဦးစိန်တိုး (လက်ထောက်ကြီးကြပ်ရေးမှူး-ငြိမ်း၊ မန္တလေးတိုင်းပညာရေးမှူးရုံး) မန္တလေးမြို့ (ပန်းချီ)

၁၁၈၆ ခု တန်ခူးလ ဧည့ဝတီကြောင်းချီစစ်ကြောင်းသို့ စည်တုတ္တရာစီရင်စု နံကြူရွာမှ စစ်မှုထမ်းလူနှစ်ဦး လိုက်ပါထမ်းဆောင်ရန် ခန့်ခွဲခံရသဖြင့် ၎င်းနှစ်ဦးအတွက် ကုံကျငွေမှတ်စာရင်း

စစ်မှုထမ်းလူနှစ်ဦးမှာ နံကြူသားငမြတ်နှင့်ငထွံ (ငထွက်) ဖြစ်သည်။

| စဉ် | အကြောင်းအရာ | ကျသင့်ငွေ |
|---|---|---|
| ၁ | ငမြတ်ကိုငှါးရာကိုယ်ခရွာမှာပေး | ၃၀ိ |
| ၂ | ၎င်းလွှက်ကိုင်ငမြတ်စရိပ်စလင်းမြို့မှာပေး | ၁၅ိ |
| ၃ | ၎င်းငမြတ်မှာထပ်၍ စရိပ်ဆင်ကျုံးမှာပေး | ၃ိ |
| ၄ | ငထွံကိုငှါးရာကိုယ်ခစလင်းမှာပေး | ၃၀ိ |
| ၅ | ၎င်းငထွံမှာ စရိပ်စလင်းမှာပေး | ၁၅ိ |
| ၆ | ၎င်းငထွံမှာထပ်၍ စရိပ်ဆင်ကျုံးမှာပေး | ၃ိ |
| ၇ | ၎င်းလွှက်ကိုင်ဆောင်ရန်ဓားလွယ် ၂ ဝယ်ရာဘိုးငွေ | ၄ိ |
| ၈ | ၎င်းလွှက်ကိုင်တို့ဆောင်ရန် လုံ ၂ အွန့်လုံ ၁ ဝယ်ရငွေ | ၂ံ |
| ၉ | ၎င်းလွှက်ကိုင်တို့ဆောင်ရန် လုံတင် ၂ ဝယ်ရငွေ | ၂ံ |
| ၁၀ | ၎င်းလွှက်ကိုင်တို့ဆောင်ရန် ပေါက်ဆိန် ၁ ဝယ်ရငွေ | ၁ိ |



| စဉ် | အကြောင်းအရာ | ကျသင့်ငွေ |
|---|---|---|
| ၁၁ | ၎င်းလွှက်ကိုင်တို့ဆောင်ရန် ၆ စပ်မိုးကာ ဝယ်ရငွေ | ၁ိ ၁ံ |
| ၁၂ | ၎င်းလွှက်ကိုင်တို့ဝတ်ရန်ပုဆိုး ၂ ဝယ်ရငွေ | ၄ိ |
| ၁၃ | ၎င်းလွှက်ကိုင်ခြုံရန်စောင် ၂ မဝယ်ရငွေ | ၄ိ |
| ၁၄ | ၎င်းလွှက်ကိုင်လူ ၂ ငှါးစရိပ်မြစ်ဆိပ်မှာ ပေးငွေ | ၃ိ ၃ံ |
| ၁၅ | ၎င်းလွှက်ကိုင်တို့ပေါင်းရုံ ၂ ဝယ်ရငွေ | ၂ံ |
| ၁၆ | ၎င်းလွှက်ကိုင်တို့ဆောင်ရုံရေဘူး ၂ ဝယ်ရငွေ | ၁ံ |
| ၁၇ | ၎င်းလွှက်ကိုင်တို့ဆောင်ရုံကျောက်ဆပ် ၁ ဝယ်ရငွေ | ၁ံ |
| ၁၈ | ၎င်းလွှက်ကိုင်လူတို့ဆောင်ယူရန်ခဲအိပ် ၁ ဝယ်ရငွေ | ၁ိ |
| ၁၉ | ၎င်းလွှက်ကိုင်လူတို့ဆောင်ယူရန်ယမ်းဘူး ၁ ဝယ်ရငွေ | ၁ိ |
| ၂၀ | သံချွံဘိုးဆင်ကျုံးဆင်ကျုံးတပ်မှာ လွှက်ကိုင်လူတို့မှာ | ၅ိ-၃ံ |
| | အစုစုကုံငွေပေါင်း | ၁၁၆ိ-၁ံ |

၎င်းကုန်ကျသည့်ငွေကို ငရွှေကြာမူ ၄ိ ငွေသင့် ၇၇ိ၂ံ၊ ငစံသာမူ ၅ိ ငွေသင့် ၃၈ိ၃ံ ဟူ၍တွေ့ရပါသည်။ မြန်မာ့ပဒေသရာဇ်

ခေတ် စစ်သည်တော်တို့၏အသုံးအဆောင်၊ ယင်းအသုံးအဆောင်အတွက် ကုန်ကျစရိတ်တို့ကို သိရှိရပါသည်။

* * *

## ဓညဝတီကြောင်းချီစစ်ကြောင်း၌ လိုက်ပါရသောစစ်သည်တော်များ

ပထမအင်္ဂလိပ်မြန်မာစစ်၌ မြန်မာဘက်မှ ဆင်နွှဲသည့် ဓညဝတီကြောင်းချီ ဗန္ဓုလစစ်ကြောင်းတွင် စည်တုတ္တရာစီရင်စုဒေသအပါအဝင် မုရင်းချင်းစစ်သည်တော်အဖြစ် လိုက်ပါခဲ့ရသူများ၏စာရင်းကို ကျန်စိမ့်ရွာပုရပိုက်တစ်ဆူ၌တွေ့ရှိရပါသည်။ ပုရပိုက်ပါမူရင်းအရေးအသားအတိုင်း ဖော်ပြလိုက်ပါသည်။

| စဉ် | စစ်သည်အမည် | ကိုင်စွဲရသောလွှက် | မှတ်ချက် |
|---|---|---|---|
| ၁ | ငချစ် | အကြပ်၊သွှပ်ကိုင် | တိုက်ရာပြော်၊ |
| ၂ | ငကျော် | သွှပ်ကုင် | တိုက်ရာပြော်၊ |
| ၃ | ငအုပ် | လှံကိုင် | တိုက်ရာပြော်၊ |
| ၄ | ငညီ | လှံကိုင် | |
| ၅ | ငသော် | လှံကိုင် | |
| ၆ | ငတိမ် | လှံကိုင် | ပြန်မရောက်လာ၊ |
| ၇ | ငကျော်စံ | လှံကိုင် | |
| ၈ | ငနေ | လှံကိုင် | |
| ၉ | ငပိုင် | လှံကိုင် | သေ |
| ၁၀ | ငသာငယ် | သွှက်ကိုင် | သဘော်ဆိပ်တပ်ပါ |
| ၁၁ | ငသွေ | လှံကိုင် | |



| စဉ် | စစ်သည်အမည် | ကိုင်စွဲရသောလွှက် | မှတ်ချက် |
|---|---|---|---|
| ၁၂ | ငကြယ် | လှံကိုင် | မင်းလျှင်ငစံကြပ်ရာပါ |
| ၁၃ | ငချည် | လှံကိုင် | မင်းလျှင်ငစံကြပ်ရာပါ |
| ၁၄ | ငကျိုင် | လှံကိုင် | ဆည်ကံဘိုကြပ်ရာပါ |
| ၁၅ | ငဆုံ | လှံကိုင် | ဆည်ကံဘိုကြပ်ရာပါ |

သွှပ်=သေနတ်၊ ပြော်=ပျောက်ဟူ၍ဆိုလိုသည်။ စစ်သည်တော်ဟူသည် တိုက်ပွဲဝင်ရလျှင် သေဆုံးတတ်ကြောင်း တွေ့ရသည်။ မြန်မာ့ပဒေသရာဇ်ခေတ် စစ်လက်နက်အဆင့်မှာ အလွန်နိမ့်ကျနေကြောင်း သိရပါသည်။ မဟာဗန္ဓုလစစ်ကြောင်းသည် အင်းဝ၊ ဆင်ဖြူကျွန်း၊ စလင်း၊ ဘားအိုင်မြို့စစ်ကြောင်းဖြင့် ချီတက်ခဲ့သည်။

## ရခိုင်ဓညဝတီစစ်ကြောင်းမှ ပြန်ဆုတ်ခွာလာရသော မဟာဗန္ဓုလ

မဟာဗန္ဓုလသည် စစ်ကိုင်း (ဘကြီးတော်မင်း) က ပြန်ခေါ်သဖြင့် ရခိုင်ရိုးမကို အလျင်အမြန်ဖြတ်ကျော်ကာ နေပြည်တော်အင်းဝသို့ ပြန်လာခဲ့ရသည်။

အင်္ဂလိပ်ရေတပ်သည် ရေကြောင်းမှချီတက်လာနိုင်ကြောင်း မဟာဗန္ဓုလက နေပြည်တော်အင်းဝဘုရင်ထံသို့ ကြိုတင်အကြောင်းကြားမှုအရ သတိုးမဟာသေနာပတိ (စကြာဝန်ကြီး) ကို အင်းဝမှ ရန်ကုန်သို့ အလုံးအရင်းနှင့်ချီတက်စေခဲ့ရာ အင်္ဂလိပ်တို့က ရန်ကုန်မြို့ကို သိမ်းပိုက်ထားနှင့်ပြီးဖြစ်သည်။ ရွှေတိဂုံကုန်းမြင့်၌ တပ်စွဲနေသော အင်္ဂလိပ်တို့ကို ဝန်ကြီးသတိုးမင်းကြီး မဟာမင်းခေါင်

(ကျီဝန်ကြီး) က ပြောက်ကျားစစ်ဆင်နည်းဖြင့် တိုက်ခိုက်သော်လည်း မအောင်မြင်ခဲ့ပေ။ အင်္ဂလိပ်ရေတပ်တို့က သံလျင်၊ ဒလ၊ ထားဝယ်တို့ကို သိမ်းပိုက်ထားပြီးဖြစ်သည်။

ဤသို့ ရန်ကုန်စစ်ကြောင်းအခြေအနေဆိုးရွားမှုများကြောင့် ရခိုင်ဧည့ဝတီစစ်ကြောင်းမှ ပြန်ဆုတ်လာသော မဟာဗန္ဓုလ၏ တပ်များသည် ဆင်ဖြူကျွန်းဆိပ်ကမ်းရောက်သောအခါ ခေတ္တစခန်းချနားခိုရန် ဗိုလ်တဲများဆောက်လုပ်ရေးကို စလင်း စည်တုတ္တရာမြို့စားမြို့သူကြီးတို့က စီမံခန့်ခွဲကြရသည်။

ဤတွင် စည်တုတ္တရာစီရင်စုအဝင်ကျေးရွာများက ဝါးဘိုး၊ သံချွန်ဘိုးများ စုဆုံထည့်ဝင်ခဲ့ကြရကြောင်း ကျန်စိမ့်ရွာပုရပိုက်တစ်ဆူ၌ တွေ့ရှိရသည်။ ပုရပိုက်ပါအရေးအသားမှာ အောက်ပါအတိုင်းဖြစ်သည်။

> ၁၁၈၆ ခု ဝါခေါင်လပြည့်ကျော် (၁၀) ရက်တွင် ဧည့ဝတီကြောင်းချီ မဟာဗန္ဓုလတပ်နှုပ်သိမ်းတော်မူရာ ဘိုတဲဆောက်လုပ်ရန် ဝါး ၁၅၀၀ ဘိုးငွေ ၁၅၊ သံငင်းဘိုး ၅၊ ဖျာ ၅၀ ဘိုး ၅၊ အစုစု ၂၅ ပေးရန်ရှိသည်အွက်မပြေ ကျန်ငွေ ၁၃ိ၃ျးငွေများကို မရင်းကျန်စိမ့်လူများကချေပေးရန် × × × ဟူ၍တွေ့ရလေသည်။

* * *

**ဟံသာဝတီကြောင်းချီစစ်သည်တစ်ဦး၏စရိတ်စုဆုံကြရပုံ**

ဟံသာဝတီကြောင်းချီရာတွင် မုရင်းချင်းတို့က စစ်သည်တစ်ဦးငှားရမ်းစေလွှတ်ခဲ့ကြရသည်။ ကျန်စိမ့်ရွာပုရပိုက်တစ်ဆူတွင် အောက်ပါအတိုင်းရေးသားထားသည်။



၁၁၈၆ ခု တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့တွင် ဟံသာဝတီကြောင်းချီလွှက်ကိုင်လူ ၁ ငှားစရိတ်စစ်ဝပ်စစ်စားရိက္ခာ ဆောင်စရိတ်လှေတက်ခတ်ကွင်းကြိမ်ဖိုးပါ ငမြတ်သာတို့စုံညီ ၁၃ ပြံကျခဲ့သည့်စာရင်း-× × × × ဟူ၍ ပါရှိပါသည်။

* * *

ပထမအင်္ဂလိပ်မြန်မာစစ်ဖြစ်ပွားချိန် ရန်ကုန်သို့ ချီတက်တိုက်ခိုက်ရသည့် မြန်မာတပ်များ၌ စည်တုတ္တရာစီရင်စုမုရင်းချင်းလူမျိုးများ စစ်မှုထမ်းအဖြစ် ပါဝင်ခဲ့ကြသည်။ ရွှေတိဂုံကုန်းမြေတိုက်ပွဲမှ ပြန်လာသူများတွင် မုရင်းချင်း ဆယ်ဦး၊ ကျန်စိမ့်လူဆယ်ဦး ပြန်လာကြကြောင်း ရေးသားထားသည့် ကျန်စိမ့်ရွာပုရပိုက်နှစ်စောင်တွင် တွေ့ရှိရသည်။

ပထမ ပြန်လာသူ ဆယ်ဦးအကြောင်းပါ ပုရပိုက်စာကို မဖော်ပြတော့ပါ။ ဒုတိယပုရပိုက်စာကိုအောက်တွင် ဖော်ပြထားပါသည်။

> ၁၁၈၆ ခု ပြာသိုလပြည့်ကျော် (၁၁) ရက်နေ့ ငအူချာကို စစ်မေးလျှင် ကျွန်တော်တို့က ပရင်းခံတပ်တွင် ပါသည်။ ရန်ကုန်မြို့ သိင်္ဂုတ္တရကုန်းကို တိုက်ရာ ပိုကပ်တို့ပြသွားသောကြောင့် ကျွန်တော်တို့ပြလာရပါသည်။ ကျွန်တော်တို့နှင့်အတူ ပြလာသူတို့မှာ ငအူချာ (လက်မရှိ့) သောတော (လက်မရှိ့) လှေ (လက်မရှိ့) ငမြတ်လှ (သွှပ် ၁ ပါ၊ ထားပြတိုက်ရာပါ)၊ သော (လက်မရှိ့) ငလွှမ်း (ကွံးနှီး၊ သွှပ်၁ပါ၊ ထားပြတိုက်ရာပါ)၊ ငကျော်ခံ (ကွံးနှီးလူ ငရွှေရေး (သွှပ် ၁ ပါ)၊ သွှပ် ၂ လက်ကို လယ်ကို ကိုင်းကျေးပန်းလွှာရွာသို့ ရောက်ကာ လထားပြတိုက်သောကြောင့်ရင်း သွှပ် ၂ မှာ ပါသွားသည်ဟု

အစစ်ခံခဲ့သည်။ ပြံလာ = ပြန်လာသည်။ ထားပြ = ဓားပြ၊ သွပ် = သေနတ်ဟု ဆိုလိုပါသည်။

* * *

ပထမအင်္ဂလိပ်မြန်မာစစ်ပွဲကာလ ဘုရင့်ထီးနန်းစိုက်ရာမြို့တော်ကို စောင့်ရှောက်ရန် မရင်းရွာများက လူခုနစ်ဦးပေးရန် ခန့်ခွဲခံရကြောင်း ရေးသားထားသည့် ပုရပိုက်ကို ကျန်စိမ့်ရွာ၌ တွေ့ရသည်။

၁၁၈၆ ခု တပို့တွဲလဆန်း ၆ ရက် မြို့တော်စောင့်ရန် မုရင်းရွာ လူ (၇) ဦး ပေးရမည်ကို မြို့ရုံးက ခန့်တောင်းသည့် အမှုကို ကိုယ်ကစရိတ်ပေးဆောင်ရန် တစ်ဦးလျှင် ၁၀ ပြံလက်မရွှံ့ သင်းသားတို့ ခွဲဝေခံကြရမည်၊ × × × ဟူ၍ ဖြစ်ပွားသည်။

မြန်မာပဒေသရာဇ်ခေတ်တပ်မတော်သည် အမြဲတမ်းတပ်မဟုတ်သောကြောင့် စစ်ပွဲအပြီး မိမိအရပ်ဒေသသို့ ပြန်လာကြရသည်။ ရန်ကုန်ဟံသာဝတီစစ်ကြောင်းမှ ပြန်လာသူမရင်းကျန်စိမ့်ချင်းလေးဦးအနက် တစ်ဦးမှာ စစ်မှုထမ်းဘဝမှ ထွက်မပြေးရန် ကျန်သုံးဦးက အာမခံတာဝန်ယူရပုံ ရေးထားသည့် ကျန်စိမ့်ရွာ ပုရပိုက်တစ်ဆူပါ ရေးသားပုံကို အောက်တွင် လေ့လာနိုင်သည်။

၁၁၈၆ ခု ပြာသိုလပြည့်ကျော် (၁) ရက်နေ့ ငပြည့်ငသာကြော်ငတုတ်တို့ ချုပ်ဆိုဝန်ခံချက်။ ဟံသာဝတီကြောင်း လိုက်လံသူ ငလင်းပြံလည်ရောက်လာသည်ကို အများတကာ နည်းအပ်သင့်လိုက်သည်။ ငလင်းထွက်ပြေးတိမ်းရှောင်ရှိလျှင် ကျွန်တော်တို့ တာဝန်ဖြစ်ပါစေတော့၊ ငပြည့်၊ ငသာကြော်၊ ငတုပ်တို့ ချုပ်ဆိုခံဝံ



သောကြောင့် ငလင်းကို ငပြည့်၊ သာကြော်၊ ငတုပ်တို့ အပ်သည်၊ ----ဟူ၍ တွေ့ရသည်။

* * *

## ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲ (၁၈၅၂)

ဒုတိယအင်္ဂလိပ်မြန်မာစစ်သည် (၁၈၅၂ (ဝါ) ၁၂၁၄) ခု ဧပြီလမှ နိုဝင်ဘာလအထိ ခြောက်လကြာ ဖြစ်ပွားခဲ့သည်။

ကျွန်းသစ်အမြောက်အမြားထွက်သော သစ်တောများ ပြည်မြို့အထက်တွင်ရှိကြောင်း ပထမအင်္ဂလိပ်မြန်မာစစ်ပွဲတိုက်ခိုက်စဉ်က အင်္ဂလိပ်တို့ သိရှိခဲ့ကြသည်။ အင်္ဂလိပ်ဘုရင်ခံချုပ်သည် မြန်မာတို့ မလိုက်လျောနိုင်သည့် ပြင်းထန်သော ရာဇသံကို မြန်မာဘုရင်ထံသို့ ထပ်မံပေးပို့ပြီး ရန်ကုန်သို့ စတင်ချီတက်တိုက်ခိုက်လာကြရာမှ ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်ပွားခဲ့ရခြင်း ဖြစ်သည်။

## ဒုတိယအင်္ဂလိပ်မြန်မာစစ်တွင်အကြည်ရွာမှ စစ်မှုထမ်းလိုက်ပါရပုံ

ဒုတိယအင်္ဂလိပ်မြန်မာစစ်တွင် စေတုတ္တရာမြို့နယ်စီရင်စုတွင် ပါဝင်သော အကြည်ရွာမှ စစ်မှုထမ်းကိုးဦး လိုက်ပါခဲ့ရသည်။ အကြည်ရွာ ပုရပိုက်ပါ အရေးအသားကို အောက်တွင် လေ့လာနိုင်ပါသည်။

"၁၂၁၄ ခု တန်ခူးလဆုတ် ၇ ရက်နေ့ ကုလားအရေးတော်ပေါ်ရှိရာ ပုသိမ်ကြောင်းချီလိုက်သူ ငမြတ်၊ ငပေါ်၊ ငကျား၊ ငရွှေနု၊ ငနီကာ၊ ငနိုင်၊ ငစံလှ၊ ငအိတ်၊ ငဘဲ၊ လူပေါင်း (၉) ယောက်သားတို့မှာ တန်လူသူနှင့်အပြံ ၁၁၁ ကျကို တွက်၍ သူကြီးပြည်စိုးရွာအုပ်တို့ ရှင်းလင်းသည့်စာရင်း"၊ × × × ဟူ၍ တွေ့ရပေသည်။

* * *

## တတိယအင်္ဂလိပ်မြန်မာစစ်ကာလ
## နယ်ချဲ့လက်အောက်ကျရောက်လုနီးကာလ

သီပေါမင်းပါတော်မူခါနီး ၁၂၄၆ ခုနှစ်တွင် မြန်မာမြို့ကြီး မြို့ငယ်တို့၏ မြို့စား မြို့သူကြီးတို့က မြို့ရိုးတွင် ကျေးရွာများမှ သေနတ် လက်နက်များကို စစ်ဆေး၍ လုံခြုံအောင် ထိန်းသိမ်းထား ကြရပုံကို နန်ကြူရွာရှိ ပုရပိုက်တစ်ဆူ၌ တွေ့ရပြီး အောက်ပါအတိုင်း လေ့လာနိုင်ပါသည်။

"၁၂၄၆ ခု ကဆုန်လပြည့်ကျော် ၉ ရက်နေ့ မုရင်းရွာ လက်မရွံ့သူကြီးငပေါ၊ အချုပ်သူကြီးတေင်၊ ကွံးနှီးသူကြီးစံလှတို့ ခံဝန်ချက်။ ကျွန်တော်တို့ ကျေးရွာမြို့ရိုးစာရင်းကျထမ်းရင်း သွှပ် ၂၀ အနက် ယခုကျေးရွာတွင် အချုပ်သူကြီးတေင လက်ရှိ သွှပ်၂၊ လက်မရွံ့သူကြီးငပေါ လက်ရှိ သွှပ် ၉၊ မြေတိုင်းသူကြီး ငအောင်ကျွယ် သမက်ကြောစွယ်ထံ လက်ရှိ သွှပ် ၁၊ စုစုကျေးရွာရှိသည့် သွှပ် ၁၂ များကို ကျွန်တော်တို့သူကြီး ၃ ဦးက သွှပ် ၄ လက်ကျ ဆိုးကောင်းညီမျှ ဝေငှထိန်းသိမ်း၍ ကောင်းမွန်အောင် ပြင်ဆင်လုပ် ဆောင်ပြီးလျှင် ရာဇဝတ်တော်ရေးကင်းလွတ်လုံခြုံအောင် ထိန်းသိမ်း ကြပါသည်။ သူကြီး ၃ ဦးတို့ စစ်ကဲတော်ကြီး မင်းရှေ့ခံဝင်ကြသည်။ × × × ဟူ၍ ဖြစ်ပါသည်။

မြန်မာနိုင်ငံ စီရင်စုမြို့ကျေးအရပ်ရပ် သေနတ်များ စစ်ဆေး ပြင်ဆင်စုစည်းမှု ပြုလုပ်သော တတိယအင်္ဂလိပ်မြန်မာစစ်တွင်း လုံးဝခုခံတိုက်ခိုက်မှု မပြုလုပ်ရဘဲ မြန်မာ့ကြငှန်းထီးနန်း ကွယ်ပျောက်ခဲ့ရသည်။ မြန်မာ့နောက်ဆုံးဘုရင် သီပေါမင်းပါတော် မူခဲ့ရလေသည်။

* * *



၁၂၄၇ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးကို နယ်ချဲ့ အင်္ဂလိပ်တို့က သိမ်းပိုက်ပြီးနောက် အသုံးကြီးတို့ ကိုင်ဆောင်သည့် သေနတ်များ၊ လက်နက်ခဲယမ်း မီးကျောက်များ၊ လှံများ၊ ထားလွယ် (ဓားလွယ်) များကို မြို့ရိုးသို့ တင်ပေးအပ်နှံကြရကြောင်း အုံးဝါး ရွာတွင် တွေ့ရသည့် ပုရပိုက်တစ်ဆူ၌ ရေးသားထားသည်ကို အောက်တွင် ဖော်ပြလိုက်ပါသည်။

| | |
|---|---|
| ရိုးအပ်သွှပ် | ၂၀ |
| ရွာဆောင် | ၅၀ |
| ၂ စု | ၇၀ |
| ယမ်းချိန် | ၂၀ |
| ခဲလုံးရေ | ၂၀၀၀ |
| မီးကျောက် | ၆၀ |
| ထားလွယ် | ၂၀ |
| လှံ | ၂ ဟူ၍ တွေ့ရပါသည်။ |

အင်္ဂလိပ်နယ်ချဲ့တို့ကို မခုခံ မတော်လှန်နိုင်အောင် စလင်း မြို့ရိုးသို့ (မသိမသာလက်နက်သိမ်းသည့်အနေဖြင့်) လက်နက်များ ကို အပ်နှံခိုင်းလေသလားဟု တွေးစရာဖြစ်ပေတော့သည်။[၁]

## မြန်မာနိုင်ငံနယ်ချဲ့လက်အောက်လုံးလုံးကျရောက်ခဲ့ရခြင်း

မြန်မာ့ပဒေသရာဇ်ခေတ်နှောင်းပိုင်းတွင် အနောက်နိုင်ငံ များ မြန်မာနိုင်ငံနှင့် ဆက်သွယ်ရန် ကြိုးပမ်းလာကြသည်။ စစ်

---

၁။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ

နှစ်ကြိမ် ကျူးကျော်လျက် အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးသော နယ်ချဲ့ဗြိတိသျှတို့က အခြားအနောက်နိုင်ငံများ စွက်ဖက်လာပြီး ဩဇာလွှမ်းမိုးမှုကို အထူးစိုးရိမ်ခဲ့သည်။

မြန်မာနိုင်ငံမှ သစ်လုံးရေ ရှစ်သောင်းကျော် ထုတ်ယူခဲ့သော်လည်း ငါးသောင်းကျော် စာရင်းဖျောက်ထားသော ဘုံဘေဘားမား သစ်ကုမ္ပဏီအား မြန်မာတို့က ဒဏ်ငွေ နှစ်သိန်း သုံးသိန်းကျော် ပေးဆောင်စေသည်။ ဤတွင် အိန္ဒိယဘုရင်ခံချုပ်က မြန်မာတို့ မလိုက်လျောနိုင်သည့် အချက် ငါးချက်ပါ ရာဇသံကို မြန်မာ့ဘုရင့်လွှတ်တော်သို့ ပို့လိုက်သည်။ ၁၈၈၅ ခု နိုဝင်ဘာ ၁၃ ရက်တွင် မြန်မာနိုင်ငံအား အင်္ဂလိပ်တို့က စစ်ကြေညာပြီး မြန်မာနိုင်ငံကို ဗိုလ်ချုပ်ကြီးပရင်ဒါဂတ်ဦးဆောင်၍ တိုက်ခိုက်လေတော့သည်။

မင်းလှခံတပ်ကား မြန်မာ့ဇာတိမာန်ပြ၍ အပြင်းအထန် ခုခံခဲ့သော နေရာဖြစ်ခဲ့သည်။ ရေနံချောင်း၊ ပုဂံ၊ မြင်းခြံတို့ကို လက်လွှတ်လိုက်ရပြီးနောက် မြန်မာ့လွှတ်တော်က လက်နက်ချခိုင်းသောကြောင့် အင်းဝ၊ သပြေတန်း၊ စစ်ကိုင်းခံတပ်များ လက်နက်ချခဲ့ကြရသည်။ ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်တွင် ဗိုလ်ချုပ်ကြီးပရင်ဒါဂတ်က သီပေါမင်းနှင့်မိဖုရားတို့ကို နန်းချဖမ်းဆီးကာ မန္တလေးကို သိမ်းပိုက်လိုက်ကြသည်။ ၁၈၈၆ ခု ဇန်နဝါရီလ (၁) ရက်တွင် မြန်မာနိုင်ငံသည် အင်္ဂလိပ်ပိုင်နယ်မြေတစ်ခုဖြစ်ကြောင်း အိန္ဒိယဘုရင်ခံချုပ် လော့ဒပ်ဖရင်က ကြေညာလိုက်ရာ မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်ခံ ကိုလိုနီဘဝသို့ လုံးလုံးကျရောက်ခဲ့ရလေတော့သည်။



## စေတုတ္တရာစီရင်စုချင်းကျေးရွာများ၌ သီပေါမင်းပါတော်မူပုံမှတ်တမ်းထားကြခြင်း

စေတုတ္တရာမြို့နယ် အုံးဝါးရွာမှ ပုရပိုက်တစ်ဆူတွင် ဤသို့ မှတ်တမ်းတင်ထားကြောင်း တွေ့ရပါသည်။

သည်ပေါမင်းသည် ၁၂၄၀ ပြည့် တန်ဆောင်မုန်းလဆန်း (၁၅) ရက်နေ့ နန်းတက်တော်မူ၍ စံမြန်းတော်မူသည်ကို ၁၂၄၇ ခု တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက်နေ့ အင်္ဂလိပ်ကုလားတို့က အင်္ဂလိပ်ပြည်သို့ ယူသွားသည်။ ထို့နောက် အင်္ဂလိပ်အရေးပိုင် ကာနယ်စလေတင်နန်းတက်သိမ်းသည်။ ၎င်း ခုနတ်တော်လဆန်း ၇ ရက်နေ့ စလင်းမြို့၌ ကုလားဝင်သိမ်းသည်။ ၁၂၄၈ ခု ဝါဆိုလပြည့်ကျော်တွင် စလင်းမြို့ကို ထားပြတို့ ဝိုင်းရန်ရှိသည်ကို ၎င်းခု ဝါခေါင်လဆန်း ၁ ရက်နေ့ ထားပြတို့ ထွက်ပြေးသည်။[၁] × × × ဟူ၍ ဖြစ်ပါသည်။

၁။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ

# အခန်း (၆)

## မြန်မာ့ပဒေသရာဇ်ခေတ်စည်တုတ္တရာစီရင်စု၏ စီးပွားရေး

မြန်မာ့ပဒေသရာဇ်ခေတ်များဖြစ်သော ပုဂံ၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ကုန်းဘောင်ဟူသော ကာလအသီးသီးတွင် လယ်ယာစိုက်ပျိုးရေးသည် အဓိကအသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်း ဖြစ်ခဲ့သည်။

ကုန်သွယ်ရောင်းဝယ်မှုတွင် ပဒေသရာဇ်ခေတ်ဦး၌ အိမ်နီးချင်း တရုတ်၊ အိန္ဒိယတို့နှင့် ပြုလုပ်ခဲ့ပြီး ခေတ်နှောင်းပိုင်းတွင် အနောက်နိုင်ငံများဖြစ်သော အင်္ဂလိပ်၊ ပြင်သစ်တို့နှင့် ရောင်းဝယ်မှုပြုလုပ်ခဲ့ရသည်။

ကုန်းဘောင်ခေတ်အစောပိုင်းတွင် ကုန်ပစ္စည်းချင်းဖလှယ်သည့်စနစ်ကို အသုံးပြုခဲ့ကြသည်။ အသပြာအဖြစ် ငွေကြေးအတုံးအခဲများကို သုံးစွဲခဲ့ကြသည်။

ဘိုးတော်မင်းတရားကြီးလက်ထက် မိုးခေါင်၊ ရေကြီး၊ မီးလောင်စသော ကပ်ဘေးတို့ ဆိုက်ရောက်ခဲ့၍ ပြည်သူတို့၏ အခြေအနေအမှန်သိနိုင်ရန် ၁၁၄၅ (၁၇၈၄)၊ ၁၁၆၄ (၁၈၀၂) ခုနှစ်တို့၌ စီးပွားရေးစစ်တမ်းနှစ်ကြိမ် ကောက်ယူခဲ့သည်။





ပြည်ပသို့ တင်ပို့သော မြန်မာ့ပို့ကုန်များမှာ ကျွန်းသစ်၊ ရှားစေး၊ ချိပ်၊ ဆင်စွယ်၊ ရေနံစိမ်း၊ ခဲ၊ သံဖြူ၊ ပယင်း၊ ငါးမန်းတောင်၊ ငှက်သိုက်တို့ ဖြစ်သည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် စိုက်ပျိုးရေးလုပ်ငန်း အပြင် စက်ရုံ (၅၀) ကျော် တည်ထောင်နိုင်ခဲ့သည်။ ၁၈၆၅ (၁၂၂၇) ခုနှစ်တွင် ဒင်္ဂါးစက်ရုံ တည်ထောင်နိုင်ခဲ့ကာ ဒေါင်းဒင်္ဂါးများ သုံးစွဲလာကြသည်။ စိုက်ပျိုးရေးအထောက်အကူပြုသည့် အမတော်ကြေး ထုတ်ပေးထောက်ပံ့မှု ပြုလုပ်ခဲ့သည်။ အခွန်စနစ်တွင် သဿမေဓ အခွန်ကောက်ခံသည့်စနစ် ပေါ်ထွန်းခဲ့သည်။

ဤသည်တို့မှာ မြန်မာ့ပဒေသရာဇ်ခေတ် စီးပွားရေးဆိုင်ရာ ယေဘုယျအခြေအနေများ ဖြစ်သည်။ ထိုကာလ စလင်းစည်တုတ္တရာစီရင်စုဒေသများ၏ စီးပွားရေးအခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

* * *

### ၁၁၄၅ ပထမစစ်တမ်းပါ စည်တုတ္တရာစီးပွားရေး

ပဒုံမင်းလက်ထက် ချင်းကျေးရွာများက သူကြီးမြို့စား၊ ရွာစားတို့ထံ ဝါဂွမ်း၊ ချင်းစောင်၊ ငရုတ်ကောင်းတို့ကို အခွန်အဖြစ် ဆက်သကြရပြီး အခွန်ဆက်ကျေးရွာများသို့ တစ်ရွာ ဆား နှစ်ပိဿာ ပေးခဲ့ကြကြောင်း၊ မြို့သူကြီး၊ ရွာသူကြီးများက အခွန်ကောက်ခံရေးတာဝန်ယူကြရကြောင်း ရေးသားထားသည်။

* * *

## ဝါအခွန်ဆက်သရပုံ

ဝါအခွန်ဆက်သရပုံအကြောင်းပါသည့် ပုရပိုက်တစ်ဆူကို ကျန်စိမ့်ရွာ၌ တွေ့ရပြီး အောက်ပါအတိုင်း ရေးသားထားသည်ကို လေ့လာနိုင်ပါသည်။

သက္ကရာဇ် ၁၁၆၄ ခု သီတင်းကျွတ်လပြည့်နေ့ မုရင်းသူကြီး ငစံငုံ၊ ကွံ့နှီးငနေအောင်၊ လက်မရွှံ့ငခုံး၊ ငပြတ်ထွန်းအောင်တို့ အစစ်ခံချက်။

ကျွန်တော်တို့ ကြီးစိုးစီရင်ရသည့် ချင်းရွာများမှ အခွန်ဆောင်သော နှစ်ကို အခွန်မဝါ ၇၅၀၊ ပို့ ၇၅၀၊ ရေ ၇၅၊ မြေတိုင်းမြို့သူကြီး ၂၀၊ တောင်ဝတ်စောင်ဖြူရှည် ၃ မ၊ စောင်တို ၂ မ ဆက်ပေးရသည်။ တိုင်သူရင်း မင်းမှုစရိတ်ကြေးငွေ ပေးဆောင်ရသည်မရှိ၊ တရားစကားမှာ ကျွန်တော် သူကြီးက စီရင်ရလျှင် အရာတော်တစ်ဝက်၊ စီရင်သူတစ်ဝက်၊ သူကြီးတို့မှာ တစ်ဝက်၊ အခွန်တော်နှင်းဆက် သရမြဲဖြစ်ပါသည်။ စာချွန်တော်ကို မြို့သူကြီးက ဆော်ဖန်၍ မြို့စားရွာစားမှာ ဆက်သွင်းရပါသည်။ ရွာစားမရှိလျှင် တသောင်းမြောင်တိုက်တော်မှာ ဆက်သွင်းရပါသည်။ ဝါခွန်တော်ပေးချိန်သည့်ကာလ ရွာဝါမရှိ ရွာစားက နားဝင်တင်တစ်ခု ပေးရပါသည်။ နွားအစုမပေးလျှင် နွားအိုး ၅ိ ပေးရမြဲဖြစ်ပါသည်။

* * *

## စောင်လက်ဆောင်ပေးရပုံ

စည်တုတ္တရာမြို့စီရင်စုချင်းကျေးရွာများမှ စောင်လက်ဆောင်ပေးရပုံကို ကျန်စိမ့်ရွာမှ ပုရပိုက်နှစ်ဆူတွင် တွေ့ရပြီး အောက်ပါအတိုင်း ရေးသားထားပါသည်။



## ပထမပုရပိုက်ပါစာသား

၁၁၆၉ ခု နယုန်လဆန်း ၁ ရက်နေ့တွင် ရွှေဖဝါးတော်အောက် ဆက်ကပ်ရန် ကြေးငွေကိုလည်း အလျှင်အမြန် မရနိုင်သောကြောင့် လံဆောင်ပေးရန် စောင်ကိုသာ ခွဲခန့်ကြမှ ကောင်းမည်ဟု လူကြီးတစ်စုတို့နှင့် သုံးဖသားခွဲကြသည်။ (လံဆောင်=လက်ဆောင်ဟု ယူပါ)

## ဒုတိယပုရပိုက်စာသား

> ၁၁၇၃ ခု ကဆုန်လပြည့်ကျော် ၁၀ ရက်တွင် ၇၂ ခု တံကူးလရွှေဖဝါးတော်အောက်က ပြန်ရောက်လာသူ သူကြီးငစံသူ၊ ငရွှေအိုး၊ ငသာထွန်းတို့က ထမင်းဘိုးစရိတ်အတွက် မောင်ပါနောက်မှာ ချေးယူရသည့်ငွေ ၅ဝိ အတိုးရှိတရပ်၊ စလင်းမြို့စောင့်လူ ၃ ယောက်ကိုယ်ခ နှစ်လစာပေးရန်ငွေ ၆ဝိ တစ်ရပ်၊ ၎င်းလူ ၃ ယောက်မှာ ခဲယမ်းဘိုးပေးရန် ၁၅ိ တစ်ရပ်၊ အမှုကို လွှတ်ညိန်းအောင် မြို့ဝန်မင်းထံဆောင်ရွက်ပြောဆိုဖို့ ရာလံဆောင်စောင် အနားကွက် ၁၅ မ၊ အဘိုးငွေ ၁၅ိ တစ်ရပ်၊

ဟူ၍ တွေ့ရှိရပါသည်။ ဤတွင် စောင်သည် လာဘ်ပေးလာဘ်ယူပစ္စည်းတစ်ခုအဖြစ် မြန်မာပဒေသရာဇ်ခေတ်ကပင်ရှိခဲ့ကြောင်း သိရပါသည်။

## ဖျာများ၊ ဝါးများကို လက်ဆောင်အဖြစ် ပေးဆက်ရပုံ

ကျန်စိမ့်ရွာ ပုရပိုက်တစ်ဆူတွင် ဖျာများ၊ ဝါးများကိုလည်း လက်ဆောင်အဖြစ် ပေးဆက်ခဲ့ရပုံကို အောက်ပါအတိုင်း လေ့လာတွေ့ရှိနိုင်ပါသည်။

၁၁၈၅ ခု တော်သလင်းလဆန်း ၁၄ ရက်နေ့ မိုးမိတ်ဝန် ရွှေဖဝါးတော်အောက် ဆန်တက်လာရာ လံဆောင်ပေးဆို၍ မြို့စာရေးမောင်ပုကဗျာ ၂ ပေးရမည်ဆို၍ ဝယ်ရအဘိုးငွေ ၁၀၊ ဝန်အိမ်ဆောက်ရန် မုရင်းအစုကျဝါး ၁၀၀၀ တောင်းသည့်အွံ့ ကျောင်းတကာတို့က သွင်းပေး၍ မပြေကြန်ဝါး ၂၀၀ ကို မြို့စာရေး မောင်ပုက တောင်းသောကြောင့် ပေးရ ဝါး ၂၀၀ ဘိုးငွေ ၁၀ ၂ ကို ကျန်စိမ့်မုရင်းသားတို့က ပေးသွင်း × × × ဟူ၍ တွေ့ရပါသည်။ (အွံ့ = အနက်၊ မပြေကြန် = ပေးချေရန် ကျန်ဟူ၍ ယူပါရန်)

တောတောင်သဘာဝထွက် ဝါး၊ ဖျာတို့ကို လုပ်အားစိုက်၍ ထုတ်လုပ်သူ ပြည်သူတို့ထံမှ တောင်းယူသည့် ပဒေသရာဇ်ဓလေ့ကို တွေ့ရပါသည်။

* * *

## လယ်အရောင်းအဝယ် (တပွင်ရွာ)

အနောက်ရိုးမမှ ဆင်းသက်လာသူဖြစ်စေ၊ ပုဂံ ပုပ္ပားစလင်း တို့မှ ပြောင်းရွှေ့၍ စည်တုတ္တရာမြို့ စီရင်စုဒေသကျေးရွာများ၌ နေထိုင်သူဖြစ်စေ၊ မိမိတို့၏ စားဝတ်နေရေးအတွက် သစ်ခက် ဆည်ထိုး၊ ရေမြောင်းဖောက်လုပ်ကာ လယ်ယာစိုက်ပျိုးလုပ်ငန်း လုပ်ကိုင်ခဲ့ကြပေလိမ့်မည် ဖြစ်သည်။ မြန်မာ့ပဒေသရာဇ်ခေတ်ဦး ကာလကပင် စည်တုတ္တရာမြို့ စီရင်စုနေချင်းတို့ တောင်ယာအခြောက် စိုက်ပျိုးမှု၊ ရေသွင်းလယ်၊ မိုးရေခံလယ်စိုက်ပျိုးမှု ပြုလုပ်ခဲ့ကြပြီးဖြစ်၍ တပွင်ရွာမှ ပုရပိုက်တစ်ဆူတွင် စပါး ၂၀် ထွက် လယ်အရောင်း



အဝယ်ပြုလုပ်ကြကြောင်း ရေးသားထားသည်ကို အောက်တွင် လေ့လာတွေ့ရှိနိုင်ပါသည်။

၁၂၁၁ ခု တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့ မောင်ပို့လောက် မောင်ရွှေသားတို့က ငွေသုံးရန် လိုပါသည်။ အဘ မောင်ကျာဘူးထံ တပွင်သင်းသည် ငစံတုပ်က ရောင်းလယ် ထွန်တုန်းခေါ် စွါး ၂၀် ထွက်ကို ငွေ ၂၀ံ ကဲ ကျပ်ချိန်ကို ၅၂း နှင့် သင်းသည် ငစံတုးပ်က ရောင်းလယ်ကို ဝယ်ယူပါ။ တပွင်ရွာ နေခင်းကျမ်တကာဘိုးမြတ်လှကို တိုက်ရောင်း လျှင် ၎င်းရောင်းချက်အတိုင်း ဇင်းကျမ်တကာ ဘိုးမြတ်လှက တူသမက် မောင်တုပ်ကြီး ငွေ ၂ ဘဲ ၇ ၅၂းပေး၍ အဘ မောင်ကျာဘူးထံ ရောင်းရင်းသက္ကရာဇ်တွက် ၇ ၅၂း ပေး၍ ဝယ်ယူသက္ကရာဇ် မိုးထားကြသည့်ကာလအထိရှိသူ မြေစိုး မောင်မြတ်သာထွန်း အောက်ကျင်းသင်းသား မောင်ထက် စာစီ၊ ဘုရားတကာ မောင်မြတ်သာထွန်း စာရေး မောင်သာယ- × × × ဟူ၍ တွေ့ရပါသည်။

အရေးအသား - (သုံးရာန် = သုံးရန်။ ၂၀် = ၂၀ တင်း၊ စွါး = စပါး။ ဇင်းကျမ်တကာ = ဇကြံန်တကာ။ သက္ကရာဇ်တွက် = သတ်မှတ် ကာလအတွက်။ သက္ကရာဇ် = ကာလသတ်မှတ်ဟူ၍ မှတ်ယူဖတ်ရှု ကြပါရန်)

ပုရပိုက်ပါစာ၏ ဆိုလိုရင်းမှာ ၁၂၁၁ ခုသည် ပုဂံမင်း လက်ထက် (၁၂၀၈ မှ ၁၂၁၅ ထိ) ဖြစ်သည်။ ဦးကျာဘူး၏ သား (တပွင်သင်းသည် အသင်း) ဦးစံတုပ်က ရောင်းသော စပါး ၂၀ တင်း ထွက်ကို မောင်ပို့လောက်၊ မောင်ရွှေသားတို့က ဝယ်ယူပြီး

ယခု လောလောဆယ် ထွန်နေသော ဝင်းစပါး ၂၀ တင်း ထွက်လယ်ကို စကြ်ံနတကာ ဖိုးမြတ်လှ၏တူ သမက်မောင်တုတ်ကြီးက ငွေ ၇ ၅ မူးနှင့် ဝယ်သည်ဟု ဆိုလိုသည်။

* * *

## ပုဂံမင်း (၁၂၀၈-၁၂၁၅) ကာလ အကြည်ရွာ၏စားရေးအခက်ကြုံနေပုံ

ပုဂံမင်း (၁၂၀၈-၁၂၁၅) ကာလ ၁၂၁၅ ခုနှစ်တွင် အကြည်ရွာ၌ စားရေးအခက်ကြုံရပုံကို အကြည်ရွာရှိ ပုရပိုက်တစ်ဆူ၌ ရေးသားထားပုံကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

> သက္ကရာဇ် ၁၂၁၅ ခု ကဆုန်လဆန်း ၁၀ ရက်နေ့တွင် အကြည်အုပ်စုငပိုင်က ကျေးရွာသားတို့မှာ စားရန်စပါးမရှိပါ။ မြို့သူကြီးခင်ပွန်းထံ အစီရင်ခံလျှင် ရွာအုပ်အစီရင်ခံချက်အတိုင်း မြို့သူကြီးမင်းသမီးခင်ပွန်းက စွါး ၁၅ ချေးပေးစောင်မလိုက်သည်။ နောင်သူကြီးရွာသားတို့က ချေးစွါးအတိုင်းတိုးရင်းစွါးကို ငွေပေးမဆပ်နေလျှင် ကျွန်တော်ရွာအုပ်ငပိုင်က စွါး ၁၅ ကို တိုးရင်းပါးပါအပြီးပေးဆပ်ပါမည်ဆို၍ ချေးပေးလိုက်သည့်ကာလ × ×
>
> သက္ကရာဇ်စာရေးငပေမှေး

ဟူ၍ဖြစ်ပါသည်။ အကြည်ရွာ အကျေးရွာမှာ အတူတူပင်ဖြစ်သည်။ မြို့သူကြီး၏သမက်က စပါး ၁၅ တင်းချေးပေးသည်ကို စားစရာမရှိသော ရွာသားတို့က ပြန်မဆပ်နိုင်လျှင် ရွာအုပ်ငပိုင်က စပါး ၁၅ တင်း အရင်းနှင့်အတိုးပါ ပြန်ပေးဆပ်မည့်အကြောင်း တွေ့ရပါသည်။

* * *



## အခွန်တော်ထမ်းဆောင်ကြမည့် အိမ်ခြေစာရင်းမှန်ကန်ကြောင်း ဘုရားရှေ့တွင် သစ္စာအဓိဋ္ဌာန်ပြုကြရပုံ

မြန်မာပဒေသရာဇ် သက်ဦးဆံပိုင်တို့က အခွန်ကောက်ခံပေးရသော ကျေးရွာသူကြီး၊ ရွာခေါင်းတို့ကို ယုံကြည်မှုရရန် ၎င်းတို့ တင်ပေးသော အိမ်ခြေဦးရေမှန်ကန်ကြောင်း၊ ဘုရားရှေ့မှာ သစ္စာဆိုခိုင်းခဲ့ကြောင်း ၁၂၂၅ ခု ပြတိုက်အဆောင်တော်မြဲ နေမျိုးမင်းလှမင်းထင်သင်္ခယာ၏မှတ်တမ်းကို အကြည်ရွာ၌ တွေ့ရှိခဲ့ရာ ထိုပုရပိုက်၌ရေးသားချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

> ဘုန်းတော် ၆ ပါးနှင့်ပြည့်စုံတော်မူသော သဗ္ဗညုတမြတ်စွာဘုရား ယခု ကျေးရွာသူကြီး၊ ဆယ်အိမ်ခေါင်းနှင့် ကျွန်ုပ်တင်ပေးသည့်စာရင်းသည် စီရင်စုနယ်အတွင်း ရှိနေသည့် အိမ်ရင်းစုံပွါးအိမ်ထက်အိမ်အောက်လှည်းနေကျည်အောင်းမြင်းဇောင်းကတင် အိမ်ပူးအိမ်ကပ်လူတို့ကို အိမ်ရင်းစုံပွါးနှင့်တကွ အသည်စုကျားကျောင်းဘုရားဒကာ္ခိတ အိုနာကျိုးကန်းမှစ၍ တစ်အိုးတစ်အိမ်တစ်ဦးတစ်ယောက်မှ အလျှဉ်းမကျန်မရှိပါ၊ × × ×
>
> ၎င်းအပြင် အတိဒုက္ခဆင်းရဲနွမ်းပါးမဟုတ် ဖဲလျက်အများကျေးရွာနေ ရွာသားတို့နည်းသွားလာကူးသန်းစားသောက်နေထိုင်နိုင်သည့် ယောက္ခမမိဘတို့ကို စုံပွါးသားသမက်ချွေးမတို့က တစ်အိုးတစ်အိမ်တည်ပြုလုပ်၍ စာရင်းမတင်မပေးစေရပါ။ × × ×
>
> ဆင်းရဲသားတို့ကို မျက်နှာငဲ့ကွက်၍ အကျိုးတော်ယုတ်လျော့အောင် သေရှောင်မရှိသည်ကို သေရှောင်ရှိဟန်ပြုလုပ်ကြံဖန်

> စဉ်းလဲတတဲတစ်အိမ်တစ်ဦးတစ်ယောက် မဟုတ်မမှန် ထိန်ချဲကဲဝှက်ပြုလုပ်၍လာစာရင်းတင်ပေးလျှင် ကျွန်ုပ်မှစ၍ သားမြေးမြစ်တိုင် ယခုဘဝ ပစ္စက္ခမှ မျက်မှောက်ထင်ထင် အကုသိုလ်စေတနာဇောသည် နှိပ်စက်၍ ဒုက္ခဝေဒနာ တို့သည် ကပ်ရောက်ပြီးလျှင် တနေ့တခြားရေနည်းငါးကဲ့သို့ စည်းစိမ်အသက်နေ့ရက်မကြာ ပျက်စီးရွှေ့လျောသည် သာမက မင်းဘေးမင်းဒဏ် ဒါးလှံသေနတ်အမြောက် စိန်ပြောင်းလောင်မီးသေနတ်သစ်ကြားသစ်ပြင်းဘီလူးသဘက် နဂါးမြွေကြီး သစ်ပင်တောင်ထန်းသွပ်သစ်ချွန်ထိပါးရှုန သွေးနီသွေးနက်ပွက်ပွက်အံ၍ အလျှင်အမြန်ဖြစ်စေသော် × × × ကျွန်ုပ်နဖူးထိပ်ထက်ရွတ်ရှိသည့် သစ္စာတော်ကျမ်း တွင်ရှိသည့်အတိုင်း စူးရောက်သည်ဖြစ်စေသော် × × × သေသည်မှ နောင်ကျင်လည်ရာ သံသရာဘဝတိုင်လည်း ငရဲတိရစ္ဆာန်ပြိတ္တာအသူရကယ် အပယ် ၄ ပါးတို့မှာ ကျရောက်၍ မလွတ်မြောက်နိုင်သည်ရှိစေသော် × × ကျွန်ုပ် ဟုတ်မှန်သည်ကိုသာ အကျိုးတော်ဆောင်စီးပွါးဖြစ်မှန်ကန် အောင် မထိန်မချန်စာရင်းတင်ပေးလျှင် တက်သစ်သော နေဝန်း ထွန်းသစ်သောလကဲ့သို့ တနေ့တခြား စည်းစိမ် ချမ်းသာမြင့်မြတ်သည်သာဖြစ်၍ ဘေးအန္တရာယ်ယံမံ အပေါင်း မကောင်းသောအကုသိုလ်ကံမှ ကင်းညိန်း လွင့်ပျောက် မရောက်သည်သာဖြစ်စေသော် × × × သေသည်မှ နောင်ကြင်လည်ရာဘဝသံသရာတို့၌ အပယ်



> ငရဲတို့မှ ကင်းလွတ်ပြီးလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် ပြုရသည်ဖြစ်စေသော်[၁] × × ×

ဟူ၍ ပါရှိပါသည်။ တစ်အိမ်တစ်တဲမှမကျန်အောင် စာရင်းကောက် ပါသည်။ လိမ်ညာလွဲမှားပါက ရပ်ပြစ်ရှစ်ပါးမှအစ အပါယ်လေးပါး ထိခံရပါစေ၊ ကောက်သည့်စာရင်း မှန်ကန်ပါက လောကုတ်လောကီ အကျိုးရှိသည့်အပြင် မဂ်ဖိုလ်နိဗ္ဗာန်ကိုပင် မျက်မှောက်ပြုရပါစေဟု သစ္စာဆိုရကြောင်း သိရှိရပါသည်။[၁]

* * *

---

**၁။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ**

# အခန်း (၇)

## မြန်မာ့ပဒေသရာဇ်ခေတ် စည်တုတ္တရာစီရင်စု၏လူမှုရေး

မြန်မာ့ပဒေသရာဇ်ခေတ်သည် မြေရှင်ပဒေသရာဇ်စနစ်ဖြစ်သည်။ လူတန်းစား လေးရပ်ပေါ်ပေါက်ခဲ့သည်။

(၁) မင်းနှင့်မင်းဆွေမင်းမျိုးများ

(၂) မင်းမှုထမ်းများ

(၃) အသည်များ

(၄) ကျွန်များ ဟူ၍ဖြစ်သည်။

မင်းနှင့်မင်းဆွေမင်းမျိုးများသည် အုပ်ချုပ်သူလူတန်းစားဖြစ်သည်။ မင်းမှုထမ်းများ၊ အသည်များ၊ ကျွန်များသည် အုပ်ချုပ်ခံလူတန်းစားများဖြစ်သည်။

မင်းမှုထမ်းတို့တွင် စစ်မှုထမ်းတို့လည်း ပါဝင်၍ မင်းညီမင်းသား၊ မြို့စားရွာစားများမှာ အုပ်ချုပ်သူလူတန်းစားများတွင် ပါဝင်ကြသည်။

အသည်တို့မှာ လယ်ယာလုပ်ကိုင်သူများ၊ လက်မှုပညာသည်များ၊ အရောင်းအဝယ်လုပ်ကိုင်သူများဖြစ်သည်။

လူတန်းစားကွဲပြားမှုအရ အခွင့်အရေး၊ နေထိုင်ပုံ၊ နေထိုင်ရာအဆောက်အအုံ၊ ဝတ်စားဆင်ယင်ပုံတို့၌ ကွဲပြားခြားနားကြသည်။





ကျွန်လူတန်းစားတွင် အိမ်ကျွန်၊ သာသနာကျွန်ဟူ၍ရှိသည်။ ငွေဝယ်ကျွန်၊ သံ့ပန်းကျွန်ဟူ၍လည်းရှိသည်။ ၁၈၈၃ ခုနှစ်တွင် သီပေါမင်းက ရဟန်းသာမဏေ၊ သီလရှင်ဝတ်စေပြီး ကျွန်လူတန်းစားပပျောက်သွားအောင် ဆောင်ရွက်ခဲ့သော်လည်း ကျွန်လူတန်းစားပျောက်ကွယ်သွားခြင်းမရှိခဲ့ပေ။

ဝတ်စားဆင်ယင်မှုတွင် ပြည်သူတို့သည် ကျားရောမပါ ဆံပင်ရှည်ထားလေ့ရှိကြပြီး ယောကျ်ားများက သျှောင်ထုံးထုံးထားကာ ခေါင်းပေါင်းပေါင်းလေ့ရှိကြသည်။ ပေါင်များ၊ ခါးများ၊ ခြေထောက်များတွင် မင်ကြောင်ထိုးလေ့ရှိကြသည်။ စည်တုတ္တရာစီရင်စုနယ်တို့ရှိ အမျိုးသမီးတို့က မျက်နှာတွင် ပါးမဲထိုးခဲ့ကြသည်။ ပါးမဲထိုးထားသူ အမေအိုတို့၏ပုံကို ပူးတွဲတင်ပြထားပါသည်။

ကျေးရွာများတွင် ရွာအပြင်ဘက်၌ ဆူးတပ်ကပ်၍ စည်းရိုးခတ်လေ့ရှိကြသည်။ ကျေးရွာတိုင်း အနည်းဆုံး ဘုန်းတော်ကြီးတစ်ကျောင်းစီ၊ စေတီတစ်ဆူစီရှိကြသည်။ ဘုန်းတော်ကြီးများက မြန်မာစာအရေးအဖတ်မှစ၍ မင်္ဂလာသုတ်ပရိတ်ကြီး (၁၁) သုတ်၊ ဂဏန်းသင်္ချာအပေါင်းအနှုတ်၊ ဗေဒင်ပညာအခြေခံတို့ကို သင်ကြားပေးလေ့ရှိသည်။

ရပ်ရွာအတွင်း ဘုန်းတော်ကြီးကျောင်း စေတီရင်ပြင်သန့်ရှင်းရေး၊ လယ်ထွန်ကောက်စိုက် စပါးရိတ်သိမ်းနယ်လှေ့လုပ်ငန်းများကို လက်စားလိုက်စနစ်ဖြင့် လုပ်ကိုင်လေ့ရှိကြသည်။[1] တစ်ရွာတည်းနေတစ်ရေတည်းသောက်စိတ်ထားဖြင့် ဆက်ဆံခဲ့ကြသောကြောင့်

---

၁။ **မြန်မာသမိုင်း-နဝမတန်း-အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၊ ၂၀၁၂-ခုနှစ်၊ နိုဝင်ဘာလ၊**

ချစ်ခင်ညီညွတ်မှုရှိခဲ့ကာ မြန်မာနိုင်ငံကျေးရွာများမှာ အလွန်ပျော်စရာ နယ်မြေဖြစ်ခဲ့သည်။[၁]

ဤသည်တို့မှာ မြန်မာ့ပဒေသရာဇ်ခေတ် လူမှုဘာသာယဉ်ကျေးမှု ယေဘုယျအခြေအနေများဖြစ်ပါသည်။

* * *

စည်တုတ္တရာမြို့စီရင်စုတွင်ပါဝင်သော ပေါက်ချောင်းရွာမှ ပုရပိုက်တစ်ဆူတွင် မရင်းချင်းတို့၏ ဓလေ့ထုံးစံကို အောက်ပါအတိုင်း လေ့လာနိုင်ရန် ဖော်ပြထားပါသည်။

"တောကြားမြို့စည် တောင်လည်တောင်ပေါ် ချင်းလူမျိုးတို့ မှုခင်းဖြစ်ပွားရာ သစ်ထစ်နှီးလိမ် သေလုံးကွမ်းရာ စာတမ်းမှတ်သားဆေးစားဆေးပေး အသွင်းပနာခံယူ သမီးပေးမြားအလိုမတူ ခိုးယူထွက်သွား မျက်နှာပျာမောင်း ကျွဲနွားနာပြား မကျမ်းလျှင် ကြက်ဝက်နွားကျွဲလှဲ၍ နတ်ပွဲပွယ်လင်ပန်းဘလားခွဲ၊ သေလျှင်အမွေခံ အကြီးဂုတ်ဘီစားခြင်း သမီးမိမ္မအမွေမှအပ၊ သားယောကျာ်းအမွေခံ ညီသေအသွင်းပေးမယားကိုအစ်ကိုယူ အစ်ကိုသေညီယူ တူးလေးလင်းလေးကျားဝံသစ်စွယ်သွေး၍ သစ္စာပြုခြင်းများကို တိမ်းပါးပျောက်ပျက်က ရပ်ရွာသမုတ်ရေပေါ်စုံကို ခဲအုပ်၊ ပစ်ခတ်နှင်ထုတ်သကဲ့သို့ ဆွေမျိုးသင်းချင်းအပေါင်းတို့ ခဲအုပ်နှင့်မပြိုမထုပ်သော် လဲပြိုတုတ်ထွက်သွားရမည် ယုံကြည်ထင်မှားမိုးမကောင်းချောင်းမစီး လုပ်သီးဆောင်ပွားမဖြစ် ဘိုးတော်ခွန်တော်မသည်ဘိုးနိုင်မည်ကို

၁။ မြန်မာသမိုင်း-နဝမတန်း-အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၊ ၂၀၁၂-ခုနှစ်၊ နိုဝင်ဘာလ၊



ရည်သဖြင့် ထုံးနီးပွမ်းတီးချင်းကြီးလင်းကြီးတို့ အစဉ်မပျက်ဆက်လက်စွဲသုံးထုံးဥပဒေရှိခြေသည်ဖြစ်၍ ငရွှေဦးသားငထွန်းညီ ငမြတ်သူ ငသာထွန်းအောင်တို့ တစ်ဦးကိုတစ်ဦး[၂] × × ×"

ဤပုရပိုက်ပါစာမှာ ကဗျာလိုလိုဖတ်၍ကောင်းသည်။ ငရွှေဦးသားများဖြစ်သော ငထွန်းညီ ငမြတ်သူ၊ ငသာထွန်းအောင်တို့ကို ဆုံးမထားပုံရေးသားထားသည်။

မှုခင်းဖြစ်တတ်ပုံ၊ သစ်ခုတ်နှီးလိမ်(နှီးချည်) လုပ်ရပုံ၊ သမီးရည်းစားထားကြပုံ၊ အလိုမတူဘဲ ခိုးရာလိုက်ပြေးတတ်ပုံ၊ ကြက်ဝက်နွားလှဲ(သတ်)၍ နတ်ပွဲပသရိုးရာလုပ်ကြပုံ၊ သမီးမိန်းမက အမွေမရ၊ သားအကြီးကသာ အမွေရပုံ၊ အစ်ကိုသေလျှင် အစ်ကိုဇနီးကို ညီက အသွင်းဘိုးပေး၊ ညီသေလျှင် ညီ၏ဇနီးကို အသွင်းဘိုးပေးလျက် အစ်ကိုကပြန်လည်သိမ်းပိုက်ရယူကြပုံ၊ ဒူးလေးလင်းလေး လက်နက်တို့ဖြင့် ကျားဝံတို့ကို လိုက်ဖမ်းသတ်နိုင်ကြပုံ၊ အစွယ်များသွေး၍ သစ္စာပြုကာသောက်ကြပုံ၊ အပြစ်ရှိပါက ကမ္ဘာလေးရပ်တရားစီရင်နယ်အရ ရေငုပ်ပြိုင်၊ ခဲရေပူထဲလက်ချောင်းစိမ်၍ ရင်ဆိုင်ကြရပုံ၊ ဘိုးတော်မင်းတရားကြီး၏ စစ်တမ်းအရ အခွန်ပေးဆက်နိုင်အောင် ကြိုးပမ်းကြရပုံ၊ မိုးခေါင်ပါက သီးနှံမထွက်၍ စားရေးအခက်ကြုံတတ်ပုံတို့ကို ပြဆို၍ ဆုံးမထားကြောင်းတွေ့ရပါသည်။

၂။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ၊ ကွယ်လွန်)၏ လက်ရေးမူ၊

## ကျွန်ဖမ်းရောင်းဝယ်လဲလှယ်ကြပုံ

မြန်မာ့ပဒေသရာဇ်ခေတ်တွင် ကျွန်လူတန်းစားရှိခဲ့ရာ ကျွန်ဖမ်းပုံ၊ ကျွန်ရောင်းဝယ်ပုံကို ရေးသားထားသော ပုရပိုက်တစ်ဆူကို စည်တုတ္တရာမြို့စီရင်စုပါ အုံးဝါးရွာ၌တွေ့ရပါသည်။

ဖြစ်စဉ်မှာ ဒွေးသူကြီးနယ်မြေမှ ကျေးရွာသားများက မရင်းရွာများမှ ကျွန်များကို ဖမ်းဆီးခဲ့သည်။ မရင်းသားတို့က စလင်းမြို့အုပ်ရုံးသို့ တရားစွဲဆိုခဲ့သည်။ မြို့ဝန်ဖေယျကျော်ထင်က စီရင်ချက်ချမှတ်ပေးပုံကို ရေးမှတ်ထားပုံဖြစ်သည်။

ပုရပိုက်ပါ ကောက်နုတ်ချက်လူစာရင်း

မိပဝင်း - မုံညင်းရွာ ငပျစ်အိမ်မှာရှိ၊
မိပအွေ - ၎င်းရွာငကြာအိမ်မှာရှိ၊
မိပခြယ် - ၎င်းရွာငရှင်ပုံအိမ်မှာရှိ၊
မိအိန်လောင် - ၎င်းရွာငသဲအိမ်မှာရှိ၊
မိပညိန် - ကြေျရွာနေစုံအိမ်မှာရှိ၊
ငအောင် - ငခုံးရှည်ရွာသားငခုံးအိမ်မှာရှိ၊
မိပဟွယ် - ၎င်းရွာငစုံရှည်အိမ်မှာရှိ၊
မိပစွေ - ၎င်းရွာငစုံရှည်အိမ်မှာရှိ၊

အပ်ရုံလူ ၄ စာရင်း

ငချင်၊ မိ၊ ငုံ၊ မိပစံ၊ မိပမုံ

လူ ၃၀ ကို မအပ်ရှိလျှင် ငပွေ၊ ငတို၊ ငဘုံတို့ကို ရုံးတော်သို့အပ်စေ၊ လူ ၁၉ တို့ကို မအပ်ရှိလျှင် ငခုံးရှည်၊ ငသော် တို့ကို ရုံးတော်သို့အပ်စေ၊



၁၁၈၀ ခု ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်နေ့တွင် မရင်းရွာမှုဆောင်ငလွမ်းကျွန်မပတိအတွက် ငပကျွန်မိပလှကို ရွာမှုဆောင်ငလွမ်မှာအပ်သည်။[၁]

ဤပုရပိုက်စာအရ ကျွန်များကို အလဲအလှယ်ပြုလုပ်ကြကြောင်း တွေ့ရသည်။

* * *

## ချင်းကျွန်မဆက်သရပုံ

စလင်းမြို့စားတံချင်း ကျွန်မတစ်ဦး လက်ဆောင်အဖြစ်ဆက်သခဲ့ရပုံကို နန်ကြူရွာပုရပိုက်တစ်ဆူတွင် တွေ့ရသည်။ ချင်းကျွန်မ ပို့ဆက်ပုံကိုလည်း ရေးသားထားသည်။ ပုဂံမင်းလက်ထက် (၁၂၀၈-၁၂၁၅) ခုနှစ်အတွင်းက ဖြစ်ပေါ်ခဲ့သည်။ ပုရပိုက်ပါ အရေးအသားမှာ အောက်ပါအတိုင်းဖြစ်သည်။ ငွေကြေးဖြင့် ဝယ်ယူရပုံ၊ ကျွန်မဝတ်စုံဝယ်ရပုံ၊ ပို့ဆက်သူကိုလည်း စရိတ်ပေး၍ လွှတ်ရပုံတို့ကို တွေ့ရမည်ဖြစ်သည်။

၁၂၁၄ ခု ကဆုန်လဆန်း ၁၂ ရက်နေ့ ချင်းကျွံမ ဝယ်ရန်ငွေ ၈ဝ/၂၅ဲကို ချမှတ်ရာ လျှော့ငွေ ၁ဝ၊ ၎င်းနေ့ ခမည်းတော်ဘုရားမှာ ဆက်သရန်ချင်းကျွံမ ၁ ကို ငရံကုံထံ ဝယ်ယူရာ ချင်းကျွံမဘိုးပေးရငွေ ၆၅၊ ၎င်းနေ့ ချင်းကျွံမကို အဝယ်သွားရာလိုက်သူငမြတ်လေး၊ ညှင်းတို့ကို အခပေးငွေ ၂၅ဲတရပ်၊ ၎င်းကျွံမကိုဝယ်ယူရအောင်ပြောဆိုသူငရွှေထိုက်ကို ကျေးဇူးအတွက် ပေးငွေ ၁၊ ၎င်းကျွံမကိုပေးရန်ချိတ်ချော် အလေးကွာအတွက် လျှော့ငွေ ၆၂" ဟူ၍တွေ့ရပါသည်။

---

၁။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ

## ၎င်းချင်းကျွန်မအားပို့ဆက်ပုံ

သက္ကရာဇ် ၁၂၁၄ ခု နယုန်လဆန်း ၄ ရက်နေ့ ရွှေဘဝါး တော်အောက်သို့ ခမည်းတော်ဘုရားမှာ ဆက်သရန်နှင့် ချင်းကျွံမ ကို ပို့ဆက်မည့်သူ မြေတ်ရှာကောင်းကို ငှားခပေးငွေ ၆၅ ရ၊ × × ၎င်းနေ့ချင်းကျွံမပို့သူ လူငစံသာကို စားစရိတ်အပ်ငွေ ၁၊ ချင်းကျွံမ ဝတ်ရုံထမီအင်္ကျီဘိုး ၂။ ၎င်းတို့စားစရိတ် ၆၁ူး၁ဲ- × × × ဟူ၍ တွေ့ရပေသည်။

## ကျွန်အပေါင်ထားကြပုံ

စည်တုတ္တရာစီရင်စုဝင် အကြည်ရွာ၌လည်း လူကိုအပေါင် ဝယ်ယူခဲ့ကြပုံကို အကြည်ရွာမှ ပုရပိုက်တစ်ဆူ၌တွေ့ရပြီး အောက်ပါအတိုင်းရေးသားကြောင်းတွေ့ရပါသည်။

"သက္ကရာဇ် ၁၂၁၅ ခု ပထမဝါဆိုလပြည့်ကျော် ၅ ရက် အကြည်ရွာသူကြီးငသောင်က ကျွန်ုပ်ညီငစော်ပါသမီးမိပကြာကို ဘုရားတကာမောင်အောင်ထွန်းထံ ပေါင်ထားရသည်ကိုယ်ဘိုးရွေး နှုတ်ရန် ငွေအသုံးလို၍× ×"[၁] ဟူ၍တွေ့ရပါသည်။

## ကျွန်အဖြစ်လူကိုပေါင်၍ငွေချေးပုံ

ကျွန်အဖြစ်လူကိုပေါင်၍ငွေချေးပုံကိုလည်း မရင်းချင်း ပေါင်ချောင်ရွာရှိ ပုရပိုက်တစ်ဆူတွင် တွေ့ရှိရပြီး လေ့လာနိုင်ရန် အောက်တွင်ဖော်ပြပေးလိုက်ပါသည်။

၁။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ



"သက္ကရာဇ် ၁၂၂၂ ခု ဝါဆိုလပြည့်ကျော် ၃ ရက် မုရင်းရွာကျောင်းတကာသူကြီးငသာညို၊ အချုပ်သူကြီး ဟောင်း ကြောင်ငုံ၊ ကွံနှီးသူကြီးဟောင်းငစံလှတို့က ငွေသုံးရန် လိုပါသည်၊ ငနေထွန်းကိုထိန်းသိမ်း အစေကျွံခံအပေါင်အယူ စေခိုင်းပါ၊ တနှစ်တသီးလုပ်ကိုင်ပြီးမှ ရွေးနှုပ်ယူပါမည်၊ တနှစ်တသီး မမီမရောက်မှီအတွင်း မရွေးမနှုပ်၊ ယူလိုလျှင် သက္ကရာဇ်တွက်ငွေကို ငွေ ၁ဝ လျှင် အပျောက် ၁ တစ်လလျှင် ၅ူးတိုးနှင့်ရွေးနှုပ်ယူပါမည်၊ ခြေပေးပါ၊ စာရေး တော်ကြီးနေမျိုးသီရိကျော်ထင်သမီးခင်ပွန်းကို အစီရင်ခံ လျှင်၊ အစီရင်ခံချက်အတိုင်း နေမျိုးသီရိကျော်ထင်သမီးခင်ပွန်း က ငွေမှုံ ၂၁ံ ကဲချော်စင်၊ ဟသ်ာလေးချိန် ၅၅ ပေး၍ ငနေထွန်းကို အိမ်တက်စေကျွံခံဝယ်ယူစေခိုင်းသည့်ကာလ၊ သိရှိသူမောင်အောင်ကျွယ်၊ သက္ကရာဇ်စာစီစာရေး၊ ငွေချိန် ငွေခပ်မောင်ပေါစံ" ဟူ၍တွေ့ရပါသည်။[၁]

စာလုံးပေါင်းသတ်ပုံများ ယနေ့ခေတ်နှင့် မတူသော်လည်း အကြောင်းအရာကို နားလည်နိုင်ပါသည်။

* * *

## ငွေလို၍မိမိသားကို ကျွန်အဖြစ်ရောင်းချပုံ

သက္ကရာဇ် ၁၂၄၆ ခု နယုန်လဆန်း ၁၂ ရက်နေ့တွင် ဒိုင်းရွာသား အကြည်ရွာနေ မောင်ရှိုင်းက ငွေသုံးရန်လိုသည်၊ ကျွန်ုပ်ပိုင်ထိုက်သည့်သားငအောင်ကို အဖိုးငွေ ၂၉ ပြားကို ပေး၍ ဝယ်ယူစေခိုင်းပိုင်သည်။ ငအောင်သည်စေမသွား၊

၁။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ

ခေါ်မလာ ရိုးမှီမင်းကပ်ထွက်ပြေးတိမ်းရှောင်ရှိလျှင်၊ တအိမ်ကူးပြောင်းရောင်းပေါင်လိုလျှင် မြို့ရွာထုံးစံရှိသည် အတိုင်း ကျွန်တော်ခံဝံသူအကြည်ရွာမောင်ပုံက တလုံးတဝ တည်း ရွေးနှုပ်ယူပါမည်၊ အကြည်ရွာသူကြီးဦးခိုင်သမီး ခင်ပွန်းက အဘိုးငွေ ၁ သုံးဒင်္ဂါးပြားရေ ၂၉ ကိုအပေါင်ဝယ် ယူသည်၊ သက္ကရာဇ်စာချုပ်ထားကြသည့်ကာလ၊ သိရှိသူ အကြည်ရွာဦးလင်းပါ ဦးအေးအကြည်ရွာသူကြီးသင်းသား ငစော်၊ အကြည်ရွာနေမင်းဒင်ကျင်းသားငမွှေ။ စာစီသူကြီး သားရှင်ငနေ၊ စာရေးခံဝံသူငပုံ”[၁] ဟူ၍တွေ့ရပါသည်။

* * *

မြန်မာ့ပဒေသရာဇ်ခေတ် ထူးခြားချက်မှာ ကျွန်လူတန်းစား ရှိခဲ့ပုံကို တွေ့ရမည်ဖြစ်သည်။ ကျွန်လူတန်းစားသည် စည်တုတ္တရာ စီရင်စု၌ပင်ရှိခဲ့သည်။

ပဒေသရာဇ်ထံဆက်သရသည့် ကျွန်၊ သံ့ပန်းကျွန်၊ လူအရောင်းအဝယ်ကျွန်၊ သားကိုပင်ရောင်းသည့် ကျွန်တို့ ပေါ်ပေါက်ခဲ့သည်။ ကျွန်လူတန်းစားပေါ်ပေါက်ခဲ့သည့် မြန်မာ့ ပဒေသရာဇ်ခေတ်၏ အဆိုးရွားဆုံးလူ့အခွင့်အရေးဆုံးရှုံးမှုဖြစ်ခဲ့ ပါသည်။

* * *

---

**၁။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ**

# အခန်း (၈)

# ကိုလိုနီခေတ် စေတုတ္တရာသားတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုများ

## နယ်ချဲ့ဆန့်ကျင်ရေးခေတ်ဦး (၁၈၈၆-၁၉၀၀)

နယ်ချဲ့ဆန့်ကျင်ရေးခေတ်ဦးကာလတွင် စေတုတ္တရာမြို့နယ် သည် ဗိုလ်ဥတ္တမ၊ ဗိုလ်ရွှဲတို့၏တော်လှန်ရေးနယ်မြေတွင် ပါဝင် ခဲ့သည်။ ၎င်းတို့၏တိုက်ခိုက်မှုကြောင့် နယ်ချဲ့အင်္ဂလိပ်တို့ကျဆုံးခဲ့ရာ ဖအိုင်း (အနောက်) ရွာ၏ အရှေ့ဘက်တောင်စောင်း (မင်းကျောင်း ဘုန်းတော်ကြီး၏အရှေ့ဘက်) ၌ အင်္ဂလိပ်စစ်ဗိုလ်တစ်ဦး၏ ဂူတစ်ခု ရှိခဲ့သည်။ ထိုကဲ့သို့ပင် စေတုတ္တရာမြို့ရဲစခန်းအနောက်တောင်ဘက် တွင် အင်္ဂလိပ်စစ်ဗိုလ်သုံးဦး၏ အလောင်းမြှုပ်နှံထားသော အုတ်ဂူ သုံးဂူရှိသည်။

နယ်ချဲ့တို့ ကြောက်ဒူးတုန်အောင် တော်လှန်တိုက်ခိုက်ခဲ့သည့် မျိုးချစ်အာဇာနည်ခေါင်းဆောင် ဗိုလ်ဥတ္တမငယ်မည်မောင်နက်ကျော် ကို ၁၂၁၀ ခု (၁၈၄၈) တွင် အဘဦးရွှေရောက်၊ အမိဒေါ်ဂျာအေး တို့က ပွင့်ဖြူမြို့နယ် ညောင်ပင်စောက်ကျေးရွာ၌ ဖွားမြင်ခဲ့သည်။ ၁၃ နှစ်အရွယ်တွင် သင်္ကန်းဆည်းခဲ့သည်။ အသက် (၁၅) နှစ် အရွယ် ၁၂၂၆ ခုတွင် မိမိဆရာ ဘုန်းတော်ကြီးနှင့်အတူ မန္တလေးသို့ ကြွရောက်ခဲ့သည်။ လောကီလောကုတ်နှစ်ဖြာ လျှို့ဝှက်သင်သော ဂါမဝါသီပွဲကျောင်း၌ ပညာသင်ကြားခဲ့ရာ နန်းတွင်းမှ မင်းညီ

မင်းသားတို့နှင့် အသိအကျွမ်းဖြစ်ခဲ့သည်။ ၁၂၂၈ ခု အိမ်ရှေ့ကိုယ်တော်ကြီး လုပ်ကြံခံရပြီး သီပေါမင်းလက်ထက် နန်းတော်လုပ်ကြံမှုများဖြစ်ပွားခဲ့သည်။ ထို့နောက် မိမိဇာတိ ညောင်ပင်စောက်သို့ ပြန်ကြွလာပြီး ရဟန်းဘဝခံယူခဲ့သည်။

သက်တော် (၃၇) နှစ်၊ (၁၈) ဝါခန့်တွင် နယ်ချဲ့တို့ကို တော်လှန်ရန် လူသူလက်နက်များကို စတင်စုဆောင်းသည်။ ပြည်လုံးကျော်ရွာရှိ သူ၏အန္တေဝါသိက ဆရာတော်ဦးမေဓာကျောင်းတွင် အခိုင်အမာပြုလျက် လက်နက်လူသူစုဆောင်းသည်။ ရဲဘော်ရဲဘက်များ၊ ကိုရင်၊ ရဟန်းအသွင်ဖြင့် ရှိစေခဲ့သည်။

တစ်နေ့တွင် နယ်ချဲ့စစ်ပုလိပ်များရောက်ရှိပြီး ၎င်းကျောင်းပေါ်တက်လာကာ ဗုဒ္ဓ၏ရုပ်ပွားတော်များကို လုယူဖျက်ဆီးကြသည်။ ကြေးစည် ခေါင်းလောင်းများကို ဖြုတ်ယူကြသည်။ ဤတွင် တစ်မိုက်ခန့်ရှိ ရွှေဆင်းတုတစ်ဆူကို ရွှေဘောလုံးဟုဆိုလျက် မြှောက်ကစားခြင်း၊ ခြေဖြင့်ကန်၍ကစားခြင်း ပြုလုပ်ကြသည်။ ထိုအခါတွင် သည်းမခံနိုင်တော့သော ဦးဥတ္တမနှင့်ရဟန်းများ၊ ကိုရင်များက ကြိုတင်ဝှက်ထားသော ငှက်ကြီးတောင်ဓားများထုတ်ယူလျက် နယ်ချဲ့စစ်ပုလိပ်တို့ကို ခုတ်ပိုင်းတိုက်ခိုက်ကြလေတော့သည်။ နယ်ချဲ့စစ်ပုလိပ်အားလုံး ကျဆုံးခဲ့ကြသည်။ ထို့နောက် မင်းကြီးဗိုလ်ဥတ္တမအမည်ခံယူလျက် နောက်လိုက်နောက်ပါများနှင့်အတူ မင်းကြီးချောင်သို့ ပြောင်းရွှေ့ခဲ့သည်။ လက်နက်လူသူစုဆောင်းခဲ့သည်။ လက်ထောက်ဗိုလ်များ တာဝန်ပေးခဲ့သည်။ လက်ထောက်ဗိုလ် (၄၄) ဦး တာဝန်ပေးရာတွင် စေတုတ္တရာမြို့နယ်မှ ဗိုလ်စုတ်ဖွား၊ ဗိုလ်စို၊ ဗိုလ်နေမီး၊ ဗိုလ်မဲခေါင်ဟူ၍ လေးဦးပါဝင်ခဲ့သည်။ ထိုအဖွဲ့တွင်



ဆင်ဖြူကျွန်းမှ ဗျိုင်းကြီး၊ ဗျိုင်းကလေးတို့ပါဝင်ခဲ့သည်။ ဗိုလ်ဥတ္တမတို့ဆင်နွှဲသောတိုက်ပွဲများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ၁၅-၂-၁၈၈၆ တွင် လယ်ကိုင်းတိုက်ပွဲ၊ စကုတိုက်ပွဲ

(၂) ဧပြီ-၁၈၈၆ တွင် ဗိုလ်ရွှဲတပ်လာရောက်ပူးပေါင်းသည်။

(၃) မတ်-ဧပြီ ယောနယ်သို့ လူသူလက်နက်အင်အားသွားရောက်စုဆောင်းရာ ယောလေးမြို့တော်လှန်ရေးခေါင်းဆောင် ဗိုလ်ရာကွက်နှင့် နောက်လိုက်များပူးပေါင်းလာသည်။

(၄) ၁၇-မေ၊ ၁၈၈၆ ပြည်လုံးကျော်ကို တိုက်ခိုက်သိမ်းယူ။

(၅) ၇-၆-၁၈၈၆ ပတိမ်းကိုဝင်ရောက်တိုက်ခိုက်သည်။

(၆) ဇွန်လထဲမှာပင် စလင်းမြို့ကို တိုက်ခိုက်သည်။ စေတုတ္တရာမြို့နယ်တပ်များက စလင်းမြို့မြောက်ဘက်မှဝင်ရောက်တိုက်ခိုက်သည်။

(၇) ၂၉-၇-၁၈၈၆ စလင်းမြို့ကို ဒုတိယအကြိမ် တိုက်ပွဲဖြစ်ပွားသည်။ ဗိုလ်ဥတ္တမတပ်က တိုက်ခိုက်ခြင်းဖြစ်သည်။

"အုံးဝါးရွာပုရပိုက်ပါ ၁၂၄၈ ခု ဝါဆိုလပြည့်ကျော်တွင် စလင်းမြို့ကို ဓားပြတို့ဝိုင်းရံသည်။ ၎င်းခုဝါခေါင်လဆန်း ၁ ရက်နေ့ ဓားပြတို့ထွက်ပြေးသည်" ဟုဖော်ပြမှုသည် ဗိုလ်ဥတ္တမတပ်ကို ဆိုလိုပါသည်။

(၈) ဆောင်းဦးပေါက်ကာလ (၁၈၈၆) ခုနှစ်တွင် ငဖဲဘက်မှချီတက်လာသည့် နယ်ချဲ့ပုလိပ်တပ်ကို စေတုတ္တရာမြို့နယ် မွန်ဇော်ရွာ၌ တိုက်ခိုက်ချေမှုန်းသည်။ အင်္ဂလိပ်စစ်ဗိုလ်ကပ္ပတိန် ရန်ဒဲကျဆုံးခဲ့သည်။

(၉) ၁၅-၁၂-၁၈၈၆ ခု ဖအိုင်းတွင် ဗိုလ်ရွဲတပ်နှင့် တိုက်ပွဲဖြစ်ပွားရာ ဗြိတိသျှဗိုလ်ရက်ဖီး (Lieuternant Raddhtte) အပါအဝင် အရာရှိလေးဦး၊ တပ်သားလေးဦး အပြင်းအထန်ဒဏ်ရာရပြီး ကွယ်လွန်ခဲ့ကြသည်။

(၁၀) ၁၈၈၇ ခုနှစ်တွင် ငဖဲ၊ ဖအိုင်း၊ စေတုတ္တရာ၊ ကြီးဝ၊ ပန်းတိမ်း၊ မြို့သစ်ရှမ်းတက်ကြီး၊ တိုင်းတာတို့ကို ဗြိတိသျှတို့က သိမ်းပိုက်ခဲ့ကြသည်။

(၁၁) ၁၈၈၇ ခု စေတုတ္တရာ၌ တပ်စွဲထားသည့် ကပ္ပတိန်ဂိုလိုက်လီ၏ ရှေ့တန်းတပ်စခန်းဌာနချုပ်ကို ဗိုလ်ရွဲတပ်များက တိုက်ခိုက်ခဲ့သည်။

(၁၂) ၉-၃-၁၈၈၇ ခုတွင် မုန်းချောင်းဆီမီးချောင်းဆုံရာလွင်ပြင်တွင် ဂေါ်ရခါး ၃၀ ပါတပ်စုကို ဗိုလ်ရွဲနှင့်စေတုတ္တရာမှဗိုလ်များ၊ တပ်သားများ ဝိုင်းဝန်းတိုက်ခိုက်သည်။

(၁၃) ၁၈၈၇ ခု၊ အောက်တိုဘာလဆန်းပိုင်းတွင် ရခိုင်ရိုးမတောင်စွယ်၊ သရက်မြို့နယ်အနောက်တစ်နေရာတိုက်ပွဲတွင် ဗိုလ်ရွဲကျဆုံးခဲ့သည်။ ဗိုလ်မဲခေါင်မှာကျမ်းကိုင်းတိုက်ပွဲ၌ အောင်နိုင်ခဲ့၍ ပိုမိုထင်ရှားလာသည်။ ဗိုလ်မုဆိုးမှာ သနဝစခန်းဝင်စီးရာတွင် ကျဆုံးခဲ့သည်။

(၁၄) မုန်းမန်းဆုံရာလွင်ပြင်တိုက်ပွဲတွင် စေတုတ္တရာမှဗိုလ်စုတ်ဖွားကျဆုံးခဲ့သည်။



(၁၅) ၁၈၈၇ ခုနှစ်နောက်ပိုင်းတွင် တော်လှန်ဆန့်ကျင်သူများကို လက်နက်ချရန် နှိုးဆော်စည်းရုံးမှု ပြုလုပ်လာသည်။ သို့သော် ဗိုလ်ဥတ္တမတပ်များက ဆက်လက်တိုက်ပွဲဝင်ခဲ့သည်။ မြလေးသောင်တိုက်ပွဲတွင် စေတုတ္တရာမှ ဗိုလ်မဲခေါင်အပါအဝင် လက်ထောက်ဗိုလ်များစွာ ကျဆုံးခဲ့သည်။

(၁၆) ဗိုလ်ဥတ္တမ အောင်ကျောင်းကြာကန်တိုက်ပွဲ ဆင်နွှဲရာမရှုမလှဆုံးရှုံးသည်။

(၁၇) ဗိုလ်ဥတ္တမကိုလည်း သတင်းပေးဖမ်းပေးသူကို ဆုငွေချရန် နယ်ချဲ့တို့ကကြေညာသည်။ မွေးစားသားမောင်ကြာညိုက သတင်းပေးမှုကြောင့် ဗိုလ်ဥတ္တမမှာ ၁၈၈၉ ခု၊ ဇွန်လတွင် အဖမ်းခံရပြီး မင်းဘူးတရားရုံး၌စစ်ဆေးကာ ကြိုးမိန့်ပေးသတ်ဖြတ်ခံခဲ့ရလေသည်။[၁]

**ရောဝတီအနောက်ခြမ်း၌ နယ်ချဲ့ဆန့်ကျင်ရေးသွေးနီစက်များထဲ၌ စေတုတ္တရာဇာချင်းသွေးနီစက်များလည်း ပါဝင်ခဲ့ကြောင်း သိရှိနိုင်ပါသည်။**

၁၈၈၈ ခုနှစ်တွင် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ ဆင်နွှဲပြီးနောက် လက်နက်ချခဲ့သူ (၁၂၁၄) ဦးရှိခဲ့သည်။ ၎င်းတို့ကို ဗြိတိသျှတို့က လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး **ရွာဆော်ခန့်ခြင်း၊ ဇီးကပ်ဗိုလ်ခန့်ခြင်း**များ ပြုလုပ်ပေးခဲ့သည်။ ဇီးကပ်ဗိုလ်ဆိုသည်မှာ တော်လှန်

---

**၁။ နယ်ချဲ့ကိုတော်လှန်သောဗိုလ်ဥတ္တမ-ရေး-အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၊ ပထမအကြိမ်-၁၉၉၈၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးပညာပြန့်ပွားရေးစာစဉ်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရန်ကုန်**

ရေးသမားများကို တစ်ဦးချင်း ဇီးချုံဝိုင်းထားကာ ထိုဇီးချုံထဲမှ အချုပ်သား ထွက်မပြေးအောင် စောင့်ကြပ်ရသူကိုခေါ်သည်။

*  *  *

**မရင်းချင်းတစ်ဦး၏ လက်နက်ချပြီးဝန်ခံချက်**

နယ်ချဲ့အင်္ဂလိပ်တို့ကို လက်နက်ကိုင်ဆန့်ကျင်သော ဗျိုင်းကြီးဗျိုင်းကလေးတပ်တို့တွင် ပါဝင်သူ မရင်းချင်းတို့ထဲမှ ကြောစွယ်သည် ပုန်ကန်မှုအပြစ်မှလွတ်အောင် စစ်ဆေးခံရသည့်အကြောင်း ရေးသားထားသည့် ပုရပိုက်တစ်ဆူကို ကျန်စိမ့်ရွာ၌ တွေ့ရှိခဲ့ရသည်။ ပုရပိုက်ပါအရေးအသားကို လေ့လာနိုင်ရန် အောက်တွင် ဖော်ပြထားပါသည်။

**(က) ၁၂၄၈ ခု နယုန်လွှန်း (၁၃) ရက်နေ့ မုရင်းရွာနေ ကြောစွယ်အစစ်ခံချက်၊**

ကျွန်တော်နှင့်အပေါင်းပါသာတင်၊ ကြော့ ငဦးကာ အမည်မသိသူ ၁၄ ဦးတို့ကို သာယာဝတီဗျိုင်းဘိုက ဖမ်းဆီး၍ ခါးတင်ခေါ်ငင်သောကြောင့် လိုက်ပါရပါသည်ဟု ကြောစွယ်အစစ်ခံသည်။

**(ခ) ထိုနှစ်နယုန်လွှန်း ၁၄ ရက်အစစ်ခံချက်၊**

ကြောစွယ်က ကျေးရွာကို သူပုန်မှုမလွတ်အောင် အစစ်ခံရမည်ကို မခံရအောင် ရာဇဝတ်တော်စာရေးဦးဘော၊ ဦးမြတိုးတို့ကိုပေးရငွေ ၃ဝိ၊ ကြောစွယ်အစစ်ခံသည်၊ အမှုရှင်လက်မရွှံ့ငပေါ၊ အချုပ်သူကြီးငတင်တို့ကို အရှင်မြို့တော်ဝန်မင်းက အပ်ရမည်တောင်းဆို၍ မအပ်ရအောင် ကုန်ရငွေ ၇ဝိ၊



**(ဂ) ထိုနှစ်နယုန်လွှန်း ၁၅ ရက် အစစ်ခံချက်၊**

ကျွန်တော်နှင့်အပေါင်းပါသာတင်၊ ကြော့ ငဦးကာ အမည်မသိသူ ၁၄ ဦးတို့ကို ရွာသူကြီးငရွှေကံ၊ ငစံရွှန်း၊ ငဝ၊ ငမြတ်ကောင်း၊ ငမြတ်သာဦး၊ ငမြတ်သာ တို့က လူတကိုယ်လျှင် ငွေဒင်္ဂါး ၅ဝ ကျပ်ပေး၍ သာယာဝတီဗျိုင်းဘို ဦးဥတ္တမတို့ထံ ကျွန်တော်တို့ကို ခံဝန်ချက်နှင့် ထဲ့အပ်လိုက်ပါသည်ဟု ကြောစွယ် အစစ်ခံသည်၊

အဖမ်းခံရ၍ အစစ်ဆေးခံရသော ကြောစွယ်က ထွက်ဆိုသည့်စကားတို့တွင် ပဌမအချက်အနေဖြင့် **သာယာဝတီ ဗျိုင်းဗိုလ်က ဖမ်းဆီးကာ လည်ပင်းပေါ်ခါးတင်ခေါ်ငင် သောကြောင့် နယ်ချဲ့ဆန့်ကျင်ရေးတပ်ထဲလိုက်ပါရသည်ဟု ပါရှိသည်။ ၎င်းသည် အမျိုးသားအရေးဖြစ်သော နယ်ချဲ့ ဆန့်ကျင်ရေးလှုပ်ရှားမှုအပေါ် သူရဲဘောကြောင်သူတို့၏ ထွက်ဆိုချက်ဖြစ်ကြောင်း သိရှိနိုင်လေသည်။**

ကြောစွယ်အဖမ်းခံရစဉ် ရာဇဝတ်ဘေးမှ လွတ်ကင်းအောင် ရာဇဝတ်တော်စာရေးဦးဘော၊ ဦးမြတိုးတို့ကို လာဘ်ထိုးငွေ ၃ဝိ နှင့် မြို့တော်ဝန်မင်းက အပ်ရမည်ဟု တောင်းဆိုသည်ကို မအပ်ရ အောင် လက်မရွှံ့သူကြီးငပေါနှင့် အချုပ်သူကြီးငတင်တို့ကိုပေး၍ ကုန်ရသည့် ၇ဝိ တို့သည် လာဘ်ပေးလာဘ်ယူကိစ္စဖြစ်သည်။ **လာဘ်ပေးသူရောလာဘ်ယူသူပါ အပြစ်ရှိသည်။ နယ်ချဲ့ ဆန့်ကျင်ရေးသမား ကြောစွယ်အနေဖြင့် သတ္တိမဲ့၊ သွေးကြောင်သော အလုပ်ကို ကျူးလွန်သူအဖြစ်တွေ့ရလေသည်။**

ရွာသူကြီးငရွှေကံတို့က ကြောစွယ်နှင့်အပေါင်းပါသောတင်စသူတို့ကို လူတစ်ကိုယ်လျှင် ငွေဒင်္ဂါး ၅ဝိ ပေး၍ သာယာဝတီဗျိုင်းဗိုလ်နှင့် ဦးဥတ္တမတို့အဖွဲ့ထဲထည့်လိုက်ကြောင်း ထွက်ဆိုချက်မှာလည်း တော်လှန်ရေးရန်ပုံငွေထည့်ဝင်ရခြင်းသာဖြစ်ပေမည်။

မင်းကြီးဗိုလ်ဥတ္တမ၏လက်ထောက် ဗိုလ် (၄၄) ဦးတွင် ပါဝင်ခဲ့သော စေတုတ္တရာမြို့နယ်သား ဗိုလ်စုတ်ဖွား၊ ဗိုလ်စို၊ ဗိုလ်နေမီး၊ ဗိုလ်မဲခေါင်တို့လို ကွယ်လွန်ပြီးသည်အထိ ဂုဏ်ပြုဂုဏ်ယူထိုက်သူထဲတွင် ကြောစွယ်မပါဝင်နိုင်ကြောင်းတွေ့ရပါသည်။

* * *

## ရခိုင်ဒေသနယ်ချဲ့ဆန့်ကျင်ရေးတွင် ပါဝင်ခဲ့သော စေတုတ္တရာသား

၁၈၈၈ ခုနှစ်တွင် ရခိုင်ဒေသ၌ နယ်ချဲ့ဆန့်ကျင်ရေးကို ဗိုလ်မောင်ပိုင်နှင့် ဗိုလ်ငတာတို့က ဦးဆောင်ခဲ့ကြသည်။

ဗိုလ်ငတာသည် စေတုတ္တရာသားဖြစ်ပြီး သူ၏ပြောင်မြောက်သောစွမ်းရည်သတ္တိများကြောင့် မက္ခရာမင်းသားကိုယ်တိုင်က ရခိုင်ဒေသတွင် ဗိုလ်အဖြစ်ခန့်ထားခံခဲ့ရသည်။ ဗိုလ်ငတာ၏နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားတိုက်ခိုက်မှုများကြောင့် မြို့ဟောင်းပုလိပ်စခန်း၌ အဖမ်းခံခဲ့ရသည်။ ၁၈၈၈ ခု ဧပြီလ ၈ ရက် ညသန်းခေါင်အချိန်တွင် ဓားလွတ်များကိုင်ဆောင်ကြသော ရခိုင်၊ ဗမာ၊ ရှမ်းမျိုးချစ်လူ ၂၀ ခန့်က မြို့ဟောင်းပုလိပ်စခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ ဗိုလ်ငတာကို ကယ်တင်ကာ မြို့ဟောင်းပုလိပ်စခန်းနှင့် မြို့ကို မီးတိုက်သွင်းခဲ့ကြသည်။ ဗိုလ်ငတာတို့အဖွဲ့နှင့် ဗြိတိသျှတပ်တစ်တပ်တို့ ပလက်ချောင်းဒေသ၌ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ဧပြီလ



၁၆ ရက်နှင့် ၁၇ ရက်တို့တွင် နယ်ချဲ့ဆန့်ကျင်ရေးအင်အား ၁၂၀ ခန့်လာရောက်ပူးပေါင်းလာပြီး ဗိုလ်ငတာက ဦးဆောင်ကာ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများကို ဆက်လက်ဆင်နွှဲခဲ့ကြလေသည်။[၁]

## နယ်ချဲ့ဆန့်ကျင်ရေးခေတ်လယ် (၁၉၀၀ မှ ၁၉၃၀) ပြည့်နှစ်

မြန်မာနိုင်ငံ၏နယ်ချဲ့ဆန့်ကျင်ရေးခေတ်လယ်တွင် ဂျီစီဘီအေအသင်း (၁၉၂၀) ပြည့်နှစ် တည်ထောင်ပြီးနောက် မြန်မာသက္ကရာဇ် ၁၂၈၄ (ခရစ်သက္ကရာဇ် ၁၉၂၂) ခုနှစ်တွင် စေတုတ္တရာမြို့နယ်၌ ဝံသာနုအသင်းကို တည်ထောင်ခဲ့ပါသည်။ အသင်း၏ဥက္ကဋ္ဌမှာ မြောင်းခွမြောက်ကျောင်းဆရာတော် ဦးသီရိဖြစ်၍ လက်ထောက်မှာ ဦးပဥ္စင်း ဦးကုန္ဒာစာရဖြစ်သည်။ လူပုဂ္ဂိုလ်များထဲမှ ဦးနု (ကြီးဝရွာ)၊ ဦးလှကျော် (ချိရွာ) တို့ပါဝင်ဦးဆောင်ခဲ့ကြသည်။ ဆရာတော်၏အစီအစဉ်အရ မြို့နယ်လူထု ဖတ်ရှုနိုင်ရန် ဗန္ဓုလဂျာနယ်၊ ဝံသာနုသတင်းစာတို့ကို စာတိုက်မှ မှာယူပြီး မြို့နယ်တွင်းကျေးရွာများသို့ ဖြန့်ဝေပေးခဲ့သည်။ ဤ ဆရာတော်များလက်ထက်တွင် မန္တလေးမြို့မှ ဂျီစီဘီအေကိုယ်စားလှယ်ဝံသာနုလူကြီးဖြစ်သူ ဦးထွန်းမောင်ဆိုသူ ရောက်ရှိလာခဲ့သည်။ မြောင်းခွတောင်ကျောင်းတွင် ဝံသာနုတရားပွဲများ ကျင်းပဟောပြောခဲ့သည်။ ဝံသာနုအသင်း၏ဦးဆောင်မှုဖြင့် မြန်မာအမျိုးသားမြို့ပိုင် ဦးချိတ်လက်ထက်၌ အစိုးရအား အခွန်တော်မပေး

---

**၁။ တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း-ဗဟိုကော်မီတီဌာနချုပ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ တတိယပုံနှိပ်ခြင်း၊ ဇူလိုင်လ၊ ၁၉၇၇**

ဆောင်ရေး လှုပ်ရှားမှုတစ်ရပ် ညောင်အိုင်ကျေးရွာ၌ ပေါ်ပေါက်ခဲ့ပါသည်။ ကျေးရွာလူကြီးမှာ ဦးညဏ်ဖြစ်၍ ညောင်အိုင်ကျေးရွာ ဝံသာနုခေါင်းဆောင်မှာ ဦးမိုးရှိန်ဖြစ်ပါသည်။ ညောင်အိုင်မှ အခွန်တော်မဆောင်သော ရွာသားများ၏ မြေယာ၊ ကျွဲ၊ နွား၊ ပစ္စည်းများကို မြို့ပိုင်က သိမ်းယူပြီး လေလံတင်ရောင်းချမှုပြုလုပ်ကာ နှိမ်နင်းမှုပြုလုပ်ခဲ့သည်။

## နယ်ချဲ့ဆန့်ကျင်ရေးခေတ်နှောင်း (၁၉၃၀ မှ ၁၉၄၈) ခုနှစ်

ထိုကာလအတွင်းက စေတုတ္တရာမြို့ပေါ်၌ အစိုးရအထောက်အပံ့ခံ အလယ်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ရန်ကုန်တက္ကသိုလ်၌ ၁၉၃၆ ခုနှစ်နှင့် ၁၉၃၈ ခုနှစ်များအတွင်း ပေါ်ပေါက်ခဲ့သော ဒုတိယနှင့်တတိယကျောင်းသားသပိတ်တို့ကို ထောက်ခံသည့်အနေဖြင့် ကျောင်းသားတစ်စုကဦးဆောင်၍ လှုပ်ရှားမှုများပြုလုပ်ခဲ့ကြပါသည်။ အလယ်တန်းပြဆရာဦးဘသိန်းနှင့် ကျောင်းသားကြီးတစ်ဦးဖြစ်သူ ဦးစိုးခိုင် (ရုံးအဖွဲ့မှူး-ကွယ်လွန်၊ ကလေးဝမြို့) တို့က ဦးဆောင်၍ မြို့မစာကြည့်တိုက်တစ်ခုကို စတင်တည်ထောင်ဖွင့်လှစ်ခဲ့ကြသည်။ ရန်ကုန်မြို့မှ ပဲရေ့ဦးဆန်နီ၊ သခင်ဆယ်နှင့် အမျိုးသားပညာဝန်ဦးဖိုးကျားတို့က စာအုပ်စာတမ်းများကို အခမဲ့အပတ်စဉ်ပေးပို့ကူညီခဲ့သည်။ နဂါးနီတိုက်ထုတ် လက်ဝဲစာပေများမှာ အများစုဖြစ်ခဲ့သည်။ အသင်းတံဆိပ်မှာ အမှုဆောင်နာယကတောအုပ်ကြီးဦးချမ်းမြနှင့် ဥက္ကဋ္ဌဦးဘသိန်းတို့၏စီမံမှုအရ **"တူတံစဉ်"** အမှတ်အသားပါတံဆိပ်တုံးကို ပြုလုပ်အသုံးပြုခဲ့ကြပါသည်။



ဘီအိုင်အေခေတ်တွင် စေတုတ္တရာမြို့နယ် ချီရွာမှ စလင်းမြို့ အ-ထ-ကတွင် ကျောင်းတက်ခဲ့ကြသော ဦးဘသိန်း (ဗိုလ်မှူးငြိမ်း၊ ရန်ကုန်)၊ တပွင်ရွာမှ ဦးဘငြိမ်း (ကွယ်လွန်)၊ ဦးဘကြိုင် (ယခု ဦးခင်မောင်မြင့်-ဗိုလ်မှူး-ငြိမ်း-မိုးကုတ်)၊ ဦးဘမြိုင် (ရဲတပ်ကြပ်ငြိမ်း-မိုးကုတ်မြို့)၊ နတ်ကြီးရွာမှ ဦးသာဒိုး (စံပြရွာ၊ ပွင့်ဖြူမြို့နယ်)၊ စေတုတ္တရာမြို့မှ ဦးထွန်းရှိန် (ကွယ်လွန်)၊ ဦးလူကား (ကျောက်ဆည်မြို့သိမ်းပိုက်ပွဲ၌ ကျဆုံး) တို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်ခဲ့ကြသည်။ ၁၉၄၁ ခု မတ်လတွင် ဘီအိုင်အေတပ်မတော်က စေတုတ္တရာမြို့ကို သိမ်းယူခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးမပျက်ပြားစေရန် လက်ရှိမြို့အုပ်ဦးဖြိုးကိုပင် မြို့အုပ်အဖြစ်တာဝန်ပေးကာ ဆက်လက်အုပ်ချုပ်စေခဲ့သည်။ ဘီအိုင်အေတပ်ဖွဲ့နှင့် ခေါင်းဆောင်ဗိုလ်အုန်းမောင်တို့သည် ဂျပန်များဝင်ရောက်လာသောအခါ စလင်းမြို့သို့ ပြောင်းခဲ့ကြရသည်။

၁၉၄၄ ခုနှစ်မှစ၍ ဂျပန်ကိုတော်လှန်ရန် စေတုတ္တရာမြို့နယ်၌ လှုပ်ရှားခဲ့ကြသည်။ ၎င်းနှစ်မြို့ပိုင် ဦးလှမောင်၏စီစဉ်မှုအရ ငတော်စုတ်သူကြီး ဦးကျော်နှင့် တောခေါင်းဦးလှမောင် (ဝဏ္ဏကျော်ထင်ဘွဲ့ရ၊ မြို့မဝန်ထောက်ကြီး-အငြိမ်းစား၊ သံလျင်) တို့သည် ဆောမြို့နယ်သို့ သွားရောက်၍ ဂျပန်တော်လှန်ရေးဆောင်ရွက်နိုင်ရန် အဆက်အသွယ်များ ရှာကြံခဲ့ကြသည်။

ဂျပန်တော်လှန်ရေးအတွက် ရခိုင်နှင့် အဆက်အသွယ်ရယူရန် မန္တလေးမြို့မှ ရောက်ရှိလာသော ဦးလှညွန့် (ခေါ်) ဦးသိန်း (တရားသူကြီးငြိမ်း-မန္တလေး) ကို မြို့အုပ်ဦးလှမောင်၏ စီစဉ်ပေးမှုဖြင့် ဦးခင်စော (မန်နေဂျာ-အငြိမ်းစား၊ သစ်ထုတ်ရေး) က

ရခိုင်ပြည်နယ်သို့ ပို့ဆောင်ပေးခဲ့သည်။ ဦးစိုးမင်း (သံဆည်ရွာ) ကလည်း ကြက်ရိုးပင်ရွာသို့ ဆင်းသက်လာသော လေထီးဗိုလ် မစ္စတာဝစ္စတာနှင့် ကပ္ပတိန်ဒေါင်းတို့ထံသို့ မြို့ပိုင်ဦးလှမောင် သွားရောက်၍ လျှို့ဝှက်တွေ့ဆုံနိုင်ရေးကို စီစဉ်ကူညီပေးခဲ့သည်။

၁၉၄၅ ခု မတ်လတွင် စေတုတ္တရာမြို့နယ်၌ ဂျပန်တော်လှန် ရေးစတင်ခဲ့သည်။ ပြန်လည်တိုက်စစ်ဆင်ဝင်ရောက်လာသော အင်္ဂလိပ်လေယာဉ်တို့က စေတုတ္တရာမြို့ပေါ်ကိုရော မုန်းချောင်း၊ ထီးချောင်းတစ်လျှောက်ရှိ ကျေးရွာများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ မြို့ရော ကျေးရွာများပါ စစ်လေယာဉ်မှပစ်ခတ်သည့်ကျည်များ ထိမှန်သေဆုံးသူများရှိခဲ့ပြီး လူနေအိမ်အများစုမှာ မီးလောင်ပြင် ဖြစ်ခဲ့ရသည်။ မကြာမီပင် ငတော်စုတ်သူကြီး ဦးကျော်နှင့် တောခေါင်းဦးလှမောင်တို့သည် မဟာမိတ်အမေရိကန်တပ်များနှင့် အတူ စေတုတ္တရာမြို့နယ်သို့ ရောက်ရှိလာကြကာ ဂျပန်များကို တိုက်ထုတ်နိုင်ခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ဘီအိုင်အေမှ ဗိုလ်မှူးလရောင်နှင့် သခင်မင်း ကျော်တို့ စေတုတ္တရာမြို့သို့ရောက်လာကြပြီး ဖဆပလဖွဲ့စည်း ခြင်း၊ ပြည်သူ့ရဲဘော်အဖွဲ့တည်ထောင်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ယင်းအဖွဲ့တို့က လုံးဝလွတ်လပ်ရေးရသည်အထိ ပူးပေါင်း ဆောင်ရွက်ကြရန် ဟောပြောစည်းရုံးခဲ့ကြသည်။ ထိုအခါ စေတုတ္တရာမြို့နယ်သူမြို့နယ်သားများ ပိုမိုနိုးကြားတက်ကြွမှု ရှိလာကြသည်။

အမှုထမ်းသပိတ်၊ ပုလိပ်သပိတ်တို့တွင် စေတုတ္တရာမြို့နယ်သူ မြို့နယ်သားများ ပါဝင်ခဲ့ခြင်းသည် စေတုတ္တရာမြို့နယ် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှတ်တမ်းဖြစ်ခဲ့သည်။



ပြည်သူ့ရဲဘော်အဖွဲ့ဝင် မြို့နယ်လူငယ်များသည် ဗိုလ်ချုပ် အောင်ဆန်း၏ လွတ်လပ်ရေးတိုက်ပွဲအစီအစဉ်တို့ကို ယုံကြည် အားကိုးခဲ့ကြသည်။ လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲရန်အတွက် ပြည်သူ့ ရဲဘော်အဖွဲ့သို့ ဝင်ရောက်ခဲ့ကြရာ အဖွဲ့ဝင်အင်အား (၆၀) ခန့်အထိ ရှိလာခဲ့သည်။ ထိုစဉ်က ဦးဆောင်ခဲ့ကြသူများမှာ ဦးကျောက်ခဲ၊ ဦးခင်မောင်၊ ဦးအောင်လှိုင်တို့ဖြစ်သည်။ ပြည်သူ့ရဲဘော်ဗဟိုအဖွဲ့ ကြီးမှလည်း ဦးသန်း၊ ဦးမြင့်ဆွေ၊ ဦးမောင်မောင်တို့ ရောက်လာ ကြပြီး အခြေခံစစ်ပညာ၊ နိုင်ငံရေးအတွေးအခေါ်သင်တန်းများကို လျှို့ဝှက်သင်ကြားပေးခဲ့ကြပါသည်။

ဂျပန်များ ဆုတ်ခွာသွားပြီးနောက် ဗြိတိသျှအုပ်ချုပ်ရေး ပြန်လည်စတင်သောအခါ မြို့အုပ်ကြီးမှာ ဦးလှမောင်ဖြစ်၍ မြို့အုပ်ကလေးမှာ ဦးလှမောင်း (ယခင်တောခေါင်း) ဖြစ်ပါသည်။ မြို့ပိုင်ရုံးကို စေတုတ္တရာမြို့အရှေ့မြောက်ဘက်ရှိ လယ်ပြင်စုရွာ မြေတိုင်းစာရေးကြီး ဦးသက်ဖူး၏နေအိမ်တွင် ဖွင့်လှစ်၍ အုပ်ချုပ် ခဲ့ရပါသည်။ စေတုတ္တရာမြို့မှာ ဒုတိယကမ္ဘာစစ်ကြောင့် ပြာပုံဘဝ ရောက်ခဲ့ရသောကြောင့်ဖြစ်ပါသည်။[၁]

---

**၁။ စေတုတ္တရာမြို့နယ်ဖြစ်စဉ်မှတ်တမ်း (၁၉၇၉)၊ စေတုတ္တရာမြို့နယ်နှင့် သုတေသီများအသုံးပြုရန်လက်စွဲစာတမ်း (၁၉၈၂-ခု ဇူလိုင်လ ၇ ရက်)**

# အခန်း (၉)

# ကိုလိုနီခေတ်အုပ်ချုပ်ရေး

**မြန်မာနိုင်ငံ ကိုလိုနီလက်အောက်ကျရောက်ခံရသည့်နှစ်များ**

ဗြိတိသျှတို့သည် စစ်သုံးကြိမ်တိုက်ခိုက်ပြီးနောက် မြန်မာနိုင်ငံကို တစ်ဒေသပြီးတစ်ဒေသ သိမ်းယူကာ နောက်ဆုံးတွင် တစ်နိုင်ငံလုံးကို သိမ်းယူခဲ့သည်။

ပထမကျူးကျော်စစ်အပြီး ချုပ်ဆိုသည့် ရန္တပိုစာချုပ်အသက်ဝင်သည့် ၁၈၂၄ ခု ဖေဖော်ဝါရီလ (၂၄) ရက်နေ့မှာ နူ-အက်တလီ စာချုပ်ချုပ်ဆိုကာ မြန်မာနိုင်ငံလွတ်လပ်ရေး ပြန်လည်ရရှိခဲ့သော ၁၉၄၈ ခု ဇန်နဝါရီလ (၄) ရက်နေ့အထိ ကိုလိုနီလက်အောက်ခံဘဝ ကျရောက်ခဲ့သော မြန်မာနိုင်ငံ၏ ကိုလိုနီခေတ်အုပ်ချုပ်ရေး သက်တမ်းမှာ (၁၂၁ နှစ်၊ ၁၀ လ၊ ၈ ရက်) ၁၂၂ နှစ်ခန့် သက်တမ်းရှည်ကြာခဲ့လေသည်။ မြန်မာ့**လွတ်လပ်ရေးကြေညာစာတမ်း**တွင်ကား **"ခြောက်ဆယ့်တစ်နှစ်တစ်လနှင့်တစ်ရက်"** ဟူ၍သာ ဖော်ပြခဲ့သည်။





**ကိုလိုနီခေတ်အုပ်ချုပ်ရေးနည်းစနစ်များ**

ပထမအင်္ဂလိပ်မြန်မာစစ်အပြီး သိမ်းယူခဲ့သော ရခိုင်၊ တနင်္သာရီ ၁၈၂၆ မှ ၁၈၆၂ ခုနှစ်အထိ (၃၆) နှစ်ကြာမျှ ဘင်္ဂလားပြည်နယ် ဘုရင်ခံ၏လက်အောက်မှ တိုင်းမင်းကြီးတစ်ဦးစီက အုပ်ချုပ်ခဲ့သည်။ ဒုတိယအင်္ဂလိပ်-မြန်မာစစ်အပြီး သိမ်းယူခဲ့သော ပဲခူးတိုင်းကို ၁၈၅၂ မှ ၁၈၆၂ ခုနှစ်အထိ (၁၀) နှစ်မျှကာလတွင် တိုင်းမင်းကြီးတစ်ဦးက အုပ်ချုပ်ခဲ့သည်။

ယင်းတိုင်းသုံးတိုင်းကို ၁၈၆၂ ခုနှစ်မှစ၍ မဟာဝန်ရှင်တော်မင်းကြီး၏ အုပ်ချုပ်မှုအောက်တွင် ထားရှိခဲ့သည်။

၁၈၉၇ ခုနှစ်တွင် ရခိုင်၊ တနင်္သာရီ၊ ပဲခူးတိုင်း သုံးတိုင်းကို ဒုတိယဘုရင်ခံချုပ်၏ ကိုးဦးပါအတိုင်ပင်ခံဥပဒေပြုအဖွဲ့က အုပ်ချုပ်ခဲ့သည်။ ၁၈၆၁ ခု အိန္ဒိယကောင်စီအက်ဥပဒေအရ အုပ်ချုပ်ရေးစတင်ဆောင်ရွက်ခြင်းဖြစ်သည်။

ထို့ကြောင့် ကိုလိုနီခေတ် မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သော စနစ်များကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်နိုင်လေသည်။

(၁) ၁၈၂၆ မှ ၁၈၉၇ ခုနှစ်အထိ (၇၁) နှစ် စစ်အုပ်ချုပ်ရေး

(၂) ၁၈၉၇ မှ ၁၉၂၃ ခုနှစ်အထိ (၂၆) နှစ် ဗြူရိုကရေစီအုပ်ချုပ်ရေး

(၃) ၁၉၂၃ မှ ၁၉၃၇ ခုနှစ်အထိ ဒိုင်အာခီအုပ်ချုပ်ရေး

(၄) ၁၉၃၇ မှ ၁၉၄၂ ခုနှစ်အထိ ၉၁ ဌာနအုပ်ချုပ်ရေး

(၅) ၁၉၄၂ မှ ၁၉၄၅ ခုနှစ် ဂျပန်ခေတ်အုပ်ချုပ်ရေး

(၆) ၁၉၄၅ မှ ၁၉၄၇ ခုနှစ် စက္ကူဖြူအုပ်ချုပ်ရေး^၁ . . . တို့ဖြစ်သည်။

* * *

## လက်နက်များအပ်နှံကြရခြင်း

ဗြိတိသျှတို့သည် မြန်မာနိုင်ငံတစ်ဝန်းလုံးကို သိမ်းပိုက်ပြီးစကာလတွင် နိုင်ငံတော်တစ်ဝှမ်းလုံး၌ ဆန့်ကျင်တိုက်ခိုက်မှုမပြုလုပ်နိုင်အောင် မြန်မာဘုရင်များလက်ထက်ကရှိခဲ့သော မြို့သူကြီး၊ ရွာသူကြီးတို့လက်ထဲရှိနေသည့် လက်နက်များကို ပြန်လည်အပ်နှံစေခဲ့သည်။ ဤသို့လက်နက်များ အပ်နှံရပုံမှတ်သားထားသည့် ပုရပိုက်တစ်ဆူကို ကျန်စိမ့်ရွာ၌ တွေ့ရှိခဲ့ရပြီး လေ့လာနိုင်ရန် အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

"၁၂၄၇ ခု မြောက်လက်ရေးစုပါ ကျေးရွာသူကြီးတို့ခံဝန်ချက်၊ မြို့ရုံးတွင်တင်ပေးသည့်သွှပ်စာရင်း
မရင်းရွာ ရုံးအပ် (၂၀)၊ ရွာထောင် (၅၀)၊ ၂ စု (၇၀) ယမ်းချိန် (၂၀) ခဲလုံးရေ (၂၀၀၀) မီးကျောက်ရေ (၂၀) ဓားလွယ် (၂၀) လှံ (၂) ^၂ ဟူ၍ ဖြစ်ပါသည်။

ဤအကြောင်းကို နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရပုံ အပိုင်းတွင်လည်း ဖော်ပြပြီးဖြစ်သည်။

* * *

---

**၁။ ကိုလိုနီခေတ်မြန်မာနိုင်ငံသမိုင်း-ရေး-ဗန်းမော်တင်အောင်၊ ပြည်သူ့အလင်းစာပေတိုက်၊ ဒုတိယအကြိမ်-၁၉၆၄၊ စက်တင်ဘာလ။**

**၂။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်) ၏ လက်ရေးမူ**



## ကိုလိုနီခေတ်တွင် တပွင့်မြို့ဖြစ်လာပုံ

ကိုလိုနီခေတ် (၁၈၈၈-မြန်မာ ၁၂၅၀) စစ်အုပ်ချုပ်ရေးကာလက စေတုတ္တရာမြို့နယ် တပွင့်ရွာကို မြို့အဖြစ်သတ်မှတ်ခဲ့ကြောင်း တပွင့်ရွာပုရပိုက်တစ်ဆူပါ အရေးအသားအရ သိရှိရသည်။ အောက်တွင်ဖော်ပြလိုက်ပါသည်။

"၁၈၈၈ ခု တပွင့်ရွာကို တပွင့်မြို့ဟု သတ်မှတ်၍ မကျည်းရွာ ပြည်စိုးသင်းဦးရာပြည့်အား တပွင့်မြို့အုပ်အဖြစ် ခန့်သည်။ တပွင့်မြို့အုပ်ဦးရာပြည့်က စည်တုတ္တရာမြောက်ပိုင်းကျေးရွာများကို ငြိမ်ဝပ်အောင် စည်းရုံးသိမ်းသွင်းအုပ်ချုပ်စေရမည်"^၂ ဟူ၍ဖြစ်ပါသည်။

## တပွင့်မြို့အုပ်သို့ ပို့ဆက်ကြသော အစီရင်ခံစာ

ဤသို့ တပွင့်မြို့ဟူ၍ ၁၈၈၈ ခုတွင် သတ်မှတ်လိုက်ပြီးနောက် ကိုလိုနီခေတ်စစ်အုပ်ချုပ်ရေးအရ တပွင့်မြို့က အုပ်ချုပ်ရသော ကျေးရွာများက ခုနစ်ရက်တစ်ကြိမ် မိမိဒေသ၏ လုံခြုံရေးစီးပွားရေး အခြေအနေကို အစီရင်ခံကြရသည်။

မရင်းတိုက်နယ်သူကြီးတို့က ပေးပို့သည့် အစီရင်ခံစာ ပုရပိုက်တစ်ဆူကို တပွင်ရွာ၌တွေ့ရှိခဲ့ရပြီး လေ့လာနိုင်ရန် အောက်တွင်ဖော်ပြထားပါသည်။

---

**၂။ ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်) ၏ လက်ရေးမူ**

"၁၂၅၀-ခု သီတင်းကျွတ်လပြည့်ကျော် (၅) ရက် တပွင့်မြို့ အုပ်မင်း ရုံးတော်လျှောက်စာ"

ဘုရားကျွန်တော် မုရင်းနယ်တိုက်သူကြီးမောင်တင်၊ မောင်ပေါ်၊ မောင်မြိုင်၊ မောင်စံလှတို့ ရှိခိုးအစီရင်ခံပါသည် ဘုရား၊ ကျွန်တော်မျိုးတို့ သူကြီးများကို အောက်စာရင်းပါ စကားအရ ပုံစံပေးသည့်အတိုင်း ရက်တပတ်အင်ဂါနေ့တိုင်း အရှင်ဘုရားရုံးတော်ဆက်သွင်းရပါမည် အမိန့်ဆင့်ဆိုတော်မူချက်အတိုင်း အောက်စာရင်းပါအရ စာရင်းပုံစံလျှောက်သွင်းပါကြောင်း ရှိခိုးအစီရင်တော်ခံပါသည်ဘုရား၊

(၁) ယခုရက်အတွင်း မိုးကောင်းစွာမရွာပါ၊

(၂) ဆင်းရဲသားတို့ လယ်ယာထွန်ယက်မလုပ်မကိုင်ရသေးပါ။

(၃) ပေါင်းမြက်သုတ်သင်ကျွန်းခွေ၊ ဆည်မြောင်းလုပ်နေကြပါသည်၊

(၄) ကျွန်တော်မျိုးတို့နယ်တွင် လူများ ထမင်းအနည်းငယ်တော်ကြပါသည်။

(၅) ကျွန်တော်မျိုးတို့နယ်မှာ ကျွဲနွားရောဂါကပ်ရောက်၊ ကံဇင်းရွာမှာ ၃ ကောင်၊ တော်စုရွာမှာ ၃ ကောင်၊ ကျောက်အုပ်ရွာမှာ ၄ ကောင်၊ ကောင်ရေ ၂၀ မှာ ခွာနာ၍ သေကြပါသည်။

(၆) ထားပြဗိုလ်ဥတ္တမ၊ ချောက်ကြီးတို့ မည်သည့်ကျေးရွာမှာ နေထိုင်ကြသည်ကို မသိပါ၊

(၇) စွါး ၁ ်ိ လျှင် ၁ိ ၈ဲ ဈေးနှုန်းပေါက်ပါသည်။ ပြောင်း၊ လူး၊ ဆပ်၊ ပြောင်းဖူးဈေးမရှိပါ။



(၈) ကျွန်တော်မျိုးတို့ရွာမှာ ထားပြတိုက်မှုမရှိပါ။[၁]

ဟူ၍ဖြစ်ပါသည်။ နယ်ချဲ့တို့၏ စစ်အုပ်ချုပ်ရေးကာလ ကျေးရွာများ ဆင်းရဲကျပ်တည်းပုံ၊ လုံခြုံရေးတင်းကျပ်ထားပုံတို့ကို တွေ့ရပါသည်။

## မြို့နယ်နယ်မြေပြောင်းလဲသတ်မှတ်လာပုံ

၁၈၉၇ ခုတွင် ဗြိတိသျှတို့က မြန်မာနိုင်ငံတစ်ဝှမ်းလုံးကို ဘုရင်ခံနှင့် အတိုင်ပင်ခံကိုးဦးပါ ဥပဒေပြုအဖွဲ့က ဥပဒေများ ပြဋ္ဌာန်းပြီး မြန်မာဘုရင်ခေတ်က မြို့စီရင်စုနယ်မြေများကို ပြောင်းလဲပြင်ဆင်ဖွဲ့စည်းသတ်မှတ်၍ အုပ်ချုပ်ခဲ့သည်။

မြန်မာပဒေသရာဇ်ခေတ်က မြို့တည်နန်းတည်ပြန်တမ်းများတွင် ပါဝင်သည့် နယ်မြေများကို ပြောင်းလဲသတ်မှတ်ခြင်း၊ မြို့အုပ်ရုံးစိုက်ရာမြို့များ ပြောင်းလဲသတ်မှတ်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

တပွင့်မြို့သည် ၎င်းကာလတွင် ကျေးရွာအဆင့် ပြန်လည်ရောက်ရှိခဲ့သည်။

မြန်မာသက္ကရာဇ် ၄၆၀ တွင် မင်းဇေယျခေတ္တရာက တည်ထောင်ခဲ့သော စည်တုတ္တရာမြို့စီရင်စုနယ်မြေတွင်လည်း စေတုတ္တရာမြို့နယ်ဟု ပေါ်ပေါက်ခေါ်တွင်လာကာ မြို့အုပ်ရုံးစိုက်သည့် စေတုတ္တရာမြို့ဟု ပေါ်ပေါက်လာသည်။ မင်းဇေယျခေတ္တရာလက်ထက်က လောင်းရှည်မြို့စီရင်စုထဲပါခဲ့သော ထီးချောင်းမှ တည်စုတ်အထက်ကံဇင်း၊ ကျောက်အုပ်အထိကျေးရွာများ၊ မုန်းချောင်းဒေသမှ လုံးကြီးနှင့်အထက် ဖျင်ကြီးအထိ မအွေးကျေးရွာများသည် စေတုတ္တရာမြို့အုပ်ရုံးအပိုင်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့လေသည်။

---

၁။ **ပေပုရပိုက်မှတ်တမ်းများ-ဦးသောင်းရှိန် (အထပြ-ကွယ်လွန်)၏ လက်ရေးမူ**

လောင်းရှည်မြို့သည်လည်း ပေါက်နှင့်နီးသည့် ပဆုပ်ရွာသို့ မြို့အုပ်ရုံး ပထမပြောင်းရွှေ့ပြီးနောက်၊ ချင်းပြည်နယ်တွင် ကန်ပက်လက်မြို့နယ်ဟူ၍ မင်းတပ်မြို့စီရင်စုမှ ခွဲထွက်တည်ထောင် လာသောအခါ ကန်ပက်လက်မြို့သို့ သွားလာရန်လမ်းကြောင်း၌ တည်ရှိသော ဆောရွာတွင် မြို့အုပ်ရုံးဖွင့်လှစ်တည်ထောင်သော ကြောင့် ဆောမြို့ဟူ၍ ပေါ်ပေါက်လာပြီး လောင်းရှည်မှာ ကျေးရွာ အဆင့်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ သို့သော် ယခုတိုင် လောင်းရှည် မြို့ဟူ၍ ခေါ်ဝေါ်လျက်ရှိကြသည်။ ဤအပြောင်းအလဲကာလသည် ၁၈၉၇ ခု စက်တင်ဘာလ (၉) ရက်[၁] မှစ၍ နောက်ပိုင်း ပြောင်းလဲ လာခြင်းဖြစ်ပါသည်။

စလင်းမြို့စီရင်စု မြို့လွတ် (၂၂) မြို့တွင် ပါဝင်ခဲ့သော ဘားအိုင်မြို့သည်လည်း ဖားအိုင်ရွာအဆင့်သို့ ထိုကာလမှစ၍ ရောက်ရှိခဲ့ကာ စေတုတ္တရာမြို့နယ်ထဲမှ ကျေးရွာအုပ်စုတစ်စုအဖြစ် တည်ရှိလာခဲ့ပါသည်။

* * *

## စေတုတ္တရာမြို့ပိုင်များ (ကိုလိုနီခေတ်)

၁၉၄၁ ခုနှစ်တွင် ဘီအိုင်အေတပ်မှ ဗိုလ်ကြီးမြမောင်၊ ဗိုလ်အုန်းမောင်တို့ ဦးဆောင်သော ဘီအိုင်အေတပ်များက စေတုတ္တရာမြို့ကို သိမ်းပိုက်ခဲ့ပြီးနောက် ထိုစဉ်က မြို့ပိုင်ဖြစ်သော ဦးဖြိုးကို မြို့ပိုင်အဖြစ် ဆက်လက်ခန့်ထားကာ အုပ်ချုပ်စေ

၁။ မြန်မာ့ရက်စဉ်သမိုင်း (ပထမတွဲ)-သမိုင်းသုတေသနဦးစီးဌာန၊ နေပြည်တော်၊ ၂၀၀၉



ခဲ့ကြောင်း ရှေ့အခန်း၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ မြို့ပိုင်အဖြစ် စေတုတ္တရာမြို့တွင် တာဝန်ယူအုပ်ချုပ်ခဲ့သူများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

(၁) ဦးဖြိုး (၁၉၄၁-၁၉၄၂)
(၂) ဦးလှမောင် (၁၉၄၂)
(၃) ဦးအောင်ခင် (ယာယီ)
(၄) ဦးလှမောင် (၁၉၄၅ မှ ၁၉၄၈ အထိ)

၁၉၄၂ ခုတွင် မြို့ပိုင်အဖြစ် တာဝန်ယူအုပ်ချုပ်ကာ အငြိမ်းစားယူပြီးနောက် ဦးလှမောင်ကို ဂျပန်တို့က မြို့ပိုင်အဖြစ် ခန့်ထားခဲ့ကြသည်။ ဂျပန်အပြေးအင်္ဂလိပ်ပြန်အဝင်တွင် ဦးလှမောင်မှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသဖြင့် ရုံးအုပ်ကြီး ဦးအောင်ခင်ကို ယာယီမြို့ပိုင်အဖြစ် ခန့်ထားခဲ့သည်။ ထိုကာလက စေတုတ္တရာမြို့မှာ ပြာပုံဘဝတွင်ရှိနေခဲ့၏။

၁၉၄၅ ခု အင်္ဂလိပ်များ ပြန်ဝင်လာပြီးနောက် မဟာမိတ် အမေရိကန်တပ်များနှင့်အတူ ပြန်ရောက်လာသော ဦးလှမောင်ကို မြို့ပိုင်အဖြစ် ပြန်လည်ခန့်ထားရာ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိသည့် ၁၉၄၈ ခုနှစ်အထိ စေတုတ္တရာမြို့နယ်၏ မြို့ပိုင်အဖြစ် ဆောင်ရွက်ခဲ့သည်။[၁]

၁။ သုတေသီများအသုံးပြုရန် လက်စွဲစာတမ်း-စေတုတ္တရာမြို့နယ်ဖြစ်စဉ် မှတ်တမ်းပြုစုရေးကော်မတီ၊ ၁၉၈၂ ခု ဇူလိုင်လ (၇) ရက်။

# အခန်း (၁၀)

## ကိုလိုနီခေတ်စေတုတ္တရာမြို့နယ်၏ ပညာရေးနှင့်စာပေ

စေတုတ္တရာမြို့ပေါ်တွင် အထောက်အပံ့ခံအလယ်တန်းကျောင်း (Added Vermacular Middle School-Sidoktara) ကို ၁၉၁၉ (၁၂၈၁) ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့သည်။ ပညာလိုလားသူများက ဦးဆောင်၍ ဖွင့်လှစ်သောကျောင်းဖြစ်သည်။ ဆရာများအတွက် လစာကို ငွေကြေးတတ်နိုင်သူက ငွေကြေးပေး၍ ငွေကြေးမတတ်နိုင်သူများက သီးနှံပေါ်ချိန်တွင် သီးနှံများပေးကာ ရပ်တည်ဖွင့်လှစ်သော ကျောင်းဖြစ်သည်။ အစိုးရက ဆရာများအတွက် လစာထောက်ပံ့ခဲ့ခြင်းမရှိပါ။ ထိုစဉ်က ခုနစ်တန်းကျောင်းသားတစ်ဦးလျှင် (သုံးမူး)၊ လေးတန်းကျောင်းသားတစ်ဦး (တစ်မတ်) နှုန်းဖြစ်သည်။ ကျောင်းတည်ရာမှာ ယခု မြို့နယ်စီမံကိန်းရုံးနေရာဖြစ်သည်။ မြေစိုက် နှစ်ထပ်ကျောင်းဆောင်ဖြစ်သည်။

ဤကျောင်းကို စတင်ဖွင့်လှစ်ပြီး တာဝန်ခံကျောင်းအုပ်အဖြစ်ဆောင်ရွက်သူမှာ ဦးရွှေမြ (ဘုန်းကြီးလူထွက်၊ ငဖဲဇာတိ) ဖြစ်သည်။ လက်ထောက်ဆရာမှာ ဦးဖိုးထွန်း (ဝဏ္ဏရပ်၊ စေတုတ္တရာမြို့) ဖြစ်သည်။ ဆရာနှစ်ဦးတည်းကသာ သင်ကြားပေးရ၍ ဆရာလွတ်သောအတန်းများကို စာတော်သော အတန်းကြီးကျောင်းသားများက





သင်ကြားပေးလျက် ဆရာများကို ကူညီခဲ့ကြသည်။ ဦးရွှေမြကွယ်လွန်ပြီးနောက် ဦးရွှေဖောင် (ကျန်စိမ့်ရွာ၊ စေတုတ္တရာမြို့နယ်) က တာဝန်ယူဆောင်ရွက်သည်။ ဆရာဦးဖိုးထွန်းကွယ်လွန်ပြီးနောက် လက်ထောက်ဆရာအဖြစ် ဦးသာယုံ (တည်စုတ်ရွာ) က ဆောင်ရွက်သည်။

ဤကျောင်းမှ ခုနစ်တန်းကျောင်းသားများသည် စလင်းမြို့၌ ကျင်းပစစ်ဆေးသော အစိုးရစစ်အလယ်တန်းစာမေးပွဲကို သွားရောက်ဖြေဆိုကြရာ အောင်ချက်ရာခိုင်နှုန်းကောင်းသောကြောင့် အရေးပိုင်မင်းကြီး၏ ဒေသန္တရရန်ပုံငွေမှ တစ်လလျှင် ၄၀/-ကျပ် ထောက်ပံ့ကြေးပေးခဲ့သည်။

မကြာမီပင် စေတုတ္တရာမြို့နယ်၌ အစိုးရမူလတန်းကျောင်းများကို အစိုးရက ဖွင့်လှစ်ပေးခဲ့ရာ (၁၉၃၅) ခုနှစ်ကုန်သည်အထိ အောက်ပါကျောင်းများကို ဖွင့်လှစ်ပေးခဲ့ပါသည်။ ထိုစဉ်က မူလတန်းပြဆရာတစ်ဦး၏လစာမှာ ၁၅/- ကျပ်ဖြစ်သည်။ တာဝန်ခံကျောင်းအုပ်များလည်း ခန့်ထားပေးခဲ့ပါသည်။ ကျောင်းစာရင်းကိုဖွင့်လှစ်သော ခုနှစ်အရမဟုတ်ဘဲ စေတုတ္တရာမြို့နယ်၊ နယ်မြေအလိုက် ဖော်ပြထားပါသည်။

ထိုကျောင်းများတွင် ဆရာဖြစ်ခဲ့သူများသည် စလင်း၊ ပွင့်ဖြူနှင့်ကျင်ဒွေး (ကန်ပက်လက်မြို့နယ်တောင်ပိုင်း) ကျောင်းများ၌ ခုနစ်တန်းအောင်သည်အထိ နီးစပ်ရာဆွေမျိုးတို့၏အကူအညီ ရယူကာ ပညာသင်ကြားခဲ့ကြရသည်။ ကျင်ဒွေးသို့သွားရောက်ခဲ့သူများမှာ အပေါ်အထိလှေဖြင့် စားရေရိက္ခာများ သယ်ယူကြသည်။ အပေါ်ရွာမှ ဝန်ထမ်းငှားကာ အာပူးတောင်ကို ခြေလျင်ကျော်ဖြတ်

ကြရသည်။ ကျင်ဒွေးကျောင်း၌ ကိုယ့်ရိက္ခာကိုယ်ချက်ကာ ကျောင်းတက် ပညာသင်ခဲ့ကြရသည်။ ကျင်ဒွေးသို့ စေတုတ္တရာ မြောက်ပိုင်း မုန်းနယ်ကျေးရွာများ၊ ထီးနယ်ကျေးရွာများမှ သွားရောက် ပညာသင်ကြားခဲ့ကြသည်။ ထူးထူးခြားခြား ကျန်စိမ့်ရွာသားများဖြစ်သော ဦးလာဘနှင့် ကျောင်းသားအချို့သည် အိန္ဒိယကလာကတ္တားမြို့သို့ သွားရောက်ပညာသင်ကြားခဲ့ကြသည်။[၁]

ကိုလိုနီခေတ်ဖွင့်လှစ်သော မူလတန်းကျောင်းများစာရင်း

| စဉ် | ဖွင့်လှစ်သော ရွာ | တာဝန်ခံကျောင်းအုပ် | နယ်မြေ |
|---|---|---|---|
| ၁ | ဖအိုင်းရွာ | ဦးလှမောင်(စေတုတ္တရာ) | ကြီးချောင်းနယ်မြေ |
| ၂ | ဒုံချောင်းရွာ | ဦးအောင်ကြီး(ဘုန်းကြီးလူထွက်၊ ဖအိုင်း) | ကြီးချောင်းနယ်မြေ |
| ၃ | ကူတော်ရွာ | ဦးသာယာ(ကံပြားရွာ) | ကြီးချောင်းနယ်မြေ |
| ၄ | ကြီးဝရွာ | ဦးထွန်းဝ(ဘုန်းကြီးလူထွက်) | ကြီးချောင်းနယ်မြေ |
| ၅ | သံဆည်ရွာ | ဦးချက်ကြီး(အင်းကုန်း) | ကြီးချောင်းနယ်မြေ |
| ၆ | တည်စုတ်ရွာ | ဦးသန်းလှိုင်(တည်စုတ်ရွာ) | ထီးချောင်းနယ်မြေ |
| ၇ | အုံးဝါးရွာ | ဦးရာချိန်(အုံးဝါးရွာ) | ထီးချောင်းနယ်မြေ |
| ၈ | ခွေးမလောင်ရွာ | ဦးအိမ်မင်း(ကြောင်သိုက်ရွာ) | ထီးချောင်းနယ်မြေ |
| ၉ | ကျန်စိမ့်ရွာ | ဦးအာသဖ(ကျန်စိမ့်ရွာ) | ထီးချောင်းနယ်မြေ |
| ၁၀ | ကြောင်သိုက်ရွာ | ဦးဘိုးအေး(ခွေးမလောင်ရွာ) | ထီးချောင်းနယ်မြေ |

**၁။ မင်းဇေယျခေတ္တရာနှင့် မရင်းလုံးပေါချင်းတို့၏ဖြစ်စဉ်မှတ်တမ်း-ရေး-ဦးတင်ဖေ(မြို့နယ်တရားသူကြီး-ငြိမ်း) ၂၀၁၄-ခု မတ်လ ၃၁ ရက်။**



| စဉ် | ဖွင့်လှစ်သော ရွာ | တာဝန်ခံကျောင်းအုပ် | နယ်မြေ |
|---|---|---|---|
| ၁၁ | အောင်းရွာ | ဦးအုံ့(ငဖဲ) | မုန်းချောင်းနယ် |
| ၁၂ | မကြီးရွာ | ဦးငြိမ်း(မကြီးရွာ) | မုန်းချောင်းနယ် |
| ၁၃ | တန်းလည်ကျင်းရွာ | ဦးဘကြူ(တန်းလည်ကျင်းရွာ) | မုန်းချောင်းနယ် |
| ၁၄ | တပွင်ရွာ | ဦးပြစ်(တပွင်ရွာ) | မုန်းချောင်းနယ် |
| ၁၅ | ဒွေးရွာ | ဦးထွန်းမောင်(တပွင်ရွာ) | မုန်းချောင်းနယ် |
| ၁၆ | မထိမ်ရွာ | ဦးသန်းဖေ(စေတုတ္တရာ) | စေတုတ္တရာဝန်းကျင် |

အထက်ပါကျောင်းများ ဖွင့်လှစ်၍ နှစ်ပေါင်းအတော်ကြာပြီးနောက် မုန်းနယ်မြေတွင် ဘူးရွာ(တာဝန်ခံဆရာဦးထွန်းတင်)၊ လုံးကြီးရွာ(တာဝန်ခံဆရာဦးရဲထွန်း)တို့က အစိုးရမူလတန်းကျောင်းများကို ဖွင့်လှစ်နိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီတွင် မြေနီကုန်းရွာ၌ (တာဝန်ခံဆရာဦးတော်ဦး) စေတနာမူလတန်းကျောင်းကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

## ကိုလိုနီခေတ်တွင် "ဆုထူးပန်" စာအုပ်ကို ထုတ်ဝေနိုင်ခဲ့ခြင်း

ကိုလိုနီခေတ် ၁၂၉၉ (ခရစ်နှစ် ၁၉၃၇) ခုတွင် စေတုတ္တရာမြို့နယ် တောက်စုတ်ရွာသား အရှင်သီဝလိက "ဆုထူးပန်တရားအလင်းပြကျမ်း"ကို ရေးသားထုတ်ဝေခဲ့ဖူးပါသည်။ ဤစာအုပ်ကို မန္တလေးမြို့ ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်တွင် ရိုက်နှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

စေတုတ္တရာမြို့နယ်နေ ချင်း၊ ဗမာလူမျိုးအားလုံးသည် ဗုဒ္ဓဘာသာကို ကိုးကွယ်၍ ကျောင်းသားအရွယ် ငယ်စဉ်ကပင် သင်ပုန်းကြီးပေါင်းစာမှအစ ဆယ်စောင်တွဲပါ ပရိတ်တော် (၁၁)သုတ်တို့ကို သင်ကြားတတ်မြောက်ခဲ့ကြသည်။ သံဃာရဟန်းများသာမက အရပ်သားလူပုဂ္ဂိုလ်တို့ကပင် တတ်မြောက်ခဲ့ကြခြင်းဖြစ်၍ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများသည် စေတုတ္တရာမြို့နယ် ကျေးလက်နေ ဗမာချင်းလူမျိုးတို့ကို ပညာအလင်းထွန်းညှိပေးရာဌာနဖြစ်ခဲ့ပေသည်။

ဓမ္မကထိက အရှင်သီဝလိ၏ လူအမည်မှာ ဦးဘထွန်း၊ ခမည်းတော်မှာ ဦးဖိုးညွှန့်၊ မယ်တော်မှာ ဒေါ်စိုးဖြစ်သည်။ မွေးချင်းနှစ်ဦးရှိ၍ အစ်ကိုကိုဘထွန်းနှင့် နှမမယ်ခန့်တို့ဖြစ်သည်။ စေတုတ္တရာမြို့နယ် လက်ပံကျင်းအုပ်စု တောက်စုတ်ရွာဇာတိဖြစ်သည်။ ယခု မယ်ခန့်လည်း ကွယ်လွန်ပြီးဖြစ်သည်။

မောင်ဘထွန်းငယ်စဉ်က လက်ပံကျင်းဘုန်းတော်ကြီးကျောင်းတွင် ကျောင်းနေ၊ ပညာသင်ကြားပြီး သက်န်းစည်းကာ ကိုရင်ဘဝ၊ ဦးပဥ္ဇင်းဦးဥတ္တမနှင့်အတူ စလင်းမြို့ ကန်ချောင်းတိုက်တွင် ပညာသင်ကြားခဲ့သည်။

စာသင်ကြွရာမှပြန်လာသည့်အခါ လက်ပံကျင်းရွာအနောက်တောတွင်း၌ ကျောင်းဆောက်နေထိုင်သီတင်းသုံးကာ တရားဘာဝနာများ ပွားများအားထုတ်ခဲ့သည်။ ဤသို့ တရားအားထုတ်ရင်း ဒကာ၊ ဒကာမတို့ကို တရားဟောတရားပြဓမ္မကထိကအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ဤတွင် ဟောကြားသောတရားစကားများကို စာအုပ်အဖြစ် ထုတ်ဝေရန် တန်းလည်ကျင်းရွာမှ ဒကာမဒေါ်ကျွတ်က



တောင်းပန်လာသည်။ ဒေါ်ကျွတ်မှာ လယ်ပိုင်ရှင်ဖြစ်၍ စာအုပ်အဖြစ် ထုတ်ဝေရာတွင် ကုန်ကျမည့်စရိတ်တို့ကို ထောက်ပံ့ပေးနိုင်သည့် အခြေအနေရှိခဲ့သည်။

ဤသို့ တောင်းပန်လျှောက်ထားကြောင်းကို ဆုထူးပန်တရားအလင်းပြကျမ်းနိဒါန်း၌ (စာအုပ်ပါစာသားအတိုင်း)

"ဦးပဥ္ဇင်းမှာ လဲလောကုတ္တရာဘခင်ကြီးဖြစ်တော်မူသော ဘုရားသခင်၏သာသနာတော်၌ ထိန်ဝါနီမြန်း၊ ဝတ်သက်န်းကို ဆင်မြန်းပြီးနေတဲ့အခါမှာ ဘုရားသခင်၏ အဆုံးအမသြဝါဒအစဉ်အလာဓမ္မတာကို ထောက်၍ သာသနာ၌သွတ်သွင်းပြီး မိခင်ရင်းသဖွယ် ပစ္စည်းလေးပါးဖြင့် ချီးမြှင့်ထောက်ပင့်ကာထားပါသော မင်းဘူးဒိစကြိတ် စေတုတ္တရာမြောက်ပိုင်း တန်းလည်ကျင်းရွာ လယ်ပိုင်ရှင် ဇရပ်သိမ်ကျောင်းတန်ဆောင်းအမကြီး ဒေါ်ကျွတ်က အရှင်ဘုရား တပည့်တော်နှင့်တကွ အများပရိသတ်ကိုပါ အလွယ်တကူ ကြည့်ရှုနာခံမှတ်သားရစေခြင်းငှါ ဆုအမျိုးမျိုး ခွဲခြားပုံကို မကျဉ်းမကျယ်ရေးသားဟောကြားတော်မူပါလို့ သာသနာ့မိခင်ကြီးသဖွယ်ဖြစ်တဲ့ ရဟန်းဒါယိကာမကြီးက လျှောက်ထားတောင်းပန်သောကြောင့် ယခုအဆိုပါ "ဆုထူးပန်" ဟုအမည်သညာကို ပညတ်သမုတ်ခေါ်ဆိုလုပ်၍ ဖော်ထုတ်ရေးသားပြီး ဟောကြားရပါသတည်း"

ဟူ၍ ရေးသားချက်အရ "ဆုထူးပန်" စာအုပ် အဘယ်ကြောင့် ရေးသားထုတ်ဝေရကြောင်း သိရှိနိုင်လေသည်။ (**တဲ့** ဟူသော ပြောစကား ထည့်သုံးထားသည်။)

ထို့ပြင် နိဂုံးဆုတောင်းတွင် "ဤတရားစာကို စ၍ ရေးသားပါသည်မှာ ၁၂၉၈ ခု ဝါဆိုလ္ဆုတ် (၈) ရက်နေ့မှ စ၍ ရေးသားစီစဉ်လျက် အပြီးအဆုံးသို့ရော်သည်ကား ၁၂၉၉ ခု နယုန်လ္ဆန်း (၁၅) ရက် လပြည့်တနင်္ဂနွေနေ့၌ အပြီးအဆုံးသို့ ရော်ရပါသတည်း" ဟူ၍လည်းကောင်း၊ (ရောက်ကို=ရော် ဟုသုံးထားသည်)

"ဤ "ဆုထူးပန်" ကျမ်းမြတ်ကလေးကို ရေးသားစီရင်ရသည်မှာ မြို့ကြီးမှာနေ၍ ကားလမ်း၊ ရထားလမ်း၊ သင်္ဘောလမ်းပေါက်တဲ့နေရာကနေ၍ အလွယ်တကူသွားလာ၍ စီရင်ပုံနှိပ်ရေးသားရသည်မဟုတ်ပါ။ ဦးပဥ္ဇင်းတို့နေရာက မင်းဘူးဒြိစကြိတ်စေတုတ္တရာမြောက်ပိုင်း မုံးဖျားမုံးညာက လှေလမ်း၊ လှည်းလမ်းကလေးမျှပေါက်၍ အလွန်တောကျနေတဲ့နေရာဖြစ်ပါတယ်။ အဲသည်နေရာက ကိုယ်ပိုင် "ပါဒယာန" ခေါ်တဲ့ခြေယာဉ်မော်တော်ကိုအသုံးချ၍ သွားလာရပါတယ်။ တစ်ခါတလေ **မိုယ်း**ရွာရေမိ၍ ရေမျောလာသည်ဖြစ်ပါက တစ်မျိုး ရေလွတ်အောင် ယာပြင်ထဲသွားပြန်တော့ ဆူးလေးတွေစူးတာတွေကတစ်ဖုံ၊ ယခု ဤကျမ်းကို ရိုက်နှိပ်ရန် မန္တလေးမြို့သို့တက်ခဲ့ပြန်တော့ ဦးပဥ္ဇင်းတို့အရပ်နှင့် စလင်းစပ်ကြားကုန်းကြောမှာ ရေငတ်၍ နေပူသေသူတစ်ပိုင်းဖြစ်ခဲ့ရသည်တစ်ခါ၊ အရာရာမှာ ဗလချာစိုင်းအောင်ကိုယ့်ကိုယ်ကိုယ် မငဲ့ကွက်ဘဲ ရက်စက်စွာ ဦးပဥ္ဇင်းက သူတော်ကောင်းအပေါင်းတို့အဖို့ငှာ စွန့်စားရသည်များလှပါပြီ"



ဟူ၍ ခက်ခက်ခဲခဲ ရေကြား ဆူးကြား တောတောင်ကြား၌ ခြေလျင်ခရီးနှင်ရပုံ၊ ရေငတ်၍ သေမတတ်ဖြစ်ရပုံ၊ သူတော်ကောင်းတို့အကျိုးငှာ စွန့်စားရပုံတို့ကို ရေးသားထားကြောင်းတွေ့ရပေသည်။

ဤဆုထူးပန်စာအုပ်တွင် အခန်း (၁၂) ခန်းပါ၍ စာမျက်နှာ (၁၀၅) မျက်နှာရှိပါသည်။ စာမျက်နှာ(၄)တွင် ပဏာမကဗျာရှစ်လုံးဘွဲ့လင်္ကာကို အောက်ပါအတိုင်း ရေးသားထားကြောင်းတွေ့ရသည်။

ပထမစာလုံးကို ထက်အောက်ဘယ်ညာမျဉ်းပိတ်၍ ရေးသားထားသည်ကို တွေ့ရပါသည်။ (သတ်ပုံများလည်း ယနေ့ခေတ်သုံးမဟုတ်ပါ။)

**ဦး** စွာမဆွ၊ ဗုဒ္ဓမွှာ
**သီ** လသုဒ္ဓိ၊ မုနိသံဃာ
**ဝ** န္ဒနာမာန၊ အစပြုခါ
**လိ** ခိတ၊ မှတ်ကြဆုပန်ထွာ။ ။
**စိ** ရံတိဌ၊ ရှည်မှုသာသနာ
**ရင်** ကျေးသမှု၊ မုဒုပညာ
**အပ်** သည့်တရား၊ မမှားသေချာ
**သော** မနသာ၊ ဇောကပ်ဖွေထုတ်ရှာ။ ။
**ဆု** ထူးပန်ရေး၊ အလေးပြုဘွယ်
**ထူး** ထွေစာဂ၊ စွန့်လေကြကွယ်
**ပန်** ဆင်သမှု၊ ဂရုပြုဘွယ်
**ကျမ်း** အထုတ်၊ အဟုတ်သိစေကွယ်။ ။
**ကို** ကာယနှင့်၊ ရဟာတ်ဘုံဗွေ
**ဘတ်** (စ်) ကားသို့၊ ခုတ်သွားပုံသေ
**ရှု** လေကြတော့၊ ဓမ္မမြိုက်ရေ

**ပါ** ယဘေး၊ ကင်းဝေးလွင့်ပျောက်စေ

ဦး၊ သီ၊ ဝ၊ လိ၊ စီ၊ ရင်၊ အပ်၊ သော၊ ဆု၊ ထူး၊ ပန်၊ ကျမ်း၊ ကို၊ ဖတ်၊ ရှု၊ ပါ ဟူ၍ ဆိုလိုချက်ကို ရှစ်လုံးဘွဲ့လင်္ကာဖြစ်အောင် ချဲ့ထွင်ရေးသားထားကြောင်းတွေ့ရသည်။ ယနေ့ခေတ်သုံးသတ်ပုံအရ ရင်ကျေးတွင်-ယဉ်ကျေး၊ ဘတ်(စ်)ကားအနေဖြင့် မှန်သလို “စာဖတ်” ဟူသောစကားလုံးမှ “ဖတ်” အနေဖြင့်ယူလျှင်လည်း သင့်တော်မည်ဟုယူဆမိပါသည်။

မည်သို့ဆိုစေ ဗုဒ္ဓတရားတော်မြတ်များကို လေ့လာချက် လက်တွေ့ကျင့်ကြံဆုထူးပန်လိုသူများအတွက် ဤ“ဆုထူးပန်တရားအလင်းပြကျမ်း”[၁] သည် ဖတ်ရှုရာတွင် သိရှိနားလည်လွယ်လျက် အထူးပင်အသုံးဝင်လျက်ရှိပေသည်။ နောင်လည်း အသုံးဝင်ဆဲ ရှိနေပေလိမ့်မည်။

ဤကျမ်းကို ကြိုးပမ်းရေးသားထုတ်ဝေသူ အရှင်သီဝလိ၏ လုံ့လစွမ်းရည်သည်ကား စေတုတ္တရာမြို့နယ်သားများအနေဖြင့် ဂုဏ်ယူချီးကျူးဖွယ်ဖြစ်ပါတော့သည်။

ဓမ္မကထိကအရှင်သီဝလိ၏ ဘဝနိဂုံးကား မချောမွေ့ခဲ့။ ဝဋ်ကြွေးရှိခဲ့၍လားမသိ။ အရှင်သီဝလိကို ဂျပန်အလိုတော်ရိဟူ၍ စွပ်စွဲခဲ့ကြသည်။ ဂျပန်အပြေး အင်္ဂလိပ်အဝင်ကာလတွင် အင်္ဂလိပ်အလိုတော်ရိများ၏ လုပ်ကြံမှုကိုခံရပြီး ဘဝနတ်ထံပျံလွန်တော်မူခဲ့ရသည်။ ရန်လိုသောနယ်ချဲ့ဘီလူးနှစ်ကောင်၏ တန်ဆာခံဘဝဖြင့် နိဂုံးချုပ်ခဲ့ရလေသည်။

---

**၁။ ဆုထူးပန်တရားအလင်းပြကျမ်း-ရေး-အရှင်သီဝလိ၊ ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်၊ မန္တလေးမြို့။ ၁၂၉၉-ခု**

# အခန်း (၁၁)

## လွတ်လပ်ရေးရပြီးကာလ စေတုတ္တရာမြို့နယ်

### အုပ်ချုပ်ရေး

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်တွင် စေတုတ္တရာမြို့သည် မီးလောင်ထားသဖြင့် ပြာပုံအတိဖြစ်ခဲ့သည်။ မြို့ပိုင်ရုံးကို လယ်ပြင်စုရွာ မြေတိုင်းစာရေးကြီးဦးသက်ဖူး၏အိမ်၌ ဖွင့်လှစ်ခဲ့သည်။ ၁၉၄၈-၄၉ ခုတွင် မြို့ပိုင်ဦးဘဆင်ရောက်ရှိလာခဲ့သော်လည်း အုပ်ချုပ်ရေးကို ထိရောက်စွာ မဆောင်ရွက်နိုင်ခဲ့ပေ။ မကြာမီ ရဲဘော်ဖြူများက မင်းဘူးတစ်ခရိုင်လုံးကို သိမ်းပိုက်ထားရာတွင် စေတုတ္တရာမြို့လည်း အသိမ်းခံခဲ့ရပါသည်။ ဝန်ထမ်းအားလုံးသည် စလင်းမြို့နယ်သို့ တိမ်းရှောင်ထွက်ပြေးခဲ့ကြရာ မြို့ပိုင်ကြီးပါ ပါသွားခဲ့သည်။ ၁၉၄၉ မှ ၁၉၅၆ ခုနှစ်အထိ စေတုတ္တရာမြို့နယ်တွင် ရဲဘော်ဖြူ အလံဖြူကွန်မြူနစ်၊ အလံနီကွန်မြူနစ်တို့ ကြီးစိုးနေ၍ အုပ်ချုပ်ရေးကင်းမဲ့နေခဲ့ပါသည်။ ၁၉၅၃-ခု စက်တင်ဘာလ(၁၅)ရက်နေ့တွင် စေတုတ္တရာမြို့နယ် မြို့ပိုင်ရုံးကို လင်းဇင်းရွာတွင် ဖွင့်လှစ်ခဲ့ရာ မြို့ပိုင်အဖြစ် ဦးခင်မောင်တင်ကို ခန့်ထားခဲ့ပြီး အဝေးရောက် အုပ်ချုပ်ရေးဖြင့်သာ အုပ်ချုပ်ခဲ့ရသည်။

စေတုတ္တရာမြို့နယ်သည် တောတောင်လျှိုမြောင်ပေါများသဖြင့် အလံနီ၊ အလံဖြူတို့ဖြင့် ကြီးစိုးရန် အခြေအနေပေးသလိုဖြစ်ခဲ့သည်။ စေတုတ္တရာမြို့နယ် အောင်းရွာမှ မြောက်ပိုင်းဒေသကျေးရွာများသည် နစ်နီတို့၏ ကြီးစိုးရာဒေသဖြစ်ခဲ့သည်။ တောင်ဟန်တောက်ရွာအနီး၌ ရေစမ်းတစ်ခုရှိခဲ့ရာ ၎င်းကိုယခုတိုင် သခင်စိုးရေစမ်းဟုခေါ်တွင်နေကြဆဲဖြစ်သည်။ ယင်းအောင်းရွာမှ တောင်ပိုင်းဒေသကျေးရွာများသည် နစ်ဖြူတို့ ကြီးစိုးခဲ့သည်။ ကူတော်ရွာသည် နစ်ဖြူတို့ရုံးစိုက်ရာရွာဖြစ်ခဲ့သည်။

သို့သော် ၁၉၅၅ ခုနှစ်ကုန်ပိုင်းကာလတွင် မြန်မာ့တပ်မတော်မှ ခြေလျင်တပ်ရင်း (၁၀၈) သည် စေတုတ္တရာမြို့သို့ရောက်ရှိလာပြီး လက်နက်ကိုင်သောင်းကျန်းသူများကို နှိမ်နင်းတိုက်ခိုက်ခဲ့သည်။ လုံခြုံရေးအစီအမံများ ချမှတ်ပြီး ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ နောက်များမကြာမီ ဗမာ့လေတပ်မတော်မှ လေယာဉ်ဖြင့် စေတုတ္တရာမြို့ကို ပြန်လည်သိမ်းပိုက်မည်ဖြစ်ကြောင်း စာများကြဲချကာ တပ်လှန့်ထားခဲ့သည်။

၁၉၅၆ ခုနှစ် ဇန်နဝါရီလ (၂၁) ရက်နေ့တွင် စေတုတ္တရာမြို့ကို အမှတ် (၁၂) ယူပီအမ်တပ်၊ အမှတ် (၁၀) ခြေလျင်တပ်၊ အရံရဲတိုက်ပိုင် ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ မြို့ပိုင်မှာလည်း ဦးခင်မောင်တင်ပင်ဖြစ်၍ စေတုတ္တရာမြို့နယ်၏ အုပ်ချုပ်ရေးမှာ တည်ငြိမ်လာခဲ့သည်။

ပါလီမန်ဒီမိုကရေစီခေတ် စေတုတ္တရာမြို့နယ်တွင် မြို့ပိုင်အဖြစ် အဆင့်ဆင့်ဆောင်ရွက်ခဲ့သူများမှာ အောက်ပါပုဂ္ဂိုလ်များဖြစ်ပါသည်။



| စဉ် | နှစ်မှ | နှစ်အထိ | မြို့ပိုင်အမည် |
|---|---|---|---|
| ၁ | ၁၉၄၈ | ၁၉၄၉ | ဦးဘဆင် |
| ၂ | ၁၉၄၉ | ၁၉၅၃ | လက်နက်ကိုင်သောင်းကျန်းသူတို့အုပ်စိုးခဲ့။ |
| ၃ | ၁၉၅၃ | ၁၉၅၇ | ဦးခင်မောင်တင် |
| ၄ | ၁၉၅၇ | ၁၉၅၉ | ဦးကောင်းရှိန် |
| ၅ | ၁၉၅၉ | ၁၉၆၃ | ဦးခင်မောင်တင် |
| ၆ | ၁၉၆၃ | ၁၉၆၅ | ဦးကောင်းရှိန် |
| ၇ | ၁၉၆၅ | ၁၉၆၆ | ဦးတင်မောင်အေး |
| ၈ | ၁၉၆၆ | ၁၉၆၇ | ဦးကျော်မြင့် |
| ၉ | ၁၉၆၇ | - | ဦးအောင် |
| ၁၀ | ၁၉၆၇ | ၁၉၆၈ | ဦးသင်းတင် |
| ၁၁ | ၁၉၆၈ | ၁၉၆၉ | ဦးကေအောင်မန်း |
| ၁၂ | ၁၉၆၉ | - | တပွင်လ/ထမြို့နယ်ပိုင်ဦးကြင်ဖေကတာဝန်ယူ |
| ၁၃ | ၁၉၆၉ | ၁၉၇၁ | ဦးခင်မောင်ထွေး |

**ဌာနဆိုင်ရာရုံးများ**

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် စေတုတ္တရာမြို့နယ်တွင် ရဲဌာနတစ်ခုတည်းသာ ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၅၃ ခုတွင် သစ်ထုတ်လုပ်ရေးဌာနကို ဖွင့်လှစ်ပေးသည်။ စေတုတ္တရာမြို့ကို သောင်းကျန်းသူများလက်မှ ၁၉၅၆ ခု ဇန်နဝါရီလ (၂၁) ရက်တွင် ပြန်လည်သိမ်းပိုက်ပြီးနောက် မြေစာရင်းဌာန၊ သစ်တောဌာနနှင့် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ကို ထပ်မံဖွင့်လှစ်ပေး

ခဲ့ပါသည်။ ၁၉၅၉ မှ ၁၉၇၂ ခုအတွင်း နောက်ထပ်ဌာန (၁၃) ခုကို ထပ်မံဖွင့်လှစ်ပေးခဲ့ပါသည်။ ၁၉၇၂ ခု အုပ်ချုပ်ရေးစနစ်သစ်ကာလတွင် ဌာနခြောက်ခု ထပ်မံဖွင့်လှစ်ပေးပါသည်။ ဤသို့ဖြင့် ၁၉၇၈ ခုနှစ်တွင် စေတုတ္တရာမြို့နယ်၌ ဌာနရုံး (၂၄) ခု ဖွင့်လှစ်လျက်ရှိပါသည်။

## တရားစီရင်ရေး

စေတုတ္တရာမြို့နယ်တွင် ပါလီမန်ဒီမိုကရေစီခေတ်အုပ်ချုပ်ရေးကာလကပင် မြို့နယ်တရားမ တရားသူကြီး (Township Judge) ရုံးကိုဖွင့်လှစ်ပေးထားခဲ့ခြင်းမရှိပါ။ မြန်မာ့ပဒေသရာဇ်ခေတ်များကလိုပင် မြို့ပိုင်များကသာ မြို့နယ်ရာဇဝတ်တရားသူကြီး (Township Majestic) များအဖြစ် တရားစီရင်ရေးကို ဆောင်ရွက်ခဲ့ကြသည်။ ယင်းမြို့ပိုင်များသည်လည်း "ဒုတိယတန်းအာဏာရ မြို့နယ်ရာဇဝတ်တရားသူကြီး" များသာဖြစ်၍ ယင်းတို့၏ အာဏာနှင့်လုပ်ပိုင်ခွင့်အရသာ တရားစီရင်ရေးကို ပြုလုပ်ခဲ့ကြရသည်။ အချို့အမှုများကို စလင်းမြို့နယ်၊ မင်းဘူးမြို့နယ်၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံး၊ မင်းဘူးခရိုင်ရာဇဝတ်တရားသူကြီးရုံးနှင့် စက်ရှင်တရားသူကြီးရုံးများသို့ သွားရောက်၍ တရားဆိုင်ခဲ့ကြရပါသည်။

မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီခေတ်တွင် ယင်းကော်မီတီက ဖွဲ့စည်းပေးသော မြို့နယ်တရားရေးကော်မတီက အမှုအခင်းအလိုက် ပြောင်းလဲဖွဲ့စည်းပေးသည့်အဖွဲ့က အချိန်ပိုင်းတာဝန်ယူကာ တရားစီရင်ရေးကို ဆောင်ရွက်ခဲ့ကြရပါသည်။[၁]

---

၁။ **စေတုတ္တရာမြို့နယ်ဖြစ်စဉ်မှတ်တမ်း (၁၉၇၉)**



## ကျေးရွာအုပ်ချုပ်ရေး

စေတုတ္တရာမြို့နယ် ကျေးရွာအုပ်ချုပ်ရေးအတွက် ဒိုင်နယ် ၆၄ ဒိုင် ဖွဲ့စည်းခဲ့သည်။ သူကြီး (၆၄) ဦး ရွေးချယ်ခန့်ထားကာ ၎င်းသူကြီးတို့မှတစ်ဆင့် ကျေးလက်လူထုအားလုံးကို အုပ်ချုပ်ခဲ့သည်။

မဆလခေတ် ၁၉၇၄ ခု ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးနောက် ကျေးရွာအုပ်စု (၄၈) အုပ်စုဟူ၍ ပေါ်ပေါက်လာသည်မှာ ယနေ့အထိ ဖြစ်ပါသည်။ ကောင်စီဥက္ကဋ္ဌ၊ ရဝတ၊ ရယက၊ အုပ်ချုပ်ရေးမှူးဟူ၍ အုပ်စုအကြီးအကဲများ ပေါ်ပေါက်လာခဲ့သည်။

# အခန်း (၁၂)

## အဖြူရောင်နယ်မြေတည်ဆောက်ရေးကြိုးပမ်းမှုများ

### ၁၉၄၈ မှ ၁၉၅၆ ခုနှစ်အထိ လုံခြုံရေးအခြေအနေ

တောတောင်လျှိုမြောင်ထူထပ်ပေါများသော စေတုတ္တရာမြို့နယ်တွင် လက်နက်ကိုင်သောင်းကျန်းသူတို့ ခိုအောင်းရန် အလွန်ကောင်းသောနေရာဖြစ်ခဲ့သည်။

နစ်နီသခင်စိုးအဖွဲ့သည် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ၁၉၄၆ ခု ဇူလိုင်လမှစ၍ စေတုတ္တရာမြို့နယ်သို့ အဦးဆုံးရောက်လာသော တောခိုပါတီဖြစ်သည်။ သခင်သန်းထွန်း၏ နစ်ဖြူပါတီနှင့် ရဲဘော်ဖြူတို့မှာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး သုံးလအကြာ (၁၉၄၈ ခု မတ်လ) တွင် စေတုတ္တရာမြို့နယ်ထဲသို့ ရောက်လာကြသည်။ ရဲဘော်ဖြူတို့မှာ ခဏသာနေခဲ့ကြပြီး ပြန်လည်ပျောက်ကွယ်သွားကြသည်။ နစ်ဖြူနစ်နီတို့ကသာ နှစ်အတော်ကြာ ကြီးစိုးခဲ့ကြသည်။ စေတုတ္တရာမြို့နယ်သူ မြို့နယ်သားများလည်း ထိုပါတီထဲသို့ ဝင်ရောက်သူအချို့ရှိခဲ့သည်။

နစ်နီတို့သည် စေတုတ္တရာမြို့နယ်မြောက်ပိုင်း (၁၂) မိုင်အကွာ အောင်းရွာ၊ ထီးချောင်းရှိ နွားမတောင်ကျောရှိ တောင်ဟန်ဒေါက်ရွာတို့မှစ၍ မြို့နယ်၏မြောက်ပိုင်းဒေသများကို စိုးမိုးခဲ့ကြ





သည်။ တောင်ဟန်ဒေါက်ရွာတောင်ဘက်ရှိ တောထဲတွင် သခင်စိုး ရေစမ်းဟူ၍ ယခုတိုင်ခေါ်ဆိုကြသော စမ်းထွက်သည့်နေရာ၌ စခန်းရုံးစိုက် အခြေချခဲ့ကြသည်။

နစ်ဖြူများမှာ စေတုတ္တရာမြို့နယ်တောင်ပိုင်း ကူတော်ရွာတွင် အခြေစိုက်ကာ မြို့နယ်တောင်ပိုင်းဒေသများကို ကြီးစိုးခဲ့သည်။

သောင်းကျန်းသူနှစ်ဖွဲ့လုံး၏အဓိကအလုပ်မှာ ဆက်ကြေးတောင်း၊ နှိပ်စက်၊ သတ်ဖြတ်၊ လူထုစည်းရုံးအာဏာသိမ်းပိုက်ရယူရေး ဟောပြောခြင်းအလုပ်များဖြစ်သည်။ နစ်နီတို့သည် မုန်းချောင်းနယ်မြေတွင် ဖော်ရွေသော အမျိုးသမီးများကို လက်ထပ်ယူခဲ့ကြသည်။ ပါတီသီချင်းများကို မယ်ဒလင်တီးသီဆို၍ စည်းရုံးရေးလုပ်ဆောင်ခဲ့ကြသည်။ ထိုသို့ ဗိုလ်ကျစိုးမိုးမှုကို ဆန့်ကျင်တိုက်ခိုက်လိုသော နယ်သူနယ်သားများရှိခဲ့ရာ ခေါင်းဆောင်မှာတပွင်ရွာမှ ဦးစဖြစ်သည်။

### ဦးစ၏ကာကွယ်ရေးတပ်ပေါ်ပေါက်လာခြင်း

ဦးစသည် အောင်းရွာမှစမုန်းချောင်းဒေသချောက်ဒိုင်နယ်သူကြီးတို့ကို စည်းရုံးခဲ့သည်။ ကာကွယ်ရေးတပ်ဖွဲ့စည်းခဲ့သည်။ ဦးစ၏လက်အောက်တွင် လက်ထောက်ခေါင်းဆောင်(၁၀)ဦးကို ရွေး၍ လက်ထောက်ခေါင်းဆောင်တစ်ဦးစီ၏လက်အောက်၌ (၁၀) ဦးစီပါဝင်သော တပ်စုတို့ကို ဖွဲ့စည်းရာ တပ်သားအင်အား (၁၀၀) ရရှိလာသည်။ ထပ်မံ၍ လူအင်အားတိုးလာရေး၊ လက်နက်ရရှိရေးတို့ကို ဆောင်ရွက်သည်။ အခြေခံစစ်ရေးသင်တန်းကို လျှို့ဝှက်သင်ယူကြသည်။ ထို့နောက် အခြေအနေပေးလျှင်ပေးသလို အလစ်

ဝင်တိုက်ခြင်း၊ ပြောက်ကျားစစ်တိုက်ခိုက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာအောင်မြင်မှုများရရှိခဲ့သည်။ ၁၉၅၀ ပြည့်နှစ်အတွင်း ဆောမြို့နယ်ရှိ မြန်မာ့တပ်မတော်နှင့် အဆက်အသွယ်ရရှိခဲ့သည်။ ၁၉၅၀ ပြည့်နှစ် ဧပြီလတွင် နစ်ဖြူ နစ်နီတို့ပေါင်း၍ တပွင်ရွာဦးစ စခန်းကို ဝိုင်းတိုက်ရာ လက်နက် လူအင်အားမမျှ၍ ဆောမြို့နယ်သို့ ထွက်ပြေးဆုတ်ခွာခဲ့ကြရသည်။ ဆောမြို့နယ်ထဲတွင် သုံးလခန့် နေကြပြီးနောက် စလင်းမြို့နယ်သို့ ပြောင်းရွှေ့ခဲ့ကြသည်။ စစ်သင်တန်းတက်၊ လက်နက်စု၊ လူစုကာ စလင်းရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုခံယူခဲ့ကြသည်။

ရန်ကုန်သို့ ဦးစသွားရောက်ခဲ့သည်။ ဝန်ကြီးချုပ်ဦးနု၊ ကာနယ်ကြည်ဝင်းတို့ထံ အခြေအနေမှန်တင်ပြလျက် အကူအညီတောင်းခံခဲ့သည်။ တပွင်ရွာ အရန်ရဲတပ်ဖွဲ့ ဖွဲ့စည်းခွင့်နှင့် အရန်ရဲတပ်ဖွဲ့ တပွင်၏တိုက်ပိုင်ဦးစဖြစ်လာကာ လစာရိက္ခာများကို အစိုးရက ထောက်ပံ့ပေးရန် အခွင့်အရေးများရလာ၏။

အမှန်တော့ ဦးစတို့ကာကွယ်ရေးတပ်ဖွဲ့စက ကိုယ့်စရိတ်ကို ရှာစားခဲ့ကြသူများဖြစ်သည်။ ဆောမြို့နယ်သုံးလကာလ၊ စလင်းတွင်နေရသောကာလတို့တွင် မိမိတပ်များအတွက် ဦးစကပင် အကုန်အကျခံခဲ့သည်။ ယခုတော့ အစိုးရ၏ထောက်ပံ့လစာရိက္ခာရလာကြ၍ ပိုမိုတက်ကြွလာကြသည်။



## "အောင်မာယ" စစ်ဆင်ရေးဖြင့် စေတုတ္တရာမြို့သိမ်းတိုက်ပွဲဆင်နွှဲခြင်း

၁၉၅၆ ခု ဇန်နဝါရီလ (၂၁) ရက်တွင် "အောင်မာယ" စစ်ဆင်ရေး ဆင်နွှဲလျက် စေတုတ္တရာမြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ မြန်မာ့တပ်မတော်အမှတ် (၁၀) ခြေလျင်တပ်ရင်း၊ အမှတ် (၁၂) ယူပီအမ်တပ်ရင်း ၊ တိုက်ပိုင်ဦးစ၏ အရန်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ တိုက်ပွဲဆင်အောင်ပွဲခံခဲ့ကြခြင်းဖြစ်သည်။ ဦးစသည် တပွင်သို့ ဆက်လက်ချီတက်ကာ ရွာမြောက်ဘက်တွင် အရံရဲတပ်စခန်းကို အခိုင်အမာ တည်ဆောက်လိုက်လေသည်။

ဦးစ၏ကိုယ်ရေးအကျဉ်း

ဦးစ၏အမှတ်တရကျောက်တိုင်ကား တပွင်ရွာမြောက်ဘက်ရဲစခန်းထဲတွင် မတ်တတ်ရပ်လျက်ရှိ၏။ ယင်းကျောက်တိုင်ကို ကြည့်ရင်း သူရဦးစအကြောင်းကို တစေ့တစောင်း တွေးလာမိသည်။

သူရဦးစကို အဘဦးမြင်၊ အမိဒေါ်ချင်းမတို့က(၁၉၀၈) နှစ်တွင် တပွင်ရွာ၌ မွေးဖွားခဲ့သည်။ အစ်ကိုဦးအောင်ဖေ၊ နှမမဖွားသင်ဟူ၍ မွေးချင်းသုံးယောက်ရှိခဲ့၏။ ဦးစသည် အရပ်မနိမ့်မမြင့်၊ အသားလတ်လတ်၊ ရုပ်ရည်သန့်ပြန့်သူ၊ လူတိုင်းနှင့်ဆက်ဆံရေးပြေပြစ်သူ၊ အသောက်အစားကင်းကာ ဗေဒင်ပညာ၊ မြန်မာ့ဆေးပညာတို့ကို တတ်မြောက်ကျွမ်းကျင်သူဖြစ်သည်။

မြန်မာပြည်လွတ်လပ်ရေးရစ အသက် (၄၀) အရွယ်တွင် သောင်းကျန်းသူတို့၏ စိုးမိုးခြယ်လှယ်မှုဘေးမှ လွတ်ကင်းအောင်၊ အောင်းရွာမှ အထက်ပိုင်းခြောက်ဒိုင်နယ်သူကြီးများကို စုရုံးလျက် ကာကွယ်ရေးတပ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

အထက်တွင်ဖော်ပြသည့်အတိုင်း စလင်းမြို့အရောက် အရံရဲတပ်ဖွဲ့ တည်ဆောက်မှု၊ စစ်ရေးလေ့ကျင့်မှုအပြီး ၁၉၅၆ ခုနှစ်တွင် တပ်မတော်၊ ယူပီအမ်တို့နှင့် ပူးပေါင်းလျက် "အောင်မာယ" စစ်ဆင်ရေးတွင် ပါဝင်ဆင်နွှဲကာ စေတုတ္တရာမြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ တပွင်တွင် အရံရဲစခန်းကိုတည်ဆောက်ခဲ့သည်။

၁၉၅၇ ခုနှစ် အောက်တိုဘာလကုန်တွင် မင်းဘူးသို့ လစာထုတ်အဖွဲ့နှင့်အတူ ဦးစတို့လိုက်ပါခဲ့ရသည်။ စေတုတ္တရာဝန်ထမ်း၊ ရဲမှုထမ်းများ လစာမထုတ်ရသည်မှာ သုံးလမျှကြာပြီဖြစ်သည်။ မင်းဘူးမှစလင်း၊ စလင်းမှစေတုတ္တရာသို့ လှည်းနှစ်စီးဖြင့် လစာငွေများ သယ်လာကြသည်။ ထိုစဉ်က စလင်းစေတုတ္တရာ မော်တော်ယာဉ်ပြေးဆွဲမှုမရှိသေးပါ။ မြို့ပိုင်ဦးခင်မောင်တင်အပါအဝင် လစာထုတ်အဖွဲ့နှင့် ပြည်သူ့ရဲအချို့က ခြေလျင်ဖြင့် ရှေ့မှချီတက်ကြသည်။ ဦးစနှင့်ရဲသားအချို့က ငွေသေတ္တာတင်လှည်းနှင့်အတူလိုက်ပါကြသည်။ ပေါင်းမကြီးချောက်အရောက်တွင် နစ်ဖြူတို့၏ ချုံခိုတိုက်ခိုက်မှုခံလိုက်ရပြီး ရဲသားအချို့ကျဆုံးကာ ဦးခင်မောင်တင်ပင်လျှင် ခြေထောက်မှာ ဒဏ်ရာရခဲ့သည်။ ဦးစမှာခုခံပစ်ခတ်ရင်း အဖမ်းခံကျဆုံးခဲ့ရသည်။ ၁၉၅၈ ခု လွတ်လပ်ရေးနေ့တွင် ဦးစကို နိုင်ငံတော်က သူရဘွဲ့နှင့်ရွှေတံဆိပ်ဆု ချီးမြှင့်ခဲ့သည်။ ဒေသလုံခြုံအေးချမ်းရေးအသက်စွန့်ကြိုးပမ်းခဲ့သော ဦးစမှာ စေတုတ္တရာမြို့နယ်သားများအဖို့ မမေ့နိုင်စရာပုဂ္ဂိုလ်ထူးဖြစ်ပါတော့သည်။[၁]

---

**၁။ ဦးစောလေး (ရဲတပ်ကြပ်ကြီး၊ ငြိမ်း၊ ဦးစ၏တူအရင်း) ၏ ပြောပြချက်။**



## ၁၉၅၆ မှ ၁၉၆၈ ခုနှစ်အထိ မြို့နယ်တွင်းလုံခြုံရေးအခြေအနေ

၁၉၅၆ ခုနှစ်က စေတုတ္တရာမြို့ကို အစိုးရကသိမ်းပိုက်ပြီးဖြစ်သော်လည်း လုံခြုံရေးတပ်ဖွဲ့နှင့်သောင်းကျန်းသူတို့မှာ မြို့နယ်တွင်းရှိ ကျေးရွာများတွင် "သူဝင်ငါထွက်" ဖြစ်နေသည်။ ကျေးရွာများတွင် အစိုးရ၏ဩဇာထက်လက်နက်ကိုင်သောင်းကျန်းသူတို့၏ ဩဇာအာဏာက ပိုမိုလွှမ်းမိုးလျက်ရှိသည်။

နစ်ဖြူဗိုလ်သက်ထွန်း၏ တိုင်းတပ်နှင့် ဗိုလ်စိုးသိန်း၏ ခရိုင်တပ်များသည် နစ်ဖြူဗဟိုမှချမှတ်သော "အာဏာနီ" နယ်မြေတည်ဆောက်ရေးလမ်းစဉ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ကျေးရွာပြည်သူအပေါ် ဆက်ကြေးကောက်ခြင်း၊ ရက်စက်စွာသတ်ဖြတ်ခြင်း၊ စီးပွားဥစ္စာစားရေရိက္ခာတို့ကို လုယူခြင်း၊ စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးခြင်းတို့ကို ၁၉၆၈ ခုနှစ်ကုန်သည်အထိ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာကြသည်။

၁၉၆၇ ခုနှစ်တွင် တပ်မတော်၊ ပြည်သူ့ရဲ၊ မဆလပါတီ၊ နလက၊ ဌာနဆိုင်ရာအကြီးအကဲများပူးပေါင်း၍ "အာရောဂျံ" စစ်ကြောင်းထွက်၍ နယ်မြေလူထုကို စည်းရုံးခဲ့သော်လည်း အောင်မြင်မှုမရနိုင်ခဲ့ပေ။ ကျေးရွာလူထုမှာ "နှစ်ဖက်ကြောက်" ရလျက် "မြေစာပင်" ဘဝရောက်ခဲ့ကြရသည်။

စေတုတ္တရာမြို့ကိုသိမ်းပြီးနောက် မြို့နယ်၏လုံခြုံရေးအတွက် တာဝန်ယူရန် အလှည့်ကျရောက်ရှိလာသော မြန်မာ့တပ်မတော်တပ်ရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ စေတုတ္တရာမြို့မြောက်ဘက်ကုန်းမြင့်တွင် တပ်စခန်းဆောက်လျက် တပ်စွဲထားကြသည်။

(၁) အမှတ် (၁၀၈) ခြေလျင်တပ်ရင်း
(၂) အမှတ် (၁၀) ခြေလျင်တပ်ရင်း
(၃) အမှတ် (၁၆) ခြေလျင်တပ်ရင်း
(၄) အမှတ် (၂၁) ခြေလျင်တပ်ရင်း
(၅) အမှတ် (၅၀) ခြေလျင်တပ်ရင်း
(၆) အမှတ် (၈၉) ခြေလျင်တပ်ရင်း
(၇) အမှတ် (၈၈) ခြေလျင်တပ်ရင်း
(၈) အမှတ် (၈၇) ခြေလျင်တပ်ရင်း

ထို့ပြင် မြို့နယ်လုံခြုံရေးကို ထိန်းသိမ်းဆောင်ရွက်ရန် အောက်ပါရဲစခန်းများကို နိုင်ငံတော်က ဖွင့်လှစ်ပေးခဲ့သည်။ ရဲစခန်းဖွင့်လှစ်သောရက်စွဲနှင့် ဖွင့်လှစ်စဉ်က ဌာနာအုပ်အဖြစ် တာဝန်ဆောင်ရွက်ခဲ့ရသူများကို ပူးတွဲဖော်ပြပေးပါသည်။

(၁) စေတုတ္တရာရဲဌာန၊ ဖွင့်လှစ်-၂၁-၁-၁၉၅၆၊ ဌာနာအုပ်-ဦးကျော်စိန်
(၂) တပွင်ရဲဌာန၊ ဖွင့်လှစ်-၂၃-၁၁-၁၉၆၃၊ ဌာနာအုပ်-ဦးစောလှအောင်
(၃) ခွေးမလောင်ရဲဌာန၊ ဖွင့်လှစ်-၂၃-၁၁-၁၉၆၃၊ ဌာနာအုပ်-ဦးအောင်သိန်း
(၄) ဖအိုင်းရဲဌာန၊ ဖွင့်လှစ်-၂၃-၁၁-၁၉၆၃၊ ဌာနာအုပ်-ဦးချစ်ခင်
(၅) ကြီးဝရဲဌာန၊ ဖွင့်လှစ်-၁-၁၀-၁၉၆၄၊ ဌာနာအုပ်-ဦးပေတိုး

## သောင်းကျန်းသူများ၏ရက်စက်ယုတ်မာမှုများ

သေမည့်ဘေးတွေးကြောက်နေကြရသော စေတုတ္တရာမြို့နယ်သူမြို့နယ်သားများမှာ တွေးကြောက်နေကြရရုံမက နဖူးတွေ့



ဒူးတွေ့ပင် တွေ့ကြုံခံစားခဲ့ကြရသည်။ လူသတ်ရာတွင် သောင်းကျန်းသူတို့က လည်လှီးသတ်ခြင်း၊ ဂျီသရီးပြောင်းဝကို ငုံခိုင်းလျက် ပစ်သတ်ခြင်း၊ ထိုအခါ ခေါင်းပိုင်း အစိတ်စိတ်အမွှာမွှာ ကွဲကြေလွင့်သွားခြင်းတည်းဟူသော အလွန်ရက်စက်သည့် နည်းများဖြင့် သတ်ဖြတ်ခဲ့ကြသည်။ ယင်းတို့၏ ရက်စက်ယုတ်မာမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

* ၁၉၆၇ ခု ဩဂုတ်လတွင် ဗိုလ်အုပ်ကြီးခေါင်းဆောင် သော နစ်ဖြူအဖွဲ့က စိုင်းလိုင်းရွာသို့ဝင်ရောက်၍ နွားလေးကောင်၊ စပါး ဆယ်တင်းတောင်းယူသွားခဲ့ပါသည်။ မဏ္ဍပ်ကိုင်းရွာ၊ ကျောက်တစ်လုံးရွာများမှလည်း ဆန်နို့ဆီနှစ်ဖူးစီ တောင်းယူသွားခဲ့ပါသည်။
* ၁၉၆၈ ခု ဇန်နဝါရီလတွင် ကဖန်တစ်ရွာလုံး လူထုကို ရိက္ခာထုတ်လုပ်ရေးတပ်တွင် အသုံးပြုရန် လက်နက်ပြ၍ တောတွင်းသို့ခေါ်ဆောင်သွားခဲ့ပါသည်။
* ထိုလ၌ပင် ဗိုလ်တိုက်စိုးဦးဆောင်သော နစ်နီငါးဦးအဖွဲ့က တည်စုတ်ရွာ သမဝါယမအသင်းအတွင်းရေးမှူးဦးစံသောင်းကို လည်လှီး၍ရက်စက်စွာသတ်ဖြတ်ခဲ့ပါသည်။
* ထိုလအတွင်း ဗိုလ်အုပ်ကြီးဦးဆောင်သော နစ်ဖြူအဖွဲ့က သက်လယ်ရွာသားဦးကျောက်လုံးကို သတ်ဖြတ်သွားခြင်း၊ ဦးသာရန်ဦးဆောင်သော နစ်ဖြူအဖွဲ့က မဏ္ဍပ်ကိုင်းရွာသား ဦးထွန်းစိန်နှင့် ခိုနန်းရွာသားဦးကြီးမောင်တို့ကို ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်း။

* ထိုလတွင်ပင် ဗိုလ်တိုက်စိုးနှင့် ဗိုလ်မာဒင်ဦးဆောင်သော နစ်နီအဖွဲ့က ပန်းအိညာရွာသို့ ဝင်ရောက်၍ ဆက်ကြေးတောင်းသွားခြင်း၊
* ၁၉၆၈ ခု မေလတွင် ဗိုလ်သက်ထွန်း၊ ဗိုလ်ရန်နိုင်၊ ဗိုလ်မောင်မောင်၊ ဗိုလ်မိုးကြိုး၊ ဗိုလ်အုပ်ကြီး၊ ဗိုလ်စိုးသိန်း၊ ဗိုလ်စိုးငြိမ်းတို့ ဦးဆောင်သော နစ်ဖြူတိုင်းတပ်နှင့် ခရိုင်တပ်တို့ပူးပေါင်းလျက် စေတုတ္တရာမြို့ကို ဝင်ရောက်တိုက်ခိုက်ကြသည်။ အစိုးရအထက်တန်းကျောင်းနှင့် ကုန်သွယ်ရေးဂိုဒေါင်နှစ်လုံးတို့ကို မီးရှို့ဖျက်ဆီးခဲ့ပြီး ပြည်သူပိုင်ပစ္စည်းများကို လုယူသွားကြသည်။ စေတုတ္တရာမြို့မြောက်ဘက်စစ်တပ်ကုန်းမှ တပ်မ(၈၈)တပ်စခန်းကို သိမ်းပိုက်မီးရှို့ခဲ့ရာ ဗိုလ်ပိန်ချန်ပါ တပ်မတော်စစ်မှုထမ်း(၁၁)ဦး ကျဆုံးခဲ့ခြင်း၊ နလကဥက္ကဋ္ဌဗိုလ်ကြီးတင်ဦးနှင့် ကုန်သွယ်ရေးမန်နေဂျာဦးမြင့်လွင်ဦး၏အိမ်တို့ကို မီးရှို့ဖျက်ဆီးခဲ့ခြင်း၊
* ထိုလတွင်ပင် ဗိုလ်ထွန်းရင်ဦးဆောင်သော နစ်ဖြူအဖွဲ့တို့က မထိမ်းရွာရှိ သမဝါယမဆိုင်ပစ္စည်းများကို လုယူသွားခြင်း၊ အစိုးရမူလတန်းကျောင်းဆောင်ကို မီးရှို့ဖျက်ဆီးသွားခြင်း၊
* ၁၉၆၈ ခု ဇူလိုင်လ (၂) ရက်တွင် ဗိုလ်ထွန်းရင်ဦးဆောင်သော နစ်ဖြူအဖွဲ့သည် ကန်ရွာမှ အိမ်ထောင်စု (၁၅) စုမှ အိမ်သူအိမ်သားအားလုံး ပုလွှဲရွာသားများ၊ အောက်ဝန်တုံ၊ အထက်ဝန်တုံ၊ သက်ကယ်ကျင်းရွာသားအားလုံးကို ရိက္ခာထုတ်လုပ်ရေးတပ်တွင် အသုံးပြုရန် လက်နက်ပြ၍ တောတွင်းသို့ခေါ်ဆောင်သွားခြင်း၊ ၎င်းရွာသားတို့စိုက်ပျိုးခဲ့သော တောင်ယာစပါးများကို ဖျက်ဆီးခဲ့ခြင်း၊



* ၁၉၆၈ ခု ဇူလိုင်လ (၂၁) ရက်တွင် နစ်ဖြူလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က စိုင်းလိုင်းရွာသားအားလုံးကို ရိက္ခာတပ်အတွက် လက်နက်ပြ၍ တောတွင်းသို့ခေါ်ဆောင်သွားခြင်း၊
* ၁၉၆၈ ခု ဇူလိုင်လထဲမှာပင် ဗိုလ်ထွန်းရင်ဦးဆောင်သော နစ်ဖြူအဖွဲ့က အလယ်ပုံရွာ၊ ပုံဆိပ်ရွာသမဝါယမအသင်းဆိုင်ပစ္စည်းများကို လုယူသွားခြင်း၊ အစိုးရမူလတန်းကျောင်းများကို မီးရှို့ဖျက်ဆီးခဲ့ခြင်း၊
* ထိုလအတွင်းမှာပင် ဗိုလ်နီလွင်ဦးဆောင်သော နစ်နီတပ်ဖွဲ့တစ်ဖွဲ့က အရှေ့ဖအိုင်းရွာ၊ ထန်းကိုင်းရွာများသို့ ဝင်ရောက်၍ ဆက်ကြေးရိက္ခာတောင်းယူသွားခြင်းတို့ကို ကျူးလွန်လုပ်ဆောင်ခဲ့ကြပါသည်။

## လက်နက်ကိုင်သောင်းကျန်းသူတို့သတ်ဖြတ်၍ ကျေးရွာအလိုက် သေဆုံးရသူစာရင်း

| နစ်ဖြူကသတ်ဖြတ်သောဦးရေ | နစ်နီကသတ်ဖြတ်သောဦးရေ |
|---|---|
| ရွာသစ်ရပ်၊ သက်လယ်ရွာ၊ ကျောက်ဖူးရွာ၊ မဏ္ဍပ်ကိုင်းရွာ၊ ခိုနန်းရွာ၊ ကျောက်တန်းရွာ၊ ကင်ပွန်းခြံရွာ၊ ပုလွှဲရွာ၊ ငမရွာ၊ စေတုတ္တရာမြို့ အလယ်ပုံရွာ တို့မှ တစ်ဦးစီ<br>= ပေါင်း ကျား (၁၁) ဦး | ကျန်စိမ့်ရွာမှ ကျား (၅) ဦး၊ မ (၁) ဦး၊ ဆုံဘိုရွာမှ ကျား (၂) ဦး၊ အလယ်ဟန်ဒေါက်ရွာမှ ကျား (၂) ဦး၊ ဖျင်ကြီးရွာ၊ စင်းချောင်းရွာ၊ မင်းဒင်ကျင်းရွာ၊ အကြည်ရွာ၊ ချီရွာ၊ ချီချောင်းရွာ၊ သရက်အင်းရွာ၊ အုံးဝါးရွာ၊ တည်စုတ်ရွာ၊ လက်ဖွဲ့ဆိုင်ရွာ၊ ရေသောင်ရွာ၊ |

| နှစ်ဖြူကသတ်ဖြတ်သောဦးရေ | နှစ်နီကသတ်ဖြတ်သောဦးရေ |
|---|---|
| | မြောက်ဟန်ဒေါက်ရွာ၊ နန်ကြူရွာ၊ ခွေးမလောင်ရွာ၊ သင်းပယ်ရွာ၊ ကံတိုင်ရွာ၊ ကျောက်အုပ်ရွာတို့မှ ကျား (၁) ဦးစီ၊<br>= ပေါင်း ကျား ၂၆ + မ ၁= ပေါင်း = ၂၇ |
| သောင်းကျန်းသူနှစ်ဖွဲ့ကြောင့် သေဆုံးခဲ့သူပေါင်း ကျား ၃၇ + မ ၁ = = စုစုပေါင်း ၃၈ ဦး။ | |

## သောင်းကျန်းသူများ၏လုယက်ဖျက်ဆီးမှုကြောင့် ဆုံးရှုံးမှုတန်ဖိုး

| စဉ် | ဖျက်ဆီးခံခဲ့ရသောကျေးရွာ | ရက်စွဲ | ဖျက်ဆီးမှုလုပ်ရပ်မျိုးမည် | ဖျက်ဆီးခံရသောတန်ဖိုးကျပ် |
|---|---|---|---|---|
| ၁ | ငတော်စုတ် | ၁၂. ၄. ၆၈ | တစ်ရွာလုံး မီးရှို့ဖျက်ဆီးခြင်း | ၁၀၆၄၀၅ |
| ၂ | စေတုတ္တရာ | ၉. ၅. ၆၈ | အထက်တန်းကျောင်းဆောင်၊ ကုန်သွယ်ရေးဂိုဒေါင်နှစ်လုံး မီးရှို့ခြင်း | ၁၉၄၆၁၉ |
| ၃ | အလယ်ပုံရွာ | ၂၄. ၅. ၆၈ | မူလတန်းကျောင်းဆောင် မီးရှို့ခြင်း | ၅၀၀၀ |
| ၄ | မထိမ်းရွာ | ၂၉. ၅. ၆၈ | မူလတန်းကျောင်းဆောင် မီးရှို့ခြင်း | ၅၀၀၀ |



| စဉ် | ဖျက်ဆီးခံခဲ့ရသောကျေးရွာ | ရက်စွဲ | ဖျက်ဆီးမှုလုပ်ရပ်မျိုးမည် | ဖျက်ဆီးခံရသောတန်ဘိုးကျပ် |
|---|---|---|---|---|
| ၅ | ကူတော်ရွာ | ၁. ၇. ၆၈ | မူလတန်းကျောင်းဆောင် မီးရှို့ခြင်း | ၂၀၀၀ |
| ၆ | ညောင်ကုန်းရွာ | ၂. ၇. ၆၈ | မူလတန်းကျောင်းဆောင် မီးရှို့ခြင်း | ၂၀၀၀ |
| ၇ | ပုလွဲရွာ | ၂. ၇. ၆၈ | တစ်ရွာလုံးမီးရှို့ဖျက်ဆီးခြင်း | ၈၀၀၀၀ |
| ၈ | စိုင်းလိုင်းရွာ | ၂၁. ၇. ၆၈ | တစ်ရွာလုံးမီးရှို့ဖျက်ဆီးခြင်း | ၁၂၀၀၀၀ |
| ၉ | အောင်းရွာ | ၂၅. ၇. ၆၈ | မူလတန်းကျောင်းဆောင် မီးရှို့ခြင်း | ၅၀၀၀ |
| ၁၀ | ပုံဆိပ်ရွာ | ၂၄. ၅. ၆၈ | မူလတန်းကျောင်းဆောင် မီးရှို့ခြင်း | ၅၀၀၀ |
| ၁၁ | ကံတိုင်ရွာ | ၂၇. ၇. ၆၈ | တစ်ရွာလုံးမီးရှို့ဖျက်ဆီးခြင်း | ၆၀၀၀၀ |
| | | ပေါင်း | | ၅၈၅၀၂၄ |

## သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းခြင်း

မြန်မာ့တပ်မတော်၊ ရဲတပ်ဖွဲ့၊ ကာကွယ်ရေးတပ်ဖွဲ့တို့သည် စေတုတ္တရာမြို့နယ်၏ လုံခြုံရေးကို အစဉ်ကြိုးစားဆောင်ရွက်ခဲ့သည်။ ကာကွယ်ရေးတပ်များ တိုးချဲ့ဖွဲ့စည်းရန် ကြိုးစားခဲ့သည်။ အမှတ် (၂၁) ခြေလျင်တပ်ရင်းမှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး စောအုံးရောက်ရှိလာပြီး ၎င်း၏အစီအစဉ်ဖြင့် စေတုတ္တရာမြောက်ပိုင်း မုန်းချောင်းနယ်မြေရှိ ရိုးမတောင်ခြေရွာများဖြစ်သော ချီ၊ နတ်ကြီး၊ အာယော၊ ငတော်စုတ်၊ စင်းချောင်း၊ ဒိုင်း၊ မဟောတောင်၊

ဖျင်ကြီးရွာတို့တွင် ကာကွယ်ရေးတပ်ဖွဲ့စည်းပေးလျက် အခြေခံစစ်ပညာများသင်ပေးကာ (၂၀-၁၀-၁၉၆၂) တွင် လက်နက်များတပ်ဆင်ပေးအပ်ပွဲများ ကျင်းပပေးခဲ့ပါသည်။ ထိုနှစ် နိုဝင်ဘာလ (၁၉) ရက်တွင် ကြီးချောင်းနယ်မြေမှ မွန်ဇော်၊ စစ်ငန်း၊ ဒုံချောင်းရွာတို့တွင် ကာကွယ်ရေးတပ်ဖွဲ့များဖွဲ့စည်း၊ စစ်ပညာသင်၊ လက်နက်ပေးအပ်ပွဲများ ဆက်လက်ကျင်းပပေးခဲ့သည်။

၁၉၆၃ ခုတွင် လုံခြုံရေးအခြေအနေကောင်းလာသည့် မုန်းချောင်းဒေသရှိ ကျေးရွာများရှိ ကာကွယ်ရေးတပ်ဖွဲ့တို့ထံမှ လက်နက်များပြန်သိမ်းကာ လုံခြုံရေးလိုအပ်သည့် ထီးချောင်းဒေသမှ ကျောက်အုပ်၊ ကံဇင်း၊ အုံးဝါး၊ ပန်းချက်၊ ကြောင်သိုက်များရှိ ကာကွယ်ရေးတပ်ဖွဲ့များသို့ ထိုလက်နက်များကို ပေးအပ်ခဲ့သည်။

၁၉၆၂ ခုနှစ်အတွင်း သခင်စိုးဦးဆောင်သော နစ်နီအဖွဲ့မှ ခွဲထွက်လာသော နစ်နီပေါလစ်ဗြူရိုအဖွဲ့ဝင် ဗိုလ်ချုပ်မင်းသူ (ထွန်းနေ့စဉ်သတင်းစာအယ်ဒီတာချုပ်)၊ ဗိုလ်နေဒွန်းပါအဖွဲ့တို့ အပါအဝင် သောင်းကျန်းသူများကို အောက်ပါအတိုင်း ချေမှုန်းတိုက်ခိုက်ခဲ့လေသည်။

(၁) ၂၀-၆-၆၂ တွင် မင်းဒင်ကျင်းရွာအနောက်တောင်ဘက် သုံးမိုင်အကွာ ရင်ကွဲတောင်တွင် မင်းဒင်ကျင်းရဲကင်းမှ ဒုတပ်ကြပ်ဘညိန်းအဖွဲ့နှင့် နစ်နီ ခုနစ်ဦးပါအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားရာ ရန်သူများထွက်ပြေးပြီး ဆန် (၁၀) တင်းပါ ဂိုဒေါင်ကို မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။

(၂) ၁၂-၇-၆၂ တွင် ချီရွာမြောက်ဘက် သုံးမိုင်အကွာ စိန်စလောချောက်ထဲ၌ တပွင်ရဲစခန်းမှ ရဲအုပ်ဦးနတ်ပေးပါစိတ်



(၁)၊ အောင်းရွာရဲကင်းရဲကြပ်ကြီးအောင်မြင့်ပါ စိတ်(၁)တို့ ပူးပေါင်းအဖွဲ့နှင့် နစ်နီမြင့်အောင်၊ နှင်းဥ၊ ဦးနေဒွန်း၊ မနှင်းအောင်ပါကျား (၁၁) မ ခုနစ်ဦးပါအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားရာ နစ်နီကျော်ဦးခေါ် ဗိုလ်ချုပ်မင်းသူ (ထွန်းနေ့စဉ်အယ်ဒီတာချုပ်) ကို အသေရမိခဲ့သည်။

(၃) ၁၃-၇-၆၂ တွင် ပန်းချက်ရွာအရှေ့ လေးမိုင်အကွာ ထန်းမရေကန်တွင် ခွေးမလောင်ရဲကင်းမှ ရဲအုပ်ဦးလှဖေပါ (၁၀) ဦးနှင့် နစ်နီရှစ်ဦးတို့ တိုက်ပွဲဖြစ်ပွားရာ ရိုင်ဖယ်တစ်လက်၊ စက်ကလေးကျည်ငါးတောင့်တို့ကို ရရှိခဲ့သည်။

(၄) ၁၅-၇-၆၂ တွင် ကုန်းတရားရွာအရှေ့တစ်မိုင်အကွာ ဗိုင်းစင်တွင် အောင်းရွာရဲကင်းမှ ဒုတပ်ကြပ်ဘလှိုင်ပါ ခြောက်ဦးနှင့် နစ်နီလေးဦးတို့ တိုက်ပွဲဖြစ်ပွားရာ စတင်းကျည်ကပ် နှစ်ခု၊ ကျည်တောင့်ဆယ်တောင့် ရရှိခဲ့သည်။

(၅) ထိုနေ့တွင်ပင် ပန်းချက်ရွာတောင်ဘက်ယာခင်းပြင်တွင် ခွေးမလောင်ရဲကင်းမှ ရဲသားဘအုပ်ပါ ခြောက်ဦးနှင့် နစ်နီဗိုလ်နေဒွန်းအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားရာ နစ်နီပေါလစ်ဗြူရိုအဖွဲ့ဝင် ဗိုလ်နေဒွန်းကို အရှင်လက်ရဖမ်းမိခဲ့သည်။ ရိုင်ဖယ်တစ်လက် သိမ်းဆည်းရရှိခဲ့သည်။

(၆) ၂၀. ၇. ၆၂ တွင် မွန်ဇော်ရွာအနောက်ဘက် လေးမိုင်အကွာ ကုလားပင်ခင်ကျောတွင် ကြီးဝရဲကင်းမှ ရဲကြပ်ကြီးတင်ရှိန်ပါ ဆယ်ဦးနှင့် နစ်ဖြူစောဦးပါ ဆယ်ဦးအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားရာ နစ်ဖြူတို့ထွက်ပြေးခဲ့ကြသည်။

(၇) ၂၅-၇-၆၂ တွင် စိုင်းလိုင်းရွာအနောက်ဘက်တစ်မိုင် အကွာ အင်ကျင်းချောက်တွင် ဖအိုင်းရဲကင်းမှ ရဲအုပ်အောင်စက်ပါ စိတ်(၁)နှင့် နစ်ဖြူဘိုးမြပါ ဆယ်ဦးအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားရာ ရိုင်ဖယ်တစ်လက်ရရှိခဲ့သည်။

(၈) ၂၈-၈-၆၂ တွင် ဝင်ဇင်းရွာအနောက်တွင် ဖအိုင်း ရဲကင်းမှ ရဲအုပ်ဦးအောင်စည်ပါစိတ်(၁)နှင့် နစ်ဖြူအောင်စိုးပါ ကိုးဦးအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားရာ နစ်ဖြူအောင်စိုးကို အသေဖမ်းမိ ပြီး ရိုင်ဖယ် (၁) ကျည် (၂၅) တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

(၉) ၂၆-၂-၆၃ တွင် သင်းပယ်ရွာ၌ ကျန်စိမ့်ရဲကင်း ရဲတပ်သားစံလှပါ ငါးဦးနှင့် နစ်နီအောင်ဘန်းပါ ကိုးဦးတို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

(၁၀) ၂၅-၅-၆၃ တွင် ကြမ်းကိုင်းအနောက် ငါးဖာလုံအကွာ ချောင်းဖျား၌ နစ်ဖြူသုံးဦးပါအဖွဲ့နှင့် မြေနီကုန်းရဲကင်းမှ ရဲကြပ်ကြီး စိုးသိန်းပါ ငါးဦးတို့တိုက်ပွဲဖြစ်ပွားခဲ့သည်။

(၁၁) ၂၄-၅-၆၃ တွင် ဆပ်မအိုရွာတောင်ဘက် နှစ်ဖာလုံ အကွာ၌ အလယ်ဟန်ဒေါက်ရဲကင်း ရဲအုပ်ကံထူးပါ ခုနစ်ဦးနှင့် နစ်နီငါးဦး တိုက်ပွဲဖြစ်ပွားခဲ့သည်။

(၁၂) ၁၂-၁၀-၆၃ တွင် ပန်းအိရွာအရှေ့ ပုန်းတောင်၌ အုံးဝါးရဲကင်းမှ ရဲအုပ်စံမင်းပါစိတ်(၂)နှင့် နစ်နီမိုးညိုပါ (၃၀) ခန့်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။

(၁၃) ၁၆-၃-၆၃ တွင် ကျောက်မွဲရွာတောင်ဘက်တစ်မိုင် အကွာ၌ မြောင်းဦးရဲကင်းမှ ရဲကြပ်ကြီးစံရွှေပါစိတ်(၁)နှင့် နစ်ဖြူ နှစ်ဦးတို့ တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ပါသည်။



(၁၄) ၉-၇-၆၄ တွင် မြောင်းဦးရွာအရှေ့ငါးမိုင်အကွာ ပေါင်းမကြီးဘေး၌ (ဦးစတို့ကို ချုံခိုတိုက်ရာနေရာ) ရဲဌာနာအုပ် ဦးအေးမောင်ပါစိတ်(၁)နှင့် နစ်ဖြူ(၃၀)တို့ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။

(၁၅) ၁၉-၉-၆၃ တွင် မွန်ဇော်ရွာအနောက်တော၌ ကြီးဝ ရဲကင်းမှ ရဲအုပ်ဦးအောင်စည်ပါစိတ်(၁)၊ ခလရ(၂၁)မှ တပ်ကြပ် ကြီးဦးဒီထန်းပါစု(၁) ပူးပေါင်းအဖွဲ့နှင့် နစ်ဖြူ(၈၀)ပါအဖွဲ့တို့ တိုက်ပွဲ ဖြစ်ပွားရာ ခလရ(၂၁) မှ တစ်ဦး နိုင်ငံအတွက်အသက်စွန့်လှူခဲ့ ရပါသည်။

(၁၆) ၂၃-၅-၆၅ တွင် မထိမ်းရွာအနောက်တစ်မိုင်အကွာ ဒိုင်ချောင်းထဲ၌ ခလရ(၂၁) ခွဲ(၁)၊ စေတုတ္တရာရဲစခန်းမှ ရဲတပ်သား ကျော်တင်ပါစိတ်(၁) ပူးပေါင်းအဖွဲ့နှင့် နစ်ဖြူငါးဦးပါအဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားရာ နစ်ဖြူတစ်ဦး ကျဆုံးပြီး ရိုင်ဖယ်တစ်လက်ပါ ရရှိခဲ့သည်။

(၁၇) ၇-၉-၆၅ တွင် ကန်ရွာအနောက် ယာထဲ၌ ခလရ(၂၁) ခွဲ(၁)၊ စေတုတ္တရာရဲစခန်းရဲတပ်သားကျော်တင်ပါစိတ်(၁) ပူးပေါင်း အဖွဲ့နှင့် နစ်ဖြူငါးဦးအဖွဲ့ တိုက်ပွဲဖြစ်ပွားရာ နစ်ဖြူတစ်ဦး ကျဆုံး၊ ရိုင်ဖယ်တစ်လက်ပါရမိခဲ့သည်။

(၁၈) ၁၇-၉-၆၅ တွင် စစ်ငန်းရွာအနောက်နှစ်မိုင်အကွာ၌ ခလရ(၈၈)မှ ဒုဗိုလ်စံကြည်ပါစိတ်(၁)၊ ဖအိုင်းရဲကင်းရဲတပ်သား ဘိုးချန်ပါစိတ်(၁)နှင့် နစ်နီ(၁၀)ပါအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားရာ နစ်နီ ထွန်းအေးပါလေးဦး အသေရမိပြီး ရိုင်ဖယ်နှစ်လက်သိမ်းဆည်းရမိ ပါသည်။

(၁၉) ၂၁-၁၂-၆၅ တွင် ကျောက်မွဲရွာမြောက်ဘက်တောထဲ၌ ခွေးမလောင်ရွာရဲစခန်းမှူး ဦးစံအေးပါခုနစ်ဦး လစာထုတ်မှအပြန်

နစ်ဖြူ(၃၀)ပါအဖွဲ့၏ ချုံခိုတိုက်ခိုက်မှုခံရကာ ရဲဘော်ရဲသားသုံးဦး ကျဆုံးပြီး သေနတ်ရိုင်ဖယ်သုံးလက် ဆုံးရှုံးခဲ့ရသည်။

(၂၀) ၂၀-၅-၆၆ တွင် သက်လယ်ရွာမြောက်ဘက် နှစ်ဖာလုံအကွာ ကုန်းကြီးချောင်း၌ ကြီးဝရဲစခန်းမှ ဒုလုံခြုံရေးမှူးဦးအောင်စည်ပါ(၂၀)ဦးနှင့် နစ်ဖြူငါးဦးအဖွဲ့ တိုက်ပွဲဖြစ်ပွားရာ နစ်ဖြူနှစ်ဦးကျဆုံးပြီး သေနတ်တစ်လက် သိမ်းဆည်းရမိခဲ့သည်။

(၂၁) ၂၅-၈-၆၆ တွင် မွန်ဇော်ရွာအနောက်ဘက်အိုင်မည်းခြုံးခင်ကျော၌ ကြီးဝရဲစခန်း ဒုလုံမှူးဦးအောင်စည်ပါစိတ်(၁)၊ ခလရ(၄၄) ပူးပေါင်း(၂၀) အင်အားနှင့် နစ်ဖြူ(၃၅)ပါအင်အားတို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။

(၂၂) ၁၄-၃-၆၇ တွင် ကောင်းကြီးရွာအရှေ့ဘက်တစ်မိုင်အကွာ တောထဲ၌ ဖအိုင်ရဲစခန်းမှူးအောင်စည်ပါပရတပ်စိတ်(၁) ပူးပေါင်းအဖွဲ့သည် နစ်နီငါးဦးတို့ တိုက်ပွဲဖြစ်ပွားရာ ဂျပန်သေနတ်တစ်လက် သိမ်းဆည်းရမိခဲ့သည်။

(၂၃) ၅-၄-၆၇ တွင် စိုင်းလိုင်းရွာအနောက်နှစ်မိုင်အကွာ ဇင်ပွန်းချောင်း၌ ဖအိုင်းရဲစခန်းမှူးဦးအောင်စည်(၁၃)ဦးအဖွဲ့နှင့် နစ်ဖြူငါးဦး တိုက်ပွဲဖြစ်ပွားခဲ့သည်။

(၂၄) ၂၆-၁၂-၆၇ တွင် စိုင်းလိုင်းရွာအနောက်(၁၀)မိုင်အကွာ လေသာချောင်း၌ ကြီးဝရဲစခန်းမှူးဦးအောင်စည်ပါစိတ်(၂)နှင့် နစ်ဖြူ(၄၀)တို့ တိုက်ပွဲဖြစ်ပွားသည်။

(၂၅) ၆-၅-၆၈ စေတုတ္တရာမြို့ ခလရ(၈၈) ခွဲ(၅)တပ်စခန်း၊ စေတုတ္တရာရဲစခန်းကို နစ်ဖြူ(၁၅၀)ပါ တိုင်း၊ ခရိုင်တပ်တို့ပူးပေါင်းအင်အားဖြင့် စီးနင်းတိုက်ခိုက်ခဲ့သည်။ အစိုးရအထက်တန်းကျောင်း၊ ကုန်သွယ်ရေးဂိုဒေါင်နှစ်လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။ နလကဥက္ကဋ္ဌနှင့် ကုန်သွယ်ရေးမန်နေဂျာအိမ်တို့ကိုပါ မီးရှို့ဖျက်ဆီးခဲ့သည်။ ဗိုလ်ပိန်ချိန်ပါ(၁၁)ဦးကျဆုံးခဲ့သည်။



(၂၆) ၁၀-၁၁-၆၈ တွင် မကျောပ်ကိုင်းရွာ၌ ကြီးဝရဲစခန်းရဲတပ်ဖွဲ့၊ ခလရ(၈၈)ပါ တပ်အင်အားပူးပေါင်းအဖွဲ့နှင့် နစ်ဖြူတို့ တိုက်ပွဲဖြစ်ပွားရာ နစ်ဖြူသာရန်ကို အသေဖမ်းဆီးရမိခဲ့သည်။

(၂၇) ၁၂-၁၁-၆၈ တွင် ကန်ရွာ၌ ကန်ရွာရှိတပ်၊ ရဲပူးပေါင်းစစ်ကြောင်းအဖွဲ့ကို နစ်ဖြူတို့က ချောင်းမြောင်းပစ်ခဲ့ရာ ရဲတပ်သားတစ်ဦး ထိမှန်ဒဏ်ရာရခဲ့သည်။

(၂၈) ၁၀-၁၂-၆၈ တွင် အောက်ဝေါအနောက်တစ်မိုင်အကွာ၌ ကြီးဝရဲစခန်းမှ ဒုတပ်ကြပ်ဘိုးချန်ပါရှစ်ဦးနှင့် နစ်ဖြူတပ်တို့ တိုက်ပွဲဖြစ်ပွားရာ နစ်ဖြူနှစ်ဦးကျဆုံး၍ ဂျပန်သေနတ်နှစ်လက် သိမ်းဆည်းရမိခဲ့သည်။

(၂၉) ၁၅-၁၂-၆၈ တွင် ကျောက်ဖူးရွာအနောက်ဘက်တောထဲ၌ သက်လယ်ရှိရဲ၊ တပ်၊ ပြည်သူ့စစ်ပူးပေါင်းအဖွဲ့နှင့် နစ်ဖြူအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။

(၃၀) ၁၉၇၀ ပြည့်နှစ်တွင် တိုက်ပွဲလေးကြိမ်၊ ၁၉၇၁ ခုနှစ်တွင် တိုက်ပွဲနှစ်ကြိမ်၊ ၁၉၇၂ ခုနှစ်တွင် တိုက်ပွဲတစ်ကြိမ် ဖြစ်ပွားခဲ့ပါသည်။

## ၁၉၆၈-၆၉ ခုနောက်ပိုင်း

၁၉၆၈ ခု မေလ (၅) ရက်တွင် စေတုတ္တရာမြို့ကို ဗကပတို့ စီးနင်းတိုက်ခိုက်ပြီးနောက် နလက၊ ပြည်သူ့ရဲ၊ တပ်မတော်၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့တို့သည် စေတုတ္တရာမြို့နယ်လုံခြုံရေးကို ပိုမိုအလေးပေးဆောင်ရွက်ခဲ့သည်။

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏အစီအစဉ်အရ မဆလပါတီ၊ အမှတ်(၂)တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၏ ညွှန်ကြားချက်အရ စစ်ရေးအထောက်အကူပြုသည့် စည်းရုံးရေး စစ်ကြောင်း ငါးကြောင်း ဖွဲ့စည်းခဲ့ပါသည်။ ဌာနဆိုင်ရာအကြီးအကဲ တို့လည်း ပါဝင်ကြလျက် တစ်ရွာဝင်တစ်ရွာထွက် ခရီးရှည်ထွက်၍ စည်းရုံးခဲ့ကြပါသည်။

## ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းခြင်း

ပြည်သူ့စစ်များကို (၁၁-၁၀-၆၈) တွင် စတင်ဖွဲ့စည်းသည်။ ၁၉၇၉ ခုတွင် အိမ်ခြေလူဦးရေနည်းသော၊ သူကောင်းကျင်း၊ ခွက်ချောင်း၊ ကင်ပွန်းချုံသုံးရွာမှအပ ကျန်ကျေးရွာ(၁၁၇)ရွာတွင် ပြည်သူ့စစ်များ ဖွဲ့စည်း၍ တူမီးသေနတ်များတပ်ဆင်ပေးခြင်း၊ စစ်ပညာသင်တန်းများ ပို့ချသင်ကြားပေးခြင်းတို့ကို ဆောင်ရွက် နိုင်လာသည်။ အမာခံ (၂၆) ရွာကို ဖွဲ့စည်းခဲ့ရာ မုန်းချောင်း နယ်မြေတွင် ငါးရွာ၊ ထီးချောင်းနယ်မြေတွင် ရှစ်ရွာ၊ ကြီးချောင်း နယ်မြေတွင် (၁၀) ရွာ၊ မြို့ဝန်းကျင်တွင် သုံးရွာတို့ဖြစ်သည်။ ယင်း (၂၆) ရွာရှိ ပြည်သူ့စစ်အင်အားမှာ (၂၉၀) ဦး၊ အရန်တပ်ဖွဲ့ဝင် (၅၈၀) ဦး၊ လက်နက်အဖြစ် စတင်း (၂၀)၊ ရိုင်ဖယ် (၂၀၂)၊ ၉-မမကျည် (၁၇၉၂) တောင့်၊ ၃၀၃-ကျည် (၆၃၀၀) တောင့်တို့ ရှိလာသည်။

ပြည်သူ့စစ်အင်အားကို ဆက်လက်တိုးချဲ့တည်ဆောက်ခဲ့ရာ တွင် ကျေးရွာပေါင်း (၁၁၉) ရွာ၌ ပြည်သူ့စစ်အင်အား (၁၂၁၀) အရန်အဖွဲ့ဝင်အင်အား (၂၄၂၀) ဦးရှိလာသည်။



## ပြည်သူ့စစ်တို့၏အောင်ပွဲများ

၁၉၆၈ ခု အောက်တိုဘာ (၁၁) ရက်တွင် စတင်ဖွဲ့စည်း ခဲ့သော ပြည်သူ့စစ်အဖွဲ့သည် သောင်းကျန်းသူများကို မြန်မာ့ တပ်မတော်၊ ပြည်သူ့ရဲတို့နှင့်အတူ ပူးပေါင်းကာ တိုက်ပွဲများကို ဆင်နွှဲ ခဲ့ရာ အောက်ပါအတိုင်း အောင်ပွဲများကို ရရှိခဲ့လေသည်။

(၁) ၂၀-၃-၁၉၆၉ တွင် မြောက်မာန်ဒေါက်ကျေးရွာမှ ဦးထွန်းအောင် သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့သည် လက်နက်မဲ့ ဖြစ်သော်လည်း လက်နက်ရှိသူဗိုလ်တိုက်စိုးပါ ခုနစ်ဦးတို့ထံမှ ရိုင်ဖယ်သေနတ် ငါးလက်၊ ၃၀၃ ကျည် (၃၆) တောင့်တို့ကို လုယူ နိုင်ခဲ့သည်။

(၂) ၃-၁-၇၀ တွင် မွန်ဇော်ရွာ ပြည်သူ့စစ်စခန်းကို နစ်ဖြူ ခရိုင်တပ် ဗိုလ်ရွှေပါအင်အား (၈၀) ခန့်က လာရောက်စီးနင်း တိုက်ခိုက်ရာ မွန်ဇော်ရွာပြည်သူ့စစ်များက ရွပ်ရွပ်ချွံချွံ ခုခံတိုက်ခိုက် နိုင်ခဲ့ပြီး နစ်ဖြူညိုထွန်းကို အသေဖမ်းမိနိုင်ခဲ့သည်။

(၃) ၃-၁-၇၀ နေ့တွင်ပင် စေတုတ္တရာမြို့နယ်ကို အဖြူ ရောင်နယ်မြေအဖြစ် ကြေညာလိုက်လေသည်။

(၄) ၁၃-၁၀-၇၀ တွင် သက်လယ်ကျေးရွာ ပြည်သူ့စစ်နှင့် ကြီးဝရဲကင်းတပ်ဖွဲ့တို့ ပူးပေါင်းအင်အားဖြင့် သက်လယ်ရွာအနီး ခိုအောင်းနေသော နစ်ဖြူခရိုင်တပ်ကို ချုံခိုတိုက်ခိုက်နှင်ထုတ်နိုင် ခဲ့သည်။

(၅) ၃-၂-၇၁ တွင် စစ်ငန်းကျေးရွာ ပြည်သူ့စစ်နှင့် ခလရ (၈၈) တို့ ပူးပေါင်းအဖွဲ့က စဒေးဝချောင်းအနီး နစ်ဖြူစခန်းကို ဝင်ရောက်တိုက်ခိုက်ရာ အီတလီရိုင်ဖယ်တစ်လက်၊ တစ်လုံးထိုး

တစ်လက်၊ တူမီးခြောက်လက် သောင်းကျန်းသူတို့ခေါ်ဆောင်သွားသော ပလွဲရွာသားရှစ်ဦးတို့ကို အရှင်ဖမ်းဆီး ရယူခေါ်ဆောင်နိုင်ခဲ့သည်။

(၆) ၂၉-၅-၇၃ တွင် အုံးဝါးရွာ ပြည်သူ့စစ်အဖွဲ့မှ နစ်နီစောမောင်(ခေါ်)ထွန်းအုပ်အဖွဲ့ကို တိုက်ခိုက်ခဲ့ရာ ရိုင်ဖယ်သေနတ်တစ်လက်၊ (၃၀၃) ကျည်သုံးတောင့်တို့ကို သိမ်းယူရရှိနိုင်ခဲ့သည်။

(၇) ၄-၈-၇၆ တွင် မထိမ်းရွာပြည်သူ့စစ်နှင့် ခလရ (၈၈) ပူးပေါင်းအဖွဲ့က ထင်းပိုင်းတောင်ကြောတွင် တိုက်ပွဲဖြစ်ပွားရာ နစ်ဖြူညိုမောင်ကို ဒဏ်ရာရရှိစေခဲ့သည်။

(၈) ၁၉၇၉ ခု၊ ဧပြီလတွင် သောင်းကျန်းသူများ လက်နက်ချ အလင်းဝင်လာသူပေါင်း (၂၂၂) ဦးရှိလာခဲ့သည်။

(၉) ၂၁-၃-၁၉၈၀ ပြည့်နှစ်တွင် နစ်ဖြူတင်အေးကို ကူတော်ရွာပြည်သူ့စစ်တို့က တူမီးသေနတ်ဖြင့် အသေပစ်သတ်နိုင်ခဲ့သည်။

လစာရိက္ခာမရသောကျေးရွာသား ပြည်သူ့စစ်များ၏ သောင်းကျန်းသူကို ချုပ်ငြိမ်းစေလိုသောဆန္ဒနှင့်လုပ်ရပ်တို့ကား ဂုဏ်ပြု ချီးကျူးစရာကောင်းလှပါတော့သည်။

## စေတုတ္တရာသားများ မြရတနာစစ်ဆင်ရေးတွင် ပါဝင်ကူညီခြင်း

မြန်မာ့တပ်မတော်သည် သောင်းကျန်းသူများ အမြစ်ပြုတ်သုတ်သင်သည့်အနေဖြင့် ရခိုင်ရိုးမရှိ ဗိုလ်သက်ထွန်း၏ နစ်ဖြူသောင်းကျန်းသူတို့ကို ချေမှုန်းရန် (၃-၅-၇၈) တွင် "မြရတနာ"



စစ်ဆင်ရေးကြီးကို စတင်ဆင်နွှဲခဲ့ပါသည်။ ဗိုလ်သက်ထွန်းနှင့် နောက်လိုက်များသည် အလင်းဝင်ရောက်လာကြသောကြောင့် ၎င်းစစ်ဆင်ရေးမှာ (၁၀-၁၀-၈၀) တွင် အောင်မြင်စွာပြီးဆုံးခဲ့ပါသည်။ ထိုစစ်ဆင်ရေးကြီးသည် နှစ်နှစ်နှင့်လေးလကြာညောင်းခဲ့ရာ ထိုကာလအတွင်း စေတုတ္တရာမြို့နယ်မှ အောက်ပါအတိုင်း ကျရာကဏ္ဍမှ ကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။

စစ်ရေးအပို့ခရီးစဉ်

| | | |
|---|---|---|
| အထောက်အကူပြုဝန်ထမ်း | - | ၁၂၉၂၉ ဦး |
| လှည်း | - | ၆၈၇ စီး |
| လှေ | - | ၄၀ စီး |

စစ်ရေးအပြီးအဆင်းခရီးစဉ်

| | | |
|---|---|---|
| အထောက်အကူပြုဝန်ထမ်း | - | ၁၀၈၆ ဦး |
| လှေ | - | ၄၀ စီး |

စစ်ရေးအပြီးအဆင်းခရီးစဉ်တွင် ၎င်းဝန်ထမ်းနှင့်လှေတို့က ရခိုင်ရိုးမပေါ်မှနေ၍ စစ်လက်နက်ပစ္စည်းများ၊ စားရေရိက္ခာများကို စေတုတ္တရာမြို့အနီး မုန်းချောင်းဆိပ်ရှိ မကြီးစုရွာအရောက် ပို့ဆောင်ပေးခဲ့ကြပါသည်။[၁]

ဤအဖြစ်အပျက်တွင် စေတုတ္တရာမြို့နယ်သားများ၏ လုပ်ဆောင်ချက်သည် လူ့အခွင့်အရေးသမားတို့က လူ့အခွင့်အရေး ချိုးဖျက်မှုဟု ဆိုကြပေလိမ့်မည်။ **စေတုတ္တရာမြို့နယ်သူမြို့နယ်သား**

---

**၁။ စေတုတ္တရာမြို့နယ်ဖြစ်စဉ်မှတ်တမ်း(၁၉၇၉)နှင့် သုတေသီများ အသုံးပြုရန်လက်စွဲစာတမ်း၊ ၁၉၈၂ ခု ဇူလိုင်လ (၇) ရက်။**

**များအဖို့ကား မိမိပခုံးပေါ်ထမ်းထားရသော မီးခဲပမာ ပူလောင်လှသည့်ကျောက်တုံးလေးလေးကြီးကို မိမိရှေ့တစ်လှမ်းရှိ ချောက်ကမ်းပါးထဲသို့ ထမ်းသွားလျက် အားစိုက်ထုတ်လွှင့်ပစ်လိုက်ကြခြင်းသာဖြစ်သည်ဟု မှတ်ယူကြလေသည်။**

စေတုတ္တရာမြို့နယ်သားများကား (၁၉၄၈ မှ ၁၉၈၀) ပြည့်နှစ်အထိ နှစ်ပေါင်း (၃၂) နှစ်မျှ စားရေး၊ ဝတ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အဖက်ဖက်နိမ့်ကျသော မြေစာပင်ဘဝမှ ပြန်လည်နလန်ထူလာနိုင်မည်ဖြစ်ပါတော့သည်။

## အခန်း (၁၃)

## လွတ်လပ်ရေးရပြီးကာလ စေတုတ္တရာမြို့နယ်ပညာရေး

ကိုလိုနီခေတ်၌ စေတုတ္တရာမြို့နယ်တွင် အစိုးရအထောက်အပံ့ခံ အလယ်တန်းကျောင်းတစ်ကျောင်းကို စေတုတ္တရာမြို့ပေါ်၌လည်းကောင်း၊ ၁၉၃၅ ခုနှစ်အထိ မြို့နယ်အတွင်း အစိုးရမူလတန်းကျောင်းကို ပထမ (၁၆) ကျောင်း၊ နောက်ထပ် နှစ်ကျောင်း၊ စေတနာမူလတန်းကျောင်းတစ်ကျောင်းတို့ကို ဖွင့်လှစ်ခဲ့ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။

### သောင်းကျန်းသူခေတ်ပညာရေး

စေတုတ္တရာမြို့ကို ရဲဘော်ဖြူတို့ သိမ်းယူခဲ့သောကာလ၌ ဖူးကားသစ်ကုမ္ပဏီက ပိုင်ဆိုင်သောသစ်များဖြင့် (ယခုမြို့နယ်စီမံကိန်းရုံး၊ မြို့နယ်ထွေအုပ်ဒုဦးစီးမှူး၏အိမ်) မြေနေရာတွင် H (အိတ်-ချ်) ပုံ (၇ ပင်) ပတ်လည်ကျောင်းဆောင်ကို ရဲဘော်ဖြူ ဗိုလ်ခင်မောင်က ဦးဆောင်ဆောက်လုပ်ခဲ့ပါသည်။ ကျောင်းဆောင်ပြီးသော်လည်း စာမသင်နိုင်ခဲ့ပါ။

စေတုတ္တရာမြို့ပေါ်သို့ ကွန်မြူနစ်(နစ်ဖြူ)များ ကြီးစိုးလာသောအခါ နစ်ဖြူဦးကြည်(စလင်း)က တာဝန်ခံဆရာအဖြစ်ဖြင့်

မူလတန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ လက်ထောက်ဆရာများအဖြစ် ဦးလှမြိုင်(မြို့နယ်တရားသူကြီးအဖွဲ့ဝင်) ဦးတင်မောင်ကြီး(လယ်စိုက်ရှင်းကျေးရွာ-ကွယ်လွန်)တို့က သင်ကြားပေးခဲ့ကြပါသည်။ ဤသို့ဖွင့်လှစ်သင်ကြားသောကာလမှာ ၁၉၅၄ မှ ၁၉၅၆ ခု ဇန်နဝါရီလ (၂၁) ရက်နေ့အထိ ဖြစ်ပါသည်။

စေတုတ္တရာမြို့နယ်တွင် ကိုလိုနီခေတ်ကဖွင့်လှစ်ခဲ့သောကျေးရွာအသီးသီးမှ မူလတန်းကျောင်းများမှာ ရဲဘော်ဖြူ နစ်ဖြူ နစ်နီတို့ကြီးစိုးထားမှုကြောင့် ကျောင်းပိတ်ထားခဲ့ရသည်။ စေတုတ္တရာမြို့နယ်ပညာရေးရေစမ်းမှာ ခန်းခြောက်ခဲ့ရလေသည်။

## ၁၉၅၆ ခုနှစ်မှစတင်ခဲ့သော ပညာရေး

### စေတုတ္တရာ အ-မ-က

စေတုတ္တရာမြို့ကို ရောင်စုံသောင်းကျန်းသူများလက်မှ (၂၁-၁-၅၆) တွင် ပြန်လည်သိမ်းယူနိုင်ပြီးနောက် ထိုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့တွင် စေတုတ္တရာမြို့ပေါ်၌ အစိုးရ မူလတန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

ကျောင်းအုပ်ကြီးမှာ ဦးမျိုးဟန် (စေတုတ္တရာ) ဖြစ်ပြီး၊ လက်ထောက်များမှာ ဦးဘသောင်း (တည်စုတ်)၊ ဦးစိုးဦး (လောင်းရှည်)၊ ဒေါ်မှီ (စေတုတ္တရာ) တို့ဖြစ်ကြပါသည်။

### စေတုတ္တရာ အ-လ-က

စေတုတ္တရာမြို့ပေါ်တွင် မူလရှိပြီးသော အ-မ-က ကို အစိုးရအလယ်တန်းကျောင်းအဖြစ် ၁၉၅၈ ခု အောက်တိုဘာလ (၁)



ရက်တွင် စတင်ခွင့်ပြုအသိအမှတ်ပြုသည်။ လက်ရှိကျောင်းဆောင်တွင် သင်ကြားကြသည်။

တာဝန်ခံကျောင်းအုပ်မှာ ဦးစောမောင်၊ လက်ထောက်များမှာ ဦးမျိုးဟန်၊ ဒေါ်မှီ၊ ဦးဘိုးညဏ်၊ ဦးဘသောင်း၊ ဦးစံယုံတို့ဖြစ်ပါသည်။ မကြာမီ ကျောင်းအုပ်အဖြစ် ဦးညွန့်မောင် (စေတုတ္တရာ) ရောက်ရှိလာသည်။

ကျောင်းဆောင်မှာ ရဲဘော်ဖြူ ဗိုလ်ခင်မောင်ဆောက်ခဲ့သော H (အတ်ချ်) ပုံကျောင်းဆောင်တွင် သင်ကြားကြရသည်။ အတန်းများချထားပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။




(၇ × ၇) ပင်ပတ်လည်ဆောင်၊ ၃-တောင်အမြင့်ကြမ်း(ပျဉ်)ခင်း၊ ပျဉ်ကာ၊ အုတ်ကြွပ်မိုး၊ ၆ ပတ်လည်တိုင်များဖြင့် ဆောက်လုပ်ထားသည်။ နဝတခေတ်တွင် ဖျက်ဆီးခံခဲ့ရပြီးဖြစ်သည်။

**စေတုတ္တရာ အ-ထ-က အကြိုကျောင်း**

၁၉၆၀ ပြည့်တွင် စေတုတ္တရာ အ-ထ-က အကြိုကျောင်းကို ဦးခင်စောအိမ်ဝိုင်းအတွင်း၌ ဖွင့်လှစ်ခဲ့ကြသည်။

တာဝန်ခံကျောင်းအုပ်မှာ ဦးကိုကိုလေး (စကုမြို့) ဖြစ်သည်။ ကျောင်းအုပ်၏ပုံသေလစာမှာ ၃၀၀ ကျပ်ဖြစ်သည်။ သူငယ်ချင်းဖြစ်သူ စေတုတ္တရာ အ-လ-က ကျောင်းအုပ် ဦးညွန့်မောင်က လာငှားခြင်းဖြစ်သည်။ လက်ထောက်ဆရာများအဖြစ် ဦးညွန့်မောင်၊ ဦးစောမောင် (စေတုတ္တရာသား) များဖြစ်သည်။ ထိုမှ ၁၉၆၃ ခုနှစ် မေလ (၁၆) ရက်တွင် အစိုးရအထက်တန်းကျောင်းအဖြစ် နိုင်ငံတော်ကအသိအမှတ်ပြု၍ စိုင်ရှင်ချပေးခဲ့သည်။

**အ-ထ-ကအကြိုဖွင့်စနှစ်တွင် ပညာသင်ကြားကြသူများ**

စေတုတ္တရာအစိုးရအလယ်တန်းကျောင်းမှ ခုနစ်တန်းအောင်၍ အ-ထ-က(အကြိုကျောင်း)၌ ပထမဆုံးပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ကျောင်းသားများ**

မောင်ခင်သောင်း (ဦးထွန်းသောင်း၏အစ်ကို)
မောင်လှဖေ (မကြီး)
မောင်ဘသန်း (ယခုတစည၃က္က၅)
မောင်ကျော်ထွန်း (ခေါ်) မောင်ကျော်အောင် (ငဖဲပြောင်း)
မောင်ထွန်းသောင်း (မူအုပ်ငြိမ်း၊ ကွယ်လွန်)
မောင်ကျော်ဇော (မူအုပ်ငြိမ်း)
မောင်တင်ဟိဏ်း (အဘ-ဦးစောလှအောင်-စေတုတ္တရာ)



မောင်တော်ဦး (ခိုဝင်-ယခုဆင်ဖြူကျွန်း)
မောင်ကိုကြီး (ကွယ်လွန်)
မောင်ထွန်းကြည် (ရွာသစ်-ကွယ်လွန်)
မောင်သန်းထွန်း (အဘ-ဦးစောလှအောင်-စေတုတ္တရာ)

**ကျောင်းသူများ**

မတင်ရီ (အဘဦးရွှေ-တန်းလည်ကျင်း)
မကြည်ရင့် (အဘဦးရွှေ-တန်းလည်ကျင်း)
မကြည်ကြည် (အဘ-ဦးလှမင်း)
မသိန်းမြင့် (ဦးသာဋ္ဌေး-ဇနီး)
မသန်းရီ (မူအုပ်ငြိမ်း-ကြောင်သိုက်)
မတင်ဆင့် (လယ်ပြင်စု)
မကြည်စိန် (တန်းလည်ကျင်း)

ဤစာရင်း၌ ကျား (၁၁) မ (၇) အားလုံး (၁၈) ဦးသာရှိသည်။ ဤကျောင်းနေသူစာရင်းကိုကြည့်လျှင် တစ်မြို့နယ်လုံးရှိ လူငယ်များ ကျောင်းမနေနိုင်ကြကြောင်း၊ အဓိကအားဖြင့် ကိုလိုနီစနစ်ဆိုးနှင့် ပြည်တွင်းသောင်းကျန်းသူတို့၏ ဘေးဒဏ်ကို ခံစားကြရကြောင်း သိနိုင်ပါသည်။

**ဦးကိုကိုလေးနှင့် စေတုတ္တရာဘောလုံးသမားမောင်လှကြီးမောင်**

ဆရာကြီးဦးကိုကိုလေးသည် အလွန်စိတ်မြန်ကိုယ်မြန်ဖြင့် လုပ်ကိုင်တတ်သူဖြစ်သည်။ ရပ်ရွာအကျိုးကိုလည်း ပါဝင်ဆောင်ရွက်တတ်သူဖြစ်သည်။ ထိုစဉ်က မြို့အတွင်း လျှပ်စစ်မီးပေးရန်

ဓာတ်အားပေးအင်ဂျင်စက်ကို စေတုတ္တရာမြို့ ပြည်သူ့ရဲစခန်းအတွင်း တည်ဆောက်ပြီးစဖြစ်သည်။ မြို့ထဲလမ်းများတွင် မီးတိုင်များ စိုက်နေဆဲဖြစ်သည်။ ဦးကိုကိုလေးက မိမိတပည့်များ စုစည်းပြီး တစ်နေ့တည်းနှင့်ပြီးအောင် ပါဝင်စိုက်ထူရာတွင် ဦးဆောင်ကူညီခဲ့သည်။ ကြက်တောင်ကွင်း၊ ဘောလုံးကွင်းများ ဖောက်လုပ်ရာတွင် ဦးဆောင်ပါဝင်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် စေတုတ္တရာမြို့၌ အစိုးရ အထက်တန်းကျောင်းဖွင့်လှစ်သောအခါ ဦးကိုကိုလေးသည် အစိုးရ ခန့် အလယ်တန်းပြဆရာအဖြစ် (၁၉၆၃ နှင့် ၁၉၆၄) ခုနှစ်တို့တွင် နှစ်နှစ်ကြာ ဆက်လက်လာရောက်တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် အုံးဝါး အ-လ-က ကျောင်းအုပ်အဖြစ်လည်း ၁၉၈၆ မှ ၁၉၈၉ ခုနှစ်အထိ လာရောက်တာဝန်ထမ်းဆောင်ခဲ့ပြန်သည်။ ထိုကာလက စေတုတ္တရာမြို့နယ်ကျောင်းသားဘောလုံးအသင်းကို အရည်အသွေးမြင့်တက်လာအောင် ဆရာကြီးဦးကိုကိုလေးက စွမ်းဆောင်ပေးခဲ့သည်။ စေတုတ္တရာမှ ခြေတက်လူငယ်ဘောလုံး သမားများကို တိုင်းအဆင့်သို့ ပါဝင်အရွေးခံရအောင် ကြိုးပမ်း ပေးခဲ့သည်။ ဆရာကြီး၏ကြိုးစားပေးမှုကြောင့် မောင်လှကြီးမောင် (အဘ-ဦးထွန်းကြည်) မှာ ဦးစွာ ကျောင်းသားတိုင်း (မကွေး) လက်ရွေးစင်အဖြစ် ၁၉၈၆ ခုနှစ်တွင် ရွေးချယ်ခံခဲ့ရသည်။ ရှေ့တန်း ဘယ်အစွန်မှာကစားသော မောင်လှကြီးမောင်က ပယ်နတီကန် သွင်းရလျှင် ညာခြေဖြင့် ကန်မည်ဟုမျှော်လင့်သော ဂိုးသမားက ဖမ်းမရအောင် ဘယ်ခြေဖြင့် လှလှပပကန်သွင်းပေးတတ်သည်။ သို့ဖြင့် ရှမ်းပြည်နယ်နှင့်မကွေးကျောင်းသား တိုင်းဘောလုံးပွဲတွဲ ရရှိခဲ့သည်။ မောင်လှကြီးမောင်သည် မကွေးတိုင်းလူငယ်အသင်း



တွင် ၁၉၈၇ နှင့် ၁၉၈၈ နှစ်နှစ်၊ ၁၉၈၈ တိုင်းလူကြီးအသင်း၊ ၁၉၉၀ ပြည့်နှစ်တွင် မကွေးမန္တလေးတိုင်းလူကြီးပွဲတွဲ၊ ၁၉၉၂ နှင့် ၁၉၉၉ ခုနှစ် အမျိုးသားအားကစား မကွေးတိုင်းဘောလုံး လက်ရွေးစင်ဖြစ်ခဲ့လေသည်။ ။

## စေတုတ္တရာအစိုးရအထက်တန်းကျောင်း

၁၉၆၃ ခုနှစ် မေလ (၁၆) ရက်တွင် စေတုတ္တရာမြို့၌ အစိုးရ အထက်တန်းကျောင်းကို စတင်ဖွင့်လှစ်ခွင့်ရခဲ့သည်။ ဤကျောင်း ဖွင့်စက တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ရုံးဝန်ထမ်းများမှာ အောက်ပါပုဂ္ဂိုလ်များဖြစ်ပါသည်။

| | |
|---|---|
| ကျောင်းအုပ်ကြီး | - ဦးအောင်ဉာဏ် (တောင်တွင်းကြီး) |
| အထက်တန်းပြနှစ်ဦး | - ဦးစိန်လင်း (ချောက်) |
| | ဦးခင်မောင်ကြီး (ခေါ်) |
| | ဦးမောင်မောင်ကြီး (မိတ္ထီလာ) |
| အလယ်တန်းပြငါးဦး | - ဦးစောမောင် (စေတုတ္တရာ) |
| | ဦးကိုကိုလေး (စကုမြို့) |
| | ဦးဘိုးကြည် (စေတုတ္တရာ) |
| | ဦးမျိုးဟန် (စေတုတ္တရာ) |
| | ဒေါ်လှလှ (ကျောင်းအုပ်ကြီး၏ဇနီး) |
| မူလတန်းပြငါးဦး | - ဦးဘသောင်း (စေတုတ္တရာ) |
| | ဦးစံယုံ (စေတုတ္တရာ) |
| | ဦးအေးသောင်း (စလင်း) |

ရုံးအဖွဲ့ - ဦးအောင်လှိုင် (စာရေး-၁)
ဦးတင်ကိုး (ရုံးအကူ)
လစ်လပ် (ကျောင်းစောင့်)

ဤသို့ အစိုးရအထက်တန်းကျောင်းဖွင့်လှစ်ခွင့်ရရှိရန် ဗိုလ်ကြီးဘအေး(ခလရ-၂၁)၊ မြို့ပိုင်ဦးခင်မောင်တင်၊ အ-လ-က ကျောင်းအုပ်ကြီး ဦးညွန့်မောင်၊ အလပြဦးမျိုးဟန်တို့က ဦးဆောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ဒသမတန်း(အပထ) စာမေးပွဲကို စလင်း အ-ထ-က (စာစစ်ဌာန) သို့ ၁၉၆၄ မှ ၁၉၇၈ ခုနှစ်အထိ သွားရောက်ဖြေဆိုခဲ့ကြရပါသည်။

## အစိုးရအလယ်တန်းကျောင်းများဖွင့်လှစ်ခြင်း

စေတုတ္တရာမြို့နယ်တွင် အစိုးရအလယ်တန်းကျောင်းများကို နိုင်ငံတော်အစိုးရက အောက်ပါအတိုင်း အဆင့်ဆင့်ဖွင့်လှစ်ပေးခဲ့ပါသည်။

| စဉ် | ကျောင်း/ရွာအမည် | ဖွင့်သည့်ကာလ | ပထမဆုံးကျောင်းအုပ်အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | အ-လ-က၊ တန်းလည်ကျင်း | ၁. ၆. ၁၉၅၉ | ဦးသောင်းညွန့် | တာဝန်ခံ |
| ၂ | အ-လ-က၊ အုံးဝါး | ၁. ၈. ၁၉၆၇ | ဦးစံလှိုင် | တာဝန်ခံ |
| ၃ | အ-လ-က၊ ဖအိုင်း | ၇. ၁. ၁၉၆၉ | ဦးလှမိုး | |
| ၄ | အ-လ-က၊ ခွေးမလောင် | ၁. ၈. ၁၉၈၀ | ဦးကျော်လွင် | |
| ၅ | အ-လ-က၊ ကြီးဝ | ၁. ၆. ၁၉၈၆ | ဦးအောင်သန်း | |
| ၆ | အ-လ-က၊ ဘူး | ၁. ၆. ၁၉၉၁ | ဦးသက်တင် | |



## အစိုးရမူလတန်းကျောင်းများဖွင့်လှစ်ခြင်း

စေတုတ္တရာမြို့နယ်တွင် ဖွင့်လှစ်ခဲ့သော အစိုးရမူလတန်းကျောင်းများမှာ နှစ်အလိုက် အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ၁၉၅၆ မှ ၁၉၆၂ ခုနှစ်အတွင်း အ-မ-က (၂၀) ကျောင်း

(ခ) ၁၉၆၂ မှ ၁၉၇၃ ခုနှစ်အတွင်း အ-မ-က (၁၈) ကျောင်း

(ဂ) ၁၉၇၃ မှ ၁၉၈၁ ခုနှစ်အတွင်း အ-မ-က (၂၆) ကျောင်းတို့ကို ဖွင့်လှစ်ခဲ့ပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး (၁၉၅၆) ခုနှစ်မှ စတင်ခဲ့သော စေတုတ္တရာမြို့နယ်၏ပညာရေးသည် (၂၀၁၄) ခု ဒီဇင်ဘာလကုန်အထိတွင် အောက်ပါကျောင်းအရေအတွက်ကို နိုင်ငံတော်က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | အ-ထ-က | = | ၂ ကျောင်း |
| (ခ) | အ-ထ-က(ခွဲ) | = | ၅ ကျောင်း |
| (ဂ) | အ-လ-က | = | ၁ ကျောင်း |
| (ဃ) | အ-လ-က (ခွဲ) | = | ၁၄ ကျောင်း |
| (င) | အ-မ-က (မူလွန်) | = | ၈ ကျောင်း |
| (စ) | အ-မ-က | = | ၇၂ ကျောင်း |
| (ဆ) | အ-မ-က (ခွဲ) | = | ၅ ကျောင်း |
| (ဇ) | အ-မ-က (တွဲ) | = | ၂ ကျောင်း |
| | ပေါင်း | = | ၁၀၉ ကျောင်း ဖြစ်ပါသည်။ |

စေတုတ္တရာမြို့နယ်သည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး သော်လည်း (၃၂) နှစ်ကြာ မြေစာပင်ဘဝဖြင့် သောင်းကျန်းသူ တို့၏ ဖိနှိပ်မှုခံစားခဲ့ကြရသည်။ ထိုသောင်းကျန်းသူများ ချုပ်ငြိမ်း သွားသောအခါ ဘဝအလင်းရောင် မီးရှူးတန်ဆောင်များဖြစ်သည့် ပညာရေးပန်းရနံ့များ မွှေးပျံ့လာချိန် စေတုတ္တရာမြို့နယ်သားတို့ ပညာပန်းရနံ့များ ကိုယ်၌တည်အောင် အထူးကြိုးစားကြရန် လိုအပ် လှပေသည်။

## ပညာရေးအဟောသိကံဖြစ်မှု

စေတုတ္တရာမြို့နယ်သည် ၁၉၈၁-၈၂ ခုနှစ်ကာလစာရင်း များအရ အသက် (၅) နှစ်မှ (၁၄) နှစ်အထိ လူဦးရေမှာ (၆၈၉၁) ဦး ရှိသော်လည်း ထိုအသက်အပိုင်းအခြားအတွင်း ပညာသင်ကြားသူ ဦးရေမှာ (၆၃၁၃) ဦးသာရှိပါသည်။ ပညာသင်ချိန် ကျောင်းနေသူ (၉၁-၆၁) ရာခိုင်နှုန်းသာရှိသောကြောင့် လူအားလုံး ကျောင်းမတက် ပညာမသင်ကြကြောင်း၊ စာမတတ်သူရှိလာနိုင်ကြောင်း သုံးသပ်ရ ပါသည်။

၁၉၈၁-၈၂ ပညာသင်နှစ်အတွင်း မူလတန်းအဆင့်ပြီးဆုံး၍ အလယ်တန်းအဆင့် ဆက်လက်ပညာသင်ကြားသူမှာ (၁၈ ဒသမ ၃၄) ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်မှ အထက်တန်းအဆင့်သို့ ဆက်လက်ပညာသင်ကြားသူမှာ (၁၉ ဒသမ ၆၉) ရာခိုင်နှုန်းသာ ရှိကြောင်း သိရပါသည်။[၁]

---

၁။ မှတ်တမ်းပြုစုရန်အတွက် သုတေသီများအသုံးပြုရန် လက်စွဲစာတမ်း (လက်နှိပ်စက်မူ) စေတုတ္တရာမြို့၊ မကွေးတိုင်း၊ ၁၉၈၂ ခု ဇူလိုင်လ (၇) ရက်။



အထက်တန်းအဆင့်အောင်ပြီးသူတို့မှာလည်း တက္ကသိုလ် များသို့ နေ့ကျောင်းတက်သူနည်းပါးလျက် အဝေးသင်တက္ကသိုလ်သို့သာ တက်ရောက်ကြသူများပါသည်။ မဟာဘွဲ့၊ ပါရဂူဘွဲ့များရရှိကာ ထူးချွန်ထင်ရှားလာမည့်သူ အလွန်နည်းပါးကြောင်း သုံးသပ်နိုင် ပါသည်။

မည်သို့ဖြစ်စေ မြို့နယ်အတွင်းရှိ ကျေးရွာအားလုံးနီးပါး စာသင်နိုင်အောင် နိုင်ငံတော်က ကျောင်းဖွင့်စီစဉ်ပေးခြင်းသည် ပင်လျှင် အလွန်ဝမ်းမြောက်ဖွယ်ဖြစ်ပါတော့သည်။

# နိဂုံး

မြန်မာသက္ကရာဇ် (၄၆၀) ခု၊ ခရစ်သက္ကရာဇ် (၁၀၉၈) ခုတွင် "စည်တုတ္တရာမြို့" ဟူ၍ တည်ထောင်ခဲ့ရာ ယခု (၂၀၁၄) ခုနှစ်တွင် (၉၁၆) နှစ်ပင်တိုင်ခဲ့ပြီဖြစ်သည်။

ယင်းကာလအတွင်း စေတုတ္တရာမြို့နယ်သည် မြန်မာ့ပဒေသရာဇ်ခေတ်ကို (၇၈၇) နှစ်မျှ ကျော်ဖြတ်ခဲ့ရသည်။ နယ်ချဲ့ ကိုလိုနီလက်အောက်တွင် အထက်မြန်မာနိုင်ငံသားများနှင့်အတူ (၆၃) နှစ်ကြာမျှ ခံစားခဲ့ကြရသည်။

မြန်မာ့ပဒေသရာဇ်ခေတ်ကာလအတွင်း မြို့စား၊ မြို့သူကြီး၊ ရွာသူကြီး၊ ရွာအုပ်၊ ရွာခေါင်းတို့သည်လည်းကောင်း၊ ချင်းလူမျိုးစုတို့တွင် ချင်းအုပ်၊ ချင်းခေါင်းတို့သည်လည်းကောင်း အုပ်ချုပ်သူလူတန်းစားများဖြစ်ခဲ့ကြ၏။ အိမ်တွင်ခိုင်းစေသော ကျွန်လူတန်းစားလည်း ပေါ်ပေါက်ခဲ့၍ ကျွန်အရောင်းအဝယ်အတွက် ကျွန်ရရှိရန် စစ်ရေးတိုက်ခိုက်မှုအနည်းငယ်ရှိခဲ့သည်မှာအမှန်ပင်။

သို့သော် ချင်းဗမာဟူသော လူမျိုးရေးစစ်ပွဲ၊ ဘာသာရေးစစ်ပွဲများကား လုံးဝမရှိခဲ့ပေ။ စေတုတ္တရာမြို့နယ်သားများသည် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြသည်။ ဗမာစာအရေးအသားကို သင်ကြားတတ်မြောက်ကြလျက် ရုံးစာ၊ လူထုစာအဖြစ် အသုံးပြုခဲ့ကြသည်။





မြန်မာ့ပဒေသရာဇ်ခေတ်အတွင်း တောင်ပေါ်မှမြေပြန့်သို့ ဆင်းသက်လာသည့် စေတုတ္တရာမြို့နယ်သားများသည် ချောင်းကမ်းနား၊ စမ်းတွင်းအနီး ရေရရှိနိုင်သည့်လွင်ပြင်မြေတို့၌ သစ်ခက်ဆည်တည်၊ မြောင်းဖောက်၊ လယ်တီကျင်းကာစပါးနှမ်းဝါ ပဲမျိုးစုံကို စိုက်ပျိုးတတ်ခဲ့ကြသည်။ ဝါးကို နှီးဖြာ၍ အခင်းဖျာများ ရက်လုပ်တတ်ခဲ့ကြသည်။ ဝါများ၊ စောင်များ၊ ဖျာများကို အခွန်လက်ဆောင်အဖြစ် ဆက်သနိုင်ခဲ့ကြသည်။

ကုန်းဘောင်ခေတ်တွင် ဤစာစု၌မထည့်သော မြောက်နန်းအရှင်မိဖုရား ကံတော်ကုန်စဉ်သင်္ဂြိုဟ်စရိတ်၊ သာယာဝတီမင်း ရန်ကုန်စုန်ဆင်းစရိတ်၊ မင်းတုန်းမင်း မန္တလေးနန်းတော်တည်ဆောက်စရိတ်တို့ကို စေတုတ္တရာမြို့နယ်သားများက ထောက်ပံ့ပေးဆက်ရကြောင်း ပုရပိုက်များတွေ့ရခြင်းဖြင့် မိမိတို့၏အကြီးအကဲများအပေါ် လူမှုဝန်တာကျေပွန်ခဲ့ကြသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

နယ်ချဲ့တရုတ်ကျူးကျော်လာစဉ်ကဖြစ်စေ၊ ယိုးဒယားသို့ ချီတက်တိုက်ခိုက်စဉ်ကဖြစ်စေ၊ ဆင့်ဆိုသမျှ မဆိုင်းမတွပင် စေတုတ္တရာမြို့စီရင်စုဝင်ကျေးရွာလူထုက ပေးဆက်ထောက်ပံ့ခဲ့ကြောင်း တွေ့နိုင်ပါသည်။

နယ်ချဲ့ဗြိတိသျှတို့ ကျူးကျော်စဉ်တွင်လည်း မြန်မာ့ဘုရင့်တပ်မတော်နှင့်အတူ စစ်သည်တော်အဖြစ် ပါဝင်ခဲ့သလို စစ်ရိက္ခာစရိတ်များကိုပါ စေတုတ္တရာမြို့စီရင်စုများက ပေးဆက်ခဲ့ကြကြောင်း တွေ့ရပါသည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် ပြည်တွင်းစစ်ကာလတို့တွင်လည်း စေတုတ္တရာမြို့နယ်သူမြို့နယ်သားတို့က မိမိတို့အတွက်

ကျရာတာဝန်များကို ကျေပွန်အောင်ထမ်းရွက်ခဲ့ကြသည်ကို တွေ့နိုင်ပါသည်။

မြန်မာ့လွတ်လပ်ရေးရပြီးကာလတွင် သူရဦးစကဲ့သို့ သတ္တိဗျတ္တိရှင်များ၊ ဝဏ္ဏကျော်ထင်ဦးလှမောင်း၊ ဝဏ္ဏကျော်ထင်ဦးတင်အို၊ အတွင်းဝန်ဦးအောင်မိုးတို့ကဲ့သို့ အုပ်ချုပ်ရေးမှူးကောင်းများ၊ ရှေ့နေချုပ်ဦးလှအောင်ကဲ့သို့ ဥပဒေပညာရှင်များ၊ ဗိုလ်မှူးဘသိန်း၊ ဗိုလ်မှူးကြီးထွန်းခင်ကဲ့သို့ စစ်ရေးအကြီးအကဲများသည် စေတုတ္တရာမြို့နယ်သားများဖြစ်ခဲ့၏။[၁]

သို့တစေ၊ စေတုတ္တရာမြို့နယ်ကား တိုးတက်ဖွံ့ဖြိုးမှု နောက်ကျဆဲဖြစ်နေ၏။ စေတုတ္တရာမြို့သို့ ပထမဆုံးရောက်လာသော မော်တော်ယာဉ်ဟု သိထားကြသည့် ပွင့်ဖြူမြို့မှ ဦးညို၏ မေတ္တာရှင် (က/၈၆၃၄) သည်ပင်လျှင် ၁၉၆၁ ခုနှစ်ကသာ ရောက်လာခြင်းဖြစ်၏။ **လုံခြုံအေးချမ်းမှုကား ဘက်ပေါင်းစုံ၏ ဖွံ့ဖြိုးရေးအတွက် အဆုံးအဖြတ်ပေးသောအရာဖြစ်လေသည်။**

ထို့ကြောင့် "ဧရာဝတီမြစ်ထဲစီးဝင်သော မုန်းချောင်းရေ အလျင်၏ ခွန်အားများ" သည် အင်အားရှိသကဲ့သို့ပင် **မြန်မာ့သမိုင်းကြောင်းလှုပ်ရှားမှုများနှင့်အတူ စေတုတ္တရာမြို့နယ်သူမြို့နယ်သားများသည်လည်း တက်ကြွစွာပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်းနှင့် နိုင်ငံ့တာဝန်ကိုသိလျက် တာဝန်ကျေပွန်သောပြည်သူများအဖြစ် ရှုမြင်နိုင်ကြပါစေ**ဟုယူဆဆုတောင်းမိပါသတည်း။

**စေတုတ္တရာချင်းလှထွန်း**

---

**၁။ စေတုတ္တရာမြို့နယ်ဖြစ်စဉ်မှတ်တမ်း၊ ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလနှင့် မှတ်တမ်းပြုစုရန်အတွက် သုတေသီများအသုံးပြုရန် လက်စွဲစာတမ်း (လက်နှိပ်စက်မူ) ၁၉၈၂ ခု ဇူလိုင်လ။**

## ကျမ်းကိုးစာရင်း

| | | |
|---|---|---|
| ၁။ | ကျော်ဝင်း၊ ဒေါက်တာ | - နှစ်လေးဆယ်သမိုင်းရှာပုံတော် အားသစ်စာပေ၊ ရန်ကုန်မြို့ ပထမအကြိမ်၊ ၂၀၀၆ ခု၊ အောက်တိုဘာလ၊ |
| ၂။ | ကျောင်းသုံးစာအုပ် ကော်မတီ | - မြန်မာ့သမိုင်း၊ န၀မတန်း အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံး စာအုပ်ကော်မတီ၊ ၂၀၀၂ ခု နိုဝင်ဘာလ |
| ၃။ | စိန္တာမဏိ၊ ဦး | - စလင်္ဂသမန္တဝိသောဓနီ (မည်သော) စလင်းမြို့သမိုင်း၊ ဘဝသစ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့ ပထမအကြိမ်၊ ၁၉၈၁ ခုနှစ် |
| ၄။ | တင်အောင်၊ ဗန်းမော် | - ကိုလိုနီခေတ်မြန်မာနိုင်ငံသမိုင်း (ဒုတိယအကြိမ်)၊ ပြည်သူ့အလင်း စာပေတိုက်၊ ၁၉၆၄၊ စက်တင်ဘာလ၊ |
| ၅။ | မှူး၊ မောင် အနောက်တံခါးမှူး | - ကိုလိုနီခေတ်မြို့အုပ်တစ်ဦး၏ မှတ်တမ်း၊ အလံကင်းမြို့-လောင်းရှည် (၁)၊ သူရဇ္ဇမဂ္ဂဇင်း၊ ၂၀၀၉ ခု ဧပြီလ၊ |

၆။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ - တိုင်းရင်းသားလူမျိုးများ၏နယ်ခြား ဆန့်ကျင်ရေးသမိုင်း၊ ဗဟိုကော်မတီ ဌာနချုပ်၊ တတိယအကြိမ်၊ ဇူလိုင်လ၊ ၁၉၇၇ ခု

၇။ မှတ်တမ်းပြုစုရေးကော်မတီ - စေတုတ္တရာမြို့နယ်ဖြစ်စဉ်မှတ်တမ်း စိတ္တသုခပုံနှိပ်တိုက်၊ ရန်ကုန်မြို့ ပထမအကြိမ်၊ ၁၉၈၀ ပြည့်နှစ်၊ အောက်တိုဘာလ

၈။ ရှိဆန်း - ချင်းလူမျိုးများဆင်းသက်ဝင်ရောက်လာသည့်လမ်းကြောင်း၊ ရွှက်စိမ်းစာပေ၊ ရန်ကုန်၊ ၂၀၁၄

၉။ သမိုင်းသုတေသနဦးစီးဌာန - မြန်မာ့ရက်စဉ်သမိုင်း (ပထမတွဲ) နေပြည်တော်၊ ၂၀၀၉ ခု

၁၀။ သီဝလီ၊ အရှင် - ဆုထူးပန်အလင်းပြကျမ်း၊ ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်၊ မန္တလေးမြို့ ပထမအကြိမ်၊ ၁၂၉၉ ခု၊

၁၁။ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်) - နယ်ခြားကိုတော်လှန်သောဗိုလ်ဥတ္တမ ပြန်ကြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့ ပထမအကြိမ်၊ ၁၉၉၈၊



## စာစောင်မှတ်တမ်းများ

၁။ ဘာသာဗေဒအသင်း - သန်းခေါင်စာရင်းအကြို ချင်းလူမျိုးစုများဆိုင်ရာ သတင်းအချက်အလက်များ စိစစ်ခြင်း၊ ဘာသာစကားသုတေသနဌာန၊ ရန်ကုန်မြို့ ၂၀၁၃ ခု နိုဝင်ဘာလ (၈) ရက်။

၂။ တင်ဖေ၊ ဦး (မြို့နယ်တရားသူကြီး-ငြိမ်း) - မင်းဖေယျခေတ္တရာနှင့်မရင်းလုံးပေါ် ချင်းတို့၏ဖြစ်စဉ်မှတ်တမ်း ဒေါင်းစကြာ၊ စေတုတ္တရာမြို့ ပထမအကြိမ်၊ ၂၀၁၄ ခု၊ မတ်လ (၃၁) ရက်

၃။ မှတ်တမ်းပြုစုရေးကော်မတီ - မှတ်တမ်းပြုစုရန်အတွက်သုတေသီများ အသုံးပြုရန်လက်စွဲစာတမ်း (လက်နှိပ်စက်စာမူ) စေတုတ္တရာမြို့၊ မကွေးတိုင်း၊ ၁၉၈၂ ခု ဇူလိုင်လ (၇) ရက်။

## တွေ့ဆုံမေးမြန်းချက်မှတ်တမ်း

၁။ ဦးတင်ဆောင် (ခိုဝင်ရွာ) ကို ဦးဘဟိန်း၏မျိုးရိုးနှင့် မင်းကျချင်းလူမျိုးစုများက မြောက်နွယ်ချောင်းကျေးရွာ တည်ထောင်ပုံ မေးမြန်းချက်။

၂။ ဦးလှမောင် (မူအုပ်ငြိမ်း၊ ကန်ပက်လက်မြို့) ကို အုပ္ပူးချင်းလူမျိုးစုဆင်းသက်လာပုံ မေးမြန်းချက်။
၃။ ဒေါ်ဟောလော (၁၈၈၆-၁၉၇၂ ခုနှစ် ပဒဲစေ့ရွာ၊ စေတုတ္တရာမြို့နယ်) က မကွယ်လွန်မီ အုပ္ပူးချင်းလူမျိုးစုတို့ ဆင်းသက်လာပုံ ပြောပြချက်။
၄။ ဦးသာနိုး (တောင်ဟန်ဒေါက်ရွာ၊ စေတုတ္တရာမြို့နယ်) ကို မင်းကျချင်းလူမျိုးစုတို့ ဟန်ဒေါက်ရွာများ တည်ထောင်ပုံ မေးမြန်းချက်။

## ကိုယ်တိုင်ရေးလက်ရေးမူများ

၁။ ဦးသောင်းရှိန် (အထပြ ကွယ်လွန်၊ အ-ထ-က၊ တန်းလည်ကျင်းရွာ) ၏ စေတုတ္တရာမြို့နယ် ပေပုရပိုက်မှတ်တမ်းများ၊
၂။ ဦးတိုက်ကြီး (ကွယ်လွန်-တန်းလည်ကျင်းရွာ) ၏ မှတ်စာ။
၃။ ဦးစိန်တိုး (လက်ထောက်ကြီးကြပ်ရေးမှူး-ပန်းချီ၊ တိုင်းပညာရေးမှူးရုံး၊ မန္တလေးမြို့) ၏ ကိုယ်တိုင်ရေးမှတ်စုမှ မြန်မာ့ရိုးရာကိန်းဂဏန်းအမှတ်အသားအကြောင်း
၄။ ဉာဏုတ္တရ၊ ဘန္ဒန္တ (ပျံလွန်တော်မူပြီး-ဒွေးဆရာတော်) ၏ ဒွေးရွာဆိုင်ရာ ပေပုရပိုက်မှတ်တမ်းနှင့် ဒွေးသူကြီးအဆက်ဆက် အုပ်စိုးခဲ့ပုံမှတ်တမ်း၊
၅။ ဦးစောလေး (ရဲတပ်ကြပ်ကြီး-ငြိမ်း၊ ဦးစ၏တူအရင်း၊ တပွင်ရွာ) ၏ သူရဦးစအကြောင်းပြောပြချက်
၆။ ဦးလှိုင် (အကြည်ရွာ-ကွယ်လွန်ပြီး) ၏မှတ်စာ

# မြေပုံ၊ ဓာတ်ပုံမှတ်တမ်းများ

## ဓာတ်ပုံများ

၁။ အုပ္ပူးချင်း (သို့မဟုတ်) ချင်းပုံချင်းစုံတွဲပုံ
၂။ မရင်းချင်းစုံတွဲပုံ
၃။ မင်းကျချင်းစုံတွဲပုံ
၄။ တောင်သူချင်းစုံတွဲပုံ
၅။ ပါးမဲထိုးထားသော အမေအိုများပုံ
၆။ သီပေါမင်းလက်ထက် ၁၂၄၃ ခု သဿမေဓငွေခွန်တော်သွင်းပြေစာဖြတ်ပိုင်းဘိုးတံဆိပ်တော် (ပုံ)
၇။ ဆုထူးပန်တရားအလင်းပြကျမ်းစာအုပ် ပထမစာမျက်နှာ (ပုံ)
၈။ ဓမ္မကထိက အသျှင်သီဝလိ (ပုံတော်)
၉။ သူရဦးစ (ပုံ)
၁၀။ သူရဦးစအမှတ်တရကျောက်တိုင် (ပုံ)
၁၁။ စေတုတ္တရာ အ-ထ-ကအကြို ဆရာ ဆရာမများနှင့် တပည့်များ (ပုံ)
၁၂။ စေတုတ္တရာအစိုးရအထက်တန်းကျောင်းဖွင့်စ ဆရာ ဆရာမများ (ပုံ)
၁၃။ စေတုတ္တရာမြို့နယ် လက်ရှိကျေးရွာများ၊ ရေလှောင်တမံများ၊ ချောင်းများ၊ လမ်းများနှင့် ကောဇာ ၃၈၀ စစ်တမ်းအရ လောင်းရှည်မြို့ပိုင် နယ်မြေထဲရောက်ရှိသောဒေသများပြပုံ

## အုပ္ပူးချင်း (သို့မဟုတ်) ချင်းပုံချင်း စုံတွဲပုံ





## မရင်းချင်း စုံတွဲပုံ



## မင်းကျချင်း စုံတွဲပုံ





## တောင်သူချင်း စုံတွဲပုံ





စေတုတ္တရာမြို့နယ်မှ ပါးခဲ့ထိုးအစေခံစစ်များ



## သီပေါမင်းလက်ထက် ၁၂၄၃ ခု သဿမေဓ ငွေစွန်တော်သွင်းပြေစာဖြတ်ပိုင်း ဘိုးတံဆိပ်တော် (ရတနာပုံနေပြည်တော် သတင်းစာ ပုံရိုက်စက်တွင် ရိုက်နှိပ်သည်။)



## "ဆုထူးပန်"
## ဓမ္မကထိက အသျှင် သီဝလီ (ပုံတော်)





ကျေးဇူးတော်ရှင်၊
ပဌမကျော်၊ဂဏဝါစကပါဠိနှစ်ယာသဒ္ဒသာဆရာတော်၊

**လယ်တီ-ဦးကောဝိဒ**

ဆရာမြတ်၏
ဓမ္မနန္ဒဝါသီက တပည့်ရင်းဖြစ်သော
မင်းဘူးခရိုင်၊စေတုတ္တရာမြို့ဝင်ပိုင်း၊လက်ပံကုန်းရွာ၏၊
အနောက်တောင်ယွန်းရာ၊တောင်ခြေလာတွင်၊
ဂန္ဓဗ္ဗစားရင်း၊ပင်အင်ကြင်းတို့၊ခက်ချင်းဝေဖြာ၊မဟာလာရှင်ကာ၏၊
ပန်းမျိုးရုံထပ်အပ်သော၊ရှုပ်ဖွယ်သဘင်၊
ရည်ဝါသီ၊တောရနိမ့်မြင်းလှိုင်၊
အင်္ဂလီသော မျှော်ကြည့်မြင်းလှစ်ဝန္နာ မြို့ကိုတရားတို့ကို
ဟောကြားဆုံးမတော်မူ၍၊
ဂန္ထနဲ့ရပဟုသုတ၊မေတ္တာပြည့်ဝသီလမြင့်တော်မူသော၊

**ဆုထူးပန်**

**ဓမ္မကထိက-အရှင်သီဝလီ**

သည်
ရဟန်းဝါ၊ဝါမှ၊ဒုနဝါအတွင်း၊လက်ရင်းမြို့၌ ဟောကြားတော်မူသော
ဆုမျိုးနွံမြဲသုံ့ တရားတော်ကို
အကျဉ်းရုံးပြီးလျှင်၊တခုတည်းပေါင်းစု၍၊ရွေးဦးရွာရိုက်နှိပ်အပ်သော

# ဆုထူးပန်တရားအလင်းပြကျမ်း။

မန္တလေးမြို့၊
ဟံသာဝတီ ပိဋကတ် စာပုံနှိပ်တိုက်၊
၁၂၉၉-ခု၊

## သူရ ဦးစ





## သူရ ဦးစ အမှတ်တရ ကျောက်တိုင်



## စေတုတ္တရာ အ–ထ–ကကြို ဆရာ/ဆရာမများနှင့် တပည့်များ



| | |
|---|---|
| ရှေ့တန်း (ဝဲမှ-ယာ) | မတင်ရီ၊ မကြည်ရင့်၊ မကြည်ကြည်၊ မသိန်းမြင့်၊ မသန်းရီ၊ မတင်ဆင့်၊ မကြည်စိန် |
| မလယ်တန်း (ဝဲမှ-ယာ) | ဆရာကြီး ဦးကိုကိုလေး၊ ဦးအေးဖေ၊ |
| နောက်တန်း (ဝဲမှ-ယာ) | ဦးခင်သောင်း၊ ဦးလှဖေ၊ ဦးသန်းထွန်း၊ ဦးဘသန်း၊ ဦးကျော်ထွန်း၊ ဦးထွန်းသောင်း |
| နောက်ဆုံးတန်း (ဝဲမှ-ယာ) | ဦးကျော်ဇော၊ ဦးတင်ဟိန်း၊ ဦးတော်ဦး၊ ဦးကိုကြီး၊ ဦးထွန်းကြည် |



## စေတုတ္တရာ အစိုးရအထက်တန်းကျောင်း ဖွင့်စ ဆရာ/ဆရာမများ



| | |
|---|---|
| ရှေ့တန်း (ဝဲမှ-ယာ) | ဒေါ်မှို၊ ဒေါ်ခင်ရီ၊ ဒေါ်လှလှ (ဆရာကြီး၏ ဇနီး) |
| အလယ်တန်း (ဝဲမှ-ယာ) | ဦးမျိုးဟန်၊ ဦးဘသောင်း၊ ဦးအောင်ညဏ် (ကျောင်းအုပ်)၊ ဦးခင်မောင်ကြီး |
| နောက်တန်း (ဝဲမှ-ယာ) | ဦးတင်ကိုး၊ ဦးစံယုံ၊ ဦးကိုကိုလေး၊ ဦးစိန်လင်း၊ ဦးဖိုးကြည်၊ ဦးအေးသောင်း |
| မှတ်ချက်။ | ။ ဦးစောမောင် သင်တန်းတက်နေ၍ မပါ။ |

**စေတုတ္တရာမြို့နယ် လက်ရှိ ကျေးရွာများ၊ ရေလှောင်တမံများ၊ ချောင်းများ၊ လမ်းများနှင့် ကောဇာ ၃၈၀ စစ်တမ်းအရ လောင်းရှည်မြို့ ပိုင်နယ်မြေထဲ ရောက်ရှိသောဒေသများ ပြပုံ**





၂၀၁၄ ခုနှစ်၊ စာပေဗိမာန်စာမူဆု
သုတပဒေသာ (ဝိဇ္ဇာ) တတိယဆုရ

# မုန်းချောင်းရေပြာ စေတုတ္တရာ

## စေတုတ္တရာချင်းလှထွန်း

အဘ ဦးထွန်းဖေ၊ အမိ ဒေါ်ခင်ယုံတို့က ၁၉၅၁ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်တွင် အကြည်ရှာ၊ စေတုတ္တရာမြို့၌ မွေးဖွားခဲ့ပါသည်။ ၁၉၇၀ ပြည့်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ပါသည်။

၁၉၇၅ ခုနှစ်တွင် B.Ed ဘွဲ့ရခဲ့ပါသည်။ ၁၉၇၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ အထပြ၊ လက်ထောက်မြို့နယ်ပညာရေးမှူး၊ အ•လ•က နှင့် အ•ထ•က တို့တွင် ကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူး၊ လက်ထောက်တိုင်းပညာရေးမှူး (စစ်ဆေးရေး) တာဝန်များထမ်းဆောင်ခဲ့သည်။ စေတုတ္တရာအထက၊ ချင်းပြည်နယ် တွန်းဇံမြို့ ကန်ပက်လက်မြို့ တိုင်းပညာရေးမှူးရုံးတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ပညာရေးတက္ကသိုလ်တက်ရောက်စဉ် ၁၉၇၂-၇၃ ခုနှစ် ပညာရေးတက္ကသိုလ်နှစ်ပတ်လည်မဂ္ဂဇင်း၌ "စေတုတ္တရာ ထွန်းထွန်း"ကလောင်အမည်ဖြင့် ရေးသားသော "မြန်မာ့ရိုးရာ အိုးစည်လုပ်ငန်း" ဆောင်းပါးဖြင့် စာပေလောကသို့ စတင်ဝင်ရောက်ခဲ့ပါသည်။

ပညာတန်ဆောင်၊ သင့်ဘဝမဂ္ဂဇင်း၊ မြတ်မင်္ဂလာစာစောင်နှင့် ဂျာနယ်အချို့တို့၌ စေတုတ္တရာထွန်းထွန်း၊ စေရာချင်း (စေတုတ္တရာ)၊ စေတုတ္တရာချင်းရွှေစင်ကလောင်အမည်တို့ဖြင့် ကဗျာ၊ ဆောင်းပါးများ၊ ဝတ္ထုများရေးသားခဲ့ပါသည်။ ပဲ့တင်သံမဂ္ဂဇင်းတွင်လည်း ဆောင်းပါးရေးသားခဲ့ပါသည်။


အမည်ရင်း - ဦးလှထွန်း ဖြစ်သည်။

နေရပ်လိပ်စာ - တောင်ခေတ္တရာရပ်၊ အမှတ် ၂ ရပ်ကွက်၊ စေတုတ္တရာမြို့
မင်းဘူးခရိုင်၊ မကွေးတိုင်ဒေသကြီး။